

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

အတွဲ(၁၃)၊ အမှတ်(၅) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက် ၊ ဗုဒ္ဓဟူး ၊ (ဧပြီ ၂ ၊ ၂၀၁၄)



ရန်ကုန်မြို့လယ်ကောင်တွင် ရေကြီးနေသဖြင့် ကမ်းနားလမ်းမကြီးပေါ်၌ ခက်ခဲစွာသွားလာနေရသည့် ခရီးသွားပြည်သူများကို တွေ့ရစဉ်

ဓာတ်ပုံ–ခင်မောင်ဝင်း/အေပီ

# ရန်ကုန်မိုးကို ဆယ့်နှစ်ဘီလီယံဖြင့် ခုခံမည်

ဥက္ကာကိုကို

“မိုးတွင်းမှာ မြောင်းရေလျှံတာသာမန်ဖြစ်ရိုးဖြစ်စဉ်ကိစ္စပါ”

စစ်အစိုးရလက်ထက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း (ယခုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)က သတင်းထောက်များနှင့် သူ၏ ရုံးခန်းအတွင်းတွေ့ဆုံရာတွင် ရန်ကုန်မြို့၌ မိုးတွင်းမြောင်းရေလျှံမှုကိစ္စများ မေးမြန်းရာ၌ ထိုကဲ့သို့ဖြေကြားခဲ့ဖူးသည်။ စာမျက်နှာ ၁၄ »

# လူနာများ နှစ်ဆတိုးလာသော်လည်း

**ရဲနောင်၊ ယမင်း၊ ဇွဲညာဏ်**

ကျန်းမာရေးအသုံးစရိတ်မြှင့်တင်လိုက်၍ ပြည်သူ့ဆေးရုံများကို အားထားလာကြပြီး လူနာနှစ်ဆခန့်မြင့်လာသော်လည်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း အရေအတွက် မလုံလောက်မှုကြောင့် အလုပ်ဝန်ပိမှုက လူနာများအပေါ် ဆိုးကျိုးများရရှိနိုင်ပြီး နှစ်ဦးနှစ်ဖက်ဆက်ဆံရေးမပြေလည်မှုများကို ပိုမိုဆိုးရွားလာစေနိုင်သည်။ ထို့ကြောင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုဖြစ်စေရန် အစိုးရအနေဖြင့် ထိုကွက်လပ်ကို အလျင်အမြန်ဖြည့်ဆည်းပေးရန် စဉ်းစားရတော့မည်ဖြစ်သည်။ စာမျက်နှာ ၃ »

## ကိန်းဂဏန်းများနှင့် သုံးနှစ်သားအစိုးရ


အချပ်ပို A4-A5 »

# စာရင်းပျောက်သစ်များ အရင်ရှာပါ

**အိဖြူမွန်**

နိုင်ငံ၏သစ်တော ပြုန်းတီးမှုလျှော့ချရန် သစ်လုံးတင်ပို့မှုရပ်ဆိုင်းခြင်း နည်းလမ်းတစ်ခုတည်းဖြင့် အဖြေရှာ၍မရနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံ၏ တရားမဝင်သစ်တင်ပို့မှုသည် တရားဝင်သစ်တင်ပို့မှုစာရင်းထက် ထက်ဝက်ခန့်ရှိနေ၍ဖြစ်သည်။ ထို့ကြောင့် အစိုးရ ဖြေရှင်းရမည့်ပြဿနာမှာ တရားဝင်သစ်လုံးတင်ပို့မှုကို ကြေညာချက်ထုတ်တားမြစ်ရုံသာမဟုတ်ဘဲ တရားမဝင်သစ်ခိုးမှုပပျောက်ရေး ဆောင်ရွက်ရန်ဖြစ်သည်။ စာမျက်နှာ ၂၀ »




CNC
Men's Wear
ENVIRONMENT FRIENDLY
' CNC Men's Wear ' ဆိုင်ခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း
မန္တလေးမြို့ အခန်း (E - 8) ဈေးချိုထပ် (၈၄) လမ်း၊ (၂၇ x ၂၈) ကြား မန်းမြန်မာပလာဇာတွင်
ဖွင့်လှစ်ထားသော CNC Men's Wear ဆိုင်ခန်းအား
မန်းမြန်မာပလာဇာ ( Underground ) အခန်း ( C - 12 ,13 ) သို့
ပြောင်းရွှေ့ဖွင့်လှစ်ထားပါကြောင်း CNC Men's Wear မိတ်ဆွေကောင်းမိတ်သစ်များအား အသိပေးအပ်ပါသည်။
Contact : 09-5127303,09-91040119
www.cncmenwear.com|www.facebook.com/cnc1999


MAKE it
POSSIBLE
HUAWEI
Have Every Reason to Smile
HUAWEI Ascend G730
၅.၅ လက်မ HD မျက်နှာပြင်
Quad Core CPU 1.3GHz
ဆင်းကဒ် ၂ ကဒ် အသုံးပြုနိုင်ခြင်း
မြန်နှုန်းမြင့် 21Mbps ကွန်ယက်ချိတ်ဆက်ခြင်း ထောက်ပံ့မှု
အသုံးပြုရ လွယ်ကူသော Emotion UI 2.0
http://consumer.huawei.com
Catch up with us on facebook
facebook.com/huawei device myanmar

7DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

# လူနာများ နှစ်ဆတိုးလာသော်လည်း



*ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံတစ်ခုအတွင်းရှိ လူနာဆောင်*

ဓာတ်ပုံ – ငြိမ်းချမ်းနိုင်/အီးပီအေ

**ရဲနောင်၊ ယမင်း၊ ဇွဲညဏ်**

"လူနာအဖျားအရမ်းတက်နေလို့ သွားခေါ်တယ်။ ဒါပေမဲ့ ဆရာဝန်က မြွေကိုက်တဲ့လူနာ ကို ဦးစားပေးပြီး ကုနေရတယ်။ ဟိုဘက် လူနာကို ကိုယ်ချင်းစာပေမယ့် တစ်ခုခုဖြစ်သွားမလားဆိုပြီး တော့ စိုးရိမ်တယ်"ဟု အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် အသည်းရောဂါဖြင့် ဆေးရုံတက်နေရသူ ဦးလေးဖြစ်သူကို လူနာစောင့်အဖြစ် လာရောက်နေသူ ကိုဇော်ကြီးက ယခုရက်ပိုင်းအတွင်း သူကြုံတွေ့ခဲ့ရသည်များကို ပြောပြနေခြင်းဖြစ်သည်။

ကျန်းမာရေးအသုံးစရိတ်မြှင့်တင်လိုက်၍ ပြည်သူ့ဆေးရုံများကို အားထားလာကြပြီး လူနာနှစ်ဆခန့်မြင့်လာသော်လည်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း အရေအတွက် မလုံလောက်မှုကြောင့် အလုပ်ဝန်ပိမှုက လူနာများအပေါ် ဆိုးကျိုးများရရှိနိုင်ပြီး နှစ်ဦးနှစ်ဖက်ဆက်ဆံရေးမပြေလည်မှုများ ကို ပိုမိုဆိုးရွားလာစေနိုင်သည်။ ထို့ကြောင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုဖြစ်စေရန် အစိုးရအနေဖြင့် ထိုကွက်လပ်ကို အလျင်အမြန်ဖြည့်ဆည်းပေးရန် စဉ်းစားရတော့မည်ဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးများတွင် ယခုနှစ်အပိုင်းအခြားအတွင်း ဆေးကုသရန် လာရောက်သူ သိသိသာသာများပြားလာပြီး ကုသမှုပေးရသည့် အပိုင်း၌ ဆရာဝန်နှင့် လူနာအင်အားမမျှတမှုများကိုလည်း ကြုံတွေ့နေရသည်ဟု ပြည်သူ့ဆေးရုံများ၌ တာဝန် ထမ်းဆောင်နေသည့်အထွေထွေရောဂါကုဆရာဝန်အချို့က ပြောသည်။

အရပ်သားအစိုးရစတင်တာဝန်ယူချိန်မှစ၍ကျန်းမာရေးအသုံးစရိတ် တစ်နှစ်ထက်တစ်နှစ် တိုး

စာမျက်နှာ ၃ ››









MYANMAR DEITTA
ကဏ္ဍစုံမီဒီယာပြပွဲ အခမ်းအနား | Witness Yangon Documentary Arts Space
မတ်လ ၁၅ရက် - ဧပြီလ ၂၅ရက် ၂၀၁၄ခုနှစ် | နေ့စဉ် နေ့လည် ၁၂ - ၅နာရီ | တနင်္ဂနွေနေ့များနှင့် အစိုးရရုံးပိတ်ရက်များ ပိတ်သည်။
၄ အေ၊ တတိယထပ်၊ ပျံလွှားအဆောက်အအုံ၊ ပါရမီလမ်း၊ မရမ်းကုန်း။

Life
7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

# ကြီးဘုတ်ဖြင့် သတ်ဖြတ်နေသူများအတွက် ပန်းစကား

**အေးသူစံ**

မွေးပျံ့သန့်ရှင်းနေသော စံပယ်ပန်းများက လူတိုင်းလက်ထဲ၊ အချို့အမျိုးသမီးများ၏ ဆံကေသာထက်တွင် ပန်ဆင်ထားလျက်ရှိသည်။ ထိုစဉ် လူငယ်တစ်ဦးက ယင်းစံပယ်ပန်းများကို ရုတ်တရက် စွတ်တောင်းယူလိုက်ပါသည်။

ထိုအပြစ်မဲ့ ပန်းလေးများကို သူက ကွန်ပျူတာကီးဘုတ်ဖြင့် နာနာကြည်းကြည်းထုရိုက်သည်။ လူတိုင်း အံ့သြသွားစဉ် ကြေမွသွားသော စံပယ်ပန်းများထဲ တံတွေးဖြင့် ထွေးချလိုက်ပြန်သည်။ မွေးပျံ့သန့်ရှင်းစဉ်က ယုယုယယပန်ဆင်ခဲ့သောပန်းများကို မူလပိုင်ရှင်ထံ ပြန်ပေးသော်လည်း မည်သူကမျှ မသတီတော့ပါ။

ယင်းပြကွက်မှာ လူသား အချင်းချင်း အမုန်းမပွားဖို့ ငါတို့နှုတ်ကိုစောင့်စည်းစို့ဟူသော ဆောင်ပုဒ်ဖြင့် အမုန်းတရားကြီးထွားအောင် လှုံ့ဆော်မှုများကိုဆန့်ကျင်မည့် ပန်းစကားအဖွဲ့၏ ပါဖောမန့်ပြကွက်ဖြစ်သည်။

"တချို့ Hate speech တွေက မုန်းတဲ့အဆင့်နဲ့ပဲ ပြဿနာ မဖြစ်ပေမယ့် မုန်းတာတင်မကဘဲ သတ်မယ်ဖြတ်မယ်ဆိုတာထိပါ တွေ့လာတယ်။ လူတစ်ယောက်ကို မုန်းတာမုန်းပါ၊ သတ်ဖြတ်မယ်ဆိုတာကတော့ လူ့အဖွဲ့အစည်းအတွက် အန္တရာယ်ရှိလာပါပြီ"ဟု ပန်းစကားလှုပ်ရှားမှုကို ဦးဆောင်သူ MIDO အဖွဲ့မှ ဘလော့ဂ်ဂါနေဘုန်းလတ်က ပြောသည်။

"နိုင်ငံခြားသားတွေ လူပါးဝလို့ ပြဿနာတက်ရင် သတ်ပစ်လိုက်။ လူသတ်မှုက ထောင်ခုနစ်နှစ်ပဲကျမယ်"

"ဘင်္ဂလားဒေ့ရှ်ကနေ ခိုးဝင်လာတဲ့ဘင်္ဂါလီတွေကို ပစ်သတ်နိုင်မယ့် လုံထိန်းတွေကို ဆုတော်ငွေပေးသင့်တယ်" စသည့် လူသတ်ဖို့၊ လူသတ်မှုကိုလုပ်ဖို့ တိုက်တွန်းအားပေးသည့် စာသားများကို တစ်ကမ္ဘာလုံးက ဗုဒ္ဓဘာသာတိုင်းပြည်ဟု အသိအမှတ်ပြုထားသော ယဉ်ကျေးသည့်မြန်မာနိုင်ငံမှ ဖေ့စ်ဘွတ်ခ်အသုံးပြုသူအချို့က ရေးသားတိုက်တွန်းထားခြင်းဖြစ်ပါသည်။

လူတစ်ယောက်ကို ရက်ရက်စက်စက် ပါးစပ်နှင့်သတ်ဖြတ်ဖို့၊ တာဝန်မဲ့စွာပြောဆိုခြိမ်းခြောက်အရှက်ခွဲဖို့အတွက် မြန်မာနိုင်ငံတွင် ကွန်ပျူတာတစ်လုံး၊ ဖေ့စ်ဘွတ်ခ်အကောင့်တစ်ခုနှင့် အင်တာနက်လိုင်းသာရှိရန်သာလိုအပ်သည်။ တရားဥပဒေစိုးမိုးမှု အားနည်းနေသေးသည့် မြန်မာနိုင်ငံတွင် လူမျိုးရေး၊ ဘာသာရေးမှိုင်းတိုက်သည့် ပြောဆိုလှုပ်ရှားမှုများက မင်းမဲ့စရိုက်ဆန်ဆန်တုံ့ပြန်မှုများကို ဖြစ်ပေါ်စေသည်။

**စာမျက်နှာ (၁၃)သို့**



*ပန်းပွင့်ကို ကိုက်ထားသည့် ပန်းစကားအဖွဲ့ဝင် အမျိုးသမီးငယ်တစ်ဦး* ဓာတ်ပုံ – ပန်းစကား



7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

# အမျိုးသမီးလူရွှင်တော်များ၏ ပြက်လုံးနှင့် အမူအရာအချို့ ရိုင်းသည်ဟု ဝေဖန်ခံရ

**ဖွဲ့ဥာဏ်**

**ရန်ကုန်**– ထိုင်း–မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးအနုပညာဖျော်ဖြေပွဲနောက်ဆုံးနေ့တွင်ပါဝင်သော အမျိုးသမီးလူငယ်အဆိုရှင်ငါးဦး၏ လူရွှင်တော်အဖြစ် ဖျော်ဖြေတင်ဆက်မှုအစီအစဉ်ကို ကြိုက်နှစ်သက်သူများရှိသလို ၎င်းတို့၏ အမူအရာများနှင့် ပတ်သက်၍ ဝေဖန်သူများလည်းရှိခဲ့သည်။

စန္ဒီမြင့်လွင်၊ နန်းသူဇာ၊ နန်းမြတ်ဖြိုးသင်း၊ မိစန္ဒီ၊ Bobby Soxer တို့က လူရွှင်တော်အဖြစ် တင်ဆက်ခြင်းဖြစ်ပြီး ပြက်လုံးများကို သီချင်းများဖြင့်သီဆိုတင်ဆက်သည့် အစီအစဉ်တွင် အင်တာနက်နှေးသည့်ကိစ္စ၊ မီတာခတိုးတောင်းသည့်ကိစ္စ၊ လမ်းမကောင်းသည့်ကိစ္စ၊ ပါးရိုက်သည့်ကိစ္စ၊ လာဘ်ပေးလာဘ်ယူကိစ္စများကို တင်ဆက်ပေးခဲ့ရာ ပရိသတ်များကြိုက်နှစ်သက်ခဲ့ကြသည်။

ထို့အပြင် ရုပ်သံလိုင်းအချို့တွင် ထုတ်လွှင့်လျက်ရှိသော အစီအစဉ်များကို သရော်သည့်ပုံစံဖြင့် တင်ဆက်ခဲ့သော ဖြလျန်းကော်လက်ရှင် အစီအစဉ်၊ အကြော်သည်အကယ်ဒမီအစီအစဉ်များကိုလည်း ပရိသတ်များအား ပေးခဲ့ကြသည်။

နောက်ဆုံးတင်ဆက်သည့် အကြော်သည်အကယ်ဒမီအစီအစဉ်တင်ဆက်မှုကို သဘောကျသော်လည်း သရုပ်ဆောင်သွားသည့် အမူအရာအချို့မှာ မိန်းကလေးများအနေဖြင့် မသင့်တော်ကြောင်း အမျိုးသမီးပရိသတ် တစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

"အစ်မတို့နဲ့ အသက်ကွာလို့လည်းဖြစ်ချင်ဖြစ်မှာပါ။ လူငယ်အချင်းချင်းအတွက်ဆို ဘာမှမဖြစ်ပေမယ့် တချို့စကားလုံးတွေနဲ့ အမူအရာတွေက နည်းနည်းရိုင်းတယ်လို့ထင်တယ်"ဟု တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်ကို ကြည့်ရှုခဲ့သည့်အသက်သုံးဆယ်ကျော်အရွယ်အမျိုးသမီးတစ်ဦးကပြောသည်။

၎င်းတို့၏ ဖျော်ဖြေမှုအစီအစဉ်နှင့်အတူ တင်မောင်ဆန်းမင်းဝင်းက ကပြဖျော်ဖြေပြီး မေတင်မောင်ဆန်းမင်းဝင်း၊ မေကဗျာနှင့် ဆန်းသစ်လတို့ကလည်း ထိုင်းရိုးရာအကများဖြင့် တင်ဆက်ကပြခဲ့သည်။

"ဒီပွဲကြည့်ရတာ တော်တော်တန်တယ်။ ရယ်လည်းရယ်ရတယ်။ ပိုက်ဆံကလည်း ဝင်ကြေးပဲကုန်တယ်"ဟု ကမာရွတ်မြို့နယ်တွင်နေထိုင်သည့် အမျိုးသားတစ်ဦးက ပြောသည်။

ထိုင်း–မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးအနုပညာဖျော်ဖြေပွဲကို မတ်လ ၂၈ရက်မှ ၃၀ရက်အထိ ပြည်သူ့ရင်ပြင်၌ အခမဲ့ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာထိုင်းနှစ်နိုင်ငံမှ အနုပညာရှင်တစ်ရာကျော်ပါဝင်ဖျော်ဖြေပေးခဲ့သည်။







## ခရမ်းသီးခြောက်ချက်

ဒီတစ်ပတ်တော့ အညာဟင်းလေးတစ်ခွက်ကို ပြင်ဆင်ချက်ပြုတ်ထားပါတယ်။ မုံရွာလက်ဆောင် ခရမ်းသီးခြောက်လေးတွေကို ချက်ထားတာပါ။

ကြက်သွန်ဖြူနီကို ဆီသတ်ပြီး ကိုင်းခရမ်းချဉ်သီးတစ်လုံး လှီးထားပါ။ ခရမ်းချဉ်သီး ဆီပြန်လျှင် အနေတော်အလုံးလေးများလုံးထားတဲ့ အမဲသားစင်းကောကို အပေါ်ကြောတင်းလာတဲ့အထိ ဒယ်အိုးကို လှုပ်ပေးပါ။ ဆီပူထဲမှာ အကြောတင်းလာတဲ့အခါ ရေစိမ်ထားတဲ့ ပုစွန်ခြောက်အကောင်ကြီး ၁၀ ကောင်လောက် ထည့်လိုက်ပြီး ရေမြုပ်အောင်ထည့်၍တည်ပါ။ ငါးမိနစ်ခန့်တည်ပြီးရင် ရေစိမ်ထားတဲ့ ခရမ်းသီးခြောက် လက်တစ်ဆုပ်စာကိုထည့်ပြီး ငါးမိနစ်လောက်တည်ပါ။ ငရုတ်သီးစိမ်းလေးစိတ်ကွဲထောင်းထည့်ထားပါ။ ဆီကျန်ရေကျန် အနေအထားမှာ ကန်စွန်းရွက် သုံး၊ လေးညွန့်ထည့်အုပ်ပြီး ချလိုက်လို့ရပါပြီ။



# ဘိုးဘိုးကြီး 'မ' စပါ

အေးမွန်ရာပြည့်

တိုက်ပုံအဖြူရောင်ဝတ်ထားသည့် အသက်ခြောက်ဆယ်ကျော် အမျိုးသားကြီးတစ်ဦး၏ တိုင်တည်ရေရွတ်သံတွင် အခန်းတွင်းရှိနေသူတွေ ခေတ္တမျှငြိမ်နေသည်။ မောင်းထုသံ တဒူဒူ၊ မြင်းချူဆွဲသံ တချွင်ချွင်ကလည်း ၁၅ ပေ အကျယ်ရှိမည့် အခန်းထဲကနေ ဆက်တိုက်ထွက်ပေါ်လာပြန်သည်။ မြို့ခံအများစုက တစ်မြို့လုံးကို စောင့်ရှောက်ပေးနေသည်ဟု ယူဆထားသည့် မန္တလေးဘိုးဘိုးကြီးအား ရှင်ပြုအလှူမလှည့်မီ လှူမည့်သားသမီး၊ ဆွေမျိုးများအား လာပြနေကြသည့် မြင်ကွင်းပင် ဖြစ်သည်။

ယခုလို တပေါင်းလအချိန်များသည် နွေရာသီကျောင်းပိတ်ချိန်ဖြစ်၍ အလှူပြုလုပ်သူမိသားစုများတတ်သည်။ ပြက္ခဒိန်ပါ ရက်ရာဇာများတွင် တစ်ရက်လျှင် ဘိုးဘိုးကြီးထံလာပြကြရသည့် အလှူပေါင်း နှစ်ဆယ်ကျော် သုံးဆယ် နီးပါးထိ ရှိတတ်သည်။ ယင်းအစဉ်အလာမှာ မန္တ လေးမြို့တွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာခဲ့သည်မှာ နှစ်ပေါင်း ၃၀ ခန့်သာ ရှိသေးသည်။

ယခုအခါ ရှင်ပြု၊ အလှူမင်္ဂလာများသာမဟုတ်တော့ စီးပွားရေးကျပ်တည်းမှုများ ကြုံတွေ့ရသည့် အခိုက်အတန့်အချိန်များတွင် ဘိုးဘိုးကြီးအား အားကိုးအားထားရာအဖြစ် ကိုးကွယ်အပူကပ်တောင်းဆိုလာကြခြင်းဖြစ်သည်။

"စက်ပစ္စည်းဝယ်တာကအစ အလှူအတန်းလုပ်တာတွေအထိ ဘာလုပ်လုပ် ဘိုးဘိုးကြီးကို လာပြပြီးမှပဲ စိတ်ထဲမှာသန့်သွားတယ်။ မန္တလေးမှာ အားလုံးက ဘိုးဘိုးကြီးကို ကိုးကွယ်တာ မိရိုးဖလာလိုဖြစ်နေပြီ" ဟု မန္တလေးမြို့ခံကိုဝင်းဇော်ဇော်က ပြောသည်။

ယခုအခါဘိုးဘိုးကြီးနတ်တွင်းသို့ ရှင်ပြုအလှူများသာ လာရောက်ပြသခြင်းမျိုးမဟုတ်ဘဲကြုံတွေ့နေရသော စီးပွားရေး၊ လူမှုရေး အခက်အခဲများ လာရောက်တိုင်တည်ရာနေရာ ဖြစ်လာသလို နှစ်လုံး၊ သုံးလုံး ကစားသူများအတွက်လည်း အားကိုးအားထား တိုင်တည်စရာ ဖြစ်လာသည်။

ထို့အပြင် မန္တလေးမြို့သို့ ရွှေ့ပြောင်းအခြေချလာကြသူများကလည်း နေရာသစ်တွင် အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် ဘိုးဘိုးကြီးနတ်အား မန္တလေးမြို့၏ ဆိုင်ရာပိုင်ရာနတ်အဖြစ် သတ်မှတ်ကာ ကိုးကွယ်မှုများ ပြုလုပ်လာကြသည်။



မန္တလေးဘိုးဘိုးကြီးနတ်နန်းကို တွေ့ရစဉ်

ဓာတ်ပုံ – အေးမွန်ရာပြည့်

"ရာထူးပိုင်းကြောင့် ရောက်လာတဲ့သူပဲဖြစ်ဖြစ်၊ စီးပွားရေးအရ ရောက်လာတဲ့သူပဲဖြစ်ဖြစ် သူတို့အဆင်ပြေဖို့ ဆိုင်ရာပိုင်ရာ အာဏာပိုင်တွေလည်း ပေါင်းမယ်၊ နတ်လည်းပေါင်းမယ်ဆိုပြီး လုပ်လာကြတာတွေကြောင့် ကိုးကွယ်မှုတွေက တဖြည်းဖြည်း ကျယ်ပြန့်လာရတယ်" ဟု စာရေးဆရာ ဆူးငှက်က ပြောသည်။

မန္တလေး တောင်ထိပ်သို့ တက်သည့် အရှေ့ဘက်စောင်းတန်းသို့လာရောက်သူ အများစု၏ ဦးတည်ချက်မှာ တောင်ခြေမှ လှေကားထစ်ပေါင်း ၆၉ ထစ်ကို ဖြတ်ကျော်လျှင် ရောက်ရှိမည့် ဘိုးဘိုးကြီး နတ်နန်းသို့ပင်ဖြစ်သည်။

၁၉၈၀ ပြည့်နှစ် အစောပိုင်းကာလများက ယင်းစောင်းတန်းမှ တက်လျှင်ပင် နတ်ကိုးကွယ်ယုံကြည်သူဟူ၍ ထင်မှတ်ခံရမည်စိုးသောကြောင့် ရှောင်သွားကြသဖြင့် လူပြတ်သည်အထိ ဖြစ်ခဲ့ရသည့် ယင်းစောင်းတန်းမှာ ယနေ့အချိန်တွင် ကိုးကွယ်ယုံကြည်သူများနှင့် စည်ကားနေပြီဖြစ်သည်။

ထိုအချိန်က သာမန်အုတ်ခံအဆောက်အအုံလေးအဖြစ်သာ ရှိခဲ့သော ဘိုးဘိုးကြီး ဗိမာန်မှာ ယနေ့အချိန်တွင်တော့ စေတနာထက်သန်စွာလှူဒါန်းသူများကြောင့်လေအေးစက်၊ ဝါတာကူလာ(ရေအေးစက်) များပင် ရှိနေပြီး ကော်ဇောနီကြီးများပင် တခမ်းတနားခင်းထားသေးသည်။

ပုဏ္ဏားမျိုးနွယ်ဝင်ဖြစ်သော ဘိုးဘိုးကြီးမှာ အနော်ရထာဘုရင်လက်ထက်က အမတ်ကြီးရာထူးဖြင့် ရွှေလွှတ်တော်တွင် တာဝန်

စာမျက်နှာ (၁၉) သို့






သင့်အတွက်ဖိနပ်(၃)ရံရမည့်အခွင့်အရေး ! Start @ 29 March ~ End of April 2014

- facebook တွင် Ipanema Myanmar ကို Like လုပ်ပေးပါ။
- 'selection sandal code page' ကို Share လုပ်၍အလေးထားသူနှစ်ယောက်အား Tag လုပ်ပါ။
- comment တွင် sandal code (၃)ခု ရွေးချယ်ပေးပါ။

Blazon (Taw Win) Yuzana Plaza Junction Maw Tin Junction Square Dagon Center Hledan Parkson (FMI) Gamone Pwint Bogalay
Gamone Pwint Shanghai Sule Capital Junction Nay Pyi Taw SkyWalk (Mdy) Greatwall (Mdy) orange supermarket (Ygn/ Mdy)

7DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014



*ပြည်သူ့ဆေးရုံတစ်ရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် လူနာတစ်ဦး*

ဓာတ်ပုံ – ငြိမ်းချမ်းနိုင်/အီးပီအေ

## ၂၀၁၄ ဧပြီ ၂ မှ ၈ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်အခြေအနေ။**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ တိမ်အနည်းငယ်မှ အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး လေထုမငြိမ်မသက်ဖြစ်ပေါ်နိုင်ပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှာ အများအားဖြင့် သာယာနေပါတယ်။ ဘင်္ဂလားပင် လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်တို့မှာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်ပေမဲ့ မုန်တိုင်းဖြစ်နိုင်ခြေမရှိပါ။ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ တောင်ပိုင်းစွန်းဒေသများအတွင်းသို့ ရေငွေ့ပါဝင်သောလေများ ဆက်လက်ဝင်ရောက်လျက်ရှိနေပါသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ။**

မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး လှိုင်းအမြင့်တစ်ပေမှ သုံးပေခန့်ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ။**

နေ့အပူချိန်များဟာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသ ကြီး၊ နေပြည်တော်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များဟာ 36C–41C ခန့်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် 29C–35C ခန့်ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ။**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ်အထက်ပိုင်းနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် မွန်းလွဲညနေပိုင်းတွင် သုံးရက်မှလေးရက်ခန့်နေရာကွက်ကျား မိုးထစ်ချုန်းရွာ နိုင်ပါတယ်။ ရွာရန် ၆၀ ရာခိုင်နှုန်းရှိပါတယ်။ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါတယ်။ ကျန်တစ်ပြည်လုံးတွင် အများအားဖြင့် သာယာနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

စာမျက်နှာ ၃ မှ

# လူနာများ နှစ်ဆတိုးလာသော်လည်း

မြှင့်၍ ကျပ်ငွေ ဘီလီယံပေါင်းများစွာသုံးစွဲမည်ဟု ကြေညာခဲ့ပြီး အရေးပေါ်ဆေးဝါးများ အခမဲ့ပေးခြင်း၊ ဆေးရုံအချို့တွင် ရောဂါရှာဖွေစက်များ ပိုမိုထားရှိလာခြင်း၊ ဆေးရုံအတွင်းပိုင်းအချို့၌အဆင့်မြှင့်တင်မှုများ ပြုလုပ်ခဲ့မှုကြောင့် လာရောက်ကုသမှုခံယူသည့် လူနာအရေအတွက်ကလည်း နှစ်ဆခန့်အထိ မြင့်တက်ခဲ့သည်။ သို့သော်ဆေးကုသမှုပေးနိုင်သည့် ဆရာဝန်အရေအတွက်မှာ နည်းပါးနေဆဲဖြစ်၏။

"အခုက ဆေးရုံမှာ အရမ်းပြိုင်းတယ်။ လက်မလည်ဘူး။ ညဘက်ဂျူတီကျလို့ ခွဲစိတ်ခန်းဝင်ရပြီဆိုရင် Ward ထဲမှာ ဆရာဝန်တစ်ယောက်လောက်ပဲ ကျန်ရှိတော့တယ်။ လူနာက အယောက် ၅၀၊ ၆၀ လောက်ရှိတယ်"ဟုအင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်အဖြစ် ထမ်းဆောင်နေသူ ဒေါက်တာပြည့်ဖြိုးက ပြောသည်။

ညအချိန်ဂျူတီများတွင် ဆေးကုသဆောင်အတွင်း၌ ဘွဲ့လွန်တက်နေသော ဆရာဝန်တစ်ယောက်၊ လက်ထောက်ဆရာဝန်တစ်ယောက်နှင့် အလုပ်သင်ဆရာဝန်တစ်ယောက်သာရှိသည်ဟုဆိုသည်။

အဆိုပါအခြေအနေမျိုးသည် ဆရာဝန်အတွက် အလုပ်အလွန်များ၍ မနိုင်မနင်းအခြေအနေများ ကြုံတွေ့ရနိုင်ပြီး အရေးပေါ်လူနာများအတွက်လည်း အလွန်စိုးရိမ်ဖွယ်ရာအနေအထားဖြစ်ကြောင်း ဒေါက်တာ ပြည့်ဖြိုးကပြောသည်။

ဆေးဝါးများ အခမဲ့ပေး၍ ကုသပေးခြင်းကြောင့် ပြည်သူ့ဆေးရုံများသို့လာရောက်သည့် လူနာတိုးပွားလာခြင်းနှင့် အမှုဆေးရုံတိုင်းတွင် ဝန်ထမ်းလိုအပ်ချက်များရှိလာကြောင်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက မတ်လအတွင်း ရန်ကုန်မြို့ရှိ ဆေးရုံများကို လေ့လာရာတွင် ဆေးရုံအုပ်များနှင့် ဆေးပညာရှင်များ၏ တင်ပြချက်များကို အခြေခံ၍ ပြောဆိုခဲ့သည်။

လိုအပ်သော ဝန်ထမ်းများ ဖြည့်ဆည်းရန် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

"တကယ်လို့အသည်းအသန်တွေဖြစ်လာပြီဆိုရင် တခြား Ward (ဆေးကုသဆောင်) က ကိုယ့်လူ (ဆရာဝန်)တွေကို ဟိုလူ ကယ်ပါဦး၊ ဒီလူကယ်ပါဦးဆိုပြီး အကူအညီလှမ်းတောင်းရတယ်"ဟု လူနာပေါင်းငါးဆယ်၊ ခြောက်ဆယ်အား ဆရာဝန်တစ်ယောက်တည်းစောင့်ရှောက်မှုပေးရချိန်တွင် တစ်ခါတစ်ရံ ဖြစ်ပျက်တတ်မှုများကို ၎င်းက ဆက်လက်ပြောပြ၏။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် နှလုံးသွေးခဲ၍ လေဖြန်းရောဂါကြောင့် ဆေးရုံတက်နေရသည့် ဦးကြည်စိုးက "တာဝန်ကျဆရာဝန်က တခြားလူနာကို ကြည့်နေတဲ့အချိန်ကိုယ်ကလည်း တစ်ခုခု အရေးပေါ်လို့ သွားပြောရင် အဟောက်ခံရတယ်။ အဲဒီအခါမျိုးကျရင် စိတ်ထဲမကောင်းဘူး။ ဒေါသလည်းထွက်တာပေါ့"ဟု ၎င်း၏ခံစားချက်ကိုပြောသည်။

ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများကလည်း ဝန်ပိလာခြင်းကြောင့် လူနာနှင့် ဆရာဝန်ကြားအနုတ်လက္ခဏာ ဆောင်သောဆက်ဆံရေးပေါ်ပေါက်လာခြင်းနှင့်အတူ ဆေးကုသမှုမှားယွင်းခြင်း၊ နောက်ဆက်တွဲဆိုးကျိုးများနှင့် နောက်ဆုံးအဆင့်အနေဖြင့် မလိုလားအပ်သော အသက်သေဆုံးမှုများကိုပါ ဖြစ်ပေါ်စေနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ သုတေသနပြုစာတမ်းများတွင် ဖော်ပြ၏။

အလုပ်များခြင်းကြောင့် စောင့်ရှောက်ကုသမှုအပြည့်အဝမပေးနိုင်၍ အသက်မသေသင့်ဘဲ သေဆုံးမှုများသည် တစ်နှစ်လျှင် လူပေါင်း ကိုးသောင်းရှစ်ထောင်ခန့် ရှိသည်ဟု ပျမ်းမျှဆရာဝန်တစ်ဦးလျှင် လူနာသုံးရာငါးဆယ်ခန့် အချိုးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသောအမေရိကန်နိုင်ငံ၏စစ်တမ်းများက ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင်မူ တိကျသော အချက်အလက်၊ စစ်တမ်းများမရှိသော်လည်း ကျန်းမာရေးဝန်ထမ်းများအချိန်မပေးနိုင်သည့် အခြေအနေကြောင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်ခံစားရမှုများက ပြည်သူ့ဆေးရုံများတွင် သာမက ပုဂ္ဂလိက ဆေးရုံများ၌ပင်ရှိနေသည်။

မြန်မာနိုင်ငံတွင် ဆရာဝန်တစ်ဦးလျှင် လူနာနှစ်ထောင့်ရှစ်ရာနှုန်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေရပြီး လူဦးရေသန်းခြောက်ဆယ်ကျော်အတွက် ဆေးပညာလက်မှတ် (ဆမ) ရသူပေါင်းမှာ သုံးသောင်းကျော်သာရှိနေသေးသည်။ ပြည်သူ့ကျန်းမာရေးအတွက် နိုင်ငံတော်လုပ်ငန်းခွင်ဝင်နေသူမှာ တစ်သောင်းသုံးထောင်ခန့်သာရှိပါသည်။

"အဓိကကတော့ လူ့စွမ်းအားအရင်းအမြစ်မလုံလောက်သေးတာပါ။ ဆရာဝန်တွေ အလုပ်အရမ်းများတယ်ဆိုတာကလည်း ဟုတ်ပါတယ်။ လူနာအရမ်းများလို့ တစ်ခါတလေမှာ မမှားသင့်ဘဲ မှားတာတွေရှိကြပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း ဒါတွေကို သိတော့လိုအပ်ချက်ပြည့်မီဖို့ ကြိုးစားနေတယ်။ ချက်ချင်းကြီးဖြစ်မလာပေမယ့်တဖြည်းဖြည်းနဲ့ ပြည်စုံလာလိမ့်မယ်လို့ယုံကြည်ပါတယ်"ဟု ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးအဆင့်ရှိသူ ဒေါက်တာတစ်ဦးက ပြောသည်။

ဆရာဝန်နှင့် လူနာဦးရေ မမျှတခြင်းက လူနာရှင်များ၏ အိတ်ထဲရှိဆေးကုသစရိတ်ကိုလည်း ကြီးမြင့်စေပါသည်။ အလုပ်ဝန်ပိခြင်းက ဆေးကုသမှုဆိုင်ရာ အမှားအယွင်းများခြင်းနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပြီး ဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ရှိဆရာဝန်သည် မလိုလားအပ်သော ဆေးစစ်မှုကို ၂၂ ရာခိုင်နှုန်းအထိ လုပ်ခိုင်းလေ့ရှိသည်ဟု အမေရိကန်နိုင်ငံတွင် ပြုလုပ်ထားသောသုတေသနအရဆိုင်ရာအဖွဲ့အစည်းကြီး၏ သုတေသနဂျာနယ်က ဖော်ပြပါသည်။ ထိုသို့ ပြုလုပ်ရခြင်း၏ အဖြေမှာ လူနာများပြားသောကြောင့် လုံလောက်သော စမ်းသပ်စစ်ဆေးမှုမလုပ်နိုင်ခြင်းကြောင့်ဟု ဆိုပါသည်။

"နိုင်ငံတကာမှာတော့ မပြောတတ်ဘူး။ ဒီကဆေးရုံမှာတော့ လူနာတွေ ကုန်ကျစရိတ်အနည်းဆုံးဖြစ်အောင် စဉ်းစားပေးထားတယ်။ မလိုအပ်ဘဲ ဘာမှ မစစ်ခိုင်းဘူး။ တစ်ခါတစ်ခါတော့ ရောဂါအခြေအနေအပြောင်းအလဲဖြစ်သွားလို့ နည်းနည်းပါးပါး ပိုပြီး ဆေးစစ်ခိုင်းတာလေးတွေ တော့ရှိပါတယ်"ဟု ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော လက်ထောက်ဆရာဝန်တစ်ဦးက ပြောသည်။

နှစ်စဉ်တိုးမြှင့်လျက်ရှိသော ကျန်းမာရေးအသုံးစရိတ်ကြောင့် ပြည်သူများ တိုက်ရိုက်အသီးအပွင့်ခံစားရသည်မှာ ဆေးရုံသွားလျှင် ယခင်ကဲ့သို့ဆေးအားလုံးဝယ်ပေးရန်မလိုအပ်တော့ခြင်းဖြစ်သည်။ အနည်းငယ်သာဝယ်ပေးရသည်ဟု ဆေးရုံတက်နေသည့် လူနာအများစုက ပြန်လည်ဖြေကြားကြသည်။ ယခင်ကဲ့သို့ အော်ငေါက်မှုများ နည်းပါးသွားသော်လည်း စိတ်ရှည်မှုနှင့် နွေးထွေးသောဆက်ဆံရေးကို လူနာများ တောင့်တနေရဆဲဖြစ်သည်။

"ဆရာဝန်တွေက လူနာတွေကို ဆက်တိုက်ကြည့်ရတာဆိုတော့ သိပ်တော့ ဂရုမစိုက်နိုင်အားဘူး။ ကိုယ့်အလှည့်တော်တော်နဲ့ မရောက်နိုင်ဘူး"ဟု ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးတွင် နှလုံးအပေါက်ပါ ရောဂါဝေဒနာကြောင့် ဆေးကုသမှုခံယူနေရသူ အသက် (၃၀) အရွယ် အမျိုးသမီးတစ်ဦးကပြောသည်။

နိုင်ငံတစ်ဝန်းရှိ ဆေးရုံကြီးအချို့ကို သွားရောက်စစ်ဆေးရာတွင် အဓိကတင်ပြတောင်းဆိုမှုမှာ ဝန်ထမ်းမလုံလောက်မှုဖြစ်ကြောင်း ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းကပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁–၁၂တွင်ကျပ်၉၂ဘီလီယံ၊ ၂၀၁၂–၁၃ တွင် ကျပ်၄၀၀ ဘီလီယံ၊ ၂၀၁၃– ၁၄ တွင်ကျပ် ၅၂၈ ဘီလီယံသုံးစွဲခဲ့ပြီး ယခုနှစ်တွင် ကျပ် ၆၅၂ ဘီလီယံအထိ သုံးစွဲရန် လျာထားသည်ဟု ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီက ပြောကြားခဲ့သည်။

သို့သော်ယခင်အစိုးရလက်ထက်က လူ့စွမ်းအားအရင်းအမြစ်အသုံးချမှုနည်းပါးခြင်းကြောင့် မနိုင်မနင်းဖြစ်ခဲ့ရသော ကျန်းမာရေးစနစ်သည် ယခုနှစ်ပိုင်းအတွင်း ပြန်လည်ပြုပြင်နေသော်လည်း ကျန်းမာရေးဝန်ထမ်းအင်အား မလုံလောက်မှုက ဘတ်ဂျက်တိုးမြှင့်ခြင်းနှင့်အတူ မြင့်တက်လာသော လူနာများကို စောင့်ရှောက်မှုပေးရာတွင် အခက်အခဲများစွာ ကြုံနေရသည်။

"ဆရာဝန်အနားရှိလျှင် ရောဂါပျောက်သလို ခံစားရတယ်"ဟု လူနာအများစု ပြောကြားသော စကားသည် အစိုးရ၏ကျန်းမာရေးဆိုင်ရာမူဝါဒများ အလျင်အမြန်ရွေ့လျားရန်တွန်းအားပေးနေသည်။

# Health

7 DAY NEWS JOURNAL

Vol.13, No.5 • APRIL 2 , 2014


# ရဟန်းသံဃာများတွင် ဆီးချို၊ သွေးချိုဖြစ်ပွားနှုန်း ပိုများ

ယမင်း

**ရန်ကုန်၊ မတ်-၂၇**

မြန်မာနိုင်ငံ၏ ငါးသိန်းကျော်ရှိသော ရဟန်းသံဃာများ၏ ဆီးချို၊ သွေးချိုရောဂါ ဖြစ်ပွားနှုန်းမှာ လေးပုံတစ်ပုံခန့်ရှိပြီး သာမန်သက်တူရွယ်တူ အမျိုးသားများနှင့် နှိုင်းယှဉ်ပါက ဖြစ်ပွားနှုန်း ထက်ဝက်ကျော် မြင့်မားနေကြောင်းဆီးချို၊ သွေးချိုရောဂါ အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာတင့်ဆွေလတ်က ဆိုသည်။

ဆီးချို၊ သွေးချိုရောဂါ ဖြစ်ပွားနေသော အသက်လေးဆယ်နှင့်အထက် အမျိုးသားများ ဖြစ်ပွားနှုန်းမှာ ၁၂ ရာခိုင်နှုန်းကျော်သာ ရှိသော်လည်း ရဟန်းသံဃာများ ဖြစ်ပွားနှုန်းမှာမူ သံဃာအပါး ၁၀၀ လျှင် ၂၅ ပါးနှုန်းဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

"ဆေးခန်းမှာ တစ်နေ့ကို တိုကင်နံပါတ် ၁ ကနေ ၂၀ လောက်ထိက ဘုန်းကြီးတွေပဲ။ သက်တူရွယ်တူ အမျိုးသားတွေနဲ့ ယှဉ်ပြီးကြည့်ရင် သူတို့ဖြစ်ပွားတာထက် ထက်ဝက်လောက်ပိုဖြစ်နေတာတွေ့ရတယ်" ဟု အဆိုပါဆရာဝန်ကြီးက ပြောကြားသည်။

ထိုကဲ့သို့ ရဟန်းသံဃာများ၌ ဆီးချို၊ သွေးချိုရောဂါများ ပိုမိုဖြစ်ပွားနေရခြင်းမှာ သာမန်အမျိုးသားများထက် အစားအစာများ (ချို၊ အီ၊ စိမ့်) စားသုံးမှု ပိုမိုများပြားခြင်း၊ အချိုရည်သောက်သုံးမှု ပိုမိုများပြားခြင်း၊ အသက်အရွယ်ကြီးရင့်သော ရဟန်းသံဃာများအနေဖြင့် အထိုင်များကာ လှုပ်ရှားမှုပိုမိုနည်းပါးသွားခြင်းတို့ကြောင့်ဖြစ်ကြောင်းသိရသည်။



*ရဟန်းသံဃာများသည် ဒကာ၊ ဒကာမများလှူဒါန်းသည် လှူဖွယ်ပစ္စည်းများကိုသာ သုံးဆောင်ကြရသည်။*

ဓာတ်ပုံ – ကျော်ဇင်သန်း

"ဘုန်းကြီးတွေက သာမန်လူတွေနဲ့မတူတဲ့ အချိန်နဲ့ ဘုဉ်းပေးနေကြရတာဆိုတော့ အရဏ်ဆွမ်းတွေ၊ နေ့လယ်နေ့ဆွမ်းတွေဆိုရင် များများစားမိမယ်။ ဒါကြောင့် သံဃာတွေစားတဲ့ ပမာဏက သာမန်အမျိုးသားတွေစားတဲ့ ပမာဏထက် ပိုများသွားတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာ အစွန့်ရှည်ဖို့အတွက် သံဃာတွေ ကျန်းမာမှ ရမှာမို့ ဒါယကာတွေအနေနဲ့က လည်း ချိုတဲ့အစားအစာတွေ၊ အချိုရည်တွေကို အတင်းမကပ်ပါနဲ့" ဟု ၎င်းက တိုက်တွန်းပြောကြားသည်။

ဆီးချိုရောဂါဖြစ်ပွားပါက အရွယ်မတိုင်မီ သေဆုံးခြင်း၊ ကုသစရိတ်ကြီးမြင့်ခြင်းစသည့် အချက်များကြောင့် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးနေခြင်းနှင့် ဆင်းရဲမွဲတေခြင်းတို့အပေါ်လည်း များစွာ အကျိုးသက်ရောက်မှုရှိကြောင်း ဆေးပညာပိုင်းမှ ပညာရှင်ကြီးများက သုံးသပ် ပြောဆိုကြသည်။

"ဒီရောဂါကနေ ထပ်ဆင့်ဖြစ်ပွားလာတဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုးကျိုးတွေကို ကာကွယ်ဖို့အတွက် လူတိုင်း ဆီးချိုကင်းစင်ဖို့လိုတယ်။ ကမ္ဘာမှာဆိုရင် ဦးစားပေးလုပ်ငန်းတွေထဲမှာ ဒီရောဂါ ပါတယ်။ ကာကွယ်မှုတွေ မလုပ်နိုင်ဘူးဆိုရင် နိုင်ငံတော်ဝင်ငွေ GDP ကို ၁ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျသွားစေနိုင်တယ်" ဟု မြန်မာနိုင်ငံ ဆီးချို၊ သွေးချို ရောဂါအသင်း ဒုဥက္ကဋ္ဌ ပါမောက္ခ ဒေါ်သန်းသန်းအေးက ပြောသည်။

ဆီးချိုသွေးချိုရောဂါသည် အသက်အရွယ်မရွေး၊ လူမျိုးမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ နေရာဒေသမရွေး ဖြစ်ပွားနိုင်ပြီး လက္ခဏာများမှာ ပင်ပန်းနွမ်းနယ်ခြင်း၊ ရေအလွန်ငတ်ခြင်း၊ ဆီးခဏခဏသွားခြင်း၊ အနာမကျက်ခြင်း၊ ကိုယ်အလေးချိန်ကျခြင်းတို့ဖြစ်ပြီး မကုသဘဲထားပါက နောက်ဆက်တွဲဆိုးကျိုးများအဖြစ် မျက်စိကွယ်ခြင်း၊ ကျောက်ကပ်ရောဂါဖြစ်ခြင်း၊ ထုံကျဉ်လာခြင်း၊ ခြေထောက်ပုပ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းတို့အပြင် နှလုံးသွေးကြောပိတ်ခြင်းစသည်တို့ ခံစားရနိုင်ကြောင်း သိရသည်။

၎င်းရောဂါမဖြစ်ပွားစေရန်အတွက် ၅၀ ရာခိုင်နှုန်း ကာကွယ်နိုင်၍ အစား (အချို၊ အအီ၊ အစိမ့်၊ အငန်) လျှော့စားခြင်း၊ အမျှင်ဓာတ်ပါသော အစားအစာများများစားခြင်း၊ ပြည့်ဝဆီ (တိရစ္ဆာန်များမှ ထုတ်ယူသောအဆီ) များ လျှော့စားခြင်း၊ ရေများများသောက်ပေးခြင်း၊ အဝမလွန်အောင် ထိန်းထားခြင်း၊ မျက်စိကို တစ်နှစ်လျှင် တစ်ကြိမ်စစ်ခြင်း၊ ကျောက်ကပ်နှင့် သွေးတွင်းအဆီဓာတ်များကို ခြောက်လလျှင် တစ်ကြိမ်စစ်ခြင်း၊ ခြေထောက်နှင့် ခြေဖဝါးများကို နေ့စဉ်စစ်ခြင်း၊ သွေးပေါင်ချိန်နှင့် နှလုံးကို ပုံမှန်စစ်ခြင်းများအပြင် လှုပ်ရှားမှုများ ပြုလုပ်ပေးခြင်းနှင့် စိတ်ဖိစီးမှုများ မဖြစ်ပေါ်အောင် ပြုမူနေထိုင်ခြင်းများဖြင့် ကာကွယ်နိုင်ကြောင်း သိရသည်။

"ဆီးချိုဖြစ်နေတာကတော့ ၁၀ နှစ်လောက်ရှိပြီ။ ဟိုတစ်လောက လက်တစ်ခြမ်းလှုပ်လို့မရလို့ဆိုပြီး ဆေးခန်းသွားပြတော့မှ ဆီးချိုအခံရှိလို့ လေတခြမ်းဖြန်းသွားတာတဲ့။ ဆီးချိုရှိတော့ လေဖြန်းတာက တော်တော်နဲ့ မပျောက်နိုင်ဘူး။ တစ်နှစ်လောက်ရှိနေပြီ။ ရောဂါနှစ်မျိုးလုံးကို ကုနေရတာပေါ့" ဟု ဆီးချိုနှင့် လေဖြန်းခြင်းဝေဒနာကို တစ်ပြိုင်နက်တည်း ခံစားနေရသူ အသက် (၆၅) နှစ်အရွယ် ဘကြီးမောင်က ပြောသည်။

မြန်မာနိုင်ငံတွင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှုနှုန်းမှာ ၁၁ ဒသမ ၈ ရာခိုင်နှုန်းရှိကာ လူ ၁၀၀ လျှင် ၁၂ ဦးနှုန်း ဖြစ်ပွားလျက်ရှိပြီး မြို့ပြ၌ ၁၃ ဒသမ ၉ ရာခိုင်နှုန်းနှင့် ကျေးလက်ဒေသများ၌ ၇ ဒသမ ၃ ရာခိုင်နှုန်း ဖြစ်ပွားလျက်ရှိကြောင်း ဆီးချိုသွေးချိုရောဂါ အသင်း၏ သုတေသနပြုချက်အရ သိရသည်။

ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားနှုန်းမှာ တစ်ကမ္ဘာလုံး၌ လူဦးရေ ၃၈၂ သန်းခန့်ဖြစ်ပွားလျက်ရှိကာ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် လူဦးရေ ၄၉ ရာခိုင်နှုန်းမှာ ဆီးချိုရောဂါဖြစ်ပွားနေသည်ကို မသိရှိကြကြောင်း၊ မကာကွယ်နိုင်ပါက လာမည့် ၂၀၃၀ ပြည့်နှစ်၌ ၅၉၂ သန်းဖြစ်ပွားလာနိုင်ကြောင်းကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားသည်။




## မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် တစ်နှစ်လျှင် လူငါးသောင်းကျော် သေဆုံး

**ရဲနောင်**

**ရန်ကုန်၊ မတ်-၂၉**

မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် တစ်နှစ်လျှင် လူဦးရေငါးသောင်းကျော် သေဆုံးလျက်ရှိသည်ဟု သန့်ရှင်းသော မီးဖိုများ သုံးစွဲရေး ကမ္ဘာလုံးဆိုင်ရာအဖွဲ့ (GACC) စာရင်းများတွင် ဖော်ပြထားသည်။

ထမင်းဟင်းချက်ရာမှ ထွက်လာသော မီးခိုးများနှင့် ကားများ၊ စက်ရုံအလုပ်ရုံများမှ ထွက်သော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်ခြင်းနှင့် ဆက်စပ်၍ နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ကင်ဆာရောဂါများကြောင့် အသက်သေဆုံးမှုများ ဖြစ်ပေါ်နေပြီး ၂၀၁၂ ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ လူဦးရေ ခုနစ်သန်းခန့် သေဆုံးခဲ့ရသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ အစားအသောက် ချက်ပြုတ်ရေးအတွက် ထင်းမီးနှင့် လောင်စာများကို သုံးစွဲနေဆဲဖြစ်သည်ဟု GACC က စာရင်းဖော်ပြထားသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တိုင်းတာထားသော လေထုညစ်ညမ်းမှု ကိန်းဂဏန်းများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က သတ်မှတ်ထားသော ပမာဏထက် ကျော်လွန်နေပြီး မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်ရှိ လေထုညစ်ညမ်းမှုအများဆုံး နိုင်ငံများ စာရင်းတွင်လည်း အဆင့် ၁၇ နေရာ၌ ရပ်တည်လျက်ရှိသည်။

"လေထုညစ်ညမ်းမှုက ချက်ချင်းလက်ငင်းကြီး လူကို ဒုက္ခမပေးဘူး။ ဒါပေမဲ့ ကာလကြာလာတာနဲ့အမျှ ပြဿနာတွေ တန်းစီပြီးဖြစ်လာမယ်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ၊ နှလုံးရောဂါတွေအဖြစ်များလာမယ်" ဟု အထွေထွေရောဂါကု ဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာလင်းထက်က ပြောသည်။

မြန်မာနိုင်ငံတွင် ရေနှင့် လေထုညစ်ညမ်းမှုဆိုင်ရာ ပြဿနာများကို ပြည်သူများ ပညာပေးသိရှိရန် လိုအပ်နေပြီး စောင့်ကြည့်လေ့လာရေးလုပ်ငန်းများလည်း လိုအပ်နေကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ၂၀၁၃ ခုနှစ် ဖွန်လ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူရှစ်ဦးသေဆုံးလျှင် တစ်ဦးမှာ လေထုညစ်ညမ်းမှုနှင့် ဆက်စပ်၍ သေဆုံးခြင်းဖြစ်သည်ဟု WHO က သတိပေးပြောကြားထားသည်။

## ရာသီဥတုကြောင့် ကလေးများနှင့် သက်ကြီးရွယ်အိုများ ရုတ်တရက်သေဆုံးနိုင်

**ရဲနောင်**

**ရန်ကုန်၊ မတ်-၂၉**

ရာသီဥတုပူပြင်းလွန်းသဖြင့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ ရုတ်တရက်သေဆုံးမှုများ ဖြစ်ပေါ်တတ်၍ အထူးသတိပြုရန် လိုအပ်သည်ဟုအထွေထွေရောဂါကုဆရာဝန်များက သတိပေးပြောကြားသည်။

ရာသီဥတုပူပြင်းမှုကြောင့် ခန္ဓာကိုယ်အပူချိန် မြင့်တက်လာ၍ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ အော့အန်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ချွေးမထွက်ခြင်းများအပြင် အရေပြားများ နီရဲလာခြင်း၊ အသက်ရှူခက်ခဲလာခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်းနှင့် သတိလစ်ခြင်းများ ဖြစ်ပေါ်တတ်ပြီး သေချာစွာ ကုသမှုမခံယူပါက အသက်သေဆုံးသည်အထိ အန္တရာယ်ရှိနိုင်သည်ဟု ဆိုသည်။

"အသက်ကြီးတဲ့သူတွေမှာ သွေးတိုးတာ၊ ရုတ်တရက်လေဖြတ်တာ၊ ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးမှုတွေ ရှိလာနိုင်တယ်။ ပြီးတော့ နေပူထဲမှာ အလုပ်လုပ်နေသူတွေနဲ့ ကားသမားတွေ အထူးဂရုပြုဖို့လည်း လိုပါတယ်" ဟု သာကေတမြို့နယ်မှ အထွေထွေရောဂါကု ဆရာဝန် ဒေါက်တာဝေဖြိုးက ပြောသည်။

ခန္ဓာကိုယ်အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီ ဖာရင်ဟိုက်) ထက် ကျော်လွန်၍ ချွေးမထွက်ခြင်းနှင့် စိတ်ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာပါက အန္တရာယ်ရှိသော အပူချိန်လွန်ကဲမှုကို ခံစားနေရပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် နေ့အပူချိန်များအဖြစ် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းတို့တွင် ၄၀ ဒီဂရီ စင်တီဂရိတ်မှ ၄၂ ဒီဂရီစင်တီဂရိတ်ခန့်၊ ရန်ကုန်တိုင်း၊ နေပြည်တော်၊ ရောဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ၃၅ ဒီဂရီစင်တီဂရိတ်မှ ၃၉ ဒီဂရီစင်တီဂရိတ်အထိ ရှိနိုင်သည်ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ထုတ်ပြန်ထားသည်။

အပူချိန်မြင့်မားမှုနှင့် ခရမ်းလွန်ရောင်ခြည် လွန်ကဲမှုတို့ကြောင့် ရန်ကုန်တွင် ကလေးသူငယ်များ ဖျားနာမှု ပိုမိုများပြားလာပြီး လူကြီးများတွင်လည်း ရုတ်တရက် ဦးနှောက်သွေးကြောပြတ်၍ သေဆုံးမှုများကြုံတွေ့လာရသည်ဟုရပ်ကွက်နေပြည်သူများနှင့် အထွေထွေရောဂါကုဆရာဝန်အချို့က ပြောသည်။

ပူပြင်းသော ရာသီဥတုတွင် အပူဒဏ်ခံနိုင်သော အဝတ်အစားများ ဝတ်ခြင်း၊ ခန္ဓာကိုယ်မှ ရေဓာတ်ဆုံးရှုံးမှုအတွက် ရေနှင့် အရည်ရွှမ်းသော အသီးအနှံများ စားသုံးပေးခြင်း၊ အရက်နှင့် ကဖင်းဓာတ်ပါဝင်သော အရည်များ သောက်သုံးမှုကို ရှောင်ကြဉ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပြင်းထန်စွာ လုပ်ခြင်းတို့ကို ရှောင်ကြဉ်ရန် လိုအပ်သည်ဟု ဆေးပညာရှင်များက အကြံပြုပြောကြားထားသည်။



Regional

7Day News Journal

Vol.13, No.5 • APRIL 2 , 2014

# အိမ်တိုင်ရာရောက် မီတာခကောက်ခံသဖြင့် ရက်လွန်ကြေးပါပေးနေရမှု ကျောက်ဖြူဒေသခံများ မကျေနပ်

**မောင်ကံ**

**ကျောက်ဖြူ၊ မတ်-၂၉**

ကျောက်ဖြူမြို့တွင် လျှပ်စစ်မီတာခကောက်ခံခြင်း လုပ်ငန်းများကို MCC ကုမ္ပဏီက အိမ်တိုင်ရာရောက် ကောက်ခံခြင်းကြောင့် ရက်လွန်ကြေးပေးနေရမှု ဖြစ်နေကြောင်း သတင်းရရှိသည်။

"ကုမ္ပဏီက မီတာသုံးစွဲတဲ့နေအိမ်တွေကို ကားနဲ့သွားပြီးတစ်ရက်ကိုအိမ်နှစ်ရာ ကောက်ခံကြပါတယ်။ အဲဒီလို အိမ်တိုင်ရာရောက်လာကောက်တာက မီတာခပေးဆောင်သူတွေအတွက် အဆင်ပြေပေမယ့် ကားဝင်လို့မရတဲ့ နေအိမ်တွေနဲ့ လာကောက်တဲ့အချိန်မှာ အိမ်သားတွေနဲ့ မတွေ့တာတွေကြောင့် ရက်ကအလိုလိုလွန်သွားတာတွေရှိပါတယ်။ ပြီးတော့ မီတာခကောက်တဲ့အခါ ကားမဝင်နိုင်တဲ့နေရာတွေကို လူကိုယ်တိုင်ဆင်းကောက်မယ်လို့ ပြောထားပေမယ့် လာမကောက်တဲ့အတွက် သတ်မှတ်ရက်ထက် ကျော်လွန်သွားတာတွေရှိပါတယ်။ အဲဒီလို ရက်လွန်သွားလို့ရှိရင် ရက်လွန်ကြေးနှစ်ထောင် ဆောင်ရပါတယ်"ဟု ကျောက်ဖြူမြို့ခံတစ်ဦးက ပြောသည်။

ယခင်က လျှပ်စစ်မီးသုံးစွဲသူများမှာ မီတာခများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ကိုယ်တိုင်သွားရောက်ပေးသွင်းခြင်းဖြင့် ရက်လွန်ဒဏ်ကြေး ပေးဆောင်ရမှုနည်းပါးခဲ့ကြောင်း ထမင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောကြားခဲ့သည်။

"နောက်ဆုံးဘယ်နေ့သွင်းရမယ်ဆိုတာကို ကြည့်ပြီးတော့ သွားသွင်းလိုက်ရုံပါပဲ။ အခုဟာက လာကောက်မယ်လို့ပြောထားတော့ ကားအလာကိုပဲ စောင့်ပြီးပေးကြပါတယ်။ မီတာခကောက်ဖို့ ကားလာတဲ့အချိန်က ရက်လွန်နေပါပြီ။ အတတ်နိုင်ဆုံးတော့ ကိုယ်တိုင်သွားသွင်းတဲ့ စနစ်က အကောင်းဆုံးပါပဲ"ဟု မြို့ခံတစ်ဦးက ပြောသည်။

ကျောက်ဖြူမြို့တွင် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ဖြန့်ဖြူးပေးနေသည့် လျှပ်စစ်မီးဖြင့် တစ်ယူနစ်လျှင် ၃၅ ကျပ်နှုန်းဖြင့် သုံးစွဲနေရခြင်းဖြစ်သည်။

# ပြောင်းဖူးဖက်နှင့် ပြောင်းဖူးပင် ဝယ်သူမရှိ၍ မီးရှို့ဖျက်ဆီးခဲ့ရ

**မျိုးမင်းဦး**

**မုံရွာ၊ မတ်-၂၉**

ချင်းတွင်းမြစ်ရေဝင်ဒေသ ပြောင်းခင်းများမှ ပြောင်းဖူးဖက်နှင့် ပြောင်းဖူးပင်အဝယ်မရှိ၍ မတ်လကုန်ရက်ပိုင်းတွင် စိုက်ခင်း၌ မီးရှို့ဖျက်ဆီးခဲ့ရကြောင်း သတင်းရရှိသည်။

"အခြားသီးနှံနဲ့ယှဉ်ရင် အမြတ်ရတာသေချာလို့ ပြောင်းဖူးစိုက်ခင်းတွေပိုစိုက်ကြတာ။ အရင်နှစ်တွေတုန်းက ပြောင်းဖူးဖက်နဲ့ ပြောင်းဖူးပင်ရောင်းရတယ်။ ဒီနှစ် ဝယ်မယ့်သူမရှိဘူး။ အလကားပေးတောင် ယူမယ့်သူမရှိတော့လို့ စိုက်ခင်းထဲ မီးရှို့လိုက်ရတယ်"ဟု ဘုဘကျေးရွာမှ ပြောင်းဖူး စိုက်တောင်သူတစ်ဦးကပြောသည်။

ယခင်နှစ်များက ပြောင်းဖူးဖက်တစ်ပိဿာ ကျပ်ငါးရာဝန်းကျင်ရှိခဲ့ပြီး ယခုနှစ်တွင် ကျပ်သုံးရာဝန်းကျင်ဖြင့် ဆေးလိပ်လုပ်ငန်းများက ဝယ်ယူခဲ့သည်။

ယခုနှစ်အတွင်း ပြောင်းစိုက်ပျိုးသူထက်ဝက်ခန့်များပြားလာသော်လည်း ပြောင်းဖူးဖက်ဝယ်ယူသူမရှိခဲ့ပေ။ ပြောင်းဖူးဖက်ခွာသူတစ်ဦးလျှင် တစ်တောင်းကျပ်တစ်ရာနှုန်းဖြင့် တစ်နေ့ တောင်းသုံးဆယ်ဝန်းကျင်အထိပြီးစီးကြောင်း သိရသည်။

ပြောင်းဖူးဖက်ခွာ နေ့စားအလုပ်သမားအဖြစ် ဖက်ယူလျှင် တစ်ဦး ကျပ်နှစ်ထောင်၊ ဖက်မယူလျှင် တစ်ဦးကျပ်သုံးထောင်ဝန်းကျင်ဖြင့် ငှားရမ်းလုပ်ကိုင်ခဲ့ရသည်။ ပြောင်းဖူး ခြွေလှေ့ရာတွင် ပြောင်းဖူးဖက်ခွာပြီး ပြောင်းဖူးဆန်တင်းတစ်ရာလျှင် ပြောင်းဆန်တစ်တင်းနှုန်း၊ ပြောင်းဖူးဖက်မခွာလျှင် ပြောင်းဖူးဆန် တင်းတစ်ရာလျှင် သုံးတင်းနှုန်းအထိ စက်ငှားရမ်းခပေးရသည်။

ပြောင်းဖူးပင်များကို နွားစာအဖြစ် တစ်ဧကစိုက်ခင်းတစ်ခင်း ကျပ်သုံးသောင်းဝန်းကျင် အထိ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုနှစ်တွင် လာရောက်ယူဆောင်မည့်သူမရှိသဖြင့် ပြောင်းဖူးပင်ခုတ်၊ ပြောင်းဖူးချိုး၊ ပြောင်းဖူးပင်စီလုပ်ငန်းအတွက် တစ်ဧကလျှင် ကျပ်သုံးသောင်းမှ ကျပ်လေးသောင်းခွဲအထိ ကုန်ကျခဲ့သည်ဟု ဆိုသည်။

ဆောင်းရာသီစိုက် ကြက်စာစီပီပြောင်းဖူးစိုက်ခင်းမှာ အထွက်နှုန်းကောင်းပြီး တစ်ဧကလျှင် ပြောင်းဖူးဆန် တင်းတစ်ရာကျော်အထိ ထွက်ရှိသည်။

မုံရွာဈေးကွက်တွင် စီပီကြက်စာပြောင်းဖူးဆန် တစ်တင်းလျှင် ၆၆၀၀ ကျပ်မှ ၆၈၀၀ ကျပ်ဈေးရှိပြီး မိုးရာသီစိုက် ပြောင်းဖူးဆန်တစ်တင်းလျှင်ကျပ်ရှစ်ထောင်မှကျပ်တစ်သောင်းဝန်းကျင်အထိ ဈေးရှိသည်။



*ပြောင်းဖူးများ နေလှန်းအခြောက်ခံထားစဉ်*

ဓာတ်ပုံ – မျိုးမင်းဦး




LG
Life's Good
"စဉ်အမြဲအေးမယ် ခြင်လည်းပြေးမယ်"
Mosquito Away
Air-Conditioner
Mosquito Away စနစ်မှာ အသံလွှန်လှိုင်း (Ultrasonic Wave) တွေကို ထုတ်ပေးနိုင်တဲ့ အသံပေးစက်တစ်ခု ပါဝင်ပါတယ်။ အကယ်၍ သင်ဟာ Mosquito Away လုပ်ဆောင်ချက်များကို စတင်လိုက်ရင် အသံပေးစက်ကလေးက သာမန်နားနဲ့ မကြားနိုင်တဲ့ 30KHz ကျော်ကြိမ်နှုန်းရှိ အသံလွှန်လှိုင်းကို ထုတ်ပေးပါတယ်။ ဒီလှိုင်းတွေက လူသားတွေအတွက် လုံးဝ အန္တရာယ် မပေးဘဲ ခြင်များကို မောင်းထုတ်ပေးနိုင်ပါတယ်။
LG ၏မြှင့်တင်ထားသော Ultrasonic အသံလွှန်လှိုင်း စက်ထိရိထားလေးဟာ ခြင်ပြဿနာကို အထိရောက်ဆုံး တွန်းလှန် ဖြေရှင်းပေးပါသည်။
Air Con ကိုဖိတ်လိုက်သော်လည်း ခြင်မောင်းတဲ့ ခလုတ်ကို ဖွင့်ထားပြီး ခြင်များကို မောင်းထုတ်နိုင်ပါသည်။
AVS
Auto Voltage Switcher
Air-Conditioner
"ဗို့အားအတက်အကျ ခံနိုင်၍ Safeguard မလိုတဲ့ LG လေအေးပေးစက်"
HS-C096 W4Q2 (1HP)
HS-C126 B4Q1 (1.5HP)
AVS
လျှပ်စစ်ဓါတ်အားရဲ့ ဗို့အားက 165 ဗို့ အောက်၊ သို့မဟုတ် 290 ဗို့အထက်မှာရှိခဲ့မယ်ဆိုရင် AVS စနစ်က စတင်လုပ်ဆောင်ပြီး ကွန်ပရက်ဆာ ပျက်စီးမှုမရှိအောင်အတွက် ကာကွယ်ပေးတဲ့ စနစ်ဖြစ်ပါတယ်။
WR
WORLD RECORD
LG Electronics
Durability
5 years warranty
Compressor Protection
ကွန်ပရက်ဆာ (၅) နှစ်အာမခံ
Convenience
AUTO RESTART
Continuous Airflow & Auto Restart
Design
Better interior design for your home
Safe Guard တပ်ဆင်ရန် မလိုသည့်အတွက် ပိုမိုကောင်းမွန်သော Design
TMW Enterprise Limited
***** Safe Guard အပူလွန်ကဲခြင်းကြောင့် ဖြစ်တတ်သော မီးဘေးအန္တရာယ်မှ ကင်းရှင်းသည်။ *****

စာမျက်နှာ(၁၄) မှ

# ရန်ကုန်မိုးကို ဆယ့်နှစ်ဘီလီယံဖြင့် ခုခံမည်

ရန်ကုန်မြို့နယ်များအတွင်း ရေစီးရေလာကောင်းမွန်ရေးကိုအစိုးရက ကြိုးပမ်းအားထုတ်နေချိန်တွင် ပြည်သူများကလည်း ပါဝင်ကူညီရန်လိုအပ်ပေသည်။ ထို့အတွက် ကော်မတီကလည်းမြို့တော်နေပြည်သူများကို စည်ပင်သာယာရေးနှင့်သက်ဆိုင်သည့်အသိပညာပေးမှုများကို လိုအပ်သလိုထုတ်လွှင့်စည်းရုံးပညာပေးရန်လိုအပ်နေသည်။

ရေနုတ်မြောင်းများအနီးရောင်းချသည့် ဈေးဆိုင်များ၏ စွန့်ပစ်အမှိုက်များ စနစ်တကျရှိစေရန် လေ့ကျင့်ပညာပေးခြင်း၊ တိုက်ခန်း နောက်ဖေးလမ်းကြားများရှိမြောင်းများကို အနည်းဆုံးနှစ်ပတ်တစ်ကြိမ်သတ်မှတ်ရက်တစ်ခုထား၍ရှင်းလင်းပြီး ကားဖြင့်တစ်ပါတည်းသိမ်းယူခြင်း၊ ရေနုတ်မြောင်းများရှိအမှိုက်ထားသည့်နေရာများကိုမြို့နယ်အလိုက် သိသာသည့် သင်္ကေတလမ်းညွှန်မှုများစိုက်ထူ၍ ပုံမှန်သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်သင့်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကအကြံပြုသည်။

"အရင်နှစ်တွေထက်ပိုပြီး ထိထိရောက်ရောက်လုပ်နေသလိုပဲ။ မလုပ်တာနဲ့စာရင်တော့ အရမ်းကောင်းတာပေ့ါ။ အတိုင်းအတာတစ်ခုအထိတော့ အကျိုးခံစားရမှာပါ။ တဖြည်းဖြည်းသွားရမှာပေ့ါ။ အင်အားအလုံးအရင်းနဲ့ မြန်မြန်လုပ်ချလိုက်ရင်တော့ ပိုထိရောက်မယ်"ဟု သင်္ဃန်းကျွန်းမြို့နယ်တွင်နေထိုင်သည့် အသက်(၃၉)နှစ်အရွယ် ကျူရှင်ဆရာဦးမျိုးသန့်က မှတ်ချက်ပေးသည်။

နှစ် ၂၀ကျော်တိုင် မပြုပြင်လာခဲ့သည့် လုပ်ငန်းများဖြစ်သည့်အတွက် အခက်အခဲများစွာရှိနိုင်မည်ဖြစ်သကဲ့သို့ ချထားပေးသည့် ရန်ပုံငွေကိုလည်း အဖိတ်အစဉ်မရှိစေရန် ဆောင်ရွက်သင့်ပြီး ကုမ္ပဏီများ၏ ဆောင်ရွက်မှုကို ကော်မတီက ကြီးကြပ်စိစစ်သင့်ပါသည်။

"ကော်မတီဥက္ကဋ္ဌ အနေနဲ့တော့ မြေပြင်လုပ်ငန်း ကွင်းဆင်းစစ်ဆေးတိုင်း တာဝန်တစ်ရပ်လိုအပြင် ကုသိုလ်ဖြစ်လုပ်ငန်းလို နှလုံးသွင်းလုပ်ဖို့ တာဝန်ခံများကို အမြဲမှာကြားလေ့ရှိပါတယ်"ဟု ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေး ဆပ်ကော်မတီ လက်ထောက်ညွှန်ကြားရေးမှူးဦးရဲသူဝင်းကရှင်းပြသည်။

ရေစီးရေလာကောင်းမွန်ရေးသည် ပြည်သူများအတွက်လူမှုဘဝနှင့် ကျန်းမာရေးအတွက်ပါ အကျိုးရှိသည့် ကိစ္စရပ်ဖြစ်သည်။ သတ်မှတ်ထားသည့်ကာလပြီးဆုံးပါက အရေးပေါ်ကော်မတီ၏ တာဝန်များကို မြို့တော်စည်ပင်က လွှဲပြောင်းယူ၍ဆက်လက်လုပ်ကိုင်ရမည်ဖြစ်ရာ ယခင်ကဲ့သို့ ပြန်မဖြစ်စေရန် စေတနာနှင့် အစဉ်အမြဲလုပ်ဆောင်နေသင့်သည့်လုပ်ငန်းဖြစ်သည်။သို့မှသာ ဘဏ္ဍာငွေကုန်ကျစရိတ် ထပ်မံမသုံးစွဲရတော့မည်ဖြစ်သည်။ နှစ် ၂၀ ကျော် မဆောင်ရွက်ခဲ့သည့်အတွက် ယခုမှ လုပ်ဆောင်ရာတွင် ကုန်ကျစရိတ် ကြီးမားသွားရသည်။

"ရန်ကုန်လူဦးရေက ငါးသန်းဆိုပါစို့။ ဒီလူတွေ အမှိုက်ကိုစနစ်တကျစွန့်ပစ်ပါရဲ့လား၊ စည်းကမ်းတွေ ဥပဒေတွေကို ဘယ်လောက်လိုက်နာသလဲဆိုတာက အရေးပါတယ်။ စည်းကမ်းမဲ့နေဦးမယ်ဆိုရင်တော့ ငွေကုန်ခံပြီး ဘယ်လောက်ပဲလုပ်လုပ် ရေစီးရေလာမကောင်းတဲ့ မြောင်းရေလျှံတာတွေဖြစ်နေဦးမှာပဲ" ဟု ရေကြောင်း ထိန်းသိမ်းရေးညွှန်ကြားမှုဦးစီးဌာနမှ အမှုဆောင်အင်ဂျင်နီယာ ကိုအောင်စိုးမိုးက သုံးသပ်သည်။

မကြာမီနိုင်ငံတော်သမ္မတဦးသိန်းစိန်ကိုယ်တိုင် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်မှုများကို ကွင်းဆင်းကြည့်ရှုရန် ရှိပါသည်။သမ္မတလာရောက်စစ်ဆေးမည့်အချိန်တွင် လုပ်ငန်းအောင်မြင်ပြီးစီးမှုရှိရန် အမြန်ဆုံးလုပ်ကိုင်ကြရသော်လည်း အပေါ်ယံအမြင်ကောင်းအောင် လုပ်ဆောင်ထားခြင်းမဟုတ်ဘဲ အမှန်တကယ်စနစ်တကျဖိစီးဆောင်ရွက်ထားဖို့ လိုအပ်ပါသည်။ ဒါမှသာမြို့ပြပြည်သူများသာမက နောင်လာနောက်သားများအတွက်လည်းအဆင်ပြေပေလိမ့်မည်။

မိုးရာသီ၌ မြောင်းရေလျှံခြင်းသည် မြို့တော်ဝန်ဟောင်းမှတ်ချက်ပေးသကဲ့သို့ သာမန်ဖြစ်ရိုးဖြစ်စဉ်ကိစ္စမဟုတ်ပါ။ ရေစီးရေလာကောင်းမွန်ရေးကို လျစ်လျူရှုခဲ့ကြ၍ ပြည်သူများသာ ခံစားရသည့် အကျိုးဆက်သာ ဖြစ်ပါသည်။ ။

စာမျက်နှာ (၅)မှ

# ကီးဘုတ်ဖြင့် သတ်ဖြတ်နေသူများအတွက် ပန်းစကား

မည်သည့်အာဏာပိုင်အဖွဲ့အစည်းကမှလည်းယင်းသို့တာဝန်မဲ့စွာ ပြောဆိုမှုများအတွက် အရေးယူမှုမရှိသေးပါ။ အမေရိကန်၊ ဗြိတိန်အပါအဝင် နိုင်ငံအချို့တွင် အမုန်းတရားလှုံ့ဆော်ပြောဆိုမှုများအတွက် ဥပဒေများပြဋ္ဌာန်းထားသော်လည်း မြန်မာနိုင်ငံတွင်မူ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အခွင့်ကောင်းယူလျက် တာဝန်ခံမှု၊ တာဝန်ယူမှုမဲ့စွာ ပရိုဖိုင်းပုံအစစ်အမှန်များမသုံးဘဲ လှုံ့ဆော်မှုများရှိနေပါသည်။

အဖွဲ့တစ်ဖွဲ့က ရည်ရွယ်ချက်ရှိရှိဖြင့် လှုံ့ဆော်ဖြန့်ဝေနေသည်ဟု ယုံကြည်ရပြီး ၎င်းတို့ကိုတန်ပြန်ဆန့်ကျင်ရန် မည်သူကမှ မလုပ်ကြသေးသည့်အတွက် ပန်းစကားလှုပ်ရှားမှုကို စတင်ဖို့စိတ်ကူးရခဲ့သည်ဟု နေဘုန်းလတ်က ဆိုသည်။

ပန်းစကားလှုပ်ရှားမှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဧပြီ ၄ ရက်တွင် စတင်မည်ဖြစ်သည်။ ပါးစပ်တွင် ပန်းတစ်မျိုးကို ကိုင်ထားသည့် သင်္ကေတရုပ်ပုံကို အသုံးပြုမည်ဖြစ်ပြီး စတစ်ကာများ၊ ပိုစတာများကို အွန်လိုင်းတွင်ရော ပြင်ပတွင်ပါ ဖြန့်ဝေသွားမည်ဖြစ်သည်။ မည်သည့်အရပ်ဘက်အဖွဲ့အစည်းမဆို ၎င်းတို့နှင့် ပူးပေါင်းရန်ဖိတ်ခေါ်ပြီး တစ်ဦးချင်းအနေဖြင့်လည်း ပါးစပ်တွင် ပန်းကိုက်ထားသည့်ဓာတ်ပုံများရိုက်ကူးပြီး ပန်းစကားဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် တင်ပေးခြင်း၊ မိမိတို့၏ ပရိုဖိုင်းပုံများတွင် အသုံးပြုခြင်းဖြင့် လှုပ်ရှားမှုတွင် ပါဝင်နိုင်ကြောင်း ၎င်းက ပြောသည်။

"ပါးစပ်မှာ ပန်းလေးတွေကိုက်ထားတဲ့သင်္ကေတကို အာဆီယံလူထုဖိုရမ်မှာ စလုပ်ခဲ့ပါတယ်။ အဲဒီဖိုရမ်ကို နိုင်ငံခြားသားတွေအများကြီးလာတော့ ကျွန်တော်တို့လှုပ်ရှားမှုကနေ ပြန်ရလိုက်တဲ့ မက်ဆေ့ချ်က မွတ်စလင်တွေကို ဗုဒ္ဓဘာသာအားလုံးက မုန်းတာမဟုတ်ဘူး၊ ဗုဒ္ဓဘာသာအမည်ခံပြီး လှုပ်ရှားတဲ့လူတစ်စုက မုန်းတာလို့သိသွားတာ၊ ကျွန်တော်တို့အတွက် အမြတ်ပဲ"ဟု စံပယ်ပန်းပါဖောမန့်ကို ပြုလုပ်ပြသခဲ့သူကိုသက်က ပြောသည်။

သင်္ကြန်ကာလဖြစ်သဖြင့် ဧပြီ ၄ ရက်စတင်မည့် လှုပ်ရှားမှုတွင် ပိတောက်ပန်းကို သုံးသွားမည်ဖြစ်ပြီး အချိန်အခါရာသီအလိုက် သင်္ကေတပန်းတစ်မျိုးမျိုးကို သုံးသွားမည်ဖြစ်သည်။

အာဏာရှင်စနစ်ကို ဖြုတ်ချနိုင်ခဲ့သည့် အာရပ်နွေဦးဟု ကမ္ဘာကျော်ခဲ့သော အာရပ်နိုင်ငံများ၏ တော်လှန်ရေးတွင် လူမှုကွန်ရက်များက အရေးပါခဲ့သည်။ အာဏာရှင်ကိုဖြုတ်ချရေးအတွက် လူမှုကွန်ရက်တွင် လူထုအင်အားကို စုစည်းနိုင်ခဲ့သည်။ အီဂျစ်နိုင်ငံတွင် စစ်တပ်အာဏာသိမ်းပြီးနောက် အင်တာနက်လိုင်းများကို အချိန်အတော်ကြာဖြတ်တောက်ထားရသည်အထိ လူမှုကွန်ရက်အင်အားကို အာဏာရှင်တို့က အသိအမှတ်ပြုခဲ့ရသည်။

သို့သော် အိမ်နီးချင်းထိုင်းနိုင်ငံတွင်မူ ရှပ်နီရှပ်ဝါနိုင်ငံရေးအရှုပ်အထွေးမှာ လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်ကြောင့်ပင် ပိုမိုပြင်းထန်လာခဲ့ပြီး ပဋိပက္ခကို ပိုမိုကြီးထွားလာစေသည်။ Enter တစ်ချက်ခေါက်လျှင် မီးဟုန်းဟုန်းတောက်သွားစေရမည်ဟု ပြောစမှတ်ပြုရသည်အထိ ကမ္ဘာတွင် ဆိုရှယ်မီဒီယာအင်အားကြီးလာခဲ့သည်။ မြန်မာနိုင်ငံသည်လည်း ဆိုရှယ်မီဒီယာကို မတွန်းလှန်နိုင်ပါ။ အထူးသဖြင့် ၂၀၁၅ ရွေးကောက်ပွဲနီးကပ်လာချိန်တွင် နိုင်ငံရေးတွင် ဘာသာရေး၊ လူမျိုးရေးကို အသုံးချလှုပ်ရှားမည့် အရိပ်အယောင်များကို ဆိုရှယ်မီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့် မီးမွှေးနေသူများ ရှိလာနေပါသည်။

"ရခိုင်ကော်မရှင်အဖြစ်နဲ့ ရခိုင်မှာ ခြောက်လလောက် သွားနေခဲ့ရတယ်။ အဲဒီမှာ လွယ်လင့်တကူပြောလိုက်တဲ့ စကားတစ်ခွန်းက လူတစ်စုလုံးကို ချက်ချင်းမီးလောင်တိုက်သွင်းခံလိုက်ရမယ့် အပေါက်ဖြစ်အောင် တာဝန်ရှိသူတွေ ကိုယ်တိုင်က ပြောတာလည်း ကျွန်တော့်နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတယ်။ ဒီတော့ တိုင်းပြည်အတွက် လောလောဆယ်မှာ မချစ်ရင်နေပါ။ မမုန်းရင်တော်ပြီဆိုတဲ့ စိတ်ကလေး ရှိဖို့လိုပါတယ်။ အကျိုးရှိတဲ့ စကားတွေကိုပဲ ပြောစေလိုပါတယ်"ဟု ပန်းစကားလှုပ်ရှားမှုတွင် ပါဝင်မည့် ဇာဂနာကပြောသည်။

ယမန်နှစ်က ပြန်ကြားရေးဝန်ကြီးဌာနနှင့် အမေရိကန်သံရုံးတို့ ပူးပေါင်းပြုလုပ်သည့် အမုန်းတရားကို ကြီးထွားစေသော ရေးသားမှုများနှင့် ဆိုရှယ်မီဒီယာ အလုပ်ရုံဆွေးနွေးပွဲ၌ လူထုအခြေပြုလှုပ်ရှားမှုများ၊ တိုင်ကြားနိုင်သည့် ဝက်ဘ်ဆိုက်များ လုပ်ဆောင်ရန် အကြံပြုခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်ကပြောသည်။

"ကိုနေဘုန်းလတ်တို့လုပ်တဲ့ ပန်းစကားလှုပ်ရှားမှုက ကြိုဆိုရမှာပါ။ အင်တာနက်လွတ်လပ်ခွင့်ကို မထိခိုက်စေဘဲနဲ့ အမုန်းတရားကို ရှေးရှုတဲ့ ရေးသားချက်များကို တားဆီးနိုင်ဖို့၊ ပြည်သူတွေ အထူးသဖြင့် လူငယ်တွေကြားမှာ အင်တာနက်ပေါ်က တွေ့သမျှ မယုံအောင် ပညာပေးနိုင်မယ့် နည်းလမ်းတွေရှာဖို့ IMS နဲ့ပေါင်းပြီး ဆွေးနွေးနေပါတယ်"ဟု ၎င်းက ပြောသည်။

ဖေ့စ်ဘွတ်ခ်တွင် hate Speech များကို စောင့်ကြည့်ဖြုတ်ပစ်ရန် မြန်မာစာတတ်ကျွမ်းနားလည်သူ အရာရှိတစ်ဦးကို ဖေ့စ်ဘွတ်ခ်က ခန့်အပ်ထားလိုက်ရသည်။ အစိုးရက ပြဿနာမီးမွှေးနေသည့် အကောင့်များကို တားဆီးရန် တိုင်ကြားနိုင်သည့် ဝက်ဘ်ဆိုက်ပြုလုပ်လိုသော်လည်းမြန်မာပြည်က အွန်လိုင်းသုံးစွဲသူများက အင်တာနက်လွတ်လပ်ခွင့်ကို ပြန်ကန့်သတ်မည့် အစိုးရလုပ်ရပ်ဟု ဆိုကာလက်မခံခဲ့ပေ။

သို့သော်ဘာမျှမရှိတာထက် စာလျှင်တော့ ပန်းစကားလို အဖွဲ့မျိုးပေါ်ပေါက်လာခြင်းကို ကြိုဆိုသူများရှိပါသည်။ ပန်းစကားလှုပ်ရှားမှုတွင် MIDO၊ ပေါင်းကူးအဖွဲ့စသည်တို့ ပါဝင်ထားပြီး အရပ်ဘက်အဖွဲ့အစည်းများတတ်နိုင်သမျှ လာရောက်ပူးပေါင်းရန် ဖိတ်ခေါ်ထားသည်။

"အွန်လိုင်းမှာ ပရိုဖိုင်းပုံအမှန်တင်ပြီး တာဝန်ယူမှုရှိတဲ့ စကားတွေပဲ ရေးသားသင့်တယ်။ ပရိုဖိုင်းအမှန်မသုံးဘဲ မသမာတဲ့ ရည်ရွယ်ချက်နဲ့ ဘာသာရေးမှ မဟုတ်ဘူး။ တခြားပဋိပက္ခတွေကို ဖြစ်အောင်အသုံးချနေတာတွေရှိနေတယ်။ အခုကိုနေဘုန်းလတ်တို့လုပ်တဲ့ ပန်းစကားလှုပ်ရှားမှုတွေဟာ တကယ်ကောင်းတယ်။ လိုအပ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒီ Hate Speech တွေကို ထိန်းသိမ်းဖို့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို မထိခိုက်တဲ့ ဥပဒေတစ်ရပ်လည်း ပြဋ္ဌာန်းသင့်ပါတယ်"ဟုတက္ကသိုလ်ကျောင်းသားများသမဂ္ဂဖြစ်မြောက်ရေးအဖွဲ့မှ ကိုစည်သူမောင်ကပြောသည်။

ခရီးသွားကုမ္ပဏီတွင် အလုပ်လုပ်ရန် ရုံးဝန်ထမ်းအမျိုးသမီး(၂)ဦး အလိုရှိသည်။ အောက်ပါအချက်အလက်များနှင့် ပြည့်စုံရမည်။
- B.A (French) ဖြင့် ဘွဲ့ရသူဖြစ်ရမည်။ (သို့မဟုတ်) ပြင်သစ်စာကောင်းစွာ ရေးနိုင်၊ ဖတ်နိုင်ရမည်။
- Computer Basic သုံးနိုင်ရမည်။
- အသက် (၃၀) နှစ်အောက် ဖြစ်ရမည်။ အိမ်ထောင်မရှိသူဦးစားပေးမည်။
- ခရီးသွားလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။
- တင်းကြပ်သော စည်းကမ်းအောက်တွင် လုပ်နိုင်ရမည်။
- မိမိမျှော်လင့်သောလစာဖြင့် ဧပြီ(၁၁)ရက်အထိ လာရောက်လျှောက် ထားနိုင်သည်။
E.mail ဖြင့်လည်း CV Form ပို့နိုင်သည်။
**E.mail Address-maythunaing.travels@gmail.com .**
**Ph. 09-250171617, 09-402675627**
အမှတ် -၃၅၆ (B) ၂ လွှာ၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့။



ရန်ကုန်မြို့ လယ် ကမ်းနားလမ်းတွင် ရေလျှံနေစဉ်

ဓာတ်ပုံ – စိုးဇေယျာထွန်း/ရိုက်တာ

# ရန်ကုန်မိုးကို ဆယ့်နှစ်ဘီလီယံဖြင့် ခုခံမည်

ဉတ္တာကိုကို

"မိုးတွင်းမှာ မြောင်းရေလျှံတာ သာမန်ဖြစ်ရိုးဖြစ်စဉ်ကိစ္စပါ"

စစ်အစိုးရလက်ထက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း (ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)က သတင်းထောက်များနှင့် သူ၏ ရုံးခန်းအတွင်းတွေ့ဆုံရာတွင် မိုးတွင်းမြောင်းရေလျှံမှုကိစ္စများ မေးမြန်းရာ၌ ထိုကဲ့သို့ဖြေကြားခဲ့ဖူးသည်။

တကယ်တမ်းတော့ဒါကသာမန်ဖြစ်ရိုးဖြစ်စဉ်မဟုတ်ပါ။ နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာ လျစ်လျူရှုခံထားရသည့် မြို့ပြစီမံကိန်းကြီးတစ်ရပ်ပဲဖြစ်ပါသည်။ ရေစီးရေလာကောင်းမွန်မှုအတွက် ထိရောက်စွာ မဆောင်ရွက်နိုင်ခဲ့ခြင်း၏အကျိုးဆက်ကိုပြည်သူများသာလျှင် ခံစားခဲ့ရပါသည်။

ယခုတော့ ထိုကိစ္စကိုသမ္မတဦးသိန်းစိန်က ပြန်လည်ဖော်ထုတ်လိုက်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ရေး စီမံကိန်းကို ယခုနှစ်ဇန်နဝါရီမှ မေလ ၃၀ ရက်အထိ နိုင်ငံတော်က ဘတ်ဂျက် ၁၂ ဘီလီယံကျော် သုံးစွဲခွင့်ပြု၍ ဆောင်ရွက်ခိုင်းထားသည်။ များပြားသည့် ငွေကြေးများသုံးစွဲထားသည့် စီမံကိန်းဖြစ်သောကြောင့် ယခုတစ်ကြိမ်ပြီးလျှင် နောက်ထပ်တစ်ကြိမ်ပြန်မစရအောင်ဆောင်ရွက်နေသူများက စနစ်တကျလုပ်ဆောင်သွားရန်လိုအပ်ပြီး ပြည်သူများအနေဖြင့်လည်း စည်းကမ်းတကျအမှိုက်စွန့်ပစ်ပေးခြင်းဖြင့် ပူးပေါင်းပါဝင်ရန် လိုအပ်မည်ဖြစ်သည်။

နှစ်စဉ်ရေကြီးရေလျှံ၍ သွားလာရခက်ခဲရသည့်အခြေအနေများကို တွန်းလှန်နိုင်ရန် သမ္မတက ဒုတိယဝန်ကြီးသုံးဦးကို တာဝန်ပေးအပ်ခဲ့သည်။ ရေရှည်စီမံကိန်းမဟုတ်ဘဲ လေးလအတွင်းအကောင်အထည်ဖော်ရမည့်အထူးဦးစားပေး လုပ်ငန်းတစ်ခုဖြစ်သည်။

မြို့ပြလူထုအတွက်အရေးပါသည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ယခုနှစ်မိုးမကျမီ အပြီးသတ်ဆောင်ရွက်နိုင်ရန် ညွှန်ကြားလိုက်သည့်အတွက် လူအင်အား၊ စက်အင်အားများစွာ သုံးစွဲ၍ ရန်ကုန်တိုင်းအတွင်း အဓိက မြောင်းများ၊ ချောင်းများကို နေ့ရောညပါအင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ဆီမှာစီမံကိန်းတစ်ခုလုပ်ရင် စနစ်တကျလုပ်လေ့မရှိဘူး။ ဒါကြောင့် တစ်ခုပြင်ရင်တစ်ခုက ပျက်နေရတယ်။ ရေမြောင်းပြင်တော့ လမ်းပျက်၊ လမ်းပြင်တော့ ဖုန်းလိုင်းပျက်။ အဲဒီလိုပေါ့။ ဒါကြောင့် ရေတိုမှာလူမြင်ကောင်းဖို့ထက် ရေရှည်အတွက်အဘက်ဘက်က စနစ်တကျပြင်ဆင်ပြီး ပြုပြင်သင့်တယ်"ဟု သဃ်န်းကျွန်းမြို့နယ်နေ ပြည်သူတစ်ဦးဖြစ်သည့် စာရေးဆရာဦးဟန်ဇော်ကပြောသည်။

ရန်ကုန်မြို့၏လမ်းများသည် နှစ်စဉ်ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိသည့်အတွက် မိုးတွင်း၌သွားလာရခက်ခဲလေ့ရှိသည်။မိုးများသည့်အချိန်တိုင်း မြို့၏ လမ်းဘေးမြောင်းများမှာ ပိတ်ဆို့နေသည့်အမှိုက်များကြောင့် ရေစီးရေလာကောင်းမွန်ခြင်းမရှိဘဲ လမ်းပေါ်သို့ လျှံထွက်လာတတ်သည်။ ထိုအခြေအနေကို အစိုးရက ထိရောက်စွာပြုပြင်ဆောင်ရွက်ခြင်းမရှိခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ပင်ကျော်ခဲ့ပြီ။

လမ်းဘေးမြောင်း အတွင်းရှိ ပိတ်ဆို့ အမှိုက်များ တူးဖော်ဖယ်ရှားခြင်းများကို မြို့တော်စည်ပင်က ဆောင်ရွက်ပါသော်လည်း အဓိကကျသည့်ရေတံခါးများ၊ နုန်းတင်နေသည့် ချောင်းမြောင်းများကို ထိရောက်စွာရှင်းလင်းနိုင်ခြင်းမရှိခဲ့သဖြင့် နှစ်စဉ်မိုးရာသီရောက်တိုင်း ရေလျှံမှုက ပုံမှန်ဖြစ်တတ်စမြဲပင်။

ထို့ကြောင့် နိုင်ငံတော်သမ္မတက ဤကိစ္စကို အထူးအရေးကြီးစီမံကိန်းအဖြစ်သတ်မှတ်၍ ယခုနှစ်မှစတင်ကာ မိုးမကျမီအတွင်းအပြီးသတ်ဆောင်ရွက်ရန်အတွက် ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီမှ ဒုတိယဝန်ကြီးသုံးဦးခေါင်းဆောင်သည့်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ရန် ထိန်းသိမ်းရေးကော်မတီတစ်ရပ်ကို အရေးပေါ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

"မိုးမကျမီတော့မပြီးနိုင်ဘူး။ တစ်နှစ်လောက်နဲ့ကို မပြီးနိုင်ဘူး။ ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်းမှာရှိတဲ့ မြေအောက်မြောင်းတော်တော်များများက အင်္ဂလိပ်လက်ထက်ကအတိုင်းပဲ။ အဓိကမြေအောက်မြောင်းကြီးတွေ ပြင်ရမယ်။လမ်းဘေးမြောင်းအနက်နဲ့အကျယ်တွေပြင်ရမယ်။ မြောင်းတွေပြင်ဖို့ မြေနေရာလိုဦးမယ်။ ပလက်ဖောင်းမြင့်မြင့်တွေ လိုဦးမယ်" ဟု စမ်းချောင်းမြို့နယ်တွင်နေထိုင်သည့် ကိုမိုးချိုကသူ၏အမြင်ကိုပြောသည်။

သို့သော်"လာမယ့်မိုးတွင်းမှာ သိသာတဲ့အကျိုးခံစားရမယ်လို့ယုံတယ်"ဟု လယ်/ဆည်ဝန်ကြီးဌာနဒုတိယဝန်ကြီးဦးခင်ဇော်က ယုံကြည်ထားသည်။ မကြာမီကျရောက်မည့်သင်္ကြန်တွင်အဖွဲ့အားလုံးအနေဖြင့် မိမိတာဝန်ယူထားသည့် နယ်ပယ်အလိုက်ဖိဖိစီးစီးဂရုတစ်စိုက်လုပ်ဆောင်ပေးကြရန်လည်း ဒုဝန်ကြီးကမေတ္တာရပ်ခံထားသည်။

ရေစီးရေလာကောင်းမွန်ရေးကော်မတီဥက္ကဋ္ဌမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးစိုးတင့်ဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးမြင့်ဇော်၊ လယ်/ဆည်ဝန်ကြီးဌာနဒုတိယဝန်ကြီးဦးခင်ဇော်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရသစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဦးကျော်စိုးတို့ပါဝင်ကြသည်။

ထို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူးနှင့်ဌာနမှူးများ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့မီးရထားဌာနတို့အပြင် မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းမှ ကုမ္ပဏီသုံးဆယ်ခန့်ကလည်း ဝင်ရောက်ဆောင်ရွက်နေကြခြင်းဖြစ်သည်။

လက်ရှိဆောင်ရွက်မှုအနေဖြင့် မြို့တွင်းခြောက်မြို့နယ်၏ရေထွက်ပေါက်များ၊ မြစ်ထွက်ပေါက်များ၊ ရေနုတ်မြောင်းများကိုအမှိုက်နှင့်နုန်းများတူးဖော်ခြင်း၊ ရေတံခါးများဆောက်လုပ်ခြင်းများကို အချိန်မီပြီးစီးရန် ဆောင်ရွက်နေပြီး မြို့နယ်အလိုက် လုပ်ငန်းရှင်များကိုလည်း ပါဝင်ကူညီရန်တာဝန်ပေးထားသည်ကိုတွေ့ရသည်။

ဒဂုံမြို့သစ် တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း၊ ဆိပ်ကမ်းမြို့နယ်၊ ယုဇန ဥယျာဉ်မြို့တော်၊ မြောက်ဥက္ကလာပမြို့နယ်တို့တွင်လည်း လမ်းအလိုက်ရေနုတ်မြောင်းများ တူးဖော်လျက်ဆင်ဖုံချောင်း၊ ငမိုးရိပ်ချောင်း၊ တိုးကြောင်ကြီးရေတံခါးစသည့် အဓိကကျသည့်နေရာများရှိပြီး တူးဖော်ခြင်းကိုစက်ယန္တရားကြီးများဖြင့် လုပ်ဆောင်နေပြီး ချောင်းကြီးများအတွင်း သောင်တူးစက်ရေယာဉ်ကြီးများဖြင့် ချဲ့ထွင်တူးဖော်လျက်ရှိသည်။

"ရပ်ကွက်တွေ အကူအညီယူပြီး ဆောင်ရွက်နေပါတယ်။ သင်္ကြန်တွင်းမှာ တူးဖော်မှုကိုရပ်နားမှာမဟုတ်ပါဘူး။ တစ်မိုးတွင်းလုံးလည်း ဆက်တူးသွားမှာ ဖြစ်ပါတယ်။ ရပ်ကွက်လူထုက ပြောစရာမလိုအောင် ကူညီကြတယ်။ သဘောကျကြပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်၊ လမ်း/တံတားဌာနမှူးဦးတင်မောင်ကြည်က ဆိုသည်။

မြို့ရွာအိုးအိမ်မှ ဒုတိယညွှန်ကြားရေးမှူးဒေါ်စန်းစန်းအေးကလည်း "မကြာခဏပြိုကျတတ်တဲ့ မြောင်းတွေကို အုတ်မြောင်းတွေအဖြစ်ပြုလုပ်ပါတယ်။ ရေနစ်မြုပ်လေ့ရှိတဲ့ ရပ်ကွက်တွေအဆင်ပြေသွားမှာဖြစ်ပါတယ်။ တချို့နေရာမှာ ရပ်ကွက်နဲ့ညှိနှိုင်းဆဲအခြေအနေရှိပါတယ်။ လမ်းပေါ်က ဆိုင်ခန်းတွေ မပျက်စီးအောင် သတိထားရပါတယ်"ဟုပြောသည်။

ရေစီးရေလာကောင်းမွန်ရေးကော်မတီက ဌာနအသီးသီးဖြင့်ပေါင်းစပ် ဆောင်ရွက်နေသည့် လုပ်ငန်းများ အားလုံးကို မေလ ၃၀ ရက်နေ့ ရည်မှန်းချက်ထားရှိသော်လည်း အချိန်မီပြီးစီးနိုင်ခြင်းရှိနိုင်မည်ကို ပြည်သူများအနေဖြင့် သံသယဝင်မှုတချို့ရှိသည်။ စီမံကိန်းအတွက် ချထားပေးသောနိုင်ငံတော်ဘဏ္ဍာငွေများကိုလည်း အလဟဿ အလေအလွင့်ဖြစ်မည်ကိုလည်း ပြည်သူတို့က စိုးရိမ်ကြသည်။

လုပ်ငန်းအားလုံးကို ခြုံငုံကြည့်ပါက ပြီးစီးမှုအခြေအနေမှာ ၅၀ရာခိုင်နှုန်းဖြစ်ပြီး ဧပြီလကုန် (သို့မဟုတ်) မေလလယ်ခန့်တွင် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ရန် ကတိပြုထားကြသည်။ ကတိအတိုင်းသာအချိန်မီပြီးစီးပါက ယခုမိုးရာသီတွင် ရည်မှန်းချက်အတိုင်း အောင်မြင်မှုရှိ၊ မရှိကို စောင့်ကြည့်ရမည်ဖြစ်သည်။

**စာမျက်နှာ(၁၃) သို့**

Vol.13, No.5 • APRIL 2 , 2014

# အခြေခံပညာစာသင်နှစ်တိုးမြှင့်မှု မိဘနှင့်ကျောင်းသားများ ခက်ခဲမည်ကို နားလည်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၂၉**

အမျိုးသားပညာရေးဥပဒေကြမ်းတွင် အခြေခံပညာသင်နှစ်တိုးမြှင့်သတ်မှတ်ရန် ထည့်သွင်းရေးဆွဲထားခြင်းက မိဘနှင့်ကျောင်းသားများ စိတ်အနှောင့်အယှက်ဖြစ်စေမည်ကို နားလည်ကြောင်းအဆင့်မြင့်ပညာရေးဥပဒေကြမ်းရေးဆွဲရေးကော်မတီဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်ကပြောသည်။

ပြည်သူ့လွှတ်တော်က အတည်ပြုလိုက်ပြီဖြစ်သော အမျိုးသားပညာရေးဥပဒေကြမ်းတွင်အခြေခံပညာရေးကို သူငယ်တန်းပညာရေးပြီးနောက် ပညာသင်နှစ်ကာလ ၁၂နှစ်ဖြင့် မူလတန်းအဆင့်ပညာရေး၊ အလယ်တန်းအဆင့်ပညာရေးနှင့်အထက်တန်းအဆင့်ပညာရေးဟူ၍ ခွဲခြားဆောင်ရွက်မည်ဟုဖော်ပြထားသည်။

"စနစ်တစ်ခုကို ၁၁နှစ်ကနေ ၁၃နှစ်ကို ပြောင်းမယ်ဆိုရင် ဘယ်လောက်ခက်ခဲမလဲဆိုတာ ကျွန်မတို့ သဘောပေါက်ပါတယ်။ သင်ထောက်ကူပစ္စည်းတွေ၊ကျောင်းတွေ၊ ဆရာ၊ ဆရာမတွေလည်းလိုအပ်ပါတယ်။ဒါကနေ့ချင်း၊ညချင်းလည်းအဆင်မပြေနိုင်ဘူး။ နောက်ပြီးမိဘပြည်သူတွေ၊ကျောင်းသား၊ကျောင်းသူတွေအတွက် အရမ်းကိုစိတ်အနှောင့်အယှက်ဖြစ်မယ်ဆိုတာကျွန်မတို့သဘောပေါက်ပါတယ်။ ဒါကြောင့်မို့ မူကြမ်းထဲမှာဦးတည်မယ်လို့ရေးလိုက်ပါတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။



*လက်ရှိ အခြေခံပညာကဏ္ဍတွင် သူငယ်တန်းအပါအဝင် ၁၁ နှစ် ပညာသင်ကြားရသည်။*

ဓာတ်ပုံ-ကျော်ဇင်သန်း

နိုင်ငံတကာတွင် ကျင့်သုံးနေသော ပညာရေးစနစ်များနှင့်ကိုက်ညီသည့် ပညာရေးစနစ်ကို အကောင်အထည်ဖော်ရန် သင့်တော်မည်ဟုထင်မြင်သောကြောင့် အခြေခံပညာသင်နှစ် တိုးမြှင့်ရန် ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုများကို တင်ပြရန်အခွင့်အရေးရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်ကဆိုသည်။

အစိုးရသစ်တက်လာပြီးနောက် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနစသည့် အဆင့်မြင့် ပညာကဏ္ဍကိုင်တွယ်ဆောင်ရွက်နေသော ဝန်ကြီးဌာနများသည် တက္ကသိုလ်ပညာသင်နှစ်များကို တစ်နှစ်တိုးမြှင့်သတ်မှတ်ခဲ့ပြီး ယခုအခါအခြေခံပညာသင်နှစ်များတိုးမြှင့်ရန် စီစဉ်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ပညာရေးပြုပြင်ပြောင်းလဲရာတွင် ပညာသင်နှစ်များတိုးမြှင့်နေမှုအစား ပြည်သူများ၏ လူမှုရေးပြဿနာပေါ် အခြေခံစဉ်းစားဆောင်ရွက်မှုများပြုလုပ်သင့်ကြောင်း ပညာရှင်များကဝေဖန်မှုအချို့ရှိနေသည်။

ယခုအခါအစိုးရနှင့်လွှတ်တော်တို့ ပူးပေါင်း၍အမျိုးသားပညာရေးဥပဒေကြမ်းကိုတင်ပြထားပြီး ဥပဒေပြဋ္ဌာန်းပြီးပါက ကျောင်းအားလုံးသည် ဥပဒေနှင့်အညီငါးနှစ်အတွင်းဆောင်ရွက်ရန် ၎င်းဥပဒေကြမ်းတွင် ဖော်ပြထားသည်။

"ဒီလိုမျိုး ပြုပြင်ပြောင်းလဲမှုကိုတော့အများပြည်သူရဲ့သဘောထားဆန္ဒကိုရယူပြီး ပြောင်းလဲဖို့မျှော်လင့်ပါတယ်။ ဘာလို့လဲဆိုတော့ လူနည်းစုနိုင်ငံခြားမှာ စာသွားသင်ရဖို့အတွက်တော့ ကိစ္စမရှိဘူး။ ဟိုရောက်မှ သူ့ဘာသာ ၂ နှစ်တက်ပါစေ။ ပိုက်ဆံရှိတာကို။ ဒါပေမဲ့ မြန်မာနိုင်ငံသားတွေရဲ့ ပညာတတ်မှုသာလျှက် အလုပ်ရမယ်ဆိုတဲ့ စနစ်အရ ဒီလိုမျိုး ၃နှစ်ကနေ ၄နှစ်ပြောင်းလိုက်တယ်။ ၁၀တန်းကနေ ၁၂တန်းကိုပြောင်းမယ်ဆိုတဲ့ ကိစ္စတွေသည် ကျွန်မတို့ရဲ့ လူမှုရေးပြဿနာတွေအပေါ်မှာ အခြေခံပြီးတော့မှ ဆောင်ရွက်သင့်တယ်လို့ အကြံပြုချင်ပါတယ်" ဟု ပညာရေးဝန်ကြီးဌာနဒုတိယပါမောက္ခချုပ်တစ်ဦးကပြောသည်။

"ကျောင်းသက်ရှည်တိုင်း ကလေးတွေစာပိုတတ်ရင် ကောင်းတာပေါ့။အဲဒီလိုမဟုတ်ဘဲကျောင်းတက်ရတာနှစ်များပေမယ့် အကျိုးမရှိရင် ကလေးတွေလူ့လောကထဲဝင်တာနောက်ကျမယ်။ မိဘတွေငွေပိုကုန်မယ်"ဟု ပဉ္စမတန်းကျောင်းသူတစ်ဦး၏ ဖခင်ကပြောကြားသည်။

## နယူးဇီလန်ပညာသင်ဆု မြန်မာကျောင်းသား ၁၀ ဦး ရွေးချယ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၂၉**

နယူးဇီလန်-အာဆီယံ (NZ-AS) ပညာသင်ဆုအစီအစဉ်ဖြင့် မြန်မာကျောင်းသား ၁၀ ဦးအား နယူးဇီလန်နိုင်ငံရှိ တက္ကသိုလ်များတွင် ဘွဲ့လွန်ပညာသင်ယူရန် ရွေးချယ်သွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်သည်။

စိုက်ပျိုးရေးဖွံ့ဖြိုးမှု၊ သဘာဝဘေးစီမံခန့်ခွဲမှု၊ ပုဂ္ဂလိက ကဏ္ဍတိုးတက်မှု၊ အများပြည်သူဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အင်္ဂလိပ်ဘာသာစကားသင်ကြားမှုဆိုင်ရာ ဘာသာရပ်များကို လေ့လာသင်ယူလိုသူများသည် ပညာသင်ဆု လျှောက်ထားနိုင်မည်ဖြစ်သည်။

ပညာသင်ဆု လျှောက်ထားသူများအနေဖြင့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု IELTS ၆ ဒသမ ၅ ရှိထားရန် လိုအပ်ပြီး အသက် (၄၀)နှစ်ထက် မကြီးရန်နှင့် မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် ၂နှစ်အကြာက နေထိုင်သူဖြစ်ရမည်ဖြစ်သည်။

ပညာသင်ဆုအတွက် ကျောင်းလခ၊ ခရီးစရိတ်၊ နေထိုင်စားသောက်စရိတ်၊ ကျန်းမာရေးနှင့် ခရီးသွားအာမခံ၊ ပညာရေးဆိုင်ရာ အထောက်အပံ့များ ရရှိမည်ဖြစ်ပြီး နယူးဇီလန်နိုင်ငံရှိ နာမည်ကြီးတက္ကသိုလ်တွင် ပညာသင်ယူခွင့်ရရှိမည်ဖြစ်သည်။

ပညာသင်ဆုလျှောက်လွှာများကို www.nzembassy.com/thailand တွင် ဒေါင်းလုတ်ရယူနိုင်ပြီး လျှောက်လွှာများကို ၂၀၁၄ ခုနှစ် ဇွန်လ ၁၃ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။



# အင်္ဂလိပ်စာ ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်ရန် ဗြိတိသျှကောင်စီနှင့် DFID ဒေါ်လာ ခုနစ်သန်းတန် အကူအညီပေး

**ကျော်ဇေယျ၊ နေလင်းထွန်း**

**နေပြည်တော်၊ မတ်-၂၉**

မြန်မာနိုင်ငံရှိအင်္ဂလိပ်စာသင်ကြားသောဆရာ၊ ဆရာမများအရည်အသွေး တိုးတက်စေရေးအတွက် ဗြိတိသျှကောင်စီနှင့် ယူကေနိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာန (DFID)က အမေရိကန်ဒေါ်လာ ၇ သန်းခန့်တန်ကြေးရှိသော ကူညီထောက်ပံ့မှုကို နေပြည်တော်၌ လက်မှတ်ရေးထိုးလိုက်သည်။

ပြည်တွင်းရှိ ပညာရေး တက္ကသိုလ်နှင့်ကောလိပ်များတွင် ယူကေမှ အင်္ဂလိပ်စာဆရာ၊ ဆရာမများ ၂ နှစ်ကြာလာရောက်သင်ကြားပို့ချမည့် သဘောတူညီမှုကို ပညာရေးဝန်ကြီးဌာနနှင့် ဗြိတိသျှကောင်စီတို့ မတ်လ ၂၈ ရက်တွင် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံမှ ဆရာ၊ ဆရာမ ၅၀ ခန့်သည် ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်များ၌ယခုနှစ်စက်တင်ဘာတွင်စတင်သင်ကြားမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ ဆရာ၊ ဆရာမများ၏ ပညာရေးဖွံ့ဖြိုး တိုးတက်မှုအတွက် မဟာဗျူဟာ ကျသောပံ့ပိုးမှုဖြစ်ကြောင်း ဗြိတိသျှကောင်စီကဆိုသည်။

“ဒီပရောဂျက်က မြန်မာနိုင်ငံမှာရှိတဲ့သူတွေ အင်္ဂလိပ်စာအဆင့်မြှင့်တင်ပေးတဲ့သဘောနဲ့ အဓိကရည်ရွယ်ပြီးလုပ်တာပါ။ တိုင်းသူပြည်သားတွေ အင်္ဂလိပ်စာအဆင့်မြင့်မားလာပြီး နိုင်ငံရဲ့ တိုးတက်မှုကိုအထောက်အကူပြုဖို့အဓိကရည်ရွယ်ပါတယ်”ဟု ဗြိတိသျှကောင်စီ(မြန်မာ)၏ ဒါရိုက်တာမစ္စတာကင်ဗင်မက်ကန်ဇီက ပြောသည်။

အဆိုပါသဘောတူညီချက်အရ ဗြိတိသျှကောင်စီသည် မြန်မာနိုင်ငံ၏ပညာရေးစနစ် ပိုမိုခိုင်မာလာစေရန်၊ ပညာရေးအခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးလာစေရန်နှင့် လူသားအရင်းအမြစ်ပိုမိုတိုးတက်လာစေရန် အဘက်ဘက်မှ ပံ့ပိုးသွားမည်ဖြစ်ကြောင်းဆိုသည်။

ဗြိတိန်နိုင်ငံမှ အင်္ဂလိပ်စာဆရာ၊ ဆရာမများ မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များတွင် လာရောက်သင်ကြားပို့ချပေးရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဗြိတိန်ဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် တောင်းဆိုခဲ့မှုကြောင့် စီမံကိန်းဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

# အိန္ဒိယပညာရေးအဖွဲ့အစည်းများ လာရောက်ရင်းနှီးမြှုပ်နှံရန် အသင့်ဖြစ်နေ

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၂၉**

အိန္ဒိယနိုင်ငံမှ ပညာရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်အသင့်ဖြစ်နေပြီး မြန်မာအစိုးရ၏ တရားဝင်အသိအမှတ်ပြုမှုကို စောင့်ဆိုင်းနေကြောင်း အိန္ဒိယပညာရေးပြပွဲ တာဝန်ရှိသူများက ပြောသည်။

အိန္ဒိယနိုင်ငံမှ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများသည် ရန်ကုန်မြို့၊ အာရှပလာဇာဟိုတယ်တွင် ပညာရေးပြပွဲကို နှစ်ရက်ကြာလာရောက်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင် ကျောင်းတည်ထောင်ရန် စိတ်ဝင်စားကြောင်း ပြောဆိုခဲ့သည်။

“အိန္ဒိယကျောင်းတွေကတော့ လာဖို့အသင့်ဖြစ်နေပါပြီ။ ဒါပေမဲ့ ကျွန်တော်သိသလောက် မြန်မာအစိုးရမူဝါဒက အိန္ဒိယမှမဟုတ်ဘူး။ တခြားဘယ်နိုင်ငံမှ ဒီပလိုမာတွေ၊ လက်မှတ်တွေသင်ကြားတာကို တရားဝင်အသိအမှတ်ပြုထားတာမရှိပါဘူး။ ကျွန်တော်တို့အနေနဲ့ မြန်မာအစိုးရမူဝါဒက တရားဝင်အသိအမှတ်မပြုသေးရင် မလာသေးပါဘူး”ဟု အိန္ဒိယပညာရေးပြပွဲဦးစီးဆောင်ရွက်သူ မစ္စတာဂျေဆန်သာပါက ပြောသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာ ပညာရေးရင်းနှီးမြှုပ်နှံမှုအတွက် တရားဝင်အသိအမှတ်ပြု မူဝါဒရှိထားရန် လိုအပ်ပြီး အိန္ဒိယနိုင်ငံမှ ပညာရေးအဖွဲ့အစည်းများအနေဖြင့် အစိုးရမူဝါဒခွင့်ပြုချက်ရှိမှသာ လာရောက်ကြမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

“ကျွန်တော်တို့ ဆရာတွေခေါ်လာမယ်။ ကျောင်းခွဲအနေနဲ့ ဖွင့်ပေးမယ်။ ဒီဘက်ကတော့ မြေနေရာပေးရမှာပေါ့”ဟု အိန္ဒိယနိုင်ငံရှိဟိုးလီမာရီနည်းပညာအင်စတီကျူ့ဒ်မှ ကျောင်းအုပ်ဒေါက်တာဂျီလက်စ်မီနာရီရာနာကပြောသည်။

မြန်မာနိုင်ငံသို့ နိုင်ငံတကာ ကျောင်းများ လာရောက်တည်ထောင်ဖွင့်လှစ်ရန် စိတ်ဝင်စားနေကြသော်လည်း အစိုးရ၏ ပညာရေးမူဝါဒနှင့်မြေဈေးနှုန်းများက စိန်ခေါ်မှုဖြစ်နေသည်။






# ဟောင်ကောင်သို့ အိမ်အကူစေလွှတ်မှု ဒုတိယအသုတ် ခွင့်မပြုသေး

## အိမ်အကူအဖြစ်ပထမအသုတ်စေလွှတ်သော ၁၉ ဦးတွင် ကျန်းမာရေးကြောင့် နှစ်ဦးပြန်လာခဲ့ရ၍ စိစစ်နေဟု တာဝန်ရှိသူပြော

**အေးမြတ်သူ**

**ရန်ကုန်၊ မတ်-၃၀**

ဟောင်ကောင်သို့အိမ်အကူအဖြစ် ဒုတိယအသုတ်စေလွှတ်မည့် မြန်မာအလုပ်သမား ၄၀ ခန့်အား တစ်လကျော်အထိ ဝန်ကြီးဌာနက စေလွှတ်ခွင့်မပြုသေးကြောင်း Gold Mind ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီအထွေထွေ မန်နေဂျာ ဦးသန့်ဇင်ဦးကပြောသည်။

ဟောင်ကောင်သို့ အိမ်အကူလုပ်သားအဖြစ် တရားဝင်သွားရောက်လုပ်ကိုင်ခွင့်ကို အစိုးရက ခွင့်ပြုပြီးနောက် ၂၀၁၄ ဖေဖော်ဝါရီ ၂၄ ရက်က မြန်မာအလုပ်သမား ၁၉ ဦးကို ပထမဆုံးအကြိမ်သွားရောက်လုပ်ကိုင်ခွင့်ပြုခဲ့သည်။ ဒုတိယအကြိမ်ထပ်မံ စေလွှတ်ရန် မြန်မာအလုပ်သမား ၄၀ ခန့်ကို ဝန်ကြီးဌာနသို့ ပြီးခဲ့သည့် တစ်လကျော်ကတည်းက စေလွှတ်ခွင့်တင်ပြထားသော်လည်း ယခုအချိန်အထိ ခွင့်ပြုချက်မရရှိသေးကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့က ဒီလူ ၄၀ လောက်ကျော်ကို သုံးလလောက် လေ့ကျင့်ပေးထားရတာ။ ကုန်ကျစရိတ်တွေလည်း များတယ်။ အခုကျွန်တော်တို့ကပို့ချင်နေပြီ။စာရွက်စာတမ်းအကုန်ပြည့်စုံနေပြီ။ ဟိုဘက်က အလုပ်လုပ်ကိုင်ခွင့်ပါမစ်လည်းရပြီ သွားဖို့ပဲကျန်တာ။ ဝန်ကြီးဌာနက စေလွှတ်ခွင့် (Smart Card) ရပြီဆိုပို့လို့ရပြီ။ အခုတစ်လကျော်ရှိပြီ မထုတ်ပေးသေးဘူး"ဟု အထွေထွေမန်နေဂျာ ဦးသန့်ဇင်ဦးကပြောသည်။



TODAYONLINE.COM

ယင်းနှင့် ပတ်သက်၍အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်သို့ မေးမြန်းရာ ၎င်းက အောက်ပါအတိုင်း ဖြေသည်။

"လွှတ်ဖို့တော့ ပြင်နေပါတယ်။ စိစစ်နေတုန်းပဲ။ ဟိုတစ်လောကသွားတဲ့ ၁၉ ဦးထဲမှာ တောင် နှစ်ဦးက ကျန်းမာရေး မကောင်းလို့ ပြီးခဲ့တဲ့နှစ်ပတ်လောက်က ပြန်လာတယ်။ အရိုးပွရောဂါရှိလို့ ပြန်လာရတာ။ ဒီတော့ ဒီထက်ခိုင်မာအောင် လုပ်ရမှာပေါ့။ အခုအပေါ်ကိုအဆင့်ဆင့်တင်ပြထားတယ်"

ဟောင်ကောင်နိုင်ငံသို့ တရားဝင်မြန်မာအိမ်အကူ လုပ်သားစေလွှတ်မှုကို မြန်မာအစိုးရအနေဖြင့် ယခုနှစ်ဇန်နဝါရီလဆန်းက Gold Mind အေဂျင်စီတစ်ခုကိုသာ စေလွှတ်ခွင့်ပြုထားသည်။ ထို့နောက် ယင်းအလုပ်သမားများကို အသက် အာမခံကြေးထားရှိပေးထားပြီးမတော်တဆသေဆုံးမှုဖြစ်ပွားပါက အလုပ်သမားများအား လျော်ကြေးငွေ အဖြစ်အမေရိကန်ဒေါ်လာသိန်း၅၀၀ ခန့်ရရှိမည်ဖြစ်ကြောင်း ယင်းအေဂျင်စီမှ သတင်းရရှိသည်။

လက်ရှိဟောင်ကောင်နိုင်ငံတွင် အိမ်အကူလုပ်သားလိုအပ်နှုန်းမြင့်တက်လျက်ရှိသောကြောင့် မြန်မာအိမ်အကူအလုပ်သမား အလုပ်ခေါ်ယူကမ်းလှမ်းမှုမှာလည်း မြင့်တက်လျက်ရှိပြီး အလုပ်သမားတစ်ဦး တစ်လလျှင် အမေရိကန်ဒေါ်လာ ၅၀၀ ခန့်ဖြင့် ခေါ်ဆိုလျက်ရှိကြောင်းသတင်းရရှိသည်။

---

**Free Classified**

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

– Waiter/Waitress,
– Kitchen Helper for (Vietnamese Restaurant) Ph: 09–73096464

------------------------

**ဝန်ထမ်းအလိုရှိသည်**

Beauty Queen Beauty Saloon
အမျိုးသား/အမျိုးသမီး ဆံပင်ညှပ်ကျွမ်းကျင် (မ– ၅ ဦး)၊ ခေါင်းလျှော်/စက်ဆွဲကျွမ်းကျင် (မ– ၅ ဦး)၊ အလုပ်သင်ဝန်ထမ်း (မ– ၅ ဦး)၊ နေ/စား စရိတ်ငြိမ်း။
ဖုန်း–၀၉–၇၃၂၄၉၂၉၅

------------------------

**ဝန်ထမ်းအလိုရှိသည်**

ခြေသည်း၊ လက်သည်း ပုံဖော်ကျွမ်းကျင် (မ – ၃ ဦး)။
ဖုန်း–၀၉–၂၅၀၆၄၇၇၀၅

------------------------

**ဝန်ထမ်းအလိုရှိသည်**

စင်တီမီတာနည်းဖြင့် မော်တာစက်ချုပ် (မ – ၃ ဦး)၊ အကူဝန်ထမ်း Helper (မ – ၁ ဦး)၊ ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လိုအပ်သည့်စာရွက်စာတမ်းများဖြင့် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
**အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်း (အာရှတော်ဝင်ဆေးရုံအနီး)**
ဖုန်း–၀၉–၅၁၂၇၁၄၇

------------------------

**ဝန်ထမ်းအလိုရှိသည်**

Sale Service Office M/F (3) Posts
Sale Promoter M/F (3) Posts
Sale & Marketing Executive M/F (3) Posts
Office Secretary F (1) Post
Email:hr.natray@gmail.com
PH:01 656586

**ဝန်ထမ်းအလိုရှိသည်**

စင်တီမီတာစနစ်ဖြင့် ညှပ် dress Cutting သမားအလိုရှိသည်။ နေ+စားစရိတ်ငြိမ်း။
ဖုန်း–၀၉ ၄၂၅၀၂၁၄၄၇

------------------------

**ဝန်ထမ်းအလိုရှိသည်**

Waiter M (1) Post
Waitress F (5) Posts
Cashier F (3) Posts
Thai Chef (2) Posts
Japanese Chef (1) Post
European Chef (2) Poss
PH:01 387880

------------------------

**ဝန်ထမ်းအလိုရှိသည်**

House–Keeping Supervisor (2) Posts
Room Attendant (3) Posts
Public Area Attendant (2) Posts
Bell Boy (3) Posts
Waiter (2) Posts
Secuity (2) Posts
PH:09 73160306

------------------------

**ဝန်ထမ်းအလိုရှိသည်**

ဟန်းဆက်အမျိုးမျိုး၊ hardware & Software ကျွမ်းကျင်စွာ ပြုပြင်နိုင်သော ဝန်ထမ်း ကျား (၁၀) ဦး အလိုရှိသည်။ လစာကောင်းကောင်းပေးမည်။
ဖုန်း–၀၉ ၇၃၁၈၄၂၀၈

------------------------

**မင်းဇာနည်ရေလုပ်ငန်းကုမ္ပဏီ**

ယာဉ်မောင်း ကျား (၅) ဦး
(ဃ) လိုင်စင်ကိုင်ထားသူ။
ယာဉ်မောင်း ကျား (၂) ဦး
အသက် (၄၅)နှစ်၊ (င) လိုင်စင်ကိုင်ဆောင်ထားသူ၊ Manual,Auto ကျွမ်းကျင်သူ။
Email:mzn.ygn@gmail.com
ဖုန်း–951–6841181

------------------------

**ဝန်ထမ်းအလိုရှိသည်**

Electrical Power (AGTI/B.Tech/B.E) ကျား (၂) ဦး။ Site လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။
ဖုန်း–၀၉ ၄၂၁၁၅၄၀၃၉

------------------------

**ဝန်ထမ်းအလိုရှိသည်**

Apple Production Co.,Ltd
ယာဉ်မောင်း(အိမ်ကား) ကျား (၁) ဦး
စာရင်းကိုင် မ (၂) ဦး
အထွေထွေရုံးဝန်ထမ်း မ (၂) ဦး
အထွေထွေဝန်ထမ်း မ (၂) ဦး
အမှတ် (အေ–၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)၊ တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်။

------------------------

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း ကျား (၃) ဦး
Marketing Engineer ကျား/မ (၅) ဦး
အမှတ် (၉၅ အေ)၊ ဝေဇယန္တာလမ်း၊ သစ္စာလမ်းနှင့် ပါရမီလမ်းကြား၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း–၀၁ ၅၇၇၇၅၅

------------------------

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား (၁) ဦး
ရုံးဝန်ထမ်း ကျား (၂) ဦး
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
အမှတ် (၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ။
ဖုန်း–၀၉ ၇၃၀၂၇၇၃၃

------------------------

**ဝန်ထမ်းအလိုရှိသည်**

Sales Representative M (10) Posts
Sales Assistant M (3) Posts
အမှတ် (၄–ခ)၊ တော်ဝင်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁ ၆၆၁၂၉၃

------------------------

**ဝန်ထမ်းအလိုရှိသည်**

Naing Linn Air Con
Air Con ကျွမ်းကျင် (၅) ဦး
သင်တန်းသား(အလုပ်သမား) (၅) ဦး
အမှတ် (၁၇၈)၊ ဗဟိုလမ်း၊ (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
ဖုန်း–၀၉ ၅၀၉၅၉၁၆

------------------------

**ဝန်ထမ်းအလိုရှိသည်**

Caisher (ကွန်ပျူတာ) ကျား (၃) ဦး
Waiter ကျား (၃) ဦး
ဓားကိုင် ကျား (၃) ဦး
အကြော်ဆရာ ကျား (၃) ဦး
ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၃) ဦး
ညစောင့် ကျား (၃) ဦး
သန့်ရှင်းရေး ကျား (၃) ဦး
ဖုန်း–၀၉ ၃၁၂၇၆၃၅၃

------------------------

**ဝန်ထမ်းအလိုရှိသည်**

စားဖိုမှူး ကျား/မ (၅) ဦး
Waiter ကျား/မ (၂၀) ဦး
MCI ရုံး၊ အမှတ် (၃၆)၊ ဝေဇယန္တာလမ်းနှင့် သစ္စာ လမ်းထောင့်၊ ကျော်သူ (၂၅) လမ်းထိပ်၊ တောင်ဥက္ကလာပမြို့နယ်၊ ဗဟိုဈေးမှတ်တိုင်အနီး။
ဖုန်း–၀၉ ၃၁၅၁၅၅၁၅

------------------------

**ဝန်ထမ်းအလိုရှိသည်**

ကွန်ပျူတာကျွမ်းကျင် မ (၅) ဦး
ဘွဲ့ရ၊ M/S Office, Email, Internet, ရုပ်ရည်ပြေပြစ်၍ ဆက်ဆံရေး ကောင်းမွန်ရမည်။ လစာညှိနှိုင်း။
ဖုန်း–၀၉ ၅၄၀၃၅၅၅

**ဝန်ထမ်းအလိုရှိသည်**

စားပွဲထိုးအလိုရှိသည်။ နေ့/စား (ငြိမ်း) လစာ လေးသောင်း။ အနည်းဆုံး သုံးလ လုပ်နိုင်ရမည်။ အတွေ့အကြုံမလို။
ဖုန်း–၀၉ ၇၃၂၀၅၁၇၈

------------------------

**ဝန်ထမ်းအလိုရှိသည်**

စားသောက်ကုန်ဖြန့်ဖြူးရန် Account, Sale Girls အမျိုးသမီးရောင်းမောင်း။
ဖုန်း–၀၉ ၅၁၆၅၀၂၂

------------------------

**ဝန်ထမ်းအလိုရှိသည်**

စာရင်းကိုင် မ (၂) ဦး
အထွေထွေလုပ်သား ကျား (၅) ဦး
စိုက်ပျိုးရေးကြီးကြပ် ကျား (၁) ဦး
ဖုန်း–၀၉ ၇၃၁၉၈၂၆၆

------------------------

**ဝန်ထမ်းအလိုရှိသည်**

FASHION ဆိုင်အတွက် မအရောင်းဝန်ထမ်း (၃) ဦးအလိုရှိသည်။
အမှတ် (၁၄၈)၊ ၄၇ နှင့် ၄၈ လမ်းကြား၊ စီးတီမတ်မျက်နှာချင်းဆိုင်၊ အနော်ရထာလမ်းမပေါ်။ ဖုန်း–၀၉ ၄၅၀၀၀၉၂၀၈

------------------------

**ဝန်ထမ်းအလိုရှိသည်**

ဆိုင်အကူဝန်ထမ်း (၁) ဦး
အလုပ်ချိန် ၁၀ နာရီမှ ၅ နာရီထိ။ လစာငွေ ခြောက်သောင်းကျပ်။
ဖုန်း–၀၉ ၇၃၁၇၇၈၁၇

------------------------

**ဝန်ထမ်းအလိုရှိသည်**

စက်ချုပ်ကျွမ်းကျင် မ (၂) ဦး
လက်ချုပ် မ (၁) ဦး
Mademoiselle Collection
အမှတ် (၇၃)၊ ရေဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉ ၅၁၅၄၉၈၅

**ဝန်ထမ်းအလိုရှိသည်**

Winning Security Group Co.,Ltd
လုံခြုံရေးဝန်ထမ်း
အသက် (၁၈မှ ၅၀) နှစ်၊ ကျန်းမာသန်စွမ်း၍ စိတ်ပါဝင်စားသူ။
တိုက်အမှတ် (၂၁၇–၂၁၉) (၆ လွှာအေ) ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း–၀၁ ၃၉၇၆၃၈

------------------------

**ဝန်ထမ်းအလိုရှိသည်**

ခေါင်းလျှော်ကျွမ်းကျင် မ (၂) ဦး
ခြေသည်း/လက်သည်းကျွမ်းကျင် မ (၂) ဦး
ဖုန်း–၀၉ ၄၀၂၅၆၇၅၇၈

------------------------

**ဝန်ထမ်းအလိုရှိသည်**

ရောင်း/မောင်း ဝန်ထမ်း (၂) ဦး
အခြေခံပညာအထက်တန်းအောင်၊ နေရေး၊ စားရေးစီစဉ်ပေးမည်။
အမှတ်–(၂၉၃)၊ စက်မှုဇုန်ပတ်လမ်း၊ (၆၃)ရပ်ကွက်၊ စက်မှုဇုန် (၂) တောင်ဒဂုံမြို့နယ်။
ဖုန်း–၀၉ ၅၁၀၂၁၉၄

------------------------

**ဝန်ထမ်းအလိုရှိသည်**

The Lab Wine and Tapas Bar
Cashier (2) Posts
Bar Man or Bar Girl (2) Posts
Waitress (6) Posts
Waiter (2) Posts
ဖုန်း–၀၉ ၃၃၃၂၃၀၆၄

------------------------

**ဝန်ထမ်းအလိုရှိသည်**

ခြေသည်း၊ လက်သည်း ပုံဖော်ကျွမ်းကျင် (မ – ၃ ဦး)။
ဖုန်း–၀၉–၂၅၀၆၆၀၂၂၆

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒုတိယအကြိမ်

# ဖူဂျီ ကံစမ်းမဲအစီအစဉ်၏ ပေါက်မဲနံပါတ်များ

## (၂၅)သိန်းဆု

ခ-5122128

## (၁၀)သိန်းဆု

ခ-7501900 | ခ-5988090 | ခ-5669269

## (၅)သိန်းဆု

ခ-1664855 | ခ-8641545 | ခ-6265084 | ခ-8741529

## (၅)သောင်းဆု

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ခ-2070866 | ခ-2349843 | ခ-7042619 | ခ-2090220 | ခ-5188236 | ခ-8592724 | ခ-7561164 | ခ-1350135 | ခ-7807533 |
| ခ-7233232 | ခ-4577530 | ခ-5172912 | ခ-4622046 | ခ-5207589 | ခ-8592577 | ခ-1392218 | ခ-1014841 | ခ-4163418 |
| ခ-4866851 | ခ-6851275 | ခ-1743396 | ခ-7701962 | ခ-5223435 | ခ-8108061 | ခ-8306431 | ခ-1014484 | |
| ခ-5792624 | ခ-3831943 | ခ-5081535 | ခ-6349539 | ခ-1054095 | ခ-8592710 | ခ-8029580 | ခ-6400297 | |
| ခ-1671832 | ခ-7508125 | ခ-7191020 | ခ-7779715 | ခ-5441054 | ခ-8592731 | ခ-5664381 | ခ-6659990 | |
| ခ-6901395 | ခ-3792867 | ခ-4855275 | ခ-6992346 | ခ-1797983 | ခ-8592527 | ခ-8029634 | ခ-1645324 | |
| ခ-3833400 | ခ-4670549 | ခ-8239569 | ခ-3695889 | ခ-5469127 | ခ-8592501 | ခ-5673702 | ခ-1107057 | |
| ခ-3732771 | ခ-6748122 | ခ-4894563 | ခ-7331043 | ခ-8209792 | ခ-8592504 | ခ-8341965 | ခ-2211673 | |
| ခ-7975970 | ခ-6797069 | ခ-3284813 | ခ-5490177 | ခ-5522264 | ခ-8592525 | ခ-8105569 | ခ-8107052 | |
| ခ-1930012 | ခ-6748228 | ခ-5111834 | ခ-7212067 | ခ-4239699 | ခ-8592540 | ခ-7905163 | ခ-6072928 | |
| ခ-7277429 | ခ-4672975 | ခ-3910720 | ခ-6151401 | ခ-1194048 | ခ-8592509 | ခ-7123932 | ခ-3705168 | |
| ခ-7361860 | ခ-6592707 | ခ-3597805 | ခ-3936761 | ခ-5466452 | ခ-8592521 | ခ-3400395 | ခ-5063242 | |
| ခ-1549569 | ခ-5532619 | ခ-7340579 | ခ-1681167 | ခ-4066737 | ခ-5330017 | ခ-5703097 | ခ-5074531 | |
| ခ-3992135 | ခ-7567715 | ခ-3966113 | ခ-1718548 | ခ-7212879 | ခ-3287056 | ခ-8267454 | ခ-6767276 | |
| ခ-7368619 | ခ-7595252 | ခ-2737897 | ခ-4217321 | ခ-5158436 | ခ-1912908 | ခ-8085942 | ခ-8080765 | |
| ခ-7405229 | ခ-6307647 | ခ-5216716 | ခ-2577236 | ခ-1360066 | ခ-4698885 | ခ-7100485 | ခ-5091985 | |
| ခ-1653614 | ခ-6320356 | ခ-7221789 | ခ-1313762 | ခ-1759136 | ခ-2551030 | ခ-3177383 | ခ-5091990 | |
| ခ-7233593 | ခ-1944273 | ခ-4490317 | ခ-3438889 | ခ-2187694 | ခ-1114669 | ခ-3332588 | ခ-5092058 | |
| ခ-1275337 | ခ-3966410 | ခ-4567032 | ခ-1095862 | ခ-7748171 | ခ-2591750 | ခ-7905169 | ခ-5092084 | |
| ခ-8359512 | ခ-2732580 | ခ-5232859 | ခ-4492324 | ခ-1162500 | ခ-8524924 | ခ-4421900 | ခ-5092097 | |
| ခ-5969377 | ခ-5987348 | ခ-1528296 | ခ-5557738 | ခ-2345045 | ခ-4737468 | ခ-5809827 | ခ-4018173 | |
| ခ-5459969 | ခ-3691613 | ခ-1489784 | ခ-3357435 | ခ-1414241 | ခ-4737213 | ခ-8029767 | ခ-4018134 | |
| ခ-7979720 | ခ-8694046 | ခ-5643547 | ခ-2398774 | ခ-8592744 | ခ-4764395 | ခ-8329441 | ခ-3285770 | |
| ခ-3044999 | ခ-7168312 | ခ-6967847 | ခ-5428183 | ခ-8592715 | ခ-2553451 | ခ-7712857 | ခ-3982029 | |
| ခ-2880928 | ခ-4612165 | ခ-2299846 | ခ-4159201 | ခ-8592717 | ခ-4039570 | ခ-2301875 | ခ-4111756 | |
| ခ-7449967 | ခ-5488998 | ခ-7358916 | ခ-2039455 | ခ-8592748 | ခ-3510601 | ခ-6361389 | ခ-6483596 | |
| ခ-7468621 | ခ-2800442 | ခ-7129924 | ခ-5938642 | ခ-8592701 | ခ-4181252 | ခ-2509279 | ခ-5395089 | |
| ခ-6973280 | ခ-6319916 | ခ-6265195 | ခ-2960277 | ခ-8592714 | ခ-1500422 | ခ-7673985 | ခ-4073547 | |
| ခ-5138558 | ခ-8279407 | ခ-6451569 | ခ-7028975 | ခ-8592747 | ခ-3380679 | ခ-2380769 | ခ-5281523 | |
| ခ-4800662 | ခ-3270908 | ခ-3300555 | ခ-3969145 | ခ-8592742 | ခ-4072797 | ခ-2501776 | ခ-1124161 | |
| ခ-6249639 | ခ-1744093 | ခ-6434542 | ခ-4843339 | ခ-8592580 | ခ-7062895 | ခ-2619654 | ခ-6045567 | |
| ခ-1232001 | ခ-7386702 | ခ-5604088 | ခ-2005348 | ခ-8592749 | ခ-6070013 | ခ-3178790 | ခ-4185129 | |
| ခ-5740343 | ခ-1897991 | ခ-1677390 | ခ-7908001 | ခ-5009310 | ခ-4031979 | ခ-6052189 | ခ-8026660 | |
| ခ-5589911 | ခ-3084088 | ခ-5321822 | ခ-7497700 | ခ-3645202 | ခ-6441373 | ခ-5006866 | ခ-8343481 | |
| ခ-4054840 | ခ-2364976 | ခ-1111220 | ခ-8542478 | ခ-1207222 | ခ-8580210 | ခ-5745465 | ခ-8381137 | |
| ခ-8289705 | ခ-3114520 | ခ-7561017 | ခ-8541843 | ခ-1655405 | ခ-1120225 | ခ-6741684 | ခ-8265400 | |
| ခ-1897948 | ခ-5321838 | ခ-5321840 | ခ-3645237 | ခ-8542485 | ခ-2273626 | ခ-2387687 | ခ-8265390 | |

7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

# Commodity Watch

စာမျက်နှာ(၇)မှ

## ဘိုးဘိုးကြီး 'မ' စပါ

ယူခဲ့စဉ် ရွှေဖျဉ်းညီနောင်ကို မွေးစားခဲ့သည်။ အနော်ရထာဘုရင်က တောင်ပြုံးကြီးအရပ်၌ အုတ်နှစ်ချပ်လပ်သည့်ကိစ္စနှင့် ပတ်သက်၍ ရွှေဖျဉ်းညီနောင်ကို ကွပ်မျက်ခဲ့ပြီးနောက် မန္တလေးတောင်တွင် ရောက်နေသော ၎င်းအမတ်ကြီးကိုလည်းကွပ်မျက်စေခဲ့သည့်အတွက် ယင်းနေရာတွင်ပင်'ဘိုးတော်နတ်' အနေဖြင့် ရှိစေခဲ့ကြောင်း မြဝတီမင်းကြီးရေးသားသော ၃၇ မင်းနတ်စာတမ်းမှ ကောက်နုတ်ကာ မန္တလေးတောင်သမိုင်းသစ်စာအုပ်တွင် ဖော်ပြထားသည်။

၁၉၈၄ ခုနှစ်က မန္တလေးမြို့လယ်ကောင်ကို ဖြတ်လောင်သည့် ဦးကျားကြီးမီးလောင်မှုမှစ၍ မြို့ခံအများစု စီးပွားရေးကျဆင်းလာမှုကြောင့် ကိုးကွယ်ရာရှာသည့် အနေဖြင့် ဘိုးဘိုးကြီးနတ်အား တစ်မြို့လုံးကိုစောင့်ရှောက်နေသည့် နတ်အဖြစ် မှတ်ယူကာ ကိုးကွယ်သည့်အပြုအမူများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်လာကြခြင်းသာဖြစ်သည်ဟု ဆရာဆူးငှက်က ရှင်းပြသည်။

ဂါရဝပြုသူများတွင် အကျပ်အတည်းများ ကြုံတွေ့မှုကြောင့် လာရောက်သူများ ပါဝင်သလို အလိုဆန္ဒတစ်စုံတစ်ရာ ပြည့်ဝချင်သည့် ဆန္ဒများနှင့် လာရောက်သူများလည်း ပါဝင်သည်။

စီးပွားရေးအလုပ်ကိစ္စများတွင် အကြံအစည်အောင်မြင်စေရေးအတွက်မကြာခဏလာရောက်တိုင်တည်လေ့ရှိကြောင်း၊ အကြံအစည်အောင်မြင်ပြီးလျှင်လည်း ကန်တော့ပွဲ ပြန်လာထိုးပေးလေ့ရှိကြောင်းအသက်(၅၂)နှစ်အရွယ် မြို့ခံ ဒေါ်မြင့်မြင့်စိုးက ပြောသည်။

"ဆယ်ကျော်သက်အရွယ်ကတည်းက ဘိုးဘိုးကြီးဆီ စလာတာ။ အခုထိ တောက်လျှောက် တစ်ခုခုဆို အမြဲလာတယ်။ အရင်တုန်းကတော့ အခုလို ကြီးကြီးကျယ်ကျယ်ကြီး မရှိသေးဘူး။ မလာရရင်ကို တစ်ခုခုလိုသလိုမျိုး ဖြစ်နေတတ်တယ်" ဟု ဒေါ်မြင့်မြင့်စိုးက ထည့်သွင်းပြောသည်။

နှစ်စဉ် တက္ကသိုလ်ဝင်တန်း မဖြေဆိုမီနှင့် ဖြေဆိုနေချိန်ကာလများတွင်မူ ကျောင်းသားမိဘအများစုလာရောက်ကြပြီး ၎င်းတို့သားသမီးများ ဖြေဆိုမည့်ကျောင်းအမည်၊ လိပ်စာ၊ ခုံနံပါတ်များပေးကာ ကောင်းစွာဖြေဆိုနိုင်ရေး၊ နှစ်ချင်းပေါက် အောင်မြင်နိုင်ရေး၊ ခြောက်ဘာသာဂုဏ်ထူးထွက်ရေး စသည့်အချက်များဖြင့် ဘိုးဘိုးကြီးထံ လာရောက်ကြကြောင်း ယင်းဗိမာန်တွင်နိဗ္ဗာန်ဆော်အဖြစ် ခုနစ်နှစ်ခန့် လုပ်ကိုင်ခဲ့သူ အသက်ခြောက်ဆယ်ကျော်အရွယ် ဦးမောင်အေးက ပြောသည်။

၂၀၁၀ ပြည့်နှစ် နောက်ပိုင်းအချိန်များတွင် တရုတ်လူမျိုးအချို့ကလည်း မြေကိစ္စများ၊ ကျောက်အရောင်းအဝယ်ကိစ္စများ အောင်မြင်ရေးအတွက် ဘိုးဘိုးကြီးထံ လာရောက်မှုများလည်း ရှိသည်။ ဖားကန့်သို့ကျောက်အဝယ်ထွက်တိုင်း ဘုရားကြီး၊ အောင်တော်မူဘုရားတို့အပါအဝင်ဘိုးဘိုးကြီးကိုပါလာရောက်ဂါရဝပြုလေ့ရှိကြောင်းလားရှိုးမြို့ဇာတိဖြစ်သူ ရှမ်းတရုတ် အမျိုးသားတစ်ဦးကပြောသည်။ ယခုကဲ့သို့ ဘိုးဘိုးကြီးအား ဂါရဝပြုပြီးမှ ခရီးထွက်ခြင်းဖြင့် အခြားသူများ ကျောက်ရှားနေလျှင်တောင် ၎င်းတို့အတွက် အခက်အခဲမရှိ အဆင်ပြေချောမွေ့လေ့ရှိသည်ဟု ၎င်းက ဆိုသည်။

ဘိုးဘိုးကြီးမှာ ပုဏ္ဏားမျိုးနွယ်ဝင်တစ်ဦးဖြစ်သည့်အတွက် ၎င်းအား ကိုးကွယ်ယုံကြည်သူများထဲတွင် မြို့ခံဟိန္ဒူလူမျိုး အများစုလည်း ပါဝင်သည်။ ဟိန္ဒူနွယ်ဖွားအများစုမှာ လူမှုရေး၊ စီးပွားရေးမှအစ အိမ်တွင်းရေးကိစ္စရပ်များအထိပါ ဘိုးဘိုးကြီးနတ်ကို လာရောက်တိုင်တည်မှု ပြုလုပ်တတ်သည်ဟု မြို့ခံဟိန္ဒူလူမျိုး အသက်သုံးဆယ်အရွယ် အမျိုးသမီးက ပြောသည်။

ယင်းဗိမာန်ကြီးတစ်ခုလုံးသို့ လာရောက်သူ လူအများအားသက်ဆိုင်ရာနတ်များ သိစေရေးတိုင်တည်ရွတ်ဆို အပ်နှံပေးရသည့် အသက်ခပ်ကြီးကြီးအရွယ် နိဗ္ဗာန်ဆော်အမျိုးသားနှစ်ဦး၊ အုန်းပွဲငှက်ပျောပွဲများကပ်ခြင်း၊ စွန့်ခြင်းများ ပြုလုပ်ပေးရန် ဝန်ထမ်းအမျိုးသားနှစ်ဦး စုစုပေါင်း လေးဦးနှင့် ကြီးကြပ်သူ ဘုန်းကြီးတစ်ပါးက တာဝန်ယူသည်။ နေ့စဉ်လာရောက်တိုင်တည်သူ အနည်းအများပေါ်မူတည်ပြီး ရရှိလာသည့် အလှူငွေများထဲမှ နိဗ္ဗာန်ဆော်များ၊ ဝန်ထမ်းများအား အချိုးကျခွဲဝေပေးရသည်ဟု မန္တလေးတောင်တော်အုပ်ချုပ်ရေး ဆရာတော်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအာဒိစ္စက မိန့်ကြားသည်။

မည်သို့ပင်ဆိုစေ ယင်းနတ်နန်းသုံးနန်းရှိသော ဘိုးဘိုးကြီးဗိမာန်မှ အသက်ကြီးရင့်ပြီး အလုပ်အကိုင်မရှိဖြစ်နေရသည့် ပင်စင်စားအမျိုးသားကြီး အယောက် ၂၀ ခန့်ကို အလုပ်ပေးထားသည်။ ၎င်းတို့အားလုံးကို မန္တလေးတောင်တော်ဂေါပကအဖွဲ့က ခန့်အပ်ထားခြင်းဖြစ်ပြီး လစဉ်အလှည့်ကျတာဝန်ထမ်းဆောင်စေသည်ဟု ဦးအာဒိစ္စကပင် ထည့်သွင်းမိန့်ကြားသည်။

"ဒီလိုနေရာမျိုးတွေက စီးပွားပျက်လေစည်လေပဲ။နောက်လည်း ဒီတိုင်းပဲစည်ကားနေဦးမှာပဲ။တိုင်းပြည်မတိုးတက်သရွေ့တော့ ကိုးကွယ်ရာတွေ လိုက်ရှာပြီး သတ်မှတ်နေကြဦးမှာပဲ" ဟု ဆရာဆူးငှက်က ဘိုးဘိုးကြီးနတ်အား ကိုးကွယ်မှုအခြေအနေများ ရေရှည်ဆက်လက်တည်တံ့နေဦးမည့် အခြေအနေနှင့် ပတ်သက်ပြီး သူ့အမြင်ကို ပြောသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 225,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 265,000 |
| Galaxy S3 | 360,000 |
| Galaxy S4 Mini | 363,000 |
| Galaxy S4 | 505,000 |
| Galaxy Mega 5.8 | 330,000 |
| Galaxy Note II | 415,000 |
| Galaxy Tab3 7" | 290,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 395,000 |
| Xperia J | 165,000 |
| Xperia P | 258,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 810,000 |
| iPhone 5s(16GB) | 700,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 148,000 |
| G 520 | 125,000 |
| G 610s | 135,000 |
| G 700 | 218,000 |
| Ascend P6 | 290,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 150,000 |
| Y 300c (CDMA) | 99,000 |

မတ်လ (၂၉ ) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51-4900 | 610,000 |
| Panasonic(LED) | THL32B6X | 225,000 |
| Sony (LED) | 32W45 | 330,000 |
| LG (LED) | 32LN5120 | 260,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G-IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 320,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W9 | 170,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 245,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09 HTFST) | 255,000 |

အထက်ပါဈေးနှုန်းများမှာ မတ်လ (၂၉) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၆,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၈၀၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၅,၂၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၅ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၈ |
| အုတ်(ဇပေါင်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၇,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၂,၀၀၀ |
| ကျောက် | တစ်ကျင်း | ၁၀၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၄၇၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၂၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀ |
| Posco ကြယ်စိမ်း | တစ်ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | တစ်ပေနှုန်း | ၂၆၅ |
| ထုံး(ဇပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (2"-4") | တစ်ပိဿာ | ၁,၃၂၀ |
| အိမ်ရိုက်သံ (1"-1" 1/4") | တစ်ပိဿာ | ၁,၄၂၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ ( ၂၉) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၁၀၀ |
| ဆန် (ဧည့်ယာ) | တစ်ပြည် | ၇၀၀-၉၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၀၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၃၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၁၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၃,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၁၀၀-၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၁၀၀-၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | တစ်ပိဿာ | ၁,၆၀၀-၂,၀၀၀ |

မတ်လ (၂၉) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Apr (2) | 815 | 940 | 920 | 950 |
| Apr (3) | 815 | 940 | 920 | 950 |
| Apr (4) | 815 | 940 | 920 | 950 |
| Apr (5) | 815 | 940 | 920 | 950 |
| Apr (6) | 815 | 940 | 920 | 950 |
| Apr (7) | 815 | 940 | 920 | 950 |
| Apr (8) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| Model | Price |
|---|---|
| **ASUS** | |
| Intel Core i3 1.8 GHz, 4 GB DDR3, 500GB HDD, HD, 14" | 484,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 648,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD, 14" | 790,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD , 15.6" | 959,000 |
| **Acer** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500GB HDD, HD, 14" | 484,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 619,800 |
| Intel Core i5 1.6 GHz, 4 GB DDR3, 750 GB HDD, 14" | 648,000 |
| Intel Core i7 1.8 GHz, 4GB DDR3, 1TB HDD, 15.6" | 775,000 |
| **HP** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 435,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 500 GB HDD, 14" | 561,000 |
| Intel Core i5 1.7 GHz, 6 GB DDR3, 640 GB HDD,HD,15.6" | 664,000 |
| Intel Core i7 2.4 GHz, 4 GB DDR3, 1 TB HDD, 15.6" | 1,066,000 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

# စာရင်းပျောက်သစ်များ အရင်ရှာပါ

အိမ့်ဖြူမွန်

မြန်မာ သမိုင်း တစ်လျှောက်လုံး တိုင်းပြည်ဝင်ငွေအများဆုံး ရှာပေးခဲ့သည့် သစ်အလုံးလိုက် ပြည်ပတင်ပို့မှုကို ဧပြီ ၁ ရက်တွင် ရပ်ဆိုင်းတော့မည်ဖြစ်သည်။ သစ်အလုံးလိုက်တင်ပို့မှု ရပ်ဆိုင်းခြင်းသည် သစ်တောပြုန်းတီးမှုကို အထိုက်အလျောက် အကျိုးပြုနိုင်မည်ဖြစ်သည်။

သို့သော် နိုင်ငံ၏သစ်တောပြုန်းတီးမှုလျှော့ချရန် သစ်လုံးတင်ပို့မှုရပ်ဆိုင်းခြင်းနည်းလမ်းတစ်ခုတည်းဖြင့် အဖြေရှာ၍မရနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံ၏ တရားမဝင်သစ်တင်ပို့မှုသည်တရားဝင်သစ်တင်ပို့မှုစာရင်းထက် ထက်ဝက်ခန့်ရှိနေ၍ဖြစ်သည်။ ထို့ကြောင့် အစိုးရ ဖြေရှင်းရမည့် ပြဿနာမှာ တရားဝင် သစ်လုံးတင်ပို့မှုကို ကြေညာချက်ထုတ် တားမြစ်ရုံသာ မဟုတ်ဘဲ တရားမဝင် သစ်ခိုးမှု ပပျောက်ရေးဆောင်ရွက်ရန်ဖြစ်သည်။

တရားမဝင်သစ်ခိုးထုတ်ယူမှုများသည် မြန်မာနိုင်ငံအနှံ့အပြားတွင်ဖြစ်ပေါ်လျက်ရှိပြီး အင်္ဂလန်အခြေစိုက်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစောင့်ကြည့်ရေးအဖွဲ့ (EIA) ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံသည် တရားမဝင်သစ်ခိုးထုတ်မှုများကြောင့် နှစ်စဉ်အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော်ဆုံးရှုံးနေသည်။

“မတ်လ ၃၁ မှာ ပိတ်မယ်ဆိုပြီးစာတွေပို့မှာပဲ။ ဒါပေမဲ့ စာပို့တာလောက်နဲ့မရဘူး။ သစ်ခိုးထုတ်မှုတွေကရှိနေတော့ ဝန်ကြီးဌာနကဒီတားမြစ်ချက် လက်တွေ့အသက်ဝင်လာအောင်လုပ်ဖို့ ခဲယဉ်းနေတယ်။ ဒုစရိုက်လုပ်ငန်းကြီးဖြစ်နေတယ်။ တရားဥပဒေစိုးမိုးရေးပီပီပြင်ပြင်လုပ်ဆောင်နိုင်မှသာရပ်တန့်နိုင်မှာဖြစ်တယ်” ဟုမြန်မာသစ်ထုတ်လုပ်ငန်းတရားဝင်မှုရှိ၊ မရှိ စောင့်ကြည့် လေ့လာရေးအဖွဲ့တွင် ပါဝင်သူ ဦးဝင်းမျိုးသူကပြောသည်။

EIA ၏စောင့်ကြည့်လေ့လာချက်အရ ၂၀၀၁ မှ ၂၀၁၃ အထိ တစ်ဆယ့်သုံးနှစ်တာကာလ အတွင်း တရားမဝင်သစ်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံနီးပါးဆုံးရှုံးခဲ့ပြီး ထိုပမာဏသည် မြန်မာငွေကျပ် ဘီလီယံ ၅,၀၀၀ ကျော်ရှိကာ ယခုဘဏ္ဍာရေးနှစ်တွင် အစိုးရ သုံးစွဲနေသည့် ကျန်းမာရေးနှင့် ပညာရေးရန်ပုံငွေစုစုပေါင်း၏ လေးဆနှင့်ညီမျှသည်။


ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက လက်လှမ်းမီသည့် နေရာများတွင် ဖမ်းဆီးရမိသည့် သစ်တန်ချိန်မှာလည်း နှစ်စဉ်တန်ချိန်တစ်သောင်းကျော်တိုးလျက်ရှိသည်။ သစ်အလုံးလိုက်နှစ်စဉ်ဖမ်းဆီးရမှုမှာတန်ချိန်တစ်သောင်းကိုးထောင်ကျော်ရှိသည်။

ထို့ကြောင့် ဧပြီလမှစတင်၍ သစ်အလုံးလိုက် တင်ပို့မှုတားမြစ်ခြင်းသည် သစ်များအလုံးလိုက်ပြည်ပသို့ထွက်ရှိနေခြင်းကို တားဆီးလိုသည့်အဓိပ္ပာယ်ပေါ်လွင်နေသော်လည်း လွန်ခဲ့သော ၁၅ နှစ်ခန့်က သစ်ခိုးထုတ်မှုများကြောင့် ပြုန်းတီးနေသော မြန်မာသစ်တောများအတွက် လွန်စွာနောက်ကျပြီးမှ အသိအမှတ်ပြုသကဲ့သို့ ဖြစ်နေသည်။

“မန္တလေးဘက် ကောလင်းဘက်က သုံးပေပတ်လည်တောင်မရှိတဲ့ သစ်တွေတင်ထားတဲ့ကားတစ်စီး ညဥ့်နက်သန်းခေါင်တိုက်သွားတယ်။ ကျွန်တော်သိထားတဲ့ သစ်တောဥပဒေက အဲဒီလောက်ရှိတဲ့သစ်တွေဟာ ခုတ်လှဲခွင့်မရတဲ့ သစ်တွေ။ ဒီလိုဥပဒေနဲ့ငြိစွန်းနေတဲ့သစ်တွေဟာ အတားအဆီးအဆင့်ဆင့်ကျော်သွားတယ်ဆိုတာ ဘာကြောင့်လို့ထင်လဲ။ ကျော်စရာအကြောင်းမရှိဘူးလေ။ ဒီကိစ္စမှာ အာဏာပိုင်တွေပါဝင်ပတ်သက်မှုရှိတယ်။ ပိုက်ဆံယူပြီး မျက်ကွယ်ပြုထားတာ” ဟု ကသာခရိုင် ဝန်းသိုမြို့မှ ဒေသခံ ဦးအောင်ကျော်စိုးက ပြောသည်။

တရားမဝင် သစ်ခိုးထုတ်မှုမှ နှစ်စဉ်ပျောက်ဆုံးခဲ့သော အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော်အမှုတွင် မည်သူတွေ ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသနည်း။ မြန်မာနိုင်ငံတွင် တရားမဝင် သစ်ခိုးထုတ်မှုကို ကျူးလွန်သူအုပ်စုသုံးစုရှိသည်။ (၁) လောဘကြောင့်စီးပွားဖြစ်ဒုစရိုက်ဆန်ဆန် သစ်ခိုးထုတ်သူအုပ်စု၊ (၂)ဝမ်းစာကြောင့် သစ်ခိုးထုတ်သူအုပ်စု၊ (၃) စီးပွားဖြစ် တွက်ခြေကိုက်ရန် သစ်ခိုးထုတ်သူ အုပ်စုဟူ၍ ပုံစံသုံးမျိုးရှိသည်။

ဝမ်းစာကြောင့်သစ်ခိုးထုတ်သူများသည် အိမ်သုံးအတွက်ခိုးယူကြသူများပြီး အချို့မှာ လောဘကြောင့် ဒုစရိုက်ဆန်ဆန်စီးပွားဖြစ်သစ်ခိုးထုတ်သူအုပ်စုများနှင့် ထိတွေ့ပတ်သက်သူများလည်းရှိသည်။ သို့သော်လည်း ဝမ်းစာကြောင့် သစ်ခိုးထုတ်သူများကို အလုပ်ကိုင်များ ဖန်တီးပေးခြင်း၊ လူမှုဘဝဖူလုံရေးအတွက်ထောက်ပံ့ခြင်းနှင့် ရပ်တည်နိုင်ရန်အိမ်တွင်းစီးပွားရေးအခြေအနေတစ်ခုကိုဖန်တီးပေး၍ ဖြေရှင်းပေးနိုင်သည်ဟု သဘာဝပတ်ဝန်းကျင် လှုပ်ရှားသူတို့ကဆိုသည်။



*သစ်လုံးတင်ကားများကို မတ်လ ၃၁ ရက်ညနေပိုင်းက သီလဝါဆိပ်ကမ်းအနီး တွေ့ရစဉ်* ဓာတ်ပုံ – ပြည့်စုံငြိမ်း

တတိယ အုပ်စုဖြစ်သော စီးပွားဖြစ်တွက်ခြေကိုက် သစ်ခိုးထုတ်သူများသည် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များဖြစ်ပြီး အစိုးရရောင်းချသည့်သစ်တန်ကို ဈေးပြိုင်စနစ်ဖြင့်ဝယ်ယူရသောကြောင့် ဈေးမြင့်ခြင်း၊ မလုံလောက်ခြင်းနှင့် နည်းပညာ အခက်အခဲတို့ကြောင့် တွက်ခြေကိုက်ရန်နှင့် တင်ပို့မှုပြည့်မီရန်သစ်ခိုးထုတ်ယူသူများဖြစ်သည်။ အဆိုပါ ကျူးလွန်သူများကို လေလွင့်မှုနည်းသောနည်းပညာများဖြန့်ဖြူးပေးခြင်းနှင့် လုပ်ထုံးလုပ်နည်းများ စနစ်တကျပြင်ဆင်သတ်မှတ်ပေးပါက ထိုပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

ပထမ အုပ်စုဖြစ်သော လောဘကြောင့်စီးပွားဖြစ်သစ်ခိုးထုတ်သူများသည် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် လက်နက်ကိုင်တပ်ဖွဲ့များကို ချဉ်းကပ်၍ တရားမဝင်သစ်ခိုးထုတ်မှုများ ကျူးလွန်နေကြသည်။ လောဘကြောင့် စီးပွားဖြစ်သစ်ခိုးထုတ်သူများသည် အခြားသစ်ခိုးထုတ်ယူသူ နှစ်မျိုးထက် ပမာဏကြီးမားစွာ ထုတ်ယူကြသောကြောင့် နိုင်ငံအတွက် ဖြေရှင်းရန် ခက်ခဲသည့် ပုစ္ဆာဖြစ်သည်။

“သစ်ခိုးထုတ်မှုတွေကတော့ တရားဥပဒေစိုးမိုးရေးမရှိတဲ့နေရာတွေမှာ ဆက်ရှိနေမယ်။ တရားဥပဒေကို ထိန်းကျောင်းမယ့်သူရှိရမယ်။ ထိန်းချုပ်မယ့်သူက တစ်ယောက်၊ ခိုးတဲ့သူတွေကအများကြီးဖြစ်နေတယ်ဆိုရင် ဘယ်လိုမှ အသက်မဝင်နိုင်ဘူး။ အခုအစိုးရက သစ်ခိုးထုတ်တာဖမ်းဖို့ ရဲတပ်ရင်းအဖွဲ့တစ်ဖွဲ့ ဖွဲ့ထားတယ်လို့ သိရတယ်။ အဲဒီလိုပဲစရမယ်”ဟု သစ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဦးဘချိုကပြောသည်။

မြန်မာနိုင်ငံတွင် လျော့ပါးလာသောသစ်တောများကိုအဓိကခြိမ်းခြောက်မှုပေါ်စေသည့်အရာမှာ နိုင်ငံအနှံ့ပျံ့နေသော ခြစားမှုများနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်းတို့ကြောင့် ဖြစ်သည်။ လောဘကြောင့် သစ်ခိုးထုတ်သူများသည် ငွေရှင်၊ ကြေးရှင်၊ ဓနရှင်များဖြစ်နေသောကြောင့် ကျူးလွန်မှုများကို ငွေကြေးများဖြင့် ဖုံးကွယ်ထားကြသည်။

အကျင့်ပျက် ခြစားမှုများကြောင့် တရားဥပဒေစိုးမိုးရေးမရှိသည့် သစ်တောဖုံးလွှမ်းသောဒေသများတွင် တရားမဝင် သစ်ခိုးထုတ်မှုများဖြစ်ပေါ်နေသည်။

ငွေရှင်၊ ကြေးရှင်၊ ဓနရှင်များနှင့် အစိုးရအရာရှိများ၏ ပါဝင်ပတ်သက်မှု ကြီးမားခြင်းကို မယှဉ်နိုင်သောကြောင့် တရားဥပဒေစိုးမိုးရေး လုပ်ကိုင်ဆောင်ရွက်နေသည့် အောက်ခြေသစ်တောဝန်ထမ်းများအတွက် ထိုပြဿနာကို တားဆီးရန် အဟန့်အတားဖြစ်စေသည်။ ထို့အပြင် သစ်ခိုးထုတ်မှုကျူးလွန်ကြသူများသည် တရားဥပဒေစိုးမိုးရေးလုပ်ဆောင်သူများကို ဒုစရိုက်ဆန်ဆန် ပြန်လည်ခုခံရန်မှုတတ်သောကြောင့် အသက်အန္တရာယ်လည်း စိုးရိမ်ရသည်။

ထိုဖြစ်ရပ်များသည် တရားဥပဒေစိုးမိုးမှု မရှိခြင်းကို ဖော်ပြနေသည်။ ထို့ကြောင့် သစ်အလုံးလိုက်တင်ပို့မှုရပ်ဆိုင်းခြင်းတစ်ခုတည်းဖြင့် မဖြေရှင်းနိုင်။ ၎င်းတို့တန်ပြန်ရန်အတွက်တရားဥပဒေစိုးမိုးရေးကိုအသက်ဝင်လာစေရန် နိုင်ငံအဆင့်လုပ်ဆောင်ရမည်ဖြစ်သည်။ ယင်းကိစ္စများကို ကျူးလွန်နေသည့်ပါဝင်ပတ်သက်သူများကို စုံစမ်းစစ်ဆေးအရေးယူပေးရန်၊ အစိုးရနှင့်နီးစပ်နေသောကုမ္ပဏီများကိုသစ်တောအရင်းအမြစ်များ ခွဲတမ်းရောင်းချမှုရပ်တန့်ရန်နှင့် တရားမဝင် သစ်ခိုးထုတ်ခြင်းတွင် ပတ်သက်နေသော အစိုးရ ဝန်ထမ်းများ၊ ကုမ္ပဏီများကိုစုံစမ်းစစ်ဆေးပြီး အရေးယူရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစုံစမ်းစစ်ဆေးသူများအဖွဲ့ (EIA) က တိုက်တွန်းထားသည်။

“သစ်ခိုးတယ်လို့ ခဏခဏပြောနေကြတယ်။ ဝန်ကြီးဌာနကဘာလုပ်နေလဲမေးနေကြတယ်။ ကျွန်တော်တို့လည်းဖမ်းဆီးအရေးယူမှုတွေ ဆက်တိုက်လုပ်နေပါတယ်။ အရင်ထက်တောင်နှစ်ဆပိုလုပ်ရတယ်။ အကျင့်ပျက်ခြစားတဲ့ဝန်ထမ်းတွေ အရေးယူဆောင်ရွက်တယ်။ ဘက်ပေါင်းစုံကလုပ်နေပါတယ်” ဟု သစ်တောဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းကပြောသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် တာဝန်ခံထားသည့်ဝန်ကြီးဌာနအဖြစ်သော်လည်းတရားမဝင်သစ်ခိုးထုတ်ခြင်းသည်ဒုစရိုက်ဆန်ဆန် ကျူးလွန်နေသောကြောင့် ဘက်ပေါင်းစုံမှပါဝင်ပြီး နိုင်ငံအဆင့်ဖြေရှင်းရမည်ဟု ဦးဝင်းမျိုးသူကပြောသည်။

“တာဝန်ခံထားတဲ့ ဝန်ကြီးဌာနကို အောက်ခြေဝန်ထမ်းတွေက ဖမ်းဖမ်းဆိုပြီး ဖိအားပေးလို့မရဘူး။ အခုတရားဥပဒေစိုးမိုးရေး အသက်ဝင်တယ်ဆိုပြီး အဖမ်းဆီးစာရင်းတွေတိုးအောင်လုပ်လို့မရဘူး။ ဖိအားပေးခံရတော့ ဝန်ထမ်းတွေက တကယ့်အငယ်စားတွေအဖမ်းပြမယ်။ တကယ့်အလုံးအရင်းထုတ်နေတဲ့သူတွေကလွတ်နေမယ်ဆိုရင် ပြည်သူနဲ့ဝန်ထမ်းအကြားနားလည်မှုတွေအများကြီးလွဲမှားနိုင်တယ်”ဟု ဦးဝင်းမျိုးသူကပြောသည်။

သစ်အလုံးလိုက်တင်ပို့မှုများ ရပ်ဆိုင်းသော်လည်း သစ်ခိုးထုတ်ခြင်းများရှိနေမည်ဖြစ်သောကြောင့် အကျင့်ပျက်ခြစားမှုများရောယှက်နေသော မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေး အသက်ဝင်လာစေရန် အစိုးရလုပ်ဆောင်ရမည့် အချက်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စုံစမ်းရေးအဖွဲ့ (EIA) က အကြံပြုထားသည်။ သစ်တောမှ ထုတ်ယူရရှိသည့်သစ်များ ခွဲတမ်းချပေးခြင်းနှင့်ပတ်သက်သော လုပ်ငန်းစဉ်များ၊ အမှန်တကယ်ခွဲတမ်းချပေးသည့်သစ်တန်ချိန်များကို အများပြည်သူကိုထုတ်ပြန်ရမည်။ ပွင့်လင်းမြင်သာမှုကိုမြှင့်တင်နိုင်လာမှသစ်တောနှင့်သစ်အရင်းမြစ်များ ထိန်းသိမ်းရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများကို အများပြည်သူများယုံကြည်လာပြီး ပါဝင်လာမည်ဖြစ်သည်။

အစိုးရ တရားဝင်ထုတ်ပြန်ထားသောစာရင်းများအရ မြန်မာနိုင်ငံမှ သစ်လုံးထုတ်လုပ်မှုပမာဏမှာ နိုင်ငံတကာ ကုန်သွယ်မှုအားလုံး၏ ၂၈ ရာခိုင်နှုန်းသာရှိပြီး ကျန်ရှိသော ၇၂ ရာခိုင်နှုန်းမှာ တရားမဝင်သစ်တင်ပို့မှုများဖြစ်သည်ဟု EIA ကဆိုထားသည်။

သစ်လုံးတင်ပို့မှုတွင် ကုန်သွယ်ဖက်တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံများ ပူးပေါင်းပါဝင်လာစေရန် သံတမန်နည်းအရ မြန်မာအစိုးရကဖိတ်ခေါ်ရမည်ဖြစ်သည်။ တင်သွင်းသူများက မည်သို့တင်သွင်းစေကာမူ အိန္ဒိယနှင့်တရုတ်နိုင်ငံအစိုးရများက မြန်မာနိုင်ငံကိုပူးပေါင်းပါဝင်ကူညီရန် EIA ကတိုက်တွန်းထားသည်။ ။

# Technology

7 DAY NEWS JOURNAL

Vol.13, No.5 • APRIL 2 , 2014


# ဆိုက်ဘာမှုခင်းများ တိုင်ကြားမှုနှုန်း အလွန်နည်းပါးနေ

**ဆွေမွန်**



**ရန်ကုန်၊ မတ်-၃၀**
မြန်မာနိုင်ငံတွင်ဆိုက်ဘာနှင့်ဆက်နွယ်သည့် မှုခင်းများလာရောက်တိုင်ကြားသည့် ပမာဏမှာ အလွန်နည်းပါးလျက်ရှိပြီး အများစုမှာ ယင်းသို့သော အမှုများကို ရဲတပ်ဖွဲ့သို့ တိုင်ကြားရန် အသိပညာနည်းပါးမှုများရှိနေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးချုပ် ဝင်းခေါင်ကပြောကြားသည်။

လက်ရှိတွင် ပြည်တွင်း၌ ဆိုက်ဘာမှုခင်း အများအပြားရှိသော်လည်း လာရောက်တိုင်ကြားသည့် အမှုများကိုသာ ဖြေရှင်းဆောင်ရွက်ပေးနေရခြင်းဖြစ်ရာ လက်ရှိတွင် တိုင်ကြားထားသည့် အမှုခြောက်ခုဝန်းကျင်ခန့်သာရှိကြောင်း ရဲမှူးချုပ် ဝင်းခေါင်က ပြောသည်။

ဆိုက်ဘာနှင့် ဆက်နွယ်သည့် မှုခင်းအများစုတွင် အင်တာနက်ပေါ်၌ အသရေဖျက်မှုများနှင့် လူမှုရေးအရှုပ်အရှင်း စွပ်စွဲပုတ်ခတ်မှုများ၊ အွန်လိုင်းမှ တစ်ဆင့် ငွေကြေးလိမ်လည်မှုများနှင့် အစိုးရဌာနဆိုင်ရာ လျှို့ဝှက်သတင်းများ အင်တာနက်စာမျက်နှာများမှ တစ်ဆင့်ပေါက်ကြားခြင်းများပါဝင်ပြီး ရဲအရေးပိုင်အမှုများအဖြစ် ဖြေရှင်းပေးနေခြင်းဖြစ်ကြောင်းသိရသည်။

ပြည်တွင်း၌ ဆိုက်ဘာနှင့် ဆက်နွယ်သည့်မှုခင်းများနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့သို့ တိုင်ကြားသည့်အလေ့အထမှာ လွန်စွာနည်းပါးနေပြီး ယင်းသို့တိုင်ကြားနိုင်ခြင်းမရှိ၍ အမှုပေါင်းမည်မျှဖြစ်ပွားလျက်ရှိသည်ကို ခန့်မှန်းရန်ခက်ခဲကြောင်း သတင်းရရှိသည်။

ပြည်သူများအနေဖြင့် လာရောက်တိုင်ကြားမှုအားနည်းခြင်းမှာ ရာဇဝတ်ပြစ်မှုမြောက်ခြင်းကို မသိရှိခြင်းကြောင့် မတိုင်ကြားခြင်း၊ ဥပဒေအရ အသိပညာအားနည်းခြင်းနှင့် ဆိုက်ဘာမှုခင်းများနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့များသို့ တိုင်ကြားပါက ဖြေရှင်းရန် ခက်ခဲနိုင်သည်ဟု နည်းပညာသဘောတရားနားမလည်နိုင်ခြင်းများက မတိုင်ကြားသည့် အခြေခံအချက်များဖြစ်သည်။

ဆိုက်ဘာမှုခင်းများ လာရောက်တိုင်ကြားထားသည့် မှုခင်းငါးခုခန့်မှာ အင်တာနက်ပေါ်ရှိ လူမှုရေးအရှုပ်အရှင်းပြဿနာများဖြစ်ပြီး အဆိုပါအမှုများကို လက်ရှိဆိုက်ဘာမှုခင်းဥပဒေ (Cyber – Crime Law) မရှိသော် လည်းအီလက်ထရွန်နစ် ဥပဒေအရအရေးယူဆောင်ရွက်ပေးနေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ သတင်းရရှိသည်။

"Reported မဖြစ်တဲ့ဟာတွေ ဘယ်လောက်ရှိလဲဆိုတာ ပေါ်တဲ့ အခါမှသာပေါ်တာ။ သူ့ဟာနဲ့ သူ ကျေကျေလည်လည်ဖြစ်သွားတာရှိတယ်။ မကျေမလည်ဖြစ်သွားတာရှိပါတယ်။ ဒီလိုမျိုး နောက်ဆက်တွဲ ပြဿနာတွေ အမျိုးမျိုးပေါ့။ နိုင်ငံတွေမှာတော့ ရှိနေမှာပဲ။ တရားစီရင်ရေးစနစ်နဲ့ ရဲလုပ်ငန်းဆောင်ရွက်မှုတွေအပေါ်မှာ လူထုရဲ့ ယုံကြည်ကိုးစားမှုက မြင့်လာရင် အဆင်ပြေနိုင်တယ်"ဟု ရဲမှူးချုပ် ဝင်းခေါင်ကပြော သည်။

လက်ရှိမြန်မာနိုင်ငံတွင် Cyber Crime Law ရေးဆွဲထားခြင်းမရှိသော်လည်း အီလက်ထရွန်နစ်ဥပဒေ၊ အစိုးရဌာနဆိုင်ရာများမှ မှုခင်းများရှိပါကလည်း အစိုးရလျှို့ဝှက်အက်ဥပဒေများဖြင့် ဖြေရှင်းပေးနေပြီး အချို့သောနိုင်ငံဖြတ်ကျော် ဆိုက်ဘာမှုခင်းများကို Interpol (နိုင်ငံတကာရဲတပ်ဖွဲ့)နှင့် ပူးပေါင်းလုပ်ကိုင်ဖြေရှင်းပေးနေကြောင်း သတင်းရရှိသည်။

# ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ အင်တာနက်လိုင်းကို ကောင်းကင်မှထုတ်လွှင့်လို

**ဆန်ဖရန်စစ္စကို၊ မတ်-၂၈**
ကမ္ဘာတစ်ဝန်းမှလူများ အင်တာနက်သုံးစွဲနိုင်ရန် နေစွမ်းအင်သုံးလေယာဉ်ပျံများ၊ ဂြိုဟ်တုများ၊ မောင်းသူမဲ့လေယာဉ်များ အသုံးပြု၍ စမ်းသပ်မှုတစ်ခုပြုလုပ်နေကြောင်း ဖေ့စ်ဘွတ်ခ်ကုမ္ပဏီက မတ်လ ၂၇ ရက်တွင်ထုတ်ဖော်ပြောကြားလိုက်သည်။

"လူတွေအတွက် ကောင်းကင်ကနေအင်တာနက်လိုင်းပို့လွှတ်နိုင်မယ့်နည်းလမ်းတွေ ကျွန်တော်တို့ရှာနေပါတယ်"ဟု ဖေ့စ်ဘွတ်ခ်ပူးတွဲတည်ထောင်သူ အကြီးအကဲ မက်ဇူကာဘက်က ဖေ့စ်ဘွတ်ခ်တွင်ရေးသားဖော်ပြသည်။

ကမ္ဘာပေါ်ရှိနေရာတိုင်းတွင် အသုံးပြုနိုင်မည့်အခြေခံအွန်လိုင်းဝန်ဆောင်မှုများကို သုံးစွဲနိုင်ရန် ဖေ့စ်ဘွတ်ခ်ကုမ္ပဏီက လွှတ်တင်ထားသော Internet.org အောင်မြင်နိုင်ရေး Connectivity lab အဖွဲ့က ကြိုးစားနေကြောင်းသိရသည်။

တစ်ကမ္ဘာလုံးချိတ်ဆက်နိုင်ရေးမှာ နည်းပညာသစ်တစ်ခု တီထွင်ရန်လည်း လိုအပ်လိမ့်မည် ဟု ဇူကာဘက်ကပြောသည်။ နာဆာဂျက်မောင်းနှင်ရေးဓာတ်ခွဲခန်းနှင့် အေမိစ်သုတေသနဌာနမှ အဖွဲ့ဝင်ဟောင်းများအပါအဝင် အာကာသနှင့်ဆက်သွယ်ရေးနည်းပညာကျွမ်းကျင်သူများ ယင်းဓာတ်ခွဲခန်းအဖွဲ့တွင် ပါဝင်ကြောင်းဖေ့စ်ဘွတ်ခ်ကုမ္ပဏီက ဖော်ပြသည်။

ယင်းဓာတ်ခွဲခန်းက ၎င်းတို့၏ လုပ်ငန်းစဉ်အောင်မြင်စေရန် အမျိုးမျိုးသောနည်းပညာများရှာဖွေလျက်ရှိသည်။ ဝေးကွာသောဒေသများ(သို့မဟုတ်) လူဦးရေပျံ့နှံ့နေထိုင်သောဒေသများအတွက် အင်တာနက်ဝန်ဆောင်မှုပေးရန် ယင်းအဖွဲ့က ကမ္ဘာကိုပတ်နေသောဂြိုဟ်တုများကိုအသုံးပြုရန် စိတ်ဝင်စားနေသည်။

ဆင်ခြေဖုံးရပ်ကွက်နေလူဦးရေအတွက် အမြင့်မီတာနှစ်သောင်းခန့်မှ မပြတ်ဝဲပျံနေသည့် လေယာဉ်ပျံများမှတစ်ဆင့် အင်တာနက်ဝန်ဆောင်မှုပေးနိုင်သည်ဟု ဖေ့စ်ဘွတ်ခ်ကုမ္ပဏီမှအရာရှိ ယေးလ်မာဂူရီက Internet.ogr ၌ တင်ထားသည့် ယူကျူဘ်ဗီဒီယိုတစ်ခုတွင်ပြောကြားထားသည်။

ယင်းလေယာဉ်များမှာ နေစွမ်းအင်အသုံးပြု၍ ရာသီဥတုကြောင့် ထိခိုက်မှုမရှိသည့်အမြင့်နေရာတွင် တစ်ကြိမ်လျှင်လပေါင်းများစွာကြာပျံသန်းနေနိုင်ကြောင်း ယေးလ်မာဂူရီကပြောသည်။

*—Ref: AFP*



# ဆက်သွယ်ရေးနည်းဥပဒေ ဘာသာပြန်အခက်အခဲကြောင့်ဆက်လက်ကြန့်ကြာ

**ဆွေမွန်**

**ရန်ကုန်၊ မတ်-၂၉**
ယခုနှစ် ဖေဖော်ဝါရီအတွင်း ပြီးစီးမည်ဟုကြေညာခဲ့သောဆက်သွယ်ရေးနည်းဥပဒေကို ရှေ့နေချုပ်ရုံးသို့ ပေးပို့လိုက်ပြီဖြစ်ကြောင်းဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

"ရှေ့နေချုပ်ရုံးကိုတော့ ပို့ပြီးသွားပြီ။ ဒီလ ၈ ရက်ကတည်းက ပို့လိုက်တာ"ဟု ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးက ပြောသည်။

ဆက်သွယ်ရေးဥပဒေအတည်ပြုပြီး ရက်ပေါင်း ၉၀ အတွင်း နည်းဥပဒေကို အတည်ပြုရမည်ဖြစ်သော်လည်း ဥပဒေအတည်ပြုပြီး ငါးလအကြာမှာသာ နည်းဥပဒေကို ရှေ့နေချုပ်ရုံးသို့ ပေးပို့ခြင်းဖြစ်ရာ အတည်ပြုနိုင်ရန် အချိန်အနည်းငယ်စောင့်ဆိုင်းရဦးမည်ဖြစ်သည်။

ရှေ့နေချုပ်ရုံးသို့ ပေးပို့ပြီး နည်းဥပဒေပါ အသုံးအနှုန်းများ စိစစ် အတည်ပြုပေးနိုင်မည်ဖြစ်ရာ အော်ပရေတာကုမ္ပဏီများ လုပ်ကိုင်မည့် မိုဘိုင်းဆိုင်ရာများမှ လွဲ၍ အခြားသော ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် ဖိုက်ဘာ၊ အင်တာနက်ဝန်ဆောင်မှုအစရှိသည့် လုပ်ငန်းများ လုပ်ကိုင်လိုသူများကို ရွေးချယ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရှိဆက်သွယ်ရေးနည်းဥပဒေတွင် သက်ဆိုင်ရာဝန်ဆောင်မှုအလိုက် ကဏ္ဍငါးခုရေးဆွဲရာတွင် အသုံးအနှုန်းများနှင့် ဘာသာပြန်ဆိုမှုများ အဆင့်ဆင့်စစ်ဆေးမှုများ ပြုလုပ်နေခြင်းကြောင့် ကြန့်ကြာနေခြင်းသာ ဖြစ်သည်ဟု ဆိုသည်။

ဆက်သွယ်ရေးနည်းဥပဒေအတည်ပြုပြီးပါက ဖိုက်ဘာနှင့် အင်တာနက် (Internet Service Provider) လုပ်ငန်းလုပ်ကိုင်သူများ လျှောက်ထားနိုင်မည်ဖြစ်ရာလက်ရှိတွင်အဆိုပါနည်းဥပဒေမှာ အနည်းငယ်ကြန့်ကြာနေကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူးဦးဇော်မင်းဦးက ဖေဖော်ဝါရီလအတွင်းက ပြောကြားသည်။




# ipad အတွက် Office ဆော့ဖ်ဝဲ မိုက်ကရိုဆော့ဖ်မိတ်ဆက်

**လော့စ်အန်ဂျလိစ်၊ မတ်-၂၈**

Apple ကုမ္ပဏီ၏ iPad များ အတွက် Office ဆော့ဖ်ဝဲကို ကမ္ဘာ့အကြီးဆုံးဆော့ဖ်ဝဲကုမ္ပဏီ မိုက်ကရိုဆော့ဖ်၏အမှုဆောင် အရာရှိချုပ်သစ်ဆက်ယာနာဒယ်လာက ထုတ်ဖော်ပြသလိုက်သည်။



အချက်အလက်များဖတ်ရှုသက်သက်ထက် တည်းဖြတ်ရန် (သို့မဟုတ်) ဖန်တီးရန်အသုံးပြုသူများအနေဖြင့် စာရင်းသွင်းဖော်ပြရန်လိုအပ်သော်လည်း iPad အတွက်ရေးဆွဲထားသောယင်း office ဆော့ဖ်ဝဲကိုအခမဲ့ ဒေါင်းလုတ်ရယူနိုင်မည်ဖြစ်သည်။

“နာဒယ်လာဟာအဝေးထိန်းကွန်ပျူတာစနစ်ကို ဗဟိုပြုတဲ့ လူတစ်ယောက်ပါ။ လက်ရှိအောင်မြင်နေတဲ့ဟာနဲ့ အနာဂတ်သွားမယ့်နေရာတွေအပေါ် သူအာရုံစိုက်ပါလိမ့်မယ်”ဟု FBR ကတ်ပီတယ်မားကက်မှ လေ့လာသူ ဒန်နီယယ်အိုင်ဗ်ကပြောသည်။

Window 8 အတွက် ယင်း office ဆော့ဖ်ဝဲ မည်သည့်အချိန်တွင်ထွက်ရှိမည်ဆိုသည်ကို မစ္စတာနာဒယ်လာကပြောကြားခြင်းမရှိပေ။ Office application များကို Apple ၏ application store မှအခမဲ့ ဒေါင်းလုတ်ရယူနိုင်မည်ဖြစ်သည်။ သို့သော် အချက်အလက်သစ်များဖန်တီးရန် အသုံးပြုသူများအနေဖြင့် office 365 ဟုခေါ်သော မိုက်ကရိုဆော့ဖ် လက်ရှိအဝေးထိန်းကွန်ပျူတာစနစ်အခြေခံဝန်ဆောင်မှုအတွက် လစဉ်ကြေးဖြင့် အသုံးပြုရမည်ဖြစ်သည်။

အိမ်သုံးကွန်ပျူတာများ အတွက်ရေးဆွဲထားသော မိုက်ကရိုဆော့ဖ်၏ office 365 Home Premium မှာ တစ်နှစ်လျှင် ကန်ဒေါ်လာ ၁၀၀ ကုန်ကျသည်။ လုပ်ငန်းသုံးအတွက် တစ်နှစ်လျှင် ကန်ဒေါ်လာ ၁၆၀ ထက်ပိုကုန်ကျသည်။ (သို့မဟုတ်) ပါဝင်သော ကဏ္ဍများပေါ်မူတည်ပြီး ကုန်ကျစရိတ်ပိုများကြောင်းသိရသည်။

လူအများ၏အာရုံစိုက်မှုကို ရရှိရန် ယင်းဆော့ဖ်ဝဲကိုမိတ်ဆက်ချိန် အလွန်နောက်ကျကောင်း နောက်ကျနေမည်ဆိုသည့်စိုးရိမ်မှုအချို့ရှိနေသော်လည်း ipad အတွက် ထုတ်လုပ်ထားသော office ဆော့ဖ်ဝဲကြောင့် မိုက်ကရိုဆော့ဖ်ကုမ္ပဏီမှာ တစ်နှစ်လျှင် ဝင်ငွေကန်ဒေါ်လာ သန်း ၈၄၀ မှ ၆ ဒသမ ၇ ဘီလီယံကြားရရှိနိုင်သည်ဟု လေ့လာသူများကခန့်မှန်းထားသည်။

*—Ref: Reuters*

# ရတနာပုံတယ်လီပို့၏ Ytune မိုဘိုင်းဖုန်း သီချင်းသံဝန်ဆောင်မှု ရပ်ဆိုင်းမည်

**ဆွေမွန်**

**ရန်ကုန်၊ မတ်-၂၉**

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ မိုဘိုင်းဖုန်းခေါ်ဆိုရာတွင် သီချင်းသံထည့်သွင်းနိုင်သည့် မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းကို ဖက်စပ်လုပ်ငန်းအဖြစ် ပြောင်းလဲလုပ်ကိုင်သွားမည်ဖြစ်သောကြောင့် လက်ရှိလုပ်ကိုင်နေသည့် ရတနာပုံတယ်လီပို့မှ Ytune CRBT စနစ်ကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

သို့ဖြစ်ရာ လက်ရှိဝန်ဆောင်မှုပေးနေသည့် ရတနာပုံတယ်လီပို့၏ Ytune CRBT ဝန်ဆောင်မှုကို မတ်လ ၃၁ ရက်ထိသာ သုံးစွဲနိုင်မည်ဖြစ်ပြီး ဧပြီလ ၁ ရက်မှ စတင်၍ရတနာပုံတယ်လီပို့ကုမ္ပဏီမှ လုပ်ကိုင်နေမှုကို ရပ်ဆိုင်းပြီဖြစ်ရာ ဆက်လက်လုပ်ကိုင်မည့် မြန်မာဆက်သွယ်ရေးက လက်ရှိတိုင် အဆိုပါဝန်ဆောင်မှုနှင့်ပတ်သက်၍ လုပ်ကိုင်မည့်အစီအစဉ်ကိုထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

လက်ရှိ Ytune Caller Ring Back Tone (CRBT) စနစ်သုံးစွဲနေသည့် GSM နှင့် WCDMA ဖုန်းအမျိုးအစားများ အားလုံးပါဝင်မည်ဖြစ်ပြီး ဧပြီလ ၁ ရက်တွင် စတင်ဖြတ်တောက်မည်ဖြစ်ရာ နောက်ပိုင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက လွှဲပြောင်းလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ရတနာပုံတယ်လီပို့ကုမ္ပဏီ သတင်းအချက်အလက်နည်းပညာဌာန ဌာနမှူးဦးအောင်စံမြတ်ကပြောသည်။

“လုံးဝကို ဆက်မလုပ်တော့တာပါ။ မြန်မာ့ဆက်သွယ်ရေးနဲ့လည်း ဒီဝန်ဆောင်မှုကို ဧပြီလ ၁ ရက်ကစပြီး ရပ်ဆိုင်းမယ်ဆိုပြီး စာချုပ်လည်း ချုပ်ပြီးသွားပြီ။” ဟု ၎င်းကပြောကြားသည်။

မိုဘိုင်း CRBT(Caller Ring Back Tone) ဝန်ဆောင်မှုကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၎င်းတို့နှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ရန်အတွက် ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များကို ဇန်နဝါရီလအတွင်းက တင်ဒါခေါ်ယူထားသည်။

ရတနာပုံတင်လီပို့ကုမ္ပဏီ မှ Ytune Caller Ring Back Tone စနစ်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာက စတင်ဝန်ဆောင်မှုပေးခဲ့သည်။



# သည်ရာသီနှင့် သည်ပြဿနာ လာပြန်ချေပေါ့

**သင်းရီ**

သည်ရက်ထဲမှာ စိတ်မချမ်းသာစရာ သတင်းတွေ ကြားလာရပြန်သည်။ သွေးဆူသည့် ရာသီရောက်လေတိုင်း သည်ပြဿနာတွေက မီးရှို့လို့ပိုကောင်းသည်လားမသိ။ မနှစ်က ကြုံခဲ့ကြရသည့် အဖြစ်အပျက်တွေက ရင်ထဲဦးနှောက်ထဲမှာ ယခုထိ မပျောက်နိုင်သေး။ ယခုထပ်ပြီး ကြားရပြန်သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့မှာ အခြေစိုက်သည့် ကမ္ဘာ့ကုလသမဂ္ဂမှ ဖွင့်လှစ်ထားသော အကူအညီပေးရေးရုံးများ အပါအဝင် အခြား NGO ရုံးတွေနှင့် ဂိုဒေါင်တွေကို ဝင်ရောက်ဖျက်ဆီးအကြမ်းဖက်မှုတွေ ဖြစ်ကြပြန်သည်တဲ့။

ဖြစ်ရသည့်အကြောင်းက အကင်းမသေနိုင်ဘဲ တအုံနွေးနွေးဖြစ်နေသည့် လူမျိုးရေး၊ ဘာသာရေးကိစ္စမှ စတင်လာခြင်းပဲ ဖြစ်သည်။

NGO အဖွဲ့တစ်ဖွဲ့မှ အမျိုးသမီးတစ်ဦးက သူတို့အဖွဲ့ရုံး အဖြစ် ပြုလုပ်ထားသော အိမ်တွင် တင်ထားသည့် ဗုဒ္ဓဘာသာ သာသနာ့အလံကို ဖြုတ်ကာ မဖွယ်မရာ လုပ်သည်ဟူသော အမြင်ဖြင့် စတင်ခဲ့သော ပြဿနာဖြစ်၏။

လက်ငင်းစတင်သော အဖြစ်က သည်နယ်သာဖြစ်သော်လည်း သည်မီးတငွေ့ငွေ့ တလောင်နေရင်းစွဲလူမျိုးရေး၊ ဘာသာရေးမီးဖြစ်သည်။ သည်မီးကို တိတိကျကျ ပိုင်ပိုင်နိုင်နိုင် ပြတ်ပြတ်သားသားသာ မငြိမ်းနိုင်လျှင် နိုင်ငံအတွက် ကောင်းမွန်သည့် အလားအလာတွေ ဖြစ်ပေါ်မလာနိုင်။ ယခုပင်နိုင်ငံတကာတွင် ရုပ်ပြမလှစရာတွေဖြစ်လာရပြီ။

တမြန်နှစ် နှောင်းပိုင်းတုန်းက ကျောက်နီမော်မှ စခဲ့သည့် လူမျိုးရေး ဘာသာရေးမီးက တစ်နိုင်ငံလုံးမှ နေရာအတော်များများသို့ ခပ်မြန်မြန်ပင် ကူးစက်လိုက်သည့်အခါ သေကြေကျေကြ၊ ပစ္စည်းဥစ္စာတွေ ဆုံးရှုံးကြနှင့် မြန်မာ့မြေပေါ်မှာ အနိဋ္ဌာရုံတွေ လွှမ်းခဲ့ရသည်။

ယခုလည်း ဗီဘီသန့်ရှင်းဖြူစင်သည့် အသက် (၁၁) နှစ်အရွယ် သမီးငယ်လေးတစ်ယောက် အဓိကရုဏ်းလူစုခွဲရာတွင် ပစ်သည့်ကျည်သင့်ပြီး ပက်ပက်စက်စက် ကွယ်လွန်ခဲ့ရသည်။ သတင်းဓာတ်ပုံထဲမှာ မြင်ရသည့် ကလေးမလေး၏ အလောင်းမြင်ကွင်းက သူ့မိဘတွေတော့ မသိ မြင်ရသူတိုင်းက ဖြစ်မှဖြစ်ရလေတယ် ကလေးရယ်ဟု ရင်ဆို့ကြရသည်။

သည်ကလေးငယ်လေးသည် သည်ကိစ္စတွေထဲမှာ မြူတစ်မှုန်၊ နှမ်းတစ်စေ့မျှ ပါဝင်ပတ်သက်ခဲ့သည်မဟုတ်ပါဘဲ သက်သက်မြေစာပင်ဖြစ်ရသည်။ နစ်နာလိုက်တာဟု ရင်ထဲမှာ အကြိမ်ကြိမ်ဖြစ်ရ၏။

သည်လိုပါပဲ မနှစ်က တစ်နှစ်က ဖြစ်ခဲ့ရသည့် အဖြစ်အပျက်တွေမှာလည်း မြေစာပင်တွေ အများကြီး နစ်နာခဲ့ကြရသည်။

စမ်းချောင်းရေနောက်ရသည့် ကိစ္စ၏ ရင်းမြစ်တရားခံကို တွေ့အောင်မရှာဘဲ သိုးငယ်ကိုစားလိုစိတ်သက်သက်ဖြင့် နင်မဟုတ် နင့်အဖေဖြစ်ရမည်ဟု သိုးငယ်အား ကိုက်စားလေတော့၏ ဆိုသည့် မြေခွေးနှင့် သိုးငယ်ပုံပြင်လို ညောင်ဦးမှာ ကမ်းပါးပြိုသည်ကို အကြောင်းပြုလျက် စမ္ပာနဂိုက နွားမ၏ ပေါင်ကို ရိုက်ချိုးကြတာမျိုးတွေ တွေ့ခဲ့၊ ကြုံခဲ့၊ မြင်ခဲ့၊ ကြားခဲ့ကြရသည်။ ကျားကျား မီးယပ်လုပ်ကာ မဖြစ်စလောက်ကိစ္စကို ဗာရာဏသီချဲ့လျက် အဓိကရုဏ်းကြီးတွေဖြစ်အောင် ဖန်တီးခဲ့ကြသည်။ ထိုအဖြစ်အပျက်များကြားတွင် မြေစာပင်တွေ အများအပြား ဘဝတွေ ပျက်ကြရလျက် ဒုက္ခတွေ ပင်လယ်ဝေခဲ့ကြရသည်။

ဘာသာရေးကိစ္စဆိုသည်က ဆတ်ဆတ်ထိမခံတတ်သော အလွန် ထိလွယ်ရှလွယ် ဖြစ်တတ်သည့် ကိစ္စဖြစ်သောကြောင့် မီးပျိုးရ အလွန်လွယ်တာမျိုးဖြစ်သည်။ တောက်မိပြန်လည်း အရှိန်က ပြေခဲသည်။ အဲသည်မီးက သည်နေ့ထိတငွေ့ငွေ့လောင်နေဆဲ မြင်နေရသည်။ အချိန်မရွေး ထတောက်အောင် စီမံနိုင်ဖို့ လေနှင့်အလျဉ်မပြတ်မှုတ်ရင်း မီးပျိုးနေသူတွေကိုလည်း လုံ့လအားကောင်းကောင်းနှင့် ရှိနေကြဆဲဖြစ်ကြောင်း ကြားနေမြင်နေရဆဲရှိသည်။

ထို့ကြောင့်လည်း ဘာသာရေးလူမျိုးရေးကို အခြေခံပြီး ပဋိပက္ခဖြစ်ပွားမှု အများဆုံး ကမ္ဘာ့ငါးနိုင်ငံစာရင်းထဲတွင် မြန်မာနိုင်ငံက နာမည်ဆိုးနှင့် ထိပ်ဆုံးတန်းမှာ ရှိနေခဲ့ရသည်။




တကယ်တော့ သည်ပြဿနာကို မြန်မာနိုင်ငံတစ်ဝန်းလုံးကို လွှမ်းခြုံဖြစ်ပေါ်နေသည့် ဘာသာရေးပြဿနာဟု မသုံးသပ်ဘဲ ရခိုင်ပြည်နယ်နှင့် အခြားသော တိုင်းနယ်ပြည်နယ်များကို သီးခြားစီခွဲလျက် တစ်ခုချင်းစီကို ရှုထောင့်ပြောင်းပြီး ကြည့်သင့်သေးသည်ထင်၏။ ထိုသို့ ရှုထောင့်ပြောင်းပြီး ကြည့်လိုက်သည်နှင့် အဖြစ်အပျက်မြင်ကွင်းများက သီးခြားစီခွဲ၍ ထွက်လာမည်ဟု မြင်သည်။

ရခိုင်ပြည်နယ်တွင် နေထိုင်ကြရသော ရခိုင်တိုင်းရင်းသားတွေအတွက်မူ ခိုးဝင်ဘင်္ဂါလီများ ပြဿနာက သေရေးရှင်ရေးတမျှအ ရေးကြီးနေသည် အမှန်ဖြစ်၏။ ရခိုင်ပြည်နယ်ထဲသို့ နည်းမျိုးစုံဖြင့် ဝင်ရောက်အခြေချနေကြသော ဘင်္ဂါလီဦးရေကပင် တစ်သန်းပတ်ဝန်းကျင်ရှိလာသည့်အပြင် ဘူးသီးတောင်နှင့် မောင်တောလိုနေရာမျိုးတွေမှာ ဘင်္ဂါလီကပင် လူများစုဖြစ်နေပြန်သေးသည့်အခါ အနောက်တံခါးဝတွင် နေထိုင်ကြရသည့် ရခိုင်တိုင်းရင်းသားများအနေဖြင့် ရခိုင်မြေကို ဘင်္ဂါလီ မျိုသွားနိုင်သည့်အန္တရာယ်အား စိုးရိမ်ပူပန်ကြမည်မှာ အလွန်သဘာဝကျသည့် ကိစ္စဖြစ်သည်။

ခြံစည်းရိုးချင်းကပ်နေလျက် လူဦးရေ သန်း ၁၆၀ ကျော်ရှိကာ နိုင်ငံဧရိယာကျဉ်းလွန်းလှသော ဘင်္ဂလားဒေ့ရှ်လို လူဦးရေ ပေါက်ကွဲနေသည့် နိုင်ငံထဲမှ ပြိုပြီး အန်ထွက်လာမည့် ဘင်္ဂါလီလူမျိုးများကိစ္စကို တာဝန်ရှိအစိုးရကသာ ဥပဒေအရ ပြတ်ပြတ်သားသားကိုင်တွယ်ဖြေရှင်းခြင်း မပြုလျှင် ရခိုင်တိုင်းရင်းသားများနှင့် ရခိုင်ပြည်နယ်အတွက် ကြီးမားသော အန္တရာယ်ဖြစ်နေမှာ အမှန်ဖြစ်သည်။

လက်ရှိ ရခိုင်ပြည်နယ်ထဲသို့ ရောက်ရှိနေကြသော သန်းဂဏန်းမျှရှိနေပြီဖြစ်သည့် ဘင်္ဂါလီလူမျိုးများ ပြဿနာ၏လက်သည်တရားခံအစစ်သည် အဆက်ဆက်သော အစိုးရများသာဖြစ်၏ဟု ဆိုရသော်ငြားလည်း အထူးသဖြင့်ကား အဂတိထူပြောလှသော စစ်အစိုးရလက်ထက်တွင် ဘင်္ဂါလီလူမျိုးများစွာ ရခိုင်ပြည်နယ်ထဲသို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။ စစ်အစိုးရလက်ထက်တွင် ထုတ်ပေးခဲ့သော White Card ဟုခေါ်သည့် ယာယီနေထိုင်ခွင့် ကတ်တွေကိုကိုင်ကာ ၂၀၁၀ ရွေးကောက်ပွဲကိုပင် မဲပေးခွင့်ရခဲ့ကြသေးသည့် ဘင်္ဂါလီလူမျိုးဦးရေကပင် နည်းနည်းနောနော မဟုတ်ခဲ့။

ယခုတိုင် ထွေးမရအန်မရ ဖြစ်နေသည့် ရိုဟင်ဂျာ ပြဿနာကရော မည်သူတွေ ဖန်တီးလာခဲ့သည့်ပြဿနာပါနည်းဟု စဉ်းစားပြန်တော့လည်း ပြည်သူတို့၏ ရေရှည်အကျိုးစီးပွားထက် လက်ငင်းကိုယ်ကျိုးစီးပွားကိုသာ ကြည့်ခဲ့ကြသည့် အစိုးရအဆက်ဆက်တို့ မွေးခဲ့ကြသော မီးသာဖြစ်နေပြန်သည်။ ထို့ကြောင့် ထိုကိစ္စများကို ရှင်းလင်းတိကျအောင် ဆောင်ရွက်ရန်မှာ နိုင်ငံတော်အစိုးရ၏ တာဝန်သာဖြစ်၏။


စင်စစ်၌ မီးတငွေ့ငွေ့လောင်နေဆဲ ယခုပြဿနာသည် ဘာသာရေးတွင် အခြေခံသော ပြဿနာဆိုသည်ထက် လာဘ်ပေးလာဘ်ယူထူပြောရာမှ ပေါ်ပေါက်လာခဲ့သော လူဝင်မှုကြီးကြပ်ရေး၌ အခြေခံသည့် ပြဿနာသာဖြစ်သည်။

သည်ပြဿနာကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အသံလွှင့်ဌာနများက ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီလူမျိုးများအရေးကိစ္စကို ဘာသာရေးတွင်သာ ဦးစားပေးအခြေခံလျက် "လူနည်းစု မွတ်စလင်များ ပြဿနာ" ဟု အမည်တပ်ပြောနေကြသည်ကို မမှန်ဘူးဟု မြင်သည်။

အခြားသော တိုင်းနှင့် ပြည်နယ်များတွင် ယမန်နှစ်များက ဖြစ်ပွားခဲ့ကြသော လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများဆိုသည်ကလည်း ညောင်ဦးတွင်ပြိုသည့်ကမ်းပါးကို လေဖမ်းအန်းစီးကာ အိမ်ကနွားမ ပေါင်ကို ရိုက်ချိုးကြသည့် အဖြစ်မျိုးမြေခွေးနှင့် သိုးငယ် ပုံပြင်လိုစားလို၍ အကြောင်းရှာခြင်းမျိုးဟုသာ မြင်စရာရှိသည်။

**အချပ်ပို** (A6) **သို့**

7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014



*တာရိုးဘေး ကျူးကျော်တဲတွင် နေထိုင်လျက်ရှိသည့် ဦးစံထွန်း*

ဓာတ်ပုံ – ဖိုးစမ်းချောင်း (GG)

# တိမ်ဖုံးနေသော ဒီမိုကရေစီကောင်းကင်ထက် မှိန်ပျပျငွေကြယ်ပွင့်လေးများ

**ဖိုးစမ်းချောင်း** (GG)

“ငါ့အဖေလည်းဒီမြစ်ကမ်းဘေးမှာနေပြီး သဲထမ်းခဲ့တာပဲ။ ငါလည်း အခု သဲထမ်းနေတယ်။ ငါ့သားနဲ့ သမီးလည်း သူတို့ကြီးလာရင် သဲထမ်းရုံကလွဲလို့ဘာများဖြစ်လာဦးမှာလဲ”ဟု တငြိမ့်ငြိမ့်စီးဆင်းနေသည့် ဧရာဝတီမြစ်ကြီးကို မျှော်ကြည့်ရင်း လေးလေးပင်ပင်ပြောလိုက်သူက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၂၆)ဘီလမ်းအနောက်တည့်တည့်ရှိတာရိုးဘေးတွင် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ဝန်းကျင်ကတည်းက နေထိုင်လာခဲ့သည့် ဦးစံထွန်း။ သူ့အသက်(၅၀)ကျော်ရှာပြီ။ အခုထိသဲထမ်းနေရတုန်းဖြစ်သည်။ ကြမ်းရှရှလက်ဖဝါးများကိုမြင်လိုက်ရုံဖြင့် သူတို့ဘဝမည်မျှကြမ်းရှခဲ့မည်လဲဆိုသည့် မေးခွန်းမေးစရာမလိုလှပေ။

တကယ်တော့သူ့ဇာတိသည် မန္တလေးမြို့ကမဟုတ်။ မကွေးတိုင်းအတွင်းရှိ ဇီးပင်သာဆိုသည့် ဒေသမှ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဟူသည့်ထုံး နှလုံးမူကာ မန္တလေးမြို့ပေါ်သို့ အလုပ်လာရှာကြသည့် မြောက်မြားလှစွာသော မိသားစုများထဲမှ မွေးဖွားလာသည့် အရပ်သားတစ်ယောက်သာဖြစ်သည်။ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး စသည့်ခေတ်သစ်ဒီမိုကရေစီနိုင်ငံတော်ကြီး၏ မြောက်မြားလှစွာသောမည်သည့်၊ အရေးကိုမှ စိတ်မဝင်စားနိုင်သည့် စိတ်မဝင်စားရှာသည့် သာမန်လူတန်းစားများထဲမှတစ်ယောက်ဖြစ်သည်။

သူတို့အားလုံးစိတ်ဝင်စားသည်မှာ နေရေးနှင့် စားရေး။ ဟုတ်ပါသည်။ ထမင်းတစ်နပ်စားနိုင်ရန် လွယ်ကူသော်လည်း စိတ်အေးလက်အေး ကျောခင်းနေနိုင်မည့် နေစရာမြေသေးသေးလေးတစ်ကွက်ကိုပင် မဝယ်နိုင်ရှာသေးသည့်၊ နောင်တွင်ဝယ်နိုင်ဖို့လည်း မလွယ်ကူလှသည့်၊ စည်ပင်ထွေအုပ်က မည်သည့်အချိန် မောင်းထုတ်မလဲဆိုသည်ကို ရင်တမမစောင့်နေရသည့် မန္တလေးမြို့ (၂၆)ဘီလမ်းအနောက်ဘက် မြို့တော်ဥယျာဉ်အနားရှိ အိမ်ထောင်စု ၂၀၀ နီးပါးမှ လူဦးရေ ၆၈၇ ဦးရှိသည့် ကျူးကျော်နေထိုင်သူများထဲက တစ်ဦးလည်းဖြစ်ပါသည်။

“၂၀၁၃ ဆယ်လပိုင်းတုန်းကလည်း ၁၀ ရက်နေ့နောက်ဆုံးထားပြီး ဖယ်ပေးရမယ်လို့ စည်ပင်က စာလာကပ်သွားတယ်။ အခုထိလာမဖယ်သေးပေမယ့်ဘယ်အချိန် ကိုယ့်အိမ်အဖျက်ခံရမလဲ ဆိုတာ ရင်တမမနဲ့ စောင့်နေရတာပဲ”ဟု ဦးစံထွန်းက ဖာတ်စုံခင်းသည်။

ယခုနှစ်ပိုင်းအတွင်း ကြားရဖတ်ရသော သတင်းများကလည်း သူတို့လို ကျူးကျော်များအတွက် စိတ်သက်သာစရာတစ်ကွက်မျှ မရှိလှပေ။ ရန်ကုန်၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းစသည့် တစ်နိုင်ငံလုံးရှိ ကျူးကျော်များကို တပ်ပိုင်မြေ၊ စည်ပင်ပိုင်မြေ၊ စီမံကိန်းမြေ စသည်စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ အတင်းအဓမ္မဖယ်ရှားခဲ့သည်မှာလည်း အထင်အရှားပင်မဟုတ်ပါလော။ သို့သော်လည်း ယင်းသို့ဖယ်ရှားရုံကာမျှဖြင့် ယင်းကျူးကျော်ပြဿနာများ ပြေလည်သွားပါပြီလား။ အစိုးရလူကြီးပိုင်းများ အောက်ခြေဆင်းကြည့်ဖို့ အချိန်တန်ပါပြီ။ ဘာမှ ဆုံးရှုံးစရာမရှိတော့သော လူတန်းစားတစ်ရပ်အနေဖြင့်အဆိုးဆုံး အခြေအနေကို ရင်ဆိုင်ရပြီဆိုလျှင် ထွက်ပေါက်ရှာမည်၊အားကိုးရှာမည်သာဖြစ်သည်။ ဒီမိုကရေစီမိုးဦးတွင် အပြိုင်းအရိုင်းပေါ်ထွက်လာသည့်၊ ကိုယ်ကျိုးစီးပွားကိုရှေးရှုသည့် အယောင်ဆောင်ကယ်တင်ရှင်မှိုပွင့်ကြီးများ မြန်မာပြည်အနှံ့ပွင့်နေပါသည်။ အားကိုးရာမဲ့လူတန်းစားအား ခိုနားလှည့်ပါဟု တစာစာဖိတ်ခေါ်နေသည့် အချိန်လည်းဖြစ်ပါသည်။

အစိုးရကို အားကိုးမရတော့သည့်အခြေအနေတွင် အပြောကောင်းသူများ၏ အသုံးချလမ်းစဉ်တွင် ပါဝင်သွားနိုင်ပါသည်။ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျူးကျော်ဖယ်ရှားရေးနှင့် ပတ်သက်သည့် ရှေးရိုးစွဲလုပ်နည်းကိုင်ဟန်များကို အလေးအနက်ပြန်လည်သုံးသပ်ကာဦးနှောက်မုန်တိုင်းဆင်ရမည့်အချိန် ဖြစ်ပါသည်။ ဤအရေးမသေးလှဆိုသည်ကို သတိချပ်ဖို့လိုပါပြီ။

“ဒီကျူးပြဿနာတွေကိုကြားလိုက်ရတဲ့အချိန်မှာ ကျွန်တော်တို့ဘာလုပ်နိုင်မလဲဆိုတာ ခေါင်းချင်းဆိုင်ကြတယ်။အထင်ရှားဆုံးတွေ့ရတဲ့အချက်တွေက ကျူးကျော်တွေဟာ ပညာကောင်းကောင်းမတတ်ကြဘူးဆိုတာပါပဲ”ဟု ပြောသူက မန္တလေးမြို့ခံတစ်ဦးဖြစ်သည့် ကိုစစ်ငြိမ်းအေး။

သူကမြန်မာပြည်အရပ်ရပ်ကကိုယ့်ထမင်းကိုယ်စားပြီးဘကြီးနွားအလကားကျောင်းပေးနေကြသည့် ပရဟိတလုပ်ငန်းကို မည်သည့်အကျိုးမှ မမျှော်ကိုးဘဲ တတ်စွမ်းသလောက်လုပ်ကိုင်နေသည့် လူငယ်များထဲမှတစ်ယောက်ဖြစ်ပါသည်။ ယင်းကဲ့သို့ပြဿနာများဖြစ်ပွားနေရခြင်းသည် အစိုးရ၏ ညံ့ဖျင်းမှုကြောင့်ဆိုသည်ကို ကောင်းကောင်းကြီး သဘောပေါက်သော်လည်း ရှေးရိုးစွဲနိုင်ငံရေးသမားကြီးများ၊ ခါတော်မီစာပေဟောပြောပွဲဆရာကြီးများကဲ့သို့ အစိုးရကိုသာ လက်ညှိုးထိုးအပြစ်တင်ဖို့ သူတို့တွေစိတ်မဝင်စားပါ။ မည်သည့်နေရာက နိုင်သလောက်ဝင်ကူရင်ကောင်းမလဲဟုသာ စဉ်းစားကြသည့် လက်တွေ့ဆန်သည့်လူငယ်များဖြစ်ပါသည်။ ၎င်းကဲ့သို့ စိတ်တူကိုယ်တူလူငယ်ဆယ့်သုံးယောက်စုကာ တစ်ဦးလျှင် ငွေကျပ်ငါးထောင်စီကနဦးမတည်ငွေထည့်ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ငွေကြယ်ပွင့်လေးများဟူသောအမည်ဖြင့် စာသင်စာကျက်ဝိုင်းတစ်ခုကို ထူထောင်လိုက်ကြပါသည်။

“ဆွေစဉ်မျိုးဆက်ကျူးကျော်နေထိုင်ရတဲ့ဘဝစက်ဝိုင်းထဲက ရုန်းထွက်နိုင်ဖို့အတွက် ပညာသည်သာ တစ်ခုတည်းသော အခွင့်အလမ်းလို့ ကျွန်တော်တို့ယုံကြည်ပါတယ်”ဟု ငွေကြယ်ပွင့်လေးများ စာကျက်ဝိုင်းကို ဦးစီးတည်ထောင်ပေးသည့် လူငယ်များက မျှော်လင့်ချက်အပြည့်ဖြင့် ဖွင့်ဟသည်။

ကျူးများ၏ သားသမီးများသည်လည်း ကျောင်းတက်ကြပါသည်။ သို့သော်လည်း ညနေခင်းကျောင်းဆင်းချိန်ဆိုလျှင် တခြားကျောင်းသား၊ ကျောင်းသူများကဲ့သို့ ကျူရှင်မတက်နိုင်ပါ။ စာမကျက်နိုင်ပါ။ မိဘအလုပ်ဖြစ်သော သဲထမ်းခြင်း၊ ပစ္စည်းသယ်ခြင်းတို့ကို နေဝင်မိုးချုပ်သည်အထိ လုပ်ကြရသည်။ မိုးချုပ်ပြီးနောက် စာကျက်မည်ဆိုလျှင်လည်း ပတ်ဝန်းကျင်အခြေအနေမပေးပါ။

**အချပ်ပို** A6 ❯❯

7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

# တိုကျို ခြေလှမ်းများ

မောင်သာချို



(တစ်)

တစ်ခါတွင် မိတ်ဆွေစာရေးဆရာတစ်ယောက်က မြန်မာနိုင်ငံရှိ လက်ဖက်ရည်ဆိုင်များအတွင်း၌ လူတွေအမြဲတမ်းပြည့်သိပ်ကျပ်ခဲစွာဖြင့် ရှိနေခြင်းနှင့်ပတ်သက်၍ အားမလိုအားမရဖြစ်သည့်လေသံဖြင့် စာတစ်ပုဒ်ရေးခဲ့ဖူးပါသည်။ ထိုဆရာက နှမြောစရာကောင်းလှသည့် အချိန်တို့ကို အလဟဿ ဖြုန်းတီးပစ်နေကြသည်ဟု ရှုမြင်ကာ အားမလိုအားမရဖြစ်ကာ မချင့်မရဲစိတ်ဖြင့် ရေးခဲ့ခြင်းဖြစ်ပုံရပါသည်။

သို့သော် လူငယ်တချို့က ယင်းကိုတုံ့ပြန်ခဲ့ကြပါသည်။ တုံ့ပြန်သည်မှ စာနှင့်ပေနှင့်ကို ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့ကြခြင်းဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင် ထိုင်တော့ ဘာဖြစ်သလဲဆိုသည့်လေသံမျိုး။

နိုင်ငံရပ်ခြားအတွေ့အကြုံရှိသူများကတော့ ဖွံ့ဖြိုးတိုးတက်ပြီးသည့် နိုင်ငံများတွင် နေကုန်နေခန်း စားပွဲခုံတစ်ခုခု၌ ကျောက်ချရပ်နားကာ ရေနွေးကြမ်းအိုး တစ်အိုးပြီးတစ်အိုးဖြင့် ထိုင်နေသူများ ဘယ်မှာမှမရှိကြောင်းကို ထောက်ခံပြောဆိုကြပါသည်။ လက်ဖက်ရည်သောက်ဖို့၊ ကော်ဖီသောက်ဖို့ ထိုင်လျှင်လည်း ခဏတစ်ဖြုတ်ပေါ့တဲ့။

အလုပ်လုပ်ချိန်၌ လူတွေကို လမ်းပေါ်မှာ (သို့မဟုတ်)လက်ဖက်ရည်ဆိုင်ထဲမှာ မြင်ရခဲသည့် နိုင်ငံများထဲတွင် ဂျပန်နိုင်ငံလည်း ပါဝင်လိမ့်မည်ထင်ပါသည်။အထူးသဖြင့် တိုကျိုလိုမြို့တော်ကြီးမှာပေါ့။ လုပ်ငန်းခွင်တစ်ခုခုရှိရာဆီသို့ ကသုတ်ကရက်ဖြင့် အပြေးအလွှား သွားရောက်နေသူများကို နေရာတိုင်း၊ အချိန်တိုင်းမှာ တွေ့နေရသည်ကတိုကျိုပဲဖြစ်ပါသည်။

(နှစ်)

တိုကျိုမြို့က ပလက်ဖောင်းတွေကကောင်းပါသည်။ လမ်းမကျယ်ကြီးများကိုမဆိုထားနှင့် လမ်းကြိုလမ်းကြား လမ်းသေးလမ်းမွှားကလေးတွေကအစ ရေနွေးကြမ်းပန်းကန်တစ်လုံးစာချိုင့်ခွက်ကို ဘယ်လိုမှရှာမရနိုင်သည့် လမ်းများကို ပလက်ဖောင်းများက ကွပ်ညှပ်ပေးထားပါသည်။

ပလက်ဖောင်းတွေက ရောင်စုံ။ နီတီတီတွေရော၊ ညိုတိုတိုတွေရော၊ ပြာတာတာတွေရော၊ စိမ်းတိမ်းတိမ်းတွေရော။ လမ်းလျှောက်၍ဖြစ်ရုံခင်းထားခြင်းမျိုးမဟုတ်ဘဲ မျက်စိပသာဒရှုမျှော်၍ မဝအောင်ခင်းထားသည့် ပလက်ဖောင်းတွေဖြစ်ပါသည်။ တမင်ဖုထားသည့် အုတ်ခဲများဖြင့် ခင်းထားသည့် ပလက်ဖောင်းများပေမို့ လူတစ်ယောက်လျှောခနဲ၊ ဒိုင်းခနဲချော်လဲကျသွားဖို့ ဆိုသည်မှာ တော်တော့ကို မဖြစ်နိုင်သည့် ပလက်ဖောင်းများဖြစ်ပါသည်။ ပလက်ဖောင်းပေါ်မှာ အပေါက်ကြီးတွေမရှိ။ ကိုးရိုးကားရားမြောင်းဖုံးကြီးတွေမရှိ။ ကိုးလိုးကန့်လန့်အဟန့်အတားတွေမရှိ။ လမ်းဘေးဈေးသည်တွေမရှိ။ အမှိုက်သရိုက်တစ်စမရှိ။ ကွမ်းတံတွေးမရှိ။

အထူးသဖြင့် မျက်မမြင်တို့ တုတ်ဖြင့်ထောက်ပြီး စမ်းလျှောက်သွားနိုင်စေရန်အတွက် ပလက်ဖောင်းတိုင်း၌ မျက်မမြင်လမ်းကလေးများကို ဖုန်၍ထည့်သွင်းကာခင်းပေးထားမြဲဖြစ်ပါသည်။ ကားလမ်းမကို ဟိုဘက်သည်ဘက်ဖြတ်ကူးကြရသည့် လမ်းဆုံလမ်းခွ လိုနေရာမျိုးကအစ လူတစ်ယောက်စာ မျက်မမြင်လျှောက်လမ်းများကို အဖုကလေးများနှင့် တွေ့နိုင်ပါသည်။

ဒါဆိုရထားဘူတာရုံက ပလက်ဖောင်းတွေကတဲ့ရော။ မျက်မမြင်လမ်းကလေးတွေနှင့်ပဲဖြစ်ပါသည်။ တုတ်ဖြင့်ပဲထောက်စမ်းစမ်း၊ ဖိနပ်ဦးဖြင့်ပဲထိုးစမ်းစမ်း၊ ဖုနေသည့်လမ်းကို လွယ်လွယ်ကလေး ထိစမ်း၍ရနိုင်ပါသည်။ ပြောရလျှင် လမ်းတိုင်းလမ်းတိုင်းမှာ မျက်မမြင်လျှောက်လမ်း ကလေးတွေက ယှဉ်တွဲလျက်ဟု ဆိုပါတော့။

ပြောရလျှင် အဲသည့်လမ်းတွေပေါ်ကနေ ဂျပန်နိုင်ငံသားတို့ သုတ်သုတ်သုတ်သုတ်နှင့် သွားနေကြခြင်းပဲဖြစ်ပါသည်။

(သုံး)

တိုကျိုမြို့က လူတွေလမ်းလျှောက်နေပုံက အမြဲတမ်းသေရေးရှင်ရေးကိစ္စတစ်ခုခုအတွက် သွားနေပုံနှင့်တူပါသည်။

မြို့ပတ်ရထားကြီးတွေက သုံးမိနစ်ကို တစ်စီးနှုန်းနှင့် ဘူတာတိုင်းကိုဝင်ထွက်၍နေသည်။ သည်တစ်စီး လွတ်သွားလျှင် နောက်တစ်စီးစောင့်။ သုံးမိနစ်ကလေးသာ။ သို့သော် သူတို့မစောင့်နိုင်ကြ။ သုံးမိနစ်ထပ်မကြာသွားစေဖို့ရာ အခုဝင်လာနေသည့် ရထားကိုမီဖို့ပလက်ဖောင်းပေါ်မှာ ပြေးသွားနေသည့် တိုကျိုသားတွေကို မကြာခဏတွေ့နိုင်ပါသည်။ ငေးတိငေးမောထုံပေပေ ထိုင်းတိုင်းတိုင်းနှင့် လမ်းလျှောက်နေသူတွေကို တွေ့ဖို့မြင်ဖို့ဆိုသည်မှာ ဖြစ်တောင့်ဖြစ်ခဲ။

နေရာတိုင်းလိုလိုမှာ စက်လှေကား (Escalator)တွေရှိပါသည်။ တက်တဲ့စက်လှေကားက တက်။ ဆင်းတဲ့စက်လှေကားက ဆင်း။ တက်နေဆင်းနေသည့် စက်လှေကားပေါ်မှာကိုပဲ ပို၍မြန်မြန်တက်၊ ပို၍မြန်မြန်ဆင်းချင်သူတွေက ပြေးလွှားတက်ဆင်းလေ့ရှိရာပုံမှန်စက်လှေကားစီးသူတွေက ဘယ်ဘက်ကိုကပ်ပြီးရပ်ထား။ ညာဘက်သည် ပြေးလွှားဆင်းတက်သူတို့၏ လမ်းကြောင်း။ ဒါတိုကျိုမြို့တော်တွင်းသွားလာလှုပ်ရှားကြသူတိုင်း နားလည်ပြီးသား ခရီးသွားကျင့်ဝတ်။

တချို့နေရာများ၌ မြေပြင်ညီအတိုင်း ရွေ့လျားနေသည့် ရွေ့လျားစက်လှေကားများရှိပါသည်။ လူကတက်ရပ်ပြီး စီးသွားရုံဖြစ်ပါသည်။ သို့သော် တိုကျိုသားတွေ အားမရကြ။ လူသားထက်မြန်အောင် ရွေ့လျားနေသည့် စက်လှေကားတွေပေါ်မှာ ရပ်မနေဘဲ ထပ်၍ မြန်မြန်လျှောက်ကာ၊ အပြေးတစ်ပိုင်းလျှောက်ကာလိုရာကို မြန်မြန်ရောက်ဖို့ သွားနေကြပုံများကို တိုကျို၏ လူမှုဘဝ ရုပ်ပုံကားချပ်အဖြစ် မြင်တွေ့နိုင်ပါသည်။

သို့သော် သည်လောက်အထိ ရေးကြီးသုတ်ပျာသွားနေကြသော တိုကျိုမြို့တော်သားတွေက မီးပွိုင့်က လူရုပ်အနီကလေးပြထားလျှင်မူ ဘယ်တော့မှ ဖြတ်မကူး။ ကားတစ်စီးမှမရှိလည်း ဖြတ်မကူး။ လူရုပ်ကလေးစိမ်းတော့မှ ကားလမ်းကိုဖြတ်ကူးကြစမြဲ။

အလုပ်အလုပ်အလုပ်၊ ငွေငွေငွေဆိုသည့်ဘဝယန္တရားကြီး၏ အသော့နှင်သည့် ဇာတ်ဝင်ခန်းကြီးထဲတွင် တိုကျိုသားတို့ မနားမဟုတ်။ နားပါသည်။ အလုပ်ကိစ္စများပြီးဆုံးသောအခါ စားသောက်ဆိုင်တွေထဲမှာ အေးအေးလူလူနားပြီး ကောင်းကောင်းစားကြစမြဲဖြစ်ပါသည်။

သို့သော် အလုပ်ချိန်ထဲမှာကတော့ တယ်လီဖုန်းကိုပင် တဆွေးတနွေးမပြောလိုကြ။ အလုပ်အလုပ်အလုပ်။ ငွေငွေငွေ။

(လေး)

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက သူများတွေက ခြေတစ်လှမ်းလှမ်းရင် ကျုပ်တို့က လေးငါးဆယ်လှမ်းဟူ၍ မိန့်ခွန်းတစ်ခုထဲမှာထည့်သွင်းပြောကြားခဲ့ဖူးပါသည်။ အဘက်ဘက်က နောက်ကျ၍နေခဲ့ရရှာသည့် သူ့နိုင်ငံကလေး၏ အနာဂတ်ကမ္ဘာ့အလယ်တွင် ညှိုးငယ်မှာကိုစိုး၍ ပြောခဲ့ခြင်းပင်ဖြစ်ပါသည်။ အခုတော့.. ။

တိုကျိုခြေလှမ်းများကိုကြည့်ကာ နှေးနှေးကွေးကွေး၊ အေးအေးလူလူ၊ ငိုင်တိငိုင်တိုင်၊ ထိုင်းတိုင်းတိုင်း၊ မှိုင်းတိုင်းတိုင်း၊ လေးတိလေးကန်၊ ဖင့်ဖင့်နွဲ့နွဲ့ဖြင့် လျှောက်လှမ်းနေသည့် ကိုယ့်မြေကိုယ့်ရေက ခြေလှမ်းတို့ကို ဘယ်လိုများ မြန်နှုန်းမြင့်လာအောင်လုပ်ရရင်ကောင်းမလဲဟု စဉ်းစားကြည့်ချင်စရာဖြစ်ပါသည်။

သြော်… ခြေလှမ်းကောင်းကောင်းတွေလျှောက်လှမ်းနိုင်ဖို့က လမ်းကောင်းကောင်းတွေကို အရင်ဆုံးခင်းပေးထားပြီးဖြစ်ရမည်ပဲ မဟုတ်ပါလား။ ။

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ဉာဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ ချစ်ဝိုင်း၊ ဖွဲ့မာန်၊ ဇော်မျိုးလှိုင်၊ နိုင်လင်းအောင်၊ ငွေလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဂီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ဆရာကျော်ကိုချစ်၍ ကိုကိုနိုင်ကို ခွင့်လွှတ်သည်

**မြင့်မိုရ်ဆွေ**



(၆၉) နှစ်မြောက်တပ်မတော်နေ့ကိုကြိုဆိုသောအားဖြင့် စာရေးသူဟာ ဆရာမင်းသုဝဏ်ရဲ့ "ပျဉ်းမငုတ်တို"ကဗျာနဲ့ ဆရာဒဂုန်တာရာရဲ့ "နှင်းယွန်းဂိမှာန်"ကဗျာနှစ်ပုဒ်ကို ရွေးချယ်ပြီး စာရေးသူရဲ့ မြေများကို ရွတ်ဆိုပြခဲ့ပါတယ်။ ဒီကဗျာနှစ်ပုဒ်က စာရေးသူတို့ ကျောင်းသားအရွယ်ငယ်ဘဝက ပင် ရင်ထဲစွဲနစ်နေခဲ့တဲ့ ကဗျာတွေဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံးနဲ့ တပ်မတော်တို့ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆင်နွှဲခဲ့ကြတဲ့ ဖက်ဆစ်တော်လှန်ရေးကို မော်ကွန်းတင်ထားပြီး အလွန်ရသမြောက်စွာ ရေးဖွဲ့ခဲ့တဲ့ ကဗျာဆရာကြီး နှစ်ဦးရဲ့ ဂန္ထဝင်ကဗျာများအဖြစ် မြေများကို လက်ဆင့်ကမ်းရွတ်ဆိုပြခဲ့ခြင်းဖြစ်ပါတယ်။

နှင်းယွန်းဂိမှာန်ကဗျာမှာ "သည်ချိန်ရောက်တိုင်း၊ မြေအောက်လျှို့ဝှက်၊ ထိုလက်နက်ဖြင့်၊ ချိန်းချက်ထကြွ၊ ခုခံကြသည့်၊ ဖော်ပြသဏ္ဍာန်၊ ကြေးမုံမှန်လျှင်၊ တော်လှန်ရေး၏ နိမိတ်တည်း" လို့ တစ်မျိုးသားလုံး အချိန်းအချက်ဖြင့် ထကြွခုခံတွန်းလှန်ခဲ့ကြတဲ့ ဖက်ဆစ်တော်လှန်ရေးကို သရုပ်ဖော်ပြခဲ့တာတွေ့နိုင်ပါတယ်။ "ပျဉ်းမငုတ်တို"ကဗျာမှာလည်း "စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ်၊ ဓားထစ်လည်းခံ၊ နေလျှံလည်းတိုက်၊ မငိုက်ဦးခေါင်း၊ နွေသစ်လောင်းသော်၊ ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍၊ လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်၊ အသင်ယောကျ်ားကောင်းတကား"လို့ သမိုင်းတစ်လျှောက် နယ်ချဲ့ရန်၊ စစ်ဘေးဒဏ်၊ ဖက်ဆစ်ရန်စတဲ့ အန္တရာယ်ဆိုးများကြားမှ တွန်းလှန်နိုးထပြီး ယနေ့အထိ ငယ်ရုပ်ဆင်လှပနေတဲ့ မြန်မာနိုင်ငံရဲ့ ပုံရိပ်ကို ဂုဏ်ပြုဖွဲ့ဆိုထားတာမို့ အဖိုးမဖြတ်နိုင်တဲ့ ကဗျာတွေဖြစ်ပါတယ်။အထူးသဖြင့်ဒီကဗျာတွေထဲက အရေးကြီးတဲ့ ကောက်ချက်ကို ဆွဲထုတ်ရရင် တိုင်းရင်းသားပြည်သူတွေနဲ့ တပ်မတော်ဟာ ခေတ်အဆက်ဆက်မှာ "အရေးကြီးပြီ သွေးစည်းကြစို့"ဆိုတဲ့အတိုင်း ရန်အသွယ်သွယ်ကို လက်တွဲတွန်းလှန်ပြီး အမိနိုင်ငံအား ထာဝရငယ်ရုပ်ဆင်နိုင်ဖို့ ကြိုးပမ်းခဲ့ကြတယ်ဆိုတဲ့ ဝိသေသဂုဏ်ရည်ပဲဖြစ်ပါတယ်။

ပြည်သူနဲ့ တပ်မတော်တို့ရဲ့ စည်းလုံးညီညွတ်မှုရေချိန်မြင့်မားရင် တိုင်းပြည်စွမ်းအားမြင့်မားပြီး ရေချိန်နိမ့်ရင် တိုင်းပြည်စွမ်းအားကျဆင်းမယ်လို့လည်းပြောချင်ပါတယ်။ ဒီနေရာမှာ စာရေးသူရဲ့ ပုဂ္ဂလိက ခံစားချက်နဲ့ အမြင်ကို တင်ပြချင်ပါတယ်။ စာရေးသူဟာ မူလတန်း၊ အလယ်တန်းနဲ့ တက္ကသိုလ်ဝင်တန်းကျောင်းသားဘဝ တစ်လျှောက်လုံးဗိုလ်ရှူး ရှူးခဲ့သူတစ်ယောက်ဖြစ်ပါတယ်။ ဆရာမြို့မငြိမ်းရဲ့ နတ်သျှောင်နှောင်သီချင်းကို ကျောင်းသားဘဝကတည်းကအလွတ်ဆိုပြီး ကိုယ်ကြိုက်တဲ့ ကောင်မလေးတွေ တွေ့ရင် မင်းတို့တစ်တွေ နတ်သျှင်နှောင်သီချင်းထဲက အတိုင်း "စစ်မြေမှာ ကြာညောင်း၊ ဟောင်းရက်ရှည်ရောက်မယ်အထင်နဲ့၊ မျှော်တဲ့သူ ဗျာပွေ၊ တတွေးတွေးနဲ့ ဆွေးရှာ ရှော့မယ်လေ"ဆိုတာလို တစ်နေ့မှာ ရှေ့တန်းက ဗိုလ်ကြီးဖြစ်တဲ့ ငါ့ကို မျှော်ပြီး ဆွေးနေကြရှာမှာလို့ စိတ်ကူးယဉ်နေခဲ့မိသူပါ။ အမှန်တော့ သူတို့က ကိုယ့်ကို ဖုတ်လေတဲ့ ငါးပိရှိတယ်လို့ မထင်ကြပါဘူး။ ကိုယ့်ဟာကိုယ် ဗိုလ်ရှူးစိတ်နဲ့ အတွေးနယ်ချဲ့ပြီး ခံစားနေခဲ့မိတာပါ။ တက္ကသိုလ်ကို ရောက်တော့ အရန်တပ်ရင်းထဲ ဝင်ခဲ့ပါတယ်။ နွေရာသီ Camp ထွက်တော့ ရှေ့တစ်လက်မ နောက်ပြောင်ဆံပင်နဲ့ စစ်သားဘဝကို တစ်လတိတိ အပီအပြင်နဖူးတွေ့၊ ဒူးတွေ့ ပျော်မွေ့ပြီး စစ်ရေးပြနဲ့ လက်နက်ငယ်သင်တန်းကို စိတ်ပါလက်ပါလေ့ကျင့်ခဲ့ပါတယ်။ စစ်စည်းကမ်းအတိုင်း ရဲဘော်လစာ ၄၅ ကျပ်နှင့် ပဲဟင်းစားရတာကို ပျော်နေခဲ့မိပါတယ်။

ဒီလိုနဲ့ ပြုန်းဆို ၁၉၆၂ ခု၊ မတ်လ ၂ ရက်မှာ တပ်မတော်အာဏာသိမ်းပြီး ဇူလိုင် ၇ ရက်မှာ တက္ကသိုလ်ကျောင်းသားတွေကို ပစ်သတ်တဲ့ အနိဋ္ဌာရုံအဖြစ်ဆိုးကြီးနဲ့ ကြုံရပါတော့တယ်။ စာရေးသူဟာ ဥပစာ ဒုတိယနှစ် (နေ့ကျောင်းသား)(Day Student) ဖြစ်ပြီး အဲဒီနေ့မှာ ကျောင်းသားတွေ ဆန္ဒပြတာကို မနက်ပိုင်း ပါဝင်အားပေးပြီး နေ့လယ်ပိုင်းမှာ အေးအေးဆေးဆေးအိမ်ကိုပြန်သွားခဲ့ပါတယ်။ စာထဲမှာ နှစ်မြုပ်ပြီး ဗိုလ်ရှူး ရှူးခဲ့တဲ့ စာရေးသူဟာ တက္ကသိုလ်ဆေးရုံရှေ့က သွေးကွက်တွေနဲ့ဖြိုခွဲခံရတဲ့ တက္ကသိုလ်သမဂ္ဂအဆောက်အအုံကို ဇူလိုင် ၈ ရက်နေ့ နံနက်မှာ ကြည့်ပြီး ဆို့နင့်ကြေကွဲခဲ့ရပါတယ်။ ၁၉၄၅ ခုနှစ်၊ ဖက်ဆစ်တော်လှန်ရေးမှာ စံချိန်တင်ပြီး ပြည်သူနဲ့ စည်းလုံးညီညွတ်ခဲ့တဲ့ တပ်မတော်ကြီးဟာ ပြည်သူတွေရဲ့ ရင်သွေးတွေကို သတ်တဲ့ လူသတ်သမားဖြစ်သွားလေပြီလို့ ရင်ထဲမှာ နာနာကြည်းကြည်းခံစားခဲ့ရပါတယ်။ ဗိုလ်ရှူးတဲ့ အရှိန်တွေလည်းလျော့ကျခဲ့ရပါတယ်။ နောင်ရင့်ကျက် လာတဲ့ အချိန်မှာတော့ တပ်မတော်ကြီးမှာမပြစ်မရှိ။ တစ်သွေးတစ်သံ တစ်မိန့်နဲ့ ဖွဲ့စည်းထားတဲ့ တပ်မတော်မှာ ခေါင်းဆောင်တဲ့ ပုဂ္ဂိုလ်သာ အဓိကတရားခံလို့ ပြတ်ပြတ်သားသား ရှုမြင်လာခဲ့ပါတယ်။ အမှန်တော့ မြန်မာ့သမိုင်းမှာ ပြည်သူနဲ့ တပ်မတော်အကြား ထုထည်ကြီးမားစွာ တည်ရှိခဲ့တဲ့ ချစ်ကြည်မှုဟာ အဲဒီအချိန်က စတင်ယိုယွင်းလာပြီး နိုင်ငံတော်ရဲ့ စွမ်းအားတွေ ဘက်စုံကျဆင်းမှုဟာလည်းစတင်သန္ဓေတည်လာတော့တာပါပဲ။ ဒါကြောင့် ပြည်သူနဲ့ တပ်မတော်အကြား ချစ်ကြည်မှု မခိုင်မာရင် ဘာစနစ်ထောင်ထောင် မအောင်နိုင်ဘူးဆိုတာ အလေးအနက်ယုံကြည်ခဲ့ပါတယ်။


ဗိုလ်ချုပ်ကြီး နေဝင်းဟာလည်းနောင် (၂၆) နှစ်ကြာတဲ့ အချိန်မှာတ.က.သ အဆောက်အအုံကို ဗုံးခွဲခဲ့တာနဲ့ ပတ်သက်ပြီး သူအမိန့်ပေးခဲ့တာ မဟုတ်ပါဘူးလို့ ဖြေရှင်းခဲ့ရှာပါသေးတယ်။ အမှားလုပ်ရပ်လို့သိမြင်ပြီး သမိုင်းတရားခံမဖြစ်အောင် ရှန်းထွက်ဖို့ ကြိုးစားခဲ့ပေမယ့် ပြည်သူတွေအားလုံးက သူ့ကို မယုံကြည်တော့ပါဘူး။

**စာမျက်နှာ(၃၂) သို့**

# Business

7DAY NEWS JOURNAL

Vol.13, No.5 • APRIL 2 , 2014

| Brand | မော်ဒယ် | ယခင်နှုန်း | ယခုနှုန်း |
|---|---|---|---|
| တိုယိုတာ(ဘယ်တာ) | ၂၀၀၉ | ၁၄၅ သိန်း | ၁၃၈ သိန်း |
| တိုယိုတာ(ဗစ်) | ၂၀၀၇ | ၁၁၀ သိန်း | ၁၀၃ သိန်း |
| Range rover | ၂၀၁၃ | ၆၅၀ သိန်း | ၆၄၅ သိန်း |
| ဖို့ဒ် မြူဆန် | ၂၀၁၁ | ၃၆၀ သိန်း | ၃၅၅ သိန်း |
| လန်ခရူဇာ | ၂၀၀၆ | ၂၆၀ သိန်း | ၂၅၅ သိန်း |
| ကယ်ဒီးနား | ၂၀၀၈ | ၂၀၀ သိန်း | ၁၉၅ သိန်း |

*ယာဉ်ရောင်းဝယ်ရေးစခန်းရှိ ကားများကိုတွေ့ရစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

## ကညန အခွန်နှုန်းထားလျှော့ချလိုက်၍ ကားဈေးများစတင်ကျဆင်း

**မိုးညို**

**ရန်ကုန်၊ မတ်-၃၁**

ဧပြီ ၁ ရက်မှစပြီး အသက်ဝင်မည့် ယာဉ်မှတ်ပုံတင်နှုန်းထားအသစ်များကြောင့် ပြည်တွင်းကားဈေးကွက်အတွင်း ဈေးနှုန်းများစတင်ကျဆင်းလာကြောင်း ကားလုပ်ငန်းရှင်များထံမှ သိရသည်။

"သင်္ကြန်ကျော်မှ ဈေးစကျမယ်ထင်တာ။ အခု ဒီတစ်ရက်နှစ်ရက်အတွင်းကို ဈေးကဆက်တိုက်ကျလာတာ"ဟု ရွှေကမ္ဘာကားအရောင်းပြခန်းမန်နေဂျာ ဦးမြင့်စိုးကပြောသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကားတင်သွင်းပြီးပါက ယာဉ်မှတ်ပုံတင်ခနှင့် FOB အခွန်နှုန်းထားများ လျှော့ချလိုက်ခြင်းကြောင့် ၁၃၀၀ စီစီအင်ဂျင်ပါဝါကားငယ်များ ဈေးဆက်တိုက်ကျဆင်းလာခြင်းဖြစ်သည်ဟု အထက်ပါမန်နေဂျာက ဆိုသည်။

အခွန်နှုန်းထားသစ်များအရ Range Rover 2013 model ကို ယခင်နှုန်းကျပ် ၁၇၈ သိန်းမှ ယခု ၁၄၂ သိန်း။ Chevy Camaro, 2010 model ကိုကျပ် ၂၄၇ သိန်းမှ ၁၉၇ သိန်း။ Ford Mustang, 2011 model ကို ကျပ် ၁၇၈ သိန်းမှ ၁၄၂ သိန်း။ Harrier 2005 model ကို ကျပ် ၃၅ သိန်း မှ ၂၈ သိန်း။ Land Cruiser (Petrol) ကို ကျပ် ၅၁ သိန်းမှ ၅၁ သိန်း။ Caldina 2000 ကို ကျပ် ၁၇ သိန်းမှ ၁၀ သိန်းအထိသာအခွန်ပေးဆောင်ရမည်ဟု ကညနက ထုတ်ပြန်ထားသည်။

ထို့ကြောင့် ၁၃၅၀ စီစီကားများမှာ ယခင် ကညနခွန်ကျပ်သိန်း ၂၀ ဝန်းကျင်မှ ယခုကျပ် ၁၂ သိန်းဝန်းကျင်လျှော့ချလိုက်သဖြင့် ဈေးကွက်တွင် ကျပ်ရှစ်သိန်းကျော်သက်သာသွားနိုင်ကြောင်း ကညန၏ အခွန်အပြောင်းအလဲပေါ်မူတည်၍ ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်သည်။

လက်ရှိတွင် အေဒီဗန်၊ ပရိုဘောက်စ်၊ ဟွန်ဒါဖစ်၊ ကော့၊ တိုယိုတာ၊ အော့စယို အစရှိသော အင်ဂျင်ပါဝါကားငယ်များမှာကျပ်ငါးသိန်းမှ ၁၀ သိန်းကျော်အထိ ဈေးနှုန်းများကျဆင်းသွားကြောင်း မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားဝယ်ရောင်း ကိုကျော်စွာစိုးက ပြောသည်။

"သင်္ကြန်ပြီးရင် ဒီထက်ဈေးကျနိုင်တယ်။ စလစ်ဈေးမကျတာကတော့ အရမ်းဆိုးတယ်ဗျာ"ဟု ၎င်းက ပြောသည်။

တစ်ဖက်တွင်လည်းယာဉ်အိုယာဉ်ဟောင်းစနစ်အရ လက်ခံနေသည့် စလစ်ဈေးကျခြင်းမရှိ၍ မော်ဒယ်မြင့်ကားတင်သွင်းလိုသူများအခက်တွေ့လျက်ရှိနေသည်။

ကားဈေးဆက်တိုက်ကျဆင်းဖွယ်ရှိသလို စလစ်ဈေးလည်း ထပ်မံကျဆင်းစေလိုကြောင်း ကားဝယ်ရောင်းများက ဆိုသည်။

ယခု ကညန၏ အခွန်နှုန်းထားသစ်တွင် အင်ဂျင်ပါဝါ ၂၀၀၀ ကျော်ကားများ အခွန်အနည်းငယ်လျှော့ချလိုက်ခြင်းကြောင့် ပျမ်းမျှအားဖြင့် ကျပ်သုံးသိန်းမှ ငါးသိန်းဝန်းကျင်သာ ဈေးကျဖွယ်ရှိကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၀ | ၉၇၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၅၆ | ၇၆၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၁၅ | ၁၃၃၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၇ | ၂၉. ၈ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၄ | ၁၅၆ | ကျပ် |

၂၀၁၄ မတ်လ ၃၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၆၀၀၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၂၇၀ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၂.၇၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၂၁၀၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၉.၈၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၅၈၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၉.၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၂၇၀ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၄၈ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၃၅၅.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၅.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄.၇၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၅၇၇ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၀၈၁၁ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၅၄၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၁၀၅၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၅.၇၉၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၉၄.၄၀ |
| ရေနံစိမ်း | စည် | ၁၀၇.၉၈ |
| ငွေ | အောင်စ | ၁၉.၇၆ |
| ကြေးနီ | ပေါင် | ၃.၀၆ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၄၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ မတ်လ ၂၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

# ဝန်ကြီးဌာနအလိုက် တိုးတက်မှု ခန့်မှန်းခြေစာရင်း အားနည်းချက်များရှိနေ

**ပြည်သိမ်း**

**ရန်ကုန်၊ မတ်-၃၁**

ဝန်ကြီးဌာနအလိုက် အသားတင်ထုတ်လုပ်မှု တန်ဖိုးနှင့် ဝန်ဆောင်မှုတန်ဖိုးများ သတ်မှတ်ရာတွင် အခြေခံတိုင်းတာမှုစနစ်မှာ ပြည်သူလူထုအပေါ် အခြေပြုစနစ်ဖြင့်ကောက်ခံရန် လိုအပ်ကြောင်း မြန်မာ့အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ အကြီးတန်းသုတေသီ ဦးတင်မောင်သန်းက ပြောကြားသည်။

ဝန်ကြီးဌာနအလိုက် တိုးတက်မှုစာရင်း ကောက်ခံရာတွင် ပြည်သူလူထုခံစားရသည့် ဝန်ဆောင်မှုများအပေါ် အခြေခံကောက်ယူခြင်းထက် အခြေခံအဆောက်အအုံ၊ ရုပ်ဝတ္ထုပစ္စည်းများအပေါ်မှာသာ အဓိကဦးတည်ကောက်ခံခြင်းမျိုးဖြစ်နေကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

“ခုအချိန်ထိ စာရင်းကောက်တာ ပြည်သူကို စနစ်တကျ မကောက်နိုင်သေးဘူး။ ဒါပေမဲ့ ဝန်ကြီးဌာနတွေအနေနဲ့ အနီးစပ်ဆုံးတော့ ကောက်ခံဖို့ ကြိုးစားခဲ့ကြတယ်” ဟု မြန်မာနိုင်ငံ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ပြည်သူ့လွှတ်တော်အမတ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ဝန်ကြီးဌာနများ ကောက်ယူထားသည့် စာရင်းများပေါ် အခြေခံ၍ ၂၀၁၄–၁၅ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေတွင် ပြည်ထောင်စုအဆင့်၌ ကဏ္ဍကြီး ၁၄ ခု ပါဝင်သည်။ ထိုကဏ္ဍများမှာ ၂၀၁၄–၁၅ ဘဏ္ဍာနှစ်တွင်ရရှိမည်ဟု ခန့်မှန်းထားသော ကိန်းဂဏန်းများဖြစ်သည်။

ဆက်သွယ်ရေးကဏ္ဍမှာ ၆၈ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးဖြစ်သည်။ ငွေရေးကြေးရေးကဏ္ဍမှာ ၂၃ ရာခိုင်နှုန်း ဒုတိယအများဆုံးဖြစ်ပြီး လူမှုရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍမှာ ၂၁ ရာခိုင်နှုန်းကျော် ဖြင့် တတိယအများဆုံးဖြစ်သည်။

ဝန်ဆောင်မှုကဏ္ဍတွင် ဆက်သွယ်ရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးမှု ၆၈ ရာခိုင်နှုန်းကျော်ဖြင့်တန်ဖိုး ၂၆၁၄ ဘီလီယံကျော်ရှိသည်။ ယခင် ဘဏ္ဍာနှစ်က တန်ဖိုးကျပ် ၁၅၄၇ ဘီလီယံကျော်သာ ရှိခဲ့သဖြင့် ကျပ် ၁၀,၀၀၀ ဘီလီယံကျော် ပိုများသည်။ ဝန်ဆောင်မှုကဏ္ဍတွင် ပို့ဆောင်ရေးကဏ္ဍ၏ တန်ဖိုးမှာ ကျပ် ၆,၆၇၅ ဘီလီယံကျော်ရှိပြီး ဝန်ဆောင်ကဏ္ဍတစ်ခုလုံးမှာ ကျပ် ၂၂,၁၁၁ ဘီလီယံကျော်ရှိသည်။

ဒုတိယအများဆုံးဖြစ်သည့် ငွေရေးကြေးရေးတန်ဖိုးမှာ ကျပ် ၁၂၇ ဘီလီယံကျော်နှင့် လူမှုရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍတွင် တန်ဖိုးကျပ် ၁၃၆၈ ဘီလီယံကျော် သတ်မှတ်ထားသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ဖွံ့ဖြိုးတိုးတက်မှုတွင် နေပြည်တော်ကောင်စီနယ်မြေက ၂၈ ရာခိုင်နှုန်းကျော်ဖြင့် တန်ဖိုးကျပ် ၁၂၉ ဘီလီယံကျော် ရရှိမည်ဟု မျှော်မှန်းထားသည်။

ဒုတိယအများဆုံးမှာ ချင်းပြည်နယ်ဖြစ်ပြီး ၂၆ ရာခိုင်နှုန်းကျော်ဖြင့် တန်ဖိုးကျပ် ၂၂၀ ဘီလီယံဖွံ့ဖြိုးရမည်ဟု ဥပဒေတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်မြို့မှာ ဖွံ့ဖြိုးတိုးတက်မှုနှုန်း ကိုးရာခိုင်နှုန်းကျော်ဖြင့် တန်ဖိုးကျပ် ၁၂,၀၀၀ ဘီလီယံကျော်ရှိမည်ဟု ဥပဒေတွင် ဖော်ပြထားသည်။




## တစ်နိုင်ငံလုံးတွင် စက်မှုလယ်ယာ ဧကငါးသောင်းခန့် ဖော်ထုတ်ပြီးဟုဆို

**သန်းထူး**

**နေပြည်တော်၊ မတ်-၃၁**

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် အဆင့်မြင့်လယ်ယာစနစ်ခေါ် စက်မှုလယ်ယာများ ဖော်ထုတ်လျက်ရှိရာ ဧကငါးသောင်းခန့် ဖော်ထုတ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

“စုစုပေါင်းဆိုရင်တော့ ဧကငါးသောင်းလောက်ရှိပြီ။ ဒါလည်း မပြီးသေးပါဘူး။ ဆက်ပြီး ဖော်ထုတ်ဦးမှာပါ။ တောင်သူလယ်သမားတွေကလည်း အတိုင်းအတာတစ်ခုအထိ စိတ်ဝင်စားလာတာတွေ့ရတယ်” ဟု စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူက မတ်လ၃၁ ရက်တွင်ပြောကြားသည်။

အစိုးရသစ်လက်ထက်တွင် မြေယာပြုပြင်ပြောင်းလဲရေး တစ်ရပ်အဖြစ် နေပြည်တော်ကို ဗဟိုပြုပြီး စက်မှုလယ်ယာစနစ်များ တစ်နိုင်ငံလုံးပျံ့နှံ့ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်အချို့၏ ဝေဖန်မှုနှင့် ရင်ဆိုင်နေရသည်။

လယ်သမားများ ဝင်ငွေတိုးတက်ရေးလုပ်ဆောင်ရာတွင် နေပြည်တော်တစ်ခုတည်းကိုသာ အားစိုက်နေပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများကို လျစ်လျူရှုထားကြောင်း မွန်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်သူ ဒေါက်တာ ဗညားအောင်မိုးက ပြောကြားသည်။

တိုင်း၊ ပြည်နယ်များတွင် နေပြည်တော်ကဲ့သို့ လုပ်ပေးရန်အတွက် အစိုးရတွင် ငွေကြေးအခက်အခဲရှိကြောင်း၊ ၎င်း၏ ဇာတိတွင်ပင် ဧကတစ်ရာထက်ကျော်လွန်ပြီး ဆောင်ရွက်ပေးရန် လယ်သမားများက တောင်းဆိုသော်လည်း လုပ်မပေးနိုင်ကြောင်း ဒုတိယသမ္မတ ဦးညဏ်ထွန်းက ယခုလ အစောပိုင်းတွင် အလျင်လိုရှာ၍ ပြောကြားခဲ့သည်။

စက်မှုလယ်ယာဖော်ထုတ်ခြင်းဖြင့် အားသာချက်များ ရှိသော်လည်း တစ်ဧကဖော်ထုတ်စရိတ် ငါးသိန်းကျပ်ခန့်ကို လယ်သမားများ စိုက်ထုတ်ရန် အခက်အခဲရှိသည့်အပြင် မြေပြန်လည်ခွဲဝေရာတွင်လည်း အငြင်းပွားမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း သတင်းရရှိသည်။

သို့သော်လည်း ပြည်ပတင်ပို့ရန် အရည်အသွေးကောင်းဆန်များ ထုတ်လုပ်နိုင်ရေး မိရိုးဖလာနည်းဖြင့် မရနိုင်သောကြောင့် စက်မှုလယ်ယာ ဖော်ထုတ်ခြင်းနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်ပညာပေးခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

7DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014



# ရာသီဥတုပြောင်းလဲမှု ပေးဆပ်ရမည့် အချိန်ရောက်ပြီ

ကြည်နေဝင်းမင်း



အမေရိကန်နိုင်ငံသားများမှာ ၎င်းတို့၏ တစ်သက်တာတွင် အအေးမြဆုံး ဆောင်းဥတုနှင့် ကြုံတွေ့ခဲ့ရသည်ဖြစ်ရာ ၎င်းတို့၏ စိတ်ကူးရေဒါထဲတွင် ကမ္ဘာကြီးပူနွေးလာမှုအကြောင်း ရှိချင်မှရှိပါလိမ့်မည်။ သို့သော် ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ပညာရှင်အဖွဲ့က အသစ်ထုတ်ပြန်သော အစီရင်ခံစာတွင်မူ ကမ္ဘာကြီးကြုံတွေ့နေရသော အကြီးမားဆုံး ခြိမ်းခြောက်မှုဟု သိပ္ပံပညာရှင်များက ခေါ်ဝေါ်သော ပြဿနာအပေါ် ပြည်သူလူထု၏ အချေအတင်ငြင်းခုံမှု ရှိလာစေရန် အာရုံစိုက်ထားသည်။

ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှု လျှော့ချရေး အလျင်အမြန် ကိုင်တွယ်ခြင်းမရှိခဲ့ပါက ရှေ့လာမည့်နှစ်ကာလများတွင် ကမ္ဘာ့စိုက်ပျိုးရေးကဏ္ဍ ဒုက္ခတွေ့တော့မည်ဟု ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာအစိုးရအဆင့်အဖွဲ့ (IPCC)က သတိပေးထားသည်။ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ ပညာရှင်များ၏စာတမ်းများအား အခြားပညာရှင်များက ပြန်လည်သုံးသပ်ထားသော စာတမ်းပေါင်းများစွာကို ချိတ်ဆက်လေ့လာ၍ ခုနစ်နှစ်တစ်ကြိမ် အစီရင်ခံစာ ထုတ်ပြန်သော အဖွဲ့က ကမ္ဘာမြေကြီး၏ အခြေအနေအပေါ် ရီပို့ကတ်တစ်စောင် ထုတ်ပြန်လိုက်သည်။

အဆိုပါ IPCC ရီပို့ကတ်မှာ မူဝါဒချမှတ်သူများအတွက် လမ်းညွှန်ဖြစ်သလို နိုင်ငံတကာအချေအတင် ဆွေးနွေးမှုများအတွက်လည်း အခြေခံဖြစ်သည်။ ယင်းတွင် လာမည့်နှစ် ပါရီမြို့၌ ကျင်းပရန် စီစဉ်ထားသော ကမ္ဘာကြီးပူနွေးလာမှုနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးဆိုင်ရာ ထိပ်သီးညီလာခံလည်း ပါဝင်သည်။

IPCC ၏ အစီရင်ခံစာတွင် ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ တနင်္ဂနွေနေ့တွင် တရားဝင်ထုတ်ပြန်မည်ဖြစ်သော်လည်း ရှေ့ပြေးကော်ပီတစ်စောင် ပေါက်ကြားခဲ့သည်။

ယခုထောင်စုနှစ် ကုန်ဆုံးချိန်တွင် ကမ်းရိုးတန်းဒေသများ ရေကြီးမှုနှင့် မြေဆုံးရှုံးမှုများကြောင့် လူသားသန်းပေါင်းများစွာ ထိခိုက်ပြီး ရွှေ့ပြောင်းနေထိုင်ကြရလိမ့်မည်ဟု IPCC အစီရင်ခံစာက ဟောကိန်းထုတ်ထားသည်။ ယင်းအစီရင်ခံစာမှာပင် ၂၀၁၀ ပြည့်နှစ်က အာရပ်နွေဦး အုံကြွမှုဖြစ်ပေါ်စေခဲ့သော ဂျုံဈေးနှုန်းမြင့်တက်မှုကဲ့သို့ စားနပ်ရိက္ခာဈေးနှုန်းကြီးမြင့်မှုများကို ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သော မိုးခေါင်ရေရှားမှု၊ ရေကြီးရေလျှံမှုများနှင့် ချိတ်ဆက်နေပုံကို တင်ပြထားသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ယခုရာစုနှစ်အတွင်း ကမ္ဘာကြီး၏ ကောက်ပဲသီးနှံ ထုတ်လုပ်မှုမှာ ဆယ်စုနှစ်တစ်ခုလျှင် ၂ ရာခိုင်နှုန်း ကျဆင်းပြီး လိုအပ်ချက်မှာ ဆယ်နှစ်တစ်ကြိမ် ၁၄ ရာခိုင်နှုန်း ပိုမိုလာမည်ဟု ခန့်မှန်းထား၍ စားနပ်ရိက္ခာဈေးနှုန်းများ ဆက်လက်မြင့်တက်မည်ဟုလည်း ခန့်မှန်းထားသည်။

ရာသီဥတုပြောင်းလဲမှုဒဏ် အများဆုံးခံစားရသော ဒေသများ၌ စားနပ်ရိက္ခာ မလုံလောက်မှုမှာ ပုံမှန်အခြေအနေသစ်တစ်ရပ် ဖြစ်လာမည်ဟု IPCC က ဆိုထားပြီး အာရှနှင့် အာဖရိကမှာ အကြီးမားဆုံး ထိခိုက်မည့် ဒေသများဟု ဖော်ပြသည်။

ယင်းတိုက်ကြီး နှစ်ခုလုံးတွင် မုတ်သုံမိုးရွာသွန်းမှုပုံစံများ ပြောင်းလဲပျက်ယွင်းနေပြီး အာဖရိကအရှေ့ပိုင်း၊ မြောက်ပိုင်း၊ တရုတ်နိုင်ငံနှင့် အိန္ဒိယ အနောက်ပိုင်း ခြောက်သွေ့ဒေသများတွင် သဲကန္တာရဖြစ်ပေါ်မှု ပိုမိုကျယ်ပြန့်လာခဲ့သည်။ ဟိမဝန္တာဒေသ ရေခဲညွှန်များနှင့် ရေခဲမြစ်များ တဖြည်းဖြည်း အရည်ပျော်ကျလာ၍ ရှေ့လာမည့်နှစ်များအတွင်း မဲခေါင်၊ ယန်စီ၊ ဂင်္ဂါ၊ ဗြဟ္မပုတ္တရာ စသော မြစ်ကြီးများ၏ မြစ်ဝှမ်းဒေသများ၌ ရေလွှမ်းမိုးမှုများ မကြာခဏ ဖြစ်ပေါ်ပြီး နောက်ပိုင်းတွင် ထာဝရ ရေခန်းခြောက်သွားမည့် ပုံစံသစ် ပေါ်ထွက်လာမည် ဖြစ်သည်။

သို့သော် ယခုအစီရင်ခံစာ၏ အကြီးမားဆုံး သတင်းအချက်အလက်မှာ ရာသီဥတု ပြောင်းလဲမှုကြောင့် ပေးဆပ်ရမည်ဟု ခန့်မှန်းထားသော တန်ဖိုးဖြစ်နိုင်ပါသည်။ အပူချိန် အနည်းအကျဉ်း (၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ်)ခန့် တက်လျှင်ပင် ကမ္ဘာ့စီးပွားရေးကုန်ထုတ်လုပ်မှုကို ၂ ရာခိုင်နှုန်း (တန်ဖိုးအားဖြင့် နှစ်စဉ် ကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံ) လျော့ကျသွားစေနိုင်သည်ဟု သိပ္ပံပညာရှင်များက ဆိုသည်။

ရာသီဥတုပြောင်းလဲမှု ကုန်ကျစရိတ်များတွင် စားနပ်ရိက္ခာဈေးနှုန်းများကြီးမြင့်ခြင်း၊ ကျန်းမာရေး အသုံးစရိတ်တိုးလာခြင်း၊ မုန်တိုင်းများ၊ မိုးခေါင်ရေရှားမှုနှင့် ရေလွှမ်းမိုးမှုများ မြင့်တက်လာခြင်း၊ မြေပေါ်မြေအောက် ရေအရင်းအမြစ် ခန်းခြောက်လျော့ပါးလာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်၍ ကမ်းရိုးတန်းဒေသများ ရေလွှမ်းမိုးကာ ကုန်းမြေဧရိယာ ဆုံးရှုံးခြင်းများ ပါဝင်သည်။

IPCC ၏ အစီရင်ခံစာ သုံးပိုင်းအနက် ပထမပိုင်းကို စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့စဉ်က ယခုရာစုနှစ် ကုန်ဆုံးချိန်တွင် ကမ္ဘာ့အပူချိန်သည် ၄ ဒီဂရီဆဲလ်စီးယပ်စ် မြင့်တက်နိုင်ကာ ယခုအချိန်မှာပင် ကမ္ဘာ့အပူချိန် ၀ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်စ် မြင့်တက်နေပြီဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်မှာ သုံးပေအထိ မြင့်လာနိုင်သည်ဟု ရှေးရိုးဆန်ဆန် လျှော့လျှော့ပေါ့ပေါ့ ခန့်မှန်းခဲ့သည်။ သို့သော် ယင်းသို့ လျှော့ပေါ့ခန့်မှန်းချက်ကပင် ရာသီဥတုသိပ္ပံအပေါ် မယုံကြည်သူများ၏ ဝေဖန်မှုများနှင့် ကြုံတွေ့ခဲ့ပြီး ပြီးခဲ့သည့် ဆယ်နှစ်တာအတွင်း အပူချိန်မြင့်မားလာမှုမှာမျှော်လင့်ထားသလောက် မရှိခဲ့၍ ကမ္ဘာကြီးပူနွေးလာမှု ရပ်တန့်သွားပြီဆိုသော အထောက်အထားဟု ၎င်းတို့က ပြောကြသည်။

သဘာဝပတ်ဝန်းကျင်အဖွဲ့များကမူ IPCC ၏ အစီရင်ခံစာ၌ စီးပွားရေးကုန်ကျစရိတ်တွက်ချက်ရာတွင် ပမာဏပြရန် ခက်ခဲသော ထိခိုက်ပျက်စီးမှုများကို ထုံးစံအတိုင်း ချန်လှပ်ထားခဲ့သည်ဟု ဆိုကြသည်။ ကမ္ဘာ့ရာသီဥတုကို တစ်ချက်တည်းနှင့် ဇောက်ထိုးမိုးမျှော်ဖြစ်စေနိုင်သော အခြေအနေများ ထည့်မတွက်ထားဟု ၎င်းတို့က ဆိုသည်။

ဥပမာအားဖြင့် အာတိတ်ဒေသ၏ အချို့နေရာများတွင် စတင်ဖြစ်ပေါ်နေပြီဖြစ်သော ထာဝရအေးခဲနေသည့် ရေခဲပြင်များ ပျော်ကျခြင်းမျိုးဖြစ်သည်။ ယင်းဒေသများတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထက် အဆပေါင်း ၂၀ ခန့် အန္တရာယ်ကြီးသော ဖန်လုံအိမ်ဓာတ်ငွေ့တစ်မျိုးဖြစ်သည့် မီသိန်းဓာတ်ငွေ့ အမြောက်အမြား ပိတ်လှောင်ထားရာ ယင်းဓာတ်ငွေ့များရုတ်တရက်ထွက်ပေါ်လာခဲ့ပါက ကမ္ဘာ့အပူချိန်မှာ ခုန်ပျံမြင့်တက်သွားနိုင်သည်။

အချို့အခြင်းအရာများတွင်နောင်တွင် ဘာဖြစ်မည်လဲ လေ့လာရန် အကောင်းဆုံးလမ်းညွှန်ချက်မှာ လက်ရှိဖြစ်ပေါ်နေပြီဖြစ်သော အခြေအနေများကို ကြည့်ရှုခြင်းဖြစ်နိုင်ပါသည်။ မကြာသေးမီက အရှေ့အာဖရိကခရီးစဉ်တစ်ခုအတွင်း စူးစမ်းကြည့်ရာတွင် တောင်သူများကတူညီသောဇာတ်လမ်းများသာ ပြောပြကြသည်။ ရာသီအလိုက် မိုးရွာသွန်းမှု ခန့်မှန်းရခက်လာခြင်း၊ သီးနှံများ ညှိုးနွမ်းခြောက်သွေ့လာခြင်း၊ မြစ်ချောင်းနှင့် ရေတွင်းရေကန်များ ခန်းခြောက်လာခြင်းတို့ဖြစ်သည်။ ၎င်းတို့သည် အနာဂတ်အပေါ် ပို၍ပူပန်သောက ဖြစ်နေကြသည်။

“သံရည်ကျိုမီးဖိုထဲမှာ မင်းကောက်ပဲသီးနှံ စိုက်ပျိုးလို့မရဘူး” ဟု IPCC အစီရင်ခံစာကို ပူးတွဲရေးသားသူနှင့် တက္ကဆက်ပြည်နယ် A & M တက္ကသိုလ်မှ စိုက်ပျိုးရေးလုပ်ငန်း စီးပွားရေးပညာပါမောက္ခဘရစ်ကားလ်က ဆိုပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့်အတူ လိုက်ပါပြောင်းလဲရန်မှာ ကမ္ဘာ့နေရာများစွာတွင် အခက်အခဲရှိမည်ဟု ၎င်းကပြောပါသည်။

IPCC ၏ အစီရင်ခံစာ ပထမပိုင်းကို စက်တင်ဘာလတွင် ထုတ်ပြန်စဉ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက “ဒီကိစ္စ အပူတပြင်း ဖြစ်နေပါပြီ။ ကျွန်တော်တို့ အခုအချိန်ကစပြီး ကိုင်တွယ်ရမယ်”ဟု ပြောကြားပါသည်။

ကမ္ဘာကြီးအနေဖြင့် အချိန်မီကိုင်တွယ်မည်လား ဆိုသည်ကိုသာ မေးစရာကျန်ပါသည်။

*—Ref: The bill for climate change is coming due*

7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

7DAY BOOK REVIEW

## ကျွန်တော်ဆိုမာလီယာအကျဉ်းသား

ဝိုင်း(WHY)




မကြာသေးမီက အော်စကာဆုဆွတ်ခူးနိုင်ခဲ့သော သရုပ်ဆောင်မင်းသား Tom Hanks ပါဝင်သည့် Captain Phillips ရုပ်ရှင်ဆန်ဆန် ဖြစ်ရပ်မှန် မှတ်တမ်းတင်စာအုပ်ဖြစ်သည်။ စာရေးသူဝိုင်း (WHY) ဟုကလောင်အမည်ပေးထားသော သင်္ဘောကပ္ပတိန်တစ်ဦးကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ရုပ်ရှင်ဆန်ဆန် ဘဝဇာတ်လမ်းကို အသေးစိတ်ခြယ်မှုန်း ရေးသားထားသည့်စာအုပ်လည်းဖြစ်သည်။ စာရေးသူသည် မြန်မာလူမျိုး သင်္ဘောကပ္ပတိန်တစ်ဦးဖြစ်ပြီး ၁၉၉၈ နှစ်ကုန်ပိုင်းက ဆိုမာလီယာ ပင်လယ်ဓားပြများ၏ပထမဆုံးသင်္ဘောပြန်ပေးဆွဲမှုတွင် ဓားစာခံအဖြစ် ကြုံခဲ့ရသူဖြစ်၏။ လွန်ခဲ့သော ၁၅ နှစ်ကျော်က ဆိုမာလီယာပင်လယ်ဓားပြများသည် ကမ္ဘာတွင် ယခုလို ရေပန်း မစားသေး။ ထိုကာလက ပင် ဗွေဆော်ဦးစျေးဦးပေါက်အဖြစ် မြန်မာကပ္ပတိန်ဦးစီးလိုက်ပါလာသော ‘အီကွေတာရိုင်ယယ်’သင်္ဘောအား ဆိုမာလီယာပင်လယ်ဓားပြများက ပြန်ပေးဆွဲခဲ့ရာ သင်္ဘောသားအားလုံး အသက်အန္တရာယ်နီးသော ချုပ်နှောင်မှုကိုခံခဲ့ကြရသည်။ ထိုသို့သော အဖြစ်အပျက်တွင် အသက်မသေဘဲ ပြန်လွတ်မြောက်လာသော မြန်မာသင်္ဘော ကပ္ပတိန်က ဝတ္ထုဟန်ဖြင့် ဖြစ်ရပ်မှန်ရေးထားရာ ယခုစာအုပ်သည် စိတ်ဝင်စားဖွယ်အတိပြည့်နေသည်။ စာအုပ်ကိုဖတ်ရင်း ရုပ်ရှင်ဇာတ်ကား ကြည့်ရသလို မျက်စိထဲ မြင်ယောင်လာမည်ဖြစ်သည်။ တစ်ဆက်တည်း ဆိုမာလီယာဓားပြများ၏လုပ်ရပ်၊ ၎င်းတို့၏စိတ်နေစိတ်ထားနှင့် အကျင့်စရိုက်တို့ကို သိလာသည်။ အချို့နေရာများတွင် အသည်းတထိတ်ထိတ်၊ ရင်တဖိုဖိုဖတ်ရသည်ဖြစ်၍ ဖျော်ဖြေမှုလည်းပေးနေပြန်သည်။

ဆိုမာလီယာပင်လယ်ဓားပြများသည် ဒေင်ပင်လယ်ကွေ့တွင် သောင်းကျန်းလျက်ရှိပြီး ပင်လယ်ကူးသင်္ဘောကြီးများ၊ ကုန်တင် သင်္ဘောကြီးများအားပြန်ပေးဆွဲလေ့ရှိရာသင်္ဘောသားတိုင်းလိုလိုကြောက်ရွံ့ကြရသည်။ဆယ်နှစ်ကျော်အတွင်းသင်္ဘောကုမ္ပဏီများ ပြန်ရွေးရသည်မှာ ဒေါ်လာသန်း ၄၀၀ အထိရှိခဲ့သည်။ ယခုမူအီးယူနှင့်နေတိုး အဖွဲ့ကြီးများသာမက နိုင်ငံတကာကပူးပေါင်းပါဝင်၍ လုံခြုံရေးယူခဲ့ရာ အတန်ငယ် လျော့ကျသွားပြီဖြစ်သည်။

ယခုစာအုပ်တွင် စာရေးသူက လေယာဉ်ပေါ်အထိ လိုက်လာသော ဆိုမာလီယာ သင်္ဘော ဒုတိယအရာရှိအတွက် ခြသေ့်မြို့တော်ဆီမှ ခရီးအစ၊ ဆိုမာလီယာဆိပ်ကမ်းက သေနတ်သံ၊ ဓားပြများ၏သင်္ဘောအပိုင်စီးခန်း၊ ကမ္ဘာကျော် အပန်းဖြေစခန်းမှာ ဘီယာသောက်ခြင်း၊ မိုဂါဒစ်ရှူးငရဲခန်း၊ သင်္ဘောကိုယ်စားလှယ် တစ်ဖြစ်လဲ ပင်လယ်ဓားပြ၊ လွတ်မြောက်ရေးအတွက် နှလုံးရည်တိုက်ပွဲ၊ ခေါက်ဆွဲထုပ်ခိုးမိလျှင်သေဒဏ်၊ အလောင်းသင်္ဂြိုဟ်ခ ဒေါ်လာတစ်ထောင်၊ ကင်ညာနိုင်ငံရောက်တရားခံဖြစ်သွားသော ကပ္ပတိန် စသည်ဖြင့် အခန်းများခွဲကာ ရေးထားသည်။ ဆိုမာလီယာ ပင်လယ်ဓားပြများအကြောင်းသာမက မြန်မာသင်္ဘောသားတစ်ဦး၏ ဘဝဇာတ်ခုံကိုလည်း သိရှိရမည်ဖြစ်သည်။ ယခုစာအုပ်၏အဖွင့်တွင် “အသက်အန္တရာယ်အထိ ခြိမ်းခြောက်ခံခဲ့ရသော ဘဝအခက်အခဲများကို ဦးဆောင်ဖြေရှင်းခဲ့ရသည့်အတွေ့အကြုံများ၊ ကိုယ့်သင်္ချိုင်းဘယ်နေရာမှာ ရှိမှန်းမသိနိုင်ဆိုသည့် လူကြီးသူမတို့၏ အဆုံးအမများ၊ အဖွဲ့အစည်းတစ်ခုအတွက် စည်းလုံးညီညွတ်မှုအရေးပါပုံများ၊ မြန်မာလူမျိုးတို့၏နေရာမရွေး ရိုင်းပင်းကူညီတတ်မှုများနှင့် ခေါင်းဆောင်ပီပီသမာသမတ်ကျကျတာဝန်ယူတတ်မှုများစသည်တို့ကိုတွေ့မြင်ရမည်ဖြစ်ပြီး သင်္ဘောသားများ ကြုံတွေ့နိုင်သည့် မတွေ့ကြုံသင့်သော အတွေ့အကြုံများကို ရည်ရွယ် ထုတ်ဝေခြင်းဖြစ်ပါသည်”ဟု ဖော်ပြပါရှိသည်။ စာအုပ်ကို အရှေ့ဘက်ကောင်းကင်စာပေက ၁,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ‘ဂျင်းဘောင်းဘီ’ဆိုတဲ့ ဝေါဟာရရဲ့ရင်းမြစ်

ဂျင်းဘောင်းဘီ Jeans ဟူသော ဝေါဟာရရင်းမြစ်မှာ အီတလီနိုင်ငံ ဂျီနိုအာမှ ထုတ်လုပ်ပြီး လှေသမားများ ဝတ်ဆင်ကြသည့် ချည်သားအထည်ဘောင်းဘီများကို ရည်ညွှန်းသည့် ဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်သည်ဟုဆိုကြသည်။ အီတလီနိုင်ငံတွင် ဂျီနိုအာသမ္မတနိုင်ငံခေတ်က ဥရောပတစ်လွှားသို့ ဂျီနိုအာသင်္ဘောများက ထိုပိတ်စများတင်ပို့ခဲ့ပြီး တွင်ကျယ်ခဲ့သည်။ ဂျင်း(Jeans)ဟူသော အင်္ဂလိပ်ဝေါဟာရမှာ ဂျီနိုအာမှလာသော ထိုပိတ်စများကို ပြင်သစ်ဘာသာဖြင့် Genes ဟုခေါ်ရာမှ ဆင်းသက်လာသည်ဟု သတ်မှတ်ကြသည်။ ဂျင်းသားကို “ဒီနင်မ် Denim/ဖျင်ကြမ်းစ”ဟု ခေါ်သည်မှာလည်း (၁၉) ရာစုတွင် ထိုပိတ်စများကို စတင်ထုတ်လုပ်သော ပြင်သစ်မြို့ဖြစ်သည့် Nimes ကို အစွဲပြု၍ de Nimes ဟုခေါ်ရာမှ အင်္ဂလိပ်ဘာသာ denim ဖြစ်လာသည်။ ယနေ့ခေတ်တွင် ကျယ်ပြန့်စွာ ဝတ်ဆင်နေကြသော ဂျင်းဘောင်းဘီများကို ဂျာမနီမှ အမေရိကန်သို့ ပြောင်းရွှေ့အခြေချခဲ့သော လီဗိုင်းစထရော့စ်က ဂျက်ကော့ဒေးဗစ်နှင့် ပူးပေါင်းကာ ၁၈၇၃ တွင် မူပိုင်ခွင့်မှတ်ပုံတင်ပြီး စတင်ထုတ်လုပ်ခဲ့သည်။

*—Ref: Wiki*

## တစ်ပတ်တာကံကြမ္မာ

ဧပြီ ၂ ရက်မှ ဧပြီ ၈ ရက်အထိ

စံဇာဏီဘို

### ARIES မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

လုပ်သင့်လုပ်ထိုက်သည်ကို အချိန်မီဆောင်ရွက်ခြင်းမပြု၍ ပျက်စီးဆုံးရှုံးနစ်နာစရာများကြုံမည်။ ပြဿနာအသေးအမွှားအနေအထားတွင် ဖြေရှင်းပါ။ ပေါ့ပေါ့ဆဆသဘောမထားသင့်။ သုံးသင့်သုံးထိုက်သောငွေကိုမသုံး။ အလွန်အမင်းချွေတာလွန်း၍ ပိုကုန်ရကိန်းကြုံမည်။ ရေနှင့်ပတ်သက်သော အန္တရာယ်များတတ်သည်။ အနီးကပ်လူဒုက္ခပေးတတ်သည်။ ငွေယိုပေါက်အသေးစားတစ်ခုကိုမပိတ်မိ၍ ဒလဟောငွေကုန်တတ်သည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

လှည့်စားခံရမည်။ လူလိမ်လူကောက်တွေ့မည်။ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ အပြိုင်အဆိုင်များနှင့် ရင်ဆိုင်ရမည်။ ပစ္စည်းတစ်ခုတည်းကို တစ်ဦးထက်ပိုသောသူများထံမှ စရန်ယူရောင်းချမှုတွင် လိုက်လံပတ်သက်ဖြေရှင်းရကိန်းကြုံမည်။ ငွေကြေးလက်ဆောင်တို့ကိုလက်ခံပြီး ကူညီမည်ဟုပြောကာ လက်တွေ့ဆောင်ရွက်ပေးခြင်းမရှိသောသူများနှင့်တွေ့မည်။ နိုင်ငံခြားခရီးကိစ္စ၊ အလုပ်ကိစ္စငွေလိမ်ခံရတတ်သည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ကိုယ်ပိုင်အစွမ်းအစတို့ကိုထုတ်ဖော်ပြသနိုင်မည်။ ကာလတန်ကြာကြိုးစားထားသောကိစ္စများမှ ထူးခြားသောတိုးတက်မှုရမည်။ အလုပ်ကိစ္စအဆင်ပြေမည်။ အတတ်ပညာကိုအသုံးချ၍ တိုးတက်မှုများဖန်တီးနိုင်မည်။ အလုပ်စာမေးပွဲ၊ ပညာစာမေးပွဲဖြေဆိုသူများ ထူးချွန်စွာအောင်မြင်မည်။ ရှေ့ရေးအနာဂတ်ရေးရာများအတွက် စနစ်တကျစီမံထားသည်များမှ စနစ်တကျတိုးတက်မှုများရရှိမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အခက်အခဲကြားမှ ရှင်သန်တိုးတက်ခြင်းကိုကြုံမည်။ သူတစ်ပါးမှ ဖြစ်နိုင်စွမ်းမရှိဟုဆိုထားသည်များကို မဖြစ်ဖြစ်အောင်ဆောင်ရွက်နိုင်မည်။ သစ်ခြောက်ပင်မှအညွန့်ထွက်သကဲ့သို့ ရပ်တန့်ထားသည်များ ဆက်လက်ဆောင်ရွက်ရန်အနေအထားကြုံမည်။ လမ်းသစ်ထွင်၍ တက်လမ်းများပေါ်ပေါက်မည်။ ငွေကြေးကိစ္စဆောင်ရွက်အဆင်ပြေမည်။ မထင်မှတ်ထားသောငွေဝင်ခြင်း၊ လာဘ်ပွင့်ခြင်းရှိမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

အမှုပြဿနာများနှင့် ထိပ်တိုက်တွေ့မည်။ စာရွက်စာတမ်းကိစ္စ အထူးသတိရှိပါ။ အကြီးအကဲတို့၏ အထင်အမြင်မှားမှုကြုံတွေ့နိုင်သည်။ တစ်ပါးသူမနာလိုကုန်းချောမှုကြောင့် ပြဿနာများဖြေရှင်းရကိန်းကြုံမည်။ ရုံးရောက်၊ ဂါတ်ရောက်ဖြေရှင်းရခြင်းများရှိမည်။ စာရွက်စာတမ်းလက်မှတ်ထိုးခြင်းနှင့် အာမခံမှားခြင်းကြောင့် ပြဿနာများဖြေရှင်းရမည်။ ပြဿနာဖြစ်နေသောအကြီးအကဲအတွက် လိုက်လံကူညီဖြေရှင်းပေးရမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

အခက်အခဲအားလုံးကိုဖြေရှင်းနိုင်သောအနေအထားရှိသည်။ စောင့်စားနေသောအခွင့်အရေးများ မိမိအလှည့်ရောက်ရှိလာမည်။ ပိတ်နေသောလမ်းကြောင်းများပြန်ပွင့်မည်။ စိတ်ရှည်လက်ရှည်စောင့်ဆိုင်းနေသောအခွင့်အလမ်းများရရှိမည်။ ပဋိပက္ခကြားမှအောင်မြင်မှုရမည်။ မတော်တဆထိခိုက်မှုဂရုစိုက်ပါ။ ပြဿနာရှိသူများရောက်ရှိလာတတ်သည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

လိုရာကိစ္စအား ပုံစံသစ်ဖော်ပြီးဆောင်ရွက်နိုင်မည်။ ပန်းပဲဆရာတစ်ဦးသည် သံချောင်းကိုလိုသလိုထုရိုက်ပုံသွင်းသည့်အလား ဆန္ဒရှိရာ၊ လိုလားရာကိစ္စများကို အားသွန်ခွန်စိုက်ဆောင်ရွက်ရင်း တက်လမ်းများရမည်။ လူသစ်၊ ဝန်းကျင်သစ်များနှင့် ဆက်ဆံရမည်။ ကိုယ့်အပေါ်ထိန်းချုပ်ခြယ်လှယ်သူများကြားမှ ထိုးဖောက်ထွက်နိုင်မည်။ လုပ်ငန်းခွင်အတွင်း ဖွဲ့စည်းမှုသစ်များပြုရမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

အခက်အခဲအားလုံးကိုကျော်လွှားပြီး အလိုရှိရာအလုံးစုံဆောင်ရွက်နိုင်သောအနေအထားရှိသည်။ မထင်မှတ်ထားသောကောင်းခြင်း၊ စိတ်ချမ်းမြေ့ခြင်းကြုံမည်။ မင်္ဂလာရှိသောသတင်းစကားများကြားသိ၊ ကြုံတွေ့ရမည်။ ထူးခြားသောအိုးကြီးတစ်လုံးလက်ဆောင်ရရှိလိမ့်မည်။ ထိုအိုးဝင်ပြီးရက်ပိုင်းအတွင်း စီးပွားကံ၊ ဥစ္စာကံတိုးတက်မည်။ ငွေကြေးအပေးအယူသတိရှိရမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

ကြီးကဲသူများ၏ကူညီမစမှုခံရမည်။ ဆွေမျိုးအကြီးအကဲ၊ မိသားစုအကြီးအကဲတို့ထံမှ ကောင်းသောအထောက်အကူရမည်။ အလုပ်စီးပွားကံကောင်းမည်။ ပျိုရွယ်သူများ စန်းအထူးကောင်းသည်။ ရန်ပဋိပက္ခများကို ပြေလည်အောင်ဖြေရှင်းနိုင်မည်။ မတော်တဆထိခိုက်မှုအန္တရာယ်ဂရုစိုက်ရမည်။ မိမိထက်ငယ်သော၊ နိမ့်သောသူများမှ ဒုက္ခပေးလိမ့်မည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

အခက်အခဲများကိုရင်ဆိုင်ဖြေရှင်းရမည်။ ကိုယ်ဖြတ်သန်းရာ၊ ဦးတည်ရာနေရာတိုင်း၌ အတားအဆီးများနှင့်တွေ့မည်။ နောက်ဆုံးအခြေအနေရည်မှန်းချက်ပြည့်မီခါနီးမှ ဆိုင်းငံ့ရခြင်း၊ ရပ်တန့်ရခြင်းရှိမည်။ အများနှင့်ဆက်စပ်လုပ်ကိုင်ရသောလုပ်ငန်းများ အကျိုးပေးမည်။ ရပ်ဝေးခရီးများသွားရမည်။ သို့တည်းမဟုတ် ရပ်ဝေးမှသူများ မိမိထံရောက်ရှိမည်။ ငွေကြေးအပေးအယူဂရုစိုက်ရမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)


အထူးကောင်းသောကာလဖြစ်သည်။ ဦးတည်ဆောင်ရွက်လိုက်သောကိစ္စမှန်သမျှ ကောင်းသောအကျိုးဆက်ဖြစ်ထွန်းမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စများ ပြောဆိုဆောင်ရွက်အောင်မြင်မည်။ မူလတစ်ကြိမ်တစ်ခါမှ လုပ်ကိုင်ဖူးခြင်းမရှိသောအလုပ်၊ အကြံသစ်များဖြင့်ဆောင်ရွက်ရမည်။ စကားရှုပ်သောသူများကြောင့် အနည်းငယ်စိတ်ပင်ပန်းရမည်။ မည်မျှအခက်အခဲရှိစေ အားလုံးကိုကျော်လွှားနိုင်မည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

ကြန့်ကြာနေသည့်ကိစ္စများ ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ အခက်အခဲများဖြေရှင်းနိုင်မည်။ ရင်းနှီးသူများနှင့်စကားများရမည်။ သူတစ်ပါးနှင့်ဆန့်ကျင်ဘက်များတွေးခေါ်ဆောင်ရွက်မိမည်။ ချစ်သူ၊ ခင်သူ၊ ရင်းနှီးသူများနှင့် စကားများရမည်။ အုပ်စုခွဲခြင်း၊ လမ်းခွဲခြင်းများရှိမည်။ ခရီးသွားခြင်းကိစ္စအဆင်ပြေမည်။ အလုပ်နေရာအပြောင်းအရွှေ့ရှိမည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၇၈)



## အလျားလိုက်

၃။ ပြန်လည်၍တောက်ပြောင်ဆန်းသစ်စေသည်
၆။ 7 Day Puzzle ကံထူးသူရသောပစ္စည်း
၇။ ကဖင်းဓာတ်ပါ ပစ္စည်းများ ပါဝင်သော အချိုရည်မသောက်သင့်သောရာသီ
၉။ ပေါက်တော့မည်လားဟု စီးပွားရေး အသိုင်းအဝိုင်းက စိုးရိမ်နေသောကိစ္စ
၁၀။ ထိုင်းနိုင်ငံရေးသဘောထား တင်းမာသောဇာတ်ကောင်
၁၁။ ပြန်လည်သုံးသပ်ရမည့်ကိစ္စ

## ဒေါင်လိုက်

၁။ လူရည်ချွန်များနှင့် တွေ့ဆုံမည့်သူ
၂။ တောင်သူများ အလွန်အကျွံမသုံးစွဲသင့်သောအရာ
၃။ အများပြည်သူ လုံခြုံအေးချမ်းစွာ နေနိုင်ရန် လိုအပ်သော အကြောင်းအရာတစ်ခု
၄။ မြန်မာလူမှုရေးအဖွဲ့အကူအညီဖြင့် ထိုင်းရဲထံမှ ပိုက်ဆံပြန်ရသူများ
၅။ လူအများရှေ့ လက်ရဲဇက်ရဲသတ်ဖြတ်ရဲသော စရိုက်
၈။ ဦးသိန်းစိန် အောင်မြင်စွာ မလုပ်နိုင်သော ကိစ္စတစ်ရပ်


**Smart Dictionary ကံထူးသူ**

**၁။ မောင်စိုးတင့်၊ ၉/မရတ(နိုင်)၁၂၉၂၄၇**
**ပစိဖိတ်ဟိုတယ်၊ ၃၀× ၇၈လမ်းထောင့်၊ မန္တလေးမြို့။**

**ကျန်အဖြေမှန်သူများ**

**၂။ ထက်နိုင်အောင်၊ ၁၂/ရပသ(နိုင်)၀၈၄၂၀၈**
**၃။ ဆုမြတ်ရွှေရည်၊ ၁၂/ဗတထ(နိုင်)၁၇၆၀၈၈**
**၄။ Dr. တင်မောင်စိုး၊ ၇/ဖမန(နိုင်)၀၀၄၇၉၈**
**၅။ ဒေါ်ရွှေရွှေဦး၊ ၉/လဝန(နိုင်)၁၀၅၁၇၂**
**၆။ သန်းအောင်၊ ၁၂/လမန(နိုင်)၁၂၆၄၁၉**
**၇။ မြတ်စိုးမောင်၊ ၁၄/ပသန(နိုင်)၁၈၅၁၁၁**

**ပဟေဠိ အမှတ်စဉ်(၂၇၇)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................

**နေရပ်လိပ်စာ** ....................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၈) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများ အပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များ သို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၄-၄-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**ရောင်းမည်**

မှော်ဘီမြို့၊ ညောင်နှစ်ပင် ကျေးရွာ၊ ညောင်အုပ်ကြီးအရှေ့ကွင်း၊ ဇုန်(၁)၊ သရက်ခြံ ၆.၅ ဧက။
ဖုန်း-၀၉ ၃၁၄၁၆၂၉၈၊
၀၉-၂၅၀၃၀၇၃၁၁၊ ၀၉-၃၁၅၆၉၄၄၉

**ရောင်းမည်**

သဃ်န်းကျွန်း၊ ဘီအိုစီ၊ သမာဓိ(၄)လမ်း၊ ၅ လွှာ(၁၂ ခွဲ × ၄၅ ပေ)၊ သိန်း ၁၇၀
ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ရောင်းမည်**

တောင်ဥက္ကလာ၊ ယဿဝတီလမ်းမကြီးပေါ်၊ ၁၃ ရပ်ကွက်၊ ပေ (၁၈x၅၅)၊ မြေညီ - သိန်း (၆၀၀)၊
ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

ပါရမီစိန်ဂေဟာအနီး၊ အနော်ရထာလမ်း၊ မရမ်းကုန်းမြို့နယ်၊ မြေညီ၊ ပေ(12 x 50)၊ သိန်း (၄၅၀)။
ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

မင်းရဲကျော်စွာ ၂လမ်း၊ တောင်ဥက္ကလာ၊ မြေညီ ပေ (၁၈x၅၂)၊ သိန်း (၅၀၀)။ ဒါဘာ၊ သိန်း (၂၈၀)
ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၈၇ ရပ်ကွက်၊ ပေ (၂၀×၆၀)၊ ပါမစ်မြေ၊ ကနောင်မင်းသားကြီးလမ်းမကျောကပ်၊ သိန်း (၁၀၀) ညှိနှိုင်း။
ဖုန်း-၀၉ ၄၂၁၁၁၉၆၉၃

**သင်ကြားပေးသည်**

Grade (1) to (9) ဘာသာစုံ အိမ်လိုက်သင်သည်။ သီးသန့်ဝိုင်းသင်လိုသူများ စုံစမ်းနိုင်သည်။ Intrenational School မှ ကျောင်းသား၊ ကျောင်းသူအား မြန်မာစာထူးချွန်အောင်သင်ကြားပေးသည်။
ဖုန်း-၀၉ ၄၂၈၀၂၆၄၂၄

**သင်ကြားပေးသည်**

၈တန်း၊ ၉ တန်းနှင့် ၁၀ တန်း ကျောင်းသားများအတွက် အိမ်အရောက် စာသင်ပေးသည်။ ဆရာဇော်
ဖုန်း-၀၉ ၅၅၀၁၅၆၇

**သင်ကြားပေးသည်**

General English Form Basic (4 Skills & Grammar), IELTS (Foundation/Preparation), French From Basic (4 Skill & Grammar)
PH:09 450001079

**Golden Tex Company**

Company Uniform (Polo Shirts, T-Shirts, ဆွဲသားအမျိုးသမီးဝတ်စုံ) များကို အရည်အသွေးပြည့်မီစွာဖြင့် စိတ်တိုင်းကျ ချုပ်ပေးနေပါသည်။
ဖုန်း-၀၁ ၅၁၆၆၂၂

**လျှုဒါန်းနိုင်ပါသည်**

ကျောင်းအဝင်မုခ်ဦး လျှုဒါန်းလိုသူများ ဆရာတော်နှင့် ဆက်သွယ်ပါ။ အောင်ဆုပန်စာသင်တိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)။
ဖုန်း-၀၉ ၇၃၀၈၉၆၈၀

**ကုသပေးသည်**

ဗောက်အလွန်ထူခြင်း၊ ဦးရေပြားမှိုစွဲခြင်း၊ ဆံပင်အလွန်ကျွတ်ခြင်းကြောင့် ထိပ်ပြောင်၊ ဆံပင်ပါး၊ ကျဲခြင်းများကို ချိုသာသောဈေးနှုန်းဖြင့်ကုသပေးပါသည်။
ဖုန်း-၀၉ ၃၁၅၆၅၉၂၀

**ဝယ်ယူနိုင်သည်**

အသည်းရောဂါ 'ဘီ'ပိုး ရောဂါအမြန်ဆုံးသက်သာပျောက်ကင်းဆေး ဝယ်ယူရရှိနိုင်ပါပြီ။ ဘာတာမှတ်တိုင်၊ CP ကြက်ကြော်အပေါ်ထပ်။
ဖုန်း-၀၉ ၇၃၁၂၉၁၁၇

**ငှားမည်**

လှည်းတန်းစင်တာသစ်ရှိ (၁၈×၂၂)၊ မြေညီဆိုင်ခန်းနေရာကောင်း ကုမ္ပဏီကြီးများ၊ ဖက်ရှင်ဆိုင်များ၊ အိုင်တီနှင့် မိုဘိုင်းဆိုင်များ။
ဆက်သွယ်ရန်-
ဖုန်း-၀၉ ၇၃၀၉၅၆၂၄

**ရောင်းမည်**

လည်ပတ်နေသော အင်တာနက်ဆိုင် ရောင်းမည်။ ကွန်ပျူတာ ၁၁ လုံး၊ မီး စက်နှစ်လုံး၊(7.5KVA/2.5 KVA၊ အဲကွန်းနှစ်လုံး၊ ADSL 1MB Bagan၊ လိုင်းပါ၊ (၁၈ သိန်း)။
ဖုန်း-၀၉ ၂၅၀၆၅၁၀၇၄

**ငှားလိုသည်**

မြောက်ဥက္ကလာပမြို့နယ်အတွင်း လူစည်ကားသော လမ်းမများပေါ်ရှိ မြေညီတိုက်ခန်း/လုံးချင်း အိမ်များငှားလိုသည်။
ဖုန်း-၀၉ ၄၃၀၈၃၇၈၁

**ငှားမည်**

ပုသိမ်မြို့တိုင်းဒေသကြီး တရားလွှတ်တော်ရုံးအနီးတွင် လူနေရန် အခန်းငှားရမ်းလိုပါ၍ ဆက်သွယ်ပါ။
ဖုန်း-၀၉ ၅၀၁၀၈၃၀

**ငှားမည်**

အမှတ် (၁၁၊ အေ) နဝဒေးလမ်း၊ မြေညီထပ်၊ (၁၅×၆၀)၊ ဒဂုံမြို့နယ်၊ အ.ထ.က (၁) ဒဂုံ၊ ဘေးလမ်း။
ဖုန်း-၀၉ ၇၃၀၄၉၆၁၄

**ဝယ်လိုသည်**

ရန်ကုန်မြို့ ၃၁ လမ်းနှင့် ၃၈ လမ်းကြား အောက်ဘလောက်အတွင်း တိုက်ခန်း၊ ရုံးခန်းဝယ်လိုသည်။ ပိုင်ရှင်များသာ။
ဖုန်း-၀၉ ၅၀၁၀၈၃၀

**ဘာသာပြန်ဝန်ဆောင်မှု**

မြန်မာ-အင်္ဂလိပ်မှ အင်္ဂလိပ်-မြန်မာ သို့ ကျွမ်းကျင်သပ်ရပ်စွာ ဘာသာပြန်သည်။
ဖုန်း-၀၉ ၄၂၀၀၉၈၉၇၂

**AUNG BROTHER Groups**

လေအေးပေးစက်များကို ဝန်ဆောင်မှုပုံစံအမျိုးမျိုးဖြင့် စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။ ဖုန်း-၀၉ ၄၂၀၀၄၈၃၅၂

**ဆောင်ရွက်ပေးသည်**

IDCS, IADCS, BIT Project များ၊ Assignment များကို စိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးနေပါပြီ။
ဖုန်း-၀၉ ၅၃၆၆၆၃၆

**သင်ကြားပေးသည်**

အလယ်တန်း၊ အထက်တန်း ဘာသာစုံ (သို့) တစ်ဘာသာချင်း အိမ်လိုက်သင်သည်။ (ကမာရွတ်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံ၊ လှိုင်၊ မရမ်းကုန်းမြို့နယ်အတွင်း) ဖုန်း-၀၉ ၃၁၂၈၄၉၉၃

**အိမ်လိုက်သင်သည်**

၂၀၁၄-၁၅ ပညာသင်နှစ်အတွက် အစိုးရကျောင်း မူလတန်းကလေးများ ဘာသာစုံ တစ်ဦးချင်း သီးသန့်နှင့် ဝိုင်း အိမ်လိုက်သင်ပေးသည်။
ဖုန်း-၀၉ ၄၂၃၇၂၀၀၈၇၇

**သင်ကြားပေးသည်**

2 nd MB Guide Biochemistry (အထူး) သင်ကြားပေးသည်။
ဖုန်း- ၀၉ ၂၅၀၁၄၈၉၇၂

**နွေရာသီဓာတ်ပုံပညာသင်တန်း**

၁၈.၄.၂၀၁၄ စမည်။ ကျောင်းသူ၊ ကျောင်းသားဆိုလျှင် 70% Discount. အမှတ် (၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။
ဖုန်း-၀၉ ၃၁၀၅၅၇၉၃

**အိမ်အရောက်တိရစ္ဆာန်ဆေးကုခန်း**

ကုသရခက်ခဲသော ကြောင်ရောဂါများကို ဆေးကုသက် နှစ်(၃၀)ရှိ ဆရာဝန်ကိုယ်တိုင် ကုသပါသည်။
ဖုန်း-၀၉ ၇၃၀၃၄၀၈၁

**ဖုန်းပြုပြင်သင်တန်း**

HandSet ဖုန်းပြုပြင်အတတ်သင်၊ သင်တန်းများဖွင့်လှစ်သင်ကြားပေးနေပါပြီ။
ဖုန်း-၀၉ ၄၂၁၁၀၁၁၃၆

**ရောင်းမည်**

အင်းစိန်ပေါက်တောဝအနီး သီရိရတနာ (၃) လမ်း၊ (၁၄×၅၀)၊ ရှေ့ကားပါကင် ၁၀ ချန်၊ ၄လွှာ (၂၂၀)သိန်း၊ ၃လွှာ (၂၇၀) သိန်း၊ ၂ လွှာ (၃၂၀)သိန်း၊ ၁ လွှာ (၃၆၀) သိန်း။ ကြိုပွဲ့ငှ့်။
၄ လပိုင်း လလယ်စဆောက်မယ်။
ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

**ရောင်းမည်**

ပေ (၄၀×၆၀)၊ 2BN၊ ဗိုလ်သုန်လမ်း၊ ၄၉ ရပ်ကွက်၊ မြောက်ဒဂုံ။
ဖုန်း-၀၉ ၄၂၅၃၆၆၆၁၁

**ရောင်းမည်**

ထောက်ကြန့်၊ ဘောလုံးကွင်းရပ်ကွက်၊ မြေ (၂၅×၅၀)၊ အိမ် BN နှစ်ထပ်၊ အိမ်သစ်၊ သိန်း (၅၅၀)။
ဖုန်း-၀၉ ၄၂၁၀၄၀၄၇၈

**ဝန်ဆောင်မှု**

အိမ်ခြံမြေများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်း၊ ငှား၊ ဝယ်လိုပါလျှင် ရွှေနန်းတော် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီသို့ ဆက်သွယ်ပါ။ ရောင်း၊ ဝယ်၊ ငှားကိစ္စ အောင်မြင်ဖို့ အကျိုးဆောင်ပေးမည်။
ဖုန်း-၀၉ ၇၃၁၁၅၂၁၇

**စကားပြန်ဝန်ဆောင်မှု**

တရုတ်-မြန်မာ/ မြန်မာ-တရုတ် စကားပြန်ဝန်ဆောင်မှုပေးသည်။ စာရွက်စာတမ်းများနှင့် ဗီဒီယိုအခွေများလည်း ဘာသာပြန်ဝန်ဆောင်မှုပေးသည်။
ဖုန်း-၀၁ ၂၄၃၄၂၀

**ကူညီပေးပါသည်**

စီးပွားရေးလုပ်ငန်း၊ အရောင်းအဝယ်များ၊ လူမှုရေး၊ ဥပဒေပိုင်းဆိုင်ရာ၊ အိမ်ခြံမြေနှင့် ကားများ မဝယ်မီ ဆွေးနွေးတိုင်ပင်အကြံဉာဏ်ရယူလိုပါလျှင် အကောင်းဆုံးဖြစ်အောင် ကူညီပေးပါသည်။
ဖုန်း-၀၉ ၅၀၁၀၈၃၀

**သင်္ကြန်တွင်းအထူးတရားစခန်းပွဲ**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျိုက်ဒေးဒလွန်ဘုရားကြီးအနီးရှိမိုးကုတ်ဝိပဿနာထေရီ ဓမ္မရိပ်သာကြီးအတွင်း၌ ၁၃.၄.၂၀၁၄ မှ ၁၇.၄.၂၀၁၄ အထိ ဒုလ္လဘရဟန်း/သီလရှင်ဝတ်ပွဲနှင့် အထူးတရားစခန်းပွဲ ကျင်းပပြုလုပ်မည်ဖြစ်၍ စာရင်းပေးသွင်းနိုင်ပါကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။
ဖုန်း-၀၉-၅၄၀၄၃၉၄

**ရောင်းမည်**

အမှတ် (၄၃)၊ ဦးအေးလမ်းသွယ် (၁) လမ်း၊ ပထမထပ်၊ ဘယ်ဘက်အခန်း၊ ပါရမီစိန်ဂေဟာအနီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ ရန်ကုန်တိုင်း။
ဖုန်း-၀၉ ၂၅၀၃၈၄၃၅၇

**ရောင်းမည်**

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်-ပြည်ခရိုင်ချင်းဆက်လမ်းမပေါ်ရှိ ဥယျာဉ်ခြံမြေ ၄၆ ဧက တစ်ဆက်စပ်တည်းရောင်းမည်။
တစ်ဧက သိန်း (၄၀)။
ဆက်သွယ်ရန်
ဖုန်း-၀၉ ၄၂၃၆၆၁၉၃၇

**ရောင်းမည်**

မေမြို့၊ ပြင်စာမြို့နယ်၊ မြေပုံကျေးရွာ ၂၁ မိုင်နှင့် အနီးစခန်းကြား လေးဧက (တစ်ဧက သိန်း ၁၅၀)။
ဖုန်း-၀၁ ၅၄၉၈၈၂

စာမျက်နှာ(၂၆)မှ

# ဆရာကျော်ကိုချစ်၍ ကိုကိုနိုင်ကို ခွင့်လွှတ်သည်

အတိတ်ကို ပြန်ကြည့်ရင် ၁၉၅၈ ခုနှစ်မှာ ဝန်ကြီးချုပ် ဦးနုက ဗိုလ်ချုပ်ကြီး နေဝင်းကို အာဏာလွှဲအပ်ပေးခဲ့ဖူးပါတယ်။ တပ်မတော်ဟာ အိမ်စောင့်အစိုးရအဖြစ်ရွေးကောက်ပွဲကျင်းပပြီး စစ်တန်းလျားကို ပြန်သွားခဲ့ပါတယ်။ အဲဒီနောက် ၁၉၆၂ ခုနှစ်၊မတ် ၂ ရက်မှာ ပ.ထ.စ အစိုးရလက်ထဲကနေ ပထမဆုံးအာဏာသိမ်းခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီအာဏာသိမ်းမှုဟာ "ပြည်ထောင်စုကြီးပြိုကွဲတော့မယ့် ဘေးအန္တရာယ်ကို ကာကွယ်ဖို့"လို့ ဆိုခဲ့ကြပါတယ်။ ဒါပေမဲ့ ဝန်ကြီးချုပ်ဟောင်း ဦးနုကိုယ်တိုင်ရေးသားခဲ့တဲ့ "တာတေစနေသား" စာအုပ်မှာတော့ ဦးနုက သူကိုယ်တိုင်ဦးဆောင်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လိုအပ်သလို ပြင်ဖို့အတွက် ပြည်နယ်အသီးသီးက ခေါင်းဆောင်တွေကို ဖိတ်ကြားခဲ့ကြောင်း၊ ပြည်နယ်ခေါင်းဆောင်များက တောင်ကြီးဆွေးနွေးပွဲ ကျင်းပပြီးနောက် အမေရိကန်ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို မှီပြီး ဖက်ဒရယ်မူရေးဆွဲခဲ့ကြောင်း၊ အဲဒီရေးဆွဲခဲ့တဲ့ လူတွေထဲမှာ သူပုန်ထလောက်အောင် သွေးဆာတဲ့ လူတစ်ယောက်မှ မပါကြောင်း၊ ရှမ်းနဲ့ ကယားခေါင်းဆောင်တွေဟာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအခန်း (၁၀) အရ ခွဲထွက်ခွင့်ကို တစ်ခါမှ မတောင်းဆိုခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်၊ မတ်လ ၁ ရက်ညမှာ နီးနှောဖလှယ်ပွဲရဲ့ ပထမနေ့အစည်းအဝေးကျင်းပခဲ့ကြောင်း၊ အစည်းအဝေးပြီးတဲ့အခါ ရှမ်းပြည်နယ်ဥက္ကဋ္ဌ စောခွန်ချိုနဲ့ ကယားပြည်နယ်ဥက္ကဋ္ဌ စောဝဏ္ဏတို့က ဝင်ဒါမီယာဝင်းအတွင်း သူရဲ့ အိမ်ကိုလိုက်လာကြောင်း၊ သူတို့နဲ့ ပတ်သက်တဲ့ ကောလာဟလတွေကို မယုံကြည်ဖို့နဲ့သူတို့ တင်ပြတဲ့ ဖက်ဒရယ်မူကို တင်ပြခဲ့တဲ့အတိုင်း လုပ်ပေးရမယ်ဆိုတဲ့ သဘောမျိုး သူတို့မှာ မရှိကြောင်း၊ အဆိုကို ဆွေးနွေးပြီးလုပ်ပေးနိုင်တာ လုပ်ပေးဖို့၊ မလုပ်ပေးနိုင်တာကို ဝန်ကြီးချုပ်ပစ်ပယ်ပါ၊ ကျွန်တော်တို့ နာခံမှာဖြစ်ပါတယ်လို့ လာရောက်ပြောကြားကြောင်း အတိအလင်းရေးသားမှတ်တမ်းတင်ထားတာကို ဖတ်ရှုခဲ့ရပါတယ်။ အဲဒီညမှာပဲ ဦးနုဟာ ဆရာစံရပ်ကွက် ပြည်ထောင်စုလမ်းကြားက သူရဲ့ ကိုယ်ပိုင်နေအိမ်မှာ အာဏာသိမ်းတပ်မတော်ရဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပါတယ်။

ဒါကြောင့် ၁၉၆၂ ခုနှစ် အာဏာသိမ်းမှုဟာ "ပြည်ထောင်စုကြီးပြိုကွဲမယ့် ဘေးအန္တရာယ်ကြောင့် ဖြစ်တယ်"လို့ ဆိုတဲ့



အကြောင်းပြချက်ဟာ အထက်ပါ ဦးနုရဲ့ ရေးသားချက်များအရလုံးဝ မှန်ကန်မှု မရှိဘူးလို့ဆိုရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ၁၉၅၈ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးနေဝင်းကို အိမ်စောင့် အစိုးရဖွဲ့ဖို့ တာဝန်ပေးအပ်ခဲ့ခြင်းနဲ့ ပတ်သက်ပြီး မိတ်ဆွေတစ်ဦးထံမှ တစ်ဆင့်စကားအဖြစ် မှတ်သားခဲ့ဖူးတဲ့ တည်မြဲ ဖ.ဆ.ပ.လ ခေါင်းဆောင်ကြီးတစ်ဦးရဲ့ အဖိုးတန်လှတဲ့စကားကို ပြန်ပြီးဖောက်သည်ချချင်ပါတယ်။ အဲဒီပုဂ္ဂိုလ်က "ဦးနုဟာ ပခြုပ်ထဲမှာ အေးအေးဆေးဆေးနေနေတဲ့မြွေကြီးကို အဖုံးဖွင့်ပြီးလွှတ်ပေးလိုက်ပါပြီ။မြွေကြီးကအပြင်မှာ လွတ်လွတ်လပ်လပ်လူးလွန့်လှုပ်ရှားသွားချင်တိုင်း သွားခွင့်ရနေပါပြီ။ အပြင်လောကရဲ့ အရသာကို တွေ့သွားပါပြီ။ ပြည်သူတွေက စိုးရွံ့ကြောက်လန့်နေကြပါပြီ။ ဦးနုဟာသူ့ကိုယ်သူ မြွေအလမ္ပာယ် ဆရာလို့ အောက်မေ့ပြီး မြွေကြီးကိုလွယ်လွယ်နဲ့ လွှတ်ပေးလိုက်တာပါ။ ဒါပေမဲ့ သူ့ခမျာ မြွေကြီးကို ပခြုပ်ထဲပြန်သွင်းတဲ့ အလုပ်ကိုတော့ လုံးဝမလုပ်တတ်ရှာပါဘူး" လို့ ကောက်ချက်ချခဲ့ကြောင်း မိတ်ဆွေတစ်ဦးရဲ့ ပြောကြားချက်ကို မှတ်သားခဲ့ရခြင်းဖြစ်ပါတယ်။အဲဒီစကားကို ဗိုလ်ချုပ်ကြီးနေဝင်း ကြားတော့ သူ့ကိုရည်ရွယ်ပြီးပြောတာလို့ သဘောပေါက်ပြီး အလွန်အမင်းဒေါသပုန်ထခဲ့တယ်လို့လည်း ဆိုပါတယ်။ ဒါပေမဲ့ ၁၉၈၈ ခုနှစ်မှာ ဦးနေဝင်းဟာ သူကိုယ်တိုင် အလမ္ပာယ်ဆရာလို သဘောထားပြီး မြွေကြီးတွေထပ်မံလွှတ်လိုက်ပြန်ပါတယ်။ နောက်ဆုံးတော့ သူ့ခမျာ သူလွှတ်တဲ့မြွေရဲ့အန္တရာယ်နဲ့ စိတ်ဆင်းရဲကိုယ်ဆင်းရဲသေဆုံးခဲ့ရရှာပါတော့တယ်။

ဘာပဲဖြစ်ဖြစ် ၁၉၄၂ ခုနှစ် ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေး၊ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေး၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက် ရောင်စုံသူပုန်များနဲ့ ကွန်မြူနစ်အမြစ်ဖြတ်ချေမှုန်းရေး၊ တရုတ်ဖြူစစ်ဆင်ရေးစတဲ့ အန္တရာယ် အသွယ်သွယ်ကို တိုက်ခိုက်ကျော်လွှားရာမှာ တပ်မတော်ရဲ့ ကျေးဇူးတရားက အလွန်ပဲကြီးမားလှပါတယ်။ တိုင်းရင်းသားပြည်သူတွေကလည်း တပ်မတော်နဲ့ စည်းလုံးညီညွတ်စွာပူးပေါင်းပါဝင်ခဲ့ကြပါတယ်။ ဒါပေမဲ့ အထက်မှာတင်ပြခဲ့တဲ့ ၁၉၆၂ ခုနှစ် အာဏာသိမ်းမှုအပြင်၊ ၁၉၈၈ ခုနှစ် အာဏာသိမ်းပြီးနောက် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကြီးကျင်းပပြီးခါမှ ပြည်သူ့ကိုယ်စားလှယ်များကို အာဏာလွှဲပြောင်းပေးမှုမရှိခဲ့တာတွေဟာ တပ်မတော်နဲ့ တိုင်းရင်းသား ပြည်သူတို့ရဲ့ ချစ်ကြည်စည်းလုံးမှုကို များစွာထိခိုက်စေခဲ့ကြောင်း သုံးသပ်တွေ့ရှိရမှာဖြစ်ပါတယ်။

ဒီနေရာမှာ စာရေးသူတို့ပြည်သူတွေဟာ တပ်မတော်ကို "ဆရာကျော်"လိုချစ်တယ်၊ မြတ်နိုးတယ်၊ အားကိုးတယ်လို့တင်စားပြီး ပြောပြချင်ပါတယ်။ ဆရာကျော်ဆိုတာ ဒါရိုက်တာရုပ်ရှင်မင်းသားကြီး ကျော်ဆွေရိုက်ကူးတဲ့ "ပုလဲမျက်ရည်"ဇာတ်ကားထဲက အဓိကဇာတ်ဆောင်၊ မြန်မာ့တပ်မတော်က တပ်ကြပ်ကြီးတစ်ဦးရဲ့ အမည်ပါ၊ ဆရာကျော်ဟာ တရုတ်ဖြူရန်သူတွေကို ချေမှုန်းတဲ့စစ်ဆင်ရေးမှာ သူ့ရဲ့အရာရှိဗိုလ်ကြီးဖြစ်သူ တိုက်ပွဲကျပြီးတဲ့နောက် တပ်စိတ်ကိုဦးဆောင်မှုပေးပြီး ရန်သူတွေကို ရင်ဆိုင်တိုက်ခိုက်တဲ့ စစ်သားကောင်းကြီးဖြစ်ပါတယ်။ ဆရာကျော်ဟာ စစ်မြေပြင်မှာ ရန်သူတွေရဲ့ မီးရှို့ဖျက်ဆီးခံရတဲ့ ရွာသူရွာသားတွေကို ကယ်တင်ပြီး သူ့ရဲ့တပ်နဲ့အတူ ရန်သူ့စစ်ကြောင်းကို ထိုးဖောက်တိုက်ပွဲဝင်ခဲ့ပါတယ်။

ဆရာကျော်တို့တပ်စုဟာ စစ်ဘေးဒုက္ခသည်ရွာသူရွာသားများကို သူတို့ရဲ့ ရှိစုမဲ့စုရိက္ခာထဲက ခွဲဝေပြီး ကျွေးမွေးခဲ့ကြပါတယ်။ အငတ်ခံစရာရှိရင် သူတို့စစ်သည်တွေကပဲ အငတ်ခံခဲ့ကြရှာပါတယ်။ ပုထုဇဉ်သဘာဝအလျောက် ဆရာကျော်ဟာ ပြေးလွှားရင်းတိုက်ပွဲဝင်ရင်းနဲ့ လမ်းခရီးမှာ စစ်ဘေးဒုက္ခသည်များထဲမှ အမာ(ခင်ယုမေ) ဆိုတဲ့ ရွာသူကလေးနဲ့ သမုဒယသံယောဇဉ်ကြိုးချည်တွယ်မိခဲ့ကြပါတယ်။ ရန်သူ့နယ်မြေကို ထိုးဖောက်တိုက်ပွဲဝင်ပြီးလို့ ပင်မတပ်နဲ့ အဆက်အသွယ်ရပြီးရင် သူတို့နှစ်ဦးလက်ထပ်ကြဖို့လည်း စိတ်ကူးယဉ်ခဲ့ကြပါတယ်။ ဒါပေမဲ့ နောက်ဆုံးတိုက်ပွဲမှာ ဆရာကျော် ဒဏ်ရာရခဲ့ပါတယ်။ ဆရာကျော်ဟာ သူ့ကိုသယ်ယူသွားမယ့် ရဲဘော်တွေရဲ့ အစီအစဉ်ကို လုံးဝငြင်းပယ်ပြီး အမာနဲ့တကွ ရွာသူရွာသားတွေကို တောင်ကြားလမ်းကနေ ဘေးလွတ်ရာ အရင်သွားဖို့၊ ဒုတိယအသုတ်အနေနဲ့ ရဲဘော်တွေအားလုံး စနစ်တကျဆုတ်ခွာရေးအတွက် ကာပစ်ပစ်ရင်း ကျန်ရစ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ နောက်ဆုံးဒုတိယအသုတ် သူ့ရဲဘော်များ ဘေးကင်းရာ လမ်းကြောင်းကို ရောက်သည်အထိ ကာပစ်ပစ်ရင်းနဲ့ အသေခံတိုက်ပွဲဝင်သွားခဲ့ရှာပါတယ်။ ဆရာကျော် သေနတ်မှန်လို့ ကျဆုံးသွားတဲ့ပြကွက်ကိုကြည့်ပြီး စာရေးသူတို့ယောကျ်ားရင့်မာကြီးတွေတောင် မျက်ရည်ဝဲခဲ့ပါတယ်။ ဆရာကျော်ဟာ စာရေးသူတို့ပြည်သူတွေရင်ထဲက အလွန်ချစ်တဲ့ တပ်မတော်ကြီးကို လုံးဝကိုယ်စားပြုနေပါတယ်။ ဆရာကျော်ဟာ ပြည်သူကို အသက်ပေးပြီးစောင့်ရှောက်ကာကွယ်တယ်။ ရန်သူတွေကို ရဲရဲဝံ့ဝံ့စစ်ဗျူဟာမြောက် ချေမှုန်းတယ်။ ဆရာကျော်ဟာ ပြည်သူကို အငတ်ခံပြီးကျွေးမွေးတယ်။ ဆရာကျော်ဟာ အပြစ်မဲ့ ပြည်သူတွေအတွက် သာမက လက်အောက်ရဲဘော်တွေအသက်ရှင်လွတ်မြောက်ရေးအတွက် နောက်ဆုံးထွက်သက်ထိ အသေခံတိုက်ပွဲဝင်သွားသူဖြစ်ပါတယ်။

ဆရာမကြီးခင်နှင်းယုရဲ့ "မွေး"ဝတ္ထုကို ရုပ်ရှင်ရိုက်ကူးခဲ့တာလည်း စာရေးသူတို့ကြည့်ခဲ့ရပါတယ်။ အဲဒီထဲမှာ တပ်မတော်သားကြီး ဗိုလ်မှူးကိုကိုနိုင်(ထွန်းဝေ)ဟာ မွေး(မြင့်မြင့်ခင်)အလွန်ချစ်ရတဲ့ ခင်ပွန်းဖြစ်ပါတယ်။ မွေးဟာ အဆုတ်နာရောဂါကို အိန္ဒိယနိုင်ငံမဒရပ်မြို့ပင်လယ်ကမ်းခြေက အာရောဂျံဆေးရုံမှာ သွားရောက်ကုသမှုခံယူရပါတယ်။ ဇနီးမရှိခိုက် ဗိုလ်မှူးကိုကိုနိုင်ဟာ ရှမ်းပြည်နယ်ကိုတာဝန်အရ သွားရောက်ရင်းလမ်းခရီးတစ်နေရာမှာ သိက္ခာမဲ့ခင်မင်ခဲ့တဲ့ အမျိုးသမီးတစ်ဦးနဲ့ ငြိစွန်းသွားခဲ့ပြီး လက်ထပ်ယူခဲ့ပြန်ပါတယ်။ မွေး အိန္ဒိယက ပြန်ရောက်တော့ ဗိုလ်မှူးကိုကိုနိုင်က လာမကြိုနိုင်ခဲ့ပါဘူး။ မွေးဟာ နေအိမ်ရောက်တော့ ဖုန်းသံမြည်လို့ ဖုန်းလည်းကိုင်လိုက်ရော ဆေးရုံက ဗိုလ်မှူးကိုကိုနိုင်ဇနီးကလေးမွေးတဲ့သတင်းပေးချက်ကို လက်ခံနားထောင်လိုက်ရရှာပါတယ်။ အဲဒီအခါမှာ မွေးတစ်ယောက် ရင်ကွဲမတတ်ခံစားရတဲ့ပြကွက်က ပရိသတ်ကြီးကို ဆို့နင့်စေပါတယ်။ ဒါပေမဲ့ အံ့သြစရာကောင်းတာက ပရိသတ်ကြီးဟာ ဒီဇာတ်ကားမှာ ဗိုလ်မှူးကိုကိုနိုင်ကို ဗီလိန်လို့သဘောမထားကြပါဘူး။ အဲဒါဘာဖြစ်လို့လဲ၊ ဗိုလ်မှူးကိုကိုနိုင်ကို ဘာကြောင့်ခွင့်လွှတ်ကြသလဲလို့မေးရင် အဓိကအကြောင်းရင်းက ဆရာကျော့်ကိုချစ်လို့ပါပဲလို့ ပြောရမှာဖြစ်ပါတယ်။ (ဇာတ်ကားအရ ဆရာကျော်က နောက်မှပေါ်တာဖြစ်ပေမယ့် သူ့ရဲ့နိမိတ်ပုံကို စံထားပြီးရှေးဦးတင်ပြခဲ့တာဖြစ်ပါတယ်။) လက်တွေ့ဘဝမှာလည်း တပ်မတော်ကြီးကိုချစ်တဲ့ပြည်သူတွေဟာ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားတွေရဲ့ ပုထုဇဉ်သဘာဝကျူးလွန်မိလေ့ရှိတဲ့ လူမှုရေးအမှားအယွင်းတွေကို တတ်နိုင်သမျှ သည်းခံခွင့်လွှတ်လေ့ရှိကြပါတယ်။

ဒါပေမဲ့ ၁၉၆၂ ခုနှစ်၊ ၁၉၈၈ ခုနှစ်နဲ့တစ်ဆက်တည်း ၁၉၉၀ ပြည့်နှစ်က တင်ပြခဲ့တဲ့ဖြစ်ရပ်တွေနဲ့ပတ်သက်ပြီး တာဝန်ရှိသူကိုမေးရင်တော့ ပြည်သူတွေက ဆရာကျော်မပါဘူးလို့ သတ်မှတ်ပါတယ်။ နိုင်ငံရေးအာဏာမက်မောတဲ့ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦး (သို့မဟုတ်)တစ်စုရဲ့အမှားကြောင့်လို့ပဲ သတ်မှတ်ထားကြပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့တပ်မတော်သားအားလုံးကို ဆရာကျော့်လိုထာဝရအားကိုးပါရစေ၊ "ဆရာကျော်"စင်စစ်ကေန်ဖြစ်ကြပါစေလို့ (၆၉)နှစ်မြောက် တပ်မတော်နေ့မှာ လှိုက်လှိုက်လှဲလှဲဆုတောင်းခဲ့ပါတယ်ခင်ဗျား..။

## JOKE

### တိုးတိုးပြော

တနင်္ဂနွေတစ်ရက်တွင် ကလေးငယ်တစ်ဦးသည် မိခင်ဖြစ်သူနှင့်အတူ ဘုရားရှိခိုးကျောင်းသို့ လိုက်သွားသည်။ အများသူငါ ဝတ်ပြုနေကြစဉ် ကလေးငယ်က မိခင်အား "မေမေ၊ သားချေးပါချင်တယ်"ဟု ပြောလိုက်သည်။ ထိုအခါ မိခင်က သားငယ်လေးအား "ဘုရားရှိခိုးကျောင်းမှာ ချေးပါချင်တယ်လို့ ပြောတာ မသင့်တော်ဘူး သားလေးရဲ့။ နောက်တစ်ခါကျရင် မေမေ သားတိုးတိုးပြောချင်တယ်လို့ ပြောရင် ရပြီသားရဲ့"ဟု ပြောပြသည်။

နောက်တနင်္ဂနွေတွင် ကလေးငယ်က ဖခင်ဖြစ်သူနှင့် ဘုရားကျောင်းသို့ လိုက်သွားပြန်သည်။ ထိုတစ်ကြိမ်တွင်လည်း ကလေးငယ်က ချေးပါချင်လာ၍ "ဖေဖေ သားတိုးတိုးလေးပြောချင်တယ်" ဟု ပြောရာ ဖခင်က "သား ဖေဖေ့နား နားကို ကပ်ပြောလေ" ဟု ဆိုလိုက်ပါသည်။

### မသိဘူး

မေရီတစ်ယောက်ရုံးတွင်ပင်ပန်းလာ၍အိမ်ပြန်ရောက်သောအခါ အိပ်ရာပေါ် လှဲရင်း ကိုယ့်ကိုယ်ကိုယ်သနားသော လေသံဖြင့် "သမီးကို ဘယ်သူမှ မချစ်ဘူး။ ကမ္ဘာကြီးတစ်ခုလုံးက သမီးကို မုန်းနေကြတယ်"ဟု မိခင်နှင့် အစ်ကိုဖြစ်သူကို ချွဲလိုက်သည်။

ကွန်ပျူတာဂိမ်းကစားရင်း အလုပ်ရှုပ်နေသော အစ်ကိုက မေရီ့ကို မော်၍ပင်မကြည့်ဘဲ ယခုလိုအားပေးစကားပြောလိုက်သည်။ "မေရီရယ် အဲဒါမဟုတ်ပါဘူးဟယ်။ တချို့လူတွေက နင့်ကို သိတောင်မှ မသိဘဲနဲ့"ဟု မေရီ့အစ်ကိုကဆိုသည်။

AUNG KYAW ZEW
အောင်ကျော်ဇော
အုန်းသီးခြစ် - ညှစ် - မုန့်လက်ဆောင်းဖက်
ရွှေရင်အေး
ဆိုးဆေး (လုံးဝ) အသုံးမပြုပါ။ အာမခံပါသည်။ ဆိုင်ခွဲ (လုံးဝ) မရှိပါ။
အထူးအော် ဒါလက်ခံပါသည်။
(၁) ရက်ကြိုတင်မှာယူခြင်းဖြင့် အားပေးမှုကို အထူးကျေးဇူးတင်ပါသည်။
အမှတ်(၄၇/၇၃) ရေတာရှည်လမ်းဟောင်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-730 82589, 09-863 2105

Environment

7 DAY NEWS JOURNAL

Vol.13, No.5 • APRIL 2 , 2014

# တောဆင်ရိုင်းတစ်ကောင်လုံးရောင်းတန်းဝင်လာမှုကြောင့် ၂၀၁၃မှစ၍ သတ်ဖြတ်ခံရမှုဆယ်ဆတိုးလာ

**အိဖြူမွန်**

**ရန်ကုန်၊ မတ်-၂၉**

၂၀၁၃ခုနှစ်သည် လေးနှစ်အတွင်း တောဆင်ရိုင်းများသတ်ဖြတ်ခံရမှု အများဆုံးနှစ်ဖြစ်ပြီး ဆင်အကောင်ရေ ၁၄ကောင်သတ်ဖြတ်ခံရကြောင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

၂၀၁၀-၁၂ ခုနှစ်အတွင်း တော ဆင်ရိုင်းတစ်ကောင်မှ နှစ်ကောင် ကြားသတ်ဖြတ်ခံရသော်လည်း ၂၀၁၃ခုနှစ်တွင် သတ်ဖြတ်ခံရမှုမှာ ဆယ်ဆတိုးလာသည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် တောဆင်ရိုင်းများကျက်စားနေထိုင်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးခုနစ်ခုအနက်ပဲခူးနှင့် ရာဝတီတိုင်းဒေသကြီးတို့တွင် ၂၀၁၃ ခုနှစ်အတွင်းတောဆင်ရိုင်းအများဆုံး သတ်ဖြတ်ခံခဲ့ရသည်ဟု သိရသည်။

ယခင်က တောဆင်ရိုင်းများ၏ အစွယ်တစ်ခုတည်းသာ ဈေးကွက်ဖြစ်သော်လည်း ယခုအခါ ဆင်စွယ်အပြင် ခန္ဓာကိုယ်အစိတ်အပိုင်းများအားလုံး ရောင်းတန်းဝင်လာခြင်းဖြစ်သည်။

တောဆင်ရိုင်းများ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ ရောင်းတန်းဝင်ဈေးကောင်းရလာခြင်းကြောင့် တောဆင်ရိုင်းသတ်ဖြတ်မှုများလာခြင်းဖြစ်သည်ဟု ဝန်းကျင်/သားငှက်ဌာနမှ ညွှန်ကြားရေးမှူးကပြောသည်။

တောဆင်ရိုင်းများနေထိုင်ကျက်စားသည့် ဒေသများတွင် လူများ အခြေချနေထိုင်လာခြင်း၊ စားကျက်မြေများတိုးချဲ့လာခြင်းတို့ကြောင့် စားကျက်မြေများကျဉ်းမြောင်းလာပြီး လူနှင့်ဆင်ပဋိပက္ခများဖြစ်လာကာလူများကဆင်များ၏ နှောင့်ယှက်မှုကို ကာကွယ်ရင်း သတ်ဖြတ်ခံခဲ့ရသည့် ဆင်များလည်းရှိကြောင်းအထက်ပါပုဂ္ဂိုလ်ကပြောသည်။

မြန်မာနိုင်ငံတွင် တောဆင်ရိုင်းများသည် ပဲခူး၊ ရာဝတီ၊ မန္တလေး၊ ရန်ကုန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်ရှိတောတောင်များတွင် ကျက်စားနေထိုင်ကြသည်။

# ရှားပါးတိရစ္ဆာန်များ ကျက်စားသည့် နယ်မြေခုနစ်ခုကို ထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ရန် ကြန့်ကြာနေ

**အိဖြူမွန်**

**နေပြည်တော်၊ မတ်-၂၉**

ထိန်းသိမ်းရေးဝန်ထမ်း မလုံလောက်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာအခက်အခဲများကြောင့် အဆိုပြုထားသော သဘာဝထိန်းသိမ်းရေးနယ်မြေခုနစ်ခုကို သဘာဝထိန်းသိမ်းနယ်မြေအဖြစ် သတ်မှတ်ရန်အချိန် ကြန့်ကြာဦးမည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။



မုံရွာ ဖောဓိတစ်ထောင်နယ်မြေတစ်ဝိုက်ကို တွေ့ရစဉ်

ဓာတ်ပုံ – မျိုးမင်းဦး

ထိန်းသိမ်းရေးနယ်မြေများ၊ ဘေးမဲ့တောအဖြစ် သတ်မှတ်ရန်ဝန်ကြီးဌာနသို့ အဆိုပြုထားသည်မှာ ၂နှစ်မှ ဆယ်စုနှစ်တစ်ခု ကျော်သည်အထိ ရှိပြီဖြစ်ကြောင်း သိရသည်။

သဘာဝထိန်းသိမ်းရေး နယ်မြေ သတ်မှတ်ပြီးနောက် ကာကွယ်စောင့်ရှောက်ရန် ဝန်ထမ်းများထားရှိခြင်း၊ ငွေကြေးထောက်ပံ့ခြင်းတို့သည် နိုင်ငံတော်အဆင့်အထိ ဘတ်ဂျက်တင်ပြ၍ လုပ်ကိုင်ရသဖြင့် ထိုအခက်အခဲများကြောင့် အချိန်ကြန့်ကြာနေရခြင်းဖြစ်ကြောင်း ဝန်းကျင်/သားငှက်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"သတ်မှတ်ပြီးသွားရင် ကာကွယ်စောင့်ရှောက်ရမယ့် လုပ်ငန်းတွေက အများကြီး။ အဆင့်ဆင့်လုပ်ရတယ်။ ရုံးစိုက်ရမယ့်ဟာတွေ၊ ဝန်ထမ်းခန့်ရမယ်ဟာတွေ အများကြီးပဲ။ လုပ်ရကိုင်ရတာသိပ်မလွယ်ကူဘူး။ ဒါကြောင့် သတ်မှတ်ဖို့ ကြာဦးမယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

သဘာဝထိန်းသိမ်းရေး နယ်မြေအဖြစ် အဆိုပြုတင်သွင်းထားသည့် ထိန်းသိမ်းရေးနယ်မြေများမှာ မဟာမြိုင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဖောဓိတစ်ထောင်သဘာဝကြိုးဝိုင်း၊ တနင်္သာရီအမျိုးသားဥယျာဉ်၊ လေညာအမျိုးသားဥယျာဉ်၊ လေညာအမျိုးသားဥယျာဉ်(တိုးချဲ့)၊ သျှင်ပင်ကြက်သောက်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မြောက်ဇာမရီဆင်ထိန်းသိမ်းရေး သဘာဝနယ်မြေတို့ ဖြစ်သည်။ အဆိုပါ ထိန်းသိမ်းရေးနယ်မြေခုနစ်ခုအနက် နှစ်ခုမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရှိသည်။ ကျန်ငါးခုအနက် သုံးခုသည် တနင်္သာရီတိုင်းဒေသကြီးတွင်ရှိပြီး နှစ်ခုမှာ ပဲခူးတိုင်းဒေသကြီးတွင် ရှိသည်။ ထိန်းသိမ်းရေးနယ်မြေ ခုနှစ်ခု၏ ဧရိယာအကျယ်မှာ စုစုပေါင်း ကေနှစ်သန်းခန့်(မိုင်၃၁၁၃ကျော်) ရှိသည်။

အဆိုပြုထားသည့် ထိန်းသိမ်းရေးတောအမျိုးအစားများမှာ အမြဲစိမ်းတော၊ တောင်ပေါ်တော၊ ဒီရေတော၊ တောခြောက်၊ ရွက်ပြတ်ရောနှောတော၊ အထက်ရွက်ပြတ်ရောနှောတောတို့ဖြစ်ပြီး သင်းခွေချပ်၊ ကျားသစ်၊ ပြောင်း၊ ကြံ့ သူတော်၊ ဂါနီတောင်ငုံးနှင့် အခြား ရှားပါးတိရစ္ဆာန်များ ကျက်စားရာဒေသ ဖြစ်သည်။



Tourism
7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

# အာဆီယံထိပ်သီး အစည်းအဝေးအတွက် ဟိုတယ်အားလုံး ဧပြီတတိယပတ်အတွင်း အသင့်ဖြစ်ရန်ပြင်ဆင်

**ခန့်ထက်**

**ရန်ကုန်၊ မတ်-၂၉**

မြန်မာနိုင်ငံမှ တာဝန်ယူ ကျင်းပမည့် ၂၄ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွက် နိုင်ငံတော် ဧည့်ဂေဟာအတွင်းမှ ဟိုတယ်များ ဧပြီ ၁၅ ရက်တွင် အလုံးစုံ အဆင်သင့်ဖြစ်စေရန် ဟိုတယ်/ခရီး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းထားသည်။

အစည်းအဝေးတက်ရောက်မည့် နိုင်ငံတကာမှ အကြီးအကဲများကို နိုင်ငံခြားရေး ဝန်ကြီးဌာနမှ စာရင်းများအတိုင်း နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိဟိုတယ်များတွင် နေရာချထားပေးရန်နှင့် တည်းခိုနေထိုင်သူများအတွက် လုံခြုံရေးနှင့် အစာအဆိပ်သင့်မှုများ မဖြစ်စေရန် အထူးဂရုပြုရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက မှာကြားခဲ့သည်။

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို နေပြည်တော်၌ မေလ ၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ယင်းအစည်းအဝေးသို့ တက်ရောက်မည့် နိုင်ငံတကာမှ ခေါင်းဆောင်များ တည်းခိုနေထိုင်ရန် နိုင်ငံတော် ဧည့်ဂေဟာအတွင်း ဟိုတယ်ငါးလုံးကို ဇန်နဝါရီက ဖွင့်လှစ်နိုင်ခဲ့သည်။

"လုံခြုံရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်တယ်။ ဟိုတယ် ဝန်ထမ်းတွေရဲ့ ကိုယ်ရေးရာဇဝင်တွေကိုလည်း သက်ဆိုင်ရာကို တင်ပြပေးဖို့ အရေးကြီးတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

နိုင်ငံတော် ဧည့်ဂေဟာအတွင်းဖွင့်လှစ်ထားသော ဟိုတယ်များတွင် အရေးပေါ်အစည်းအဝေးများ ပြုလုပ်နိုင်သော အခန်းများ၊ သီးသန့်တွေ့ဆုံခန်းများ၊ သံတမန်ရေးရာခန်းများအပြင် လိုအပ်ပါက ရဟတ်ယာဉ်များဆင်းသက်နိုင်ရန် အတွက် ကွင်းများပါရှိရန် ဆောင်ရွက်ထားသည်ဟု နေပြည်တော် ဟိုတယ်ဇုန်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အာဆီယံထိပ်သီးအစည်းအဝေးကျင်းပရာတွင် တက်ရောက်မည့် နိုင်ငံတကာမှ အကြီးအကဲများကို နိုင်ငံတော်ဧည့်ဂေဟာဝင်း အတွင်းရှိ ဟိုတယ်များတွင်သာမက ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဟိုတယ်များတွင်ပါ နေရာချထားပေးမည်ဟု ဟိုတယ်/ခရီးဝန်ကြီးဌာနမှ သိရသည်။

# ခါတော်မီ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းများ ခရီးစဉ်လက်လွှဲပို့ဆောင်မှုများရှိ၍ စိစစ်သွားရောက်သင့်

**ခန့်ထက်**

**ရန်ကုန်၊ မတ်-၂၉**



*လှိုင်ကော်မြို့၏ အထင်ကရတောင်ကွဲစေတီ*

ပြည်တွင်းဘုရားဖူးလုပ်ငန်းအချို့သည် ခရီးစဉ်များကို ကိုယ်တိုင်မပို့ဆောင်ဘဲ လက်လွှဲပို့ဆောင်မှုများရှိနေ၍ သွားမည့်ခရီးစဉ်များကို သေချာစိစစ်ပြီးမှ သွားရောက်ရန် ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်းက တိုက်တွန်းထားသည်။

ဘုရားဖူးဝန်ဆောင်မှုပေးနေသော အဖွဲ့အချို့သည် ခရီးသည်များအားလက်မှတ်များရောင်းချပြီး ခရီးစဉ်ကို ၎င်းတို့အဖွဲ့ကိုယ်တိုင်ပို့ဆောင်ခြင်း မဟုတ်ဘဲ အခြားအဖွဲ့နှင့် ပို့ဆောင်ပေးသဖြင့် လွဲချော်မှုများကို ဝန်ကြီးဌာနသို့ တိုင်ကြားမှုများရှိသည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဒုဝန်ကြီး ဒေါက်တာတင်ရွှေကပြောသည်။

တိုင်ကြားမှုတွင် ၎င်းဘုရားဖူးအဖွဲ့များက လှိုင်ကော်ခရီးစဉ်ကို တစ်ဦးလျှင် ကိုးသောင်းကျပ်ဖြင့် ရောင်းချထားပြီး ခရီးစဉ်ကို အခြားအဖွဲ့ဖြင့် ချိတ်ဆက်လိုက်ပို့စေခဲ့ကာ လှိုင်ကော်သို့ မရောက်ဘဲ တောင်ကြီးကိုသာ ရောက်ရှိခဲ့သဖြင့် မကျေနပ်၍ တိုင်ကြားမှုများရှိခဲ့သည်ဟု ဒုဝန်ကြီး ဒေါက်တာတင်ရွှေပြောသည်။

"ခရီးသည်တွေအနေနဲ့ အကောင်းဆုံးမှာချင်တာက ခရီးသွားတော့မယ်ဆိုရင် သေချာစုံစမ်းပြီးမှ သွားပါလို့ အကြံပြုချင်ပါတယ်"ဟု ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှု အသင်းမှ အတွင်းရေးမှူး ဦးကျော်မင်းလှိုင်ကဆိုသည်။


"ကျွန်တော်တို့ အသင်းကိုဝင်ထားသူတွေနဲ့ ပတ်သက်ပြီးဖြစ်မယ်ဆိုရင်တော့ အသင်းအနေနဲ့ တတ်နိုင်သမျှ ကူညီပေးသွားမှာပါ။ အသင်းမဝင်ထားတဲ့သူတွေနဲ့ ပတ်သက်ရင်တော့ ကူညီဖို့ တော်တော်လေးကို အခက်အခဲရှိပါတယ်" ဟု ဦးကျော်မင်းလှိုင်က ပြောသည်။

ယင်းပြဿနာများ ပြေလည်ရန် ပြည်တွင်းဘုရားဖူးလုပ်ငန်းတွင် ဝန်ကြီးဌာနမှ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပေးရန် လိုအပ်ကြောင်း ဘုရားဖူးလုပ်ငန်းလုပ်ကိုင်နေသူ အများစုမှာ ကုမ္ပဏီထောင်ပြီး လုပ်ငန်းလိုင်စင်မရှိသူများသည်ဟု ၎င်းကဆိုသည်။

လက်ရှိတွင်ပြည်တွင်းဘုရားဖူးလုပ်ငန်းလုပ်ကိုင်သော အဖွဲ့ ၃၀၀ ကျော်ရှိနေပြီး အသင်းဝင်ပြီး လုပ်ကိုင်နေသော အဖွဲ့ ၁၇၀ ကျော်ရှိသည်။

ဘုရားဖူးလုပ်ငန်း လုပ်ကိုင်နေသော အဖွဲ့ငယ်များသည် ရာသီပေါ်အချိန်တွင်သာ လုပ်ငန်းလုပ်ကိုင်ကြရပြီး လိုင်စင်ဖြင့် လုပ်ကိုင်ရန် အခက်အခဲရှိသည်ဟု တစ်နိုင်တစ်ပိုင်ဘုရားဖူးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ဘုရားဖူး လုပ်ငန်းများအတွက် လုပ်ငန်းလိုင်စင်လျှောက်ထားပါက ဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး ပြည်တွင်းဘုရားဖူးလုပ်ငန်း လိုင်စင်ကြေးမှ ၂ နှစ်သက်တမ်းရှိလိုင်စင်အတွက်ကျပ်လေးသိန်းပေးဆောင်ရမည်ဟု ဟိုတယ်/ခရီး ဝန်ကြီးဌာနမှ သတ်မှတ်ထားသည်။



7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014





























7DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

# "ကမ္ဘာကြီးက တစ်ညအတွင်း ပြောင်းလဲသွားတာမဟုတ်ပါဘူး"

## ကွန်ဂိုနိုင်ငံရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ အကြီးအကဲ မာတင်ကော့ဘလာနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံဟာ အယ်လ်ဂျီးရီးယားပြီးရင် အာဖရိကရဲ့ ဒုတိယမြောက်ရေိယာ အကြီးဆုံးနိုင်ငံဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်တွင်းစစ်နဲ့ မတည်ငြိမ်မှုတွေ ဆက်တိုက်ဖြစ်နေခဲ့တဲ့ ကွန်ဂိုဟာ သယံဇာတကြွယ်ဝပေမယ့် အဆင်းရဲဆုံးဖြစ်နေဆဲပါ။

ဒါပေမဲ့ ပြီးခဲ့တဲ့ဒီဇင်ဘာမှာ သူပုန်အုပ်စု M–23 နဲ့ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ပြီးတဲ့နောက် ကွန်ဂိုဟာ အခြေအနေတွေ တည်ငြိမ်စပြုလာပြီ။

ဒါကြောင့် ဂျာမန်စပိုင်းဂဲလ်မီဒီယာဟာ ကွန်ဂိုမှာ ငြိမ်းချမ်းရေးထိန်းသိမ်းရေးအတွက် အဓိကဦးဆောင်အဖွဲ့ဖြစ်တဲ့ ကုလငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ အကြီးအကဲ မာတင်ကော့ဘလာနဲ့ တွေ့ဆုံပြီး ကုလတပ်ဖွဲ့တွေရဲ့ အောင်မြင်မှုတွေအကြောင်း၊ ကွန်ဂိုငြိမ်းချမ်းရေးနဲ့ ပြန်လည်တည်ဆောက်ရေးအကြောင်းတွေကို မေးမြန်းထားပါတယ်။

**မစ္စတာကော့လာခင်ဗျား အခုကစလို့ အရှေ့ကွန်ဂိုမှာ ကုလသမဂ္ဂတပ်တွေ တပ်စွဲထားတာ တစ်နှစ်ရှိခဲ့ပါပြီ။ လူကြီးမင်းရဲ့ ကုလတပ်သားတွေဟာ တိုက်ပွဲထဲမှာ ပါဝင်တိုက်ခိုက်နေပြီး ငြိမ်းချမ်းရေးထိန်းသိမ်းမှုဖြစ်စဉ် စကတည်းက တိုးတက်မှုတွေလည်း ရှိခဲ့ပါတယ်။ ဒီလိုမျိုး ဆင်းရဲဒုက္ခခံရတာဟာ တိုးတက်မှုရဖို့အတွက် လိုအပ်ပါရဲ့လား။**

ဟုတ်ကဲ့။ လိုတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ၁၅ နှစ်လောက်ကြာအောင် နိုင်ငံတကာအသိုင်းအဝိုင်းဟာ အရှေ့ကွန်ဂိုက အခြေအနေကို ဘာအောင်မြင်မှုမှမရဘဲ ထိန်းချုပ်နိုင်အောင် ကြိုးပမ်းခဲ့ကြတယ်။

ဒီနောက်တော့ လိုအပ်တဲ့နေရာမှာ လက်နက်ကိုင်စစ်သွေးကြွတွေ ဆန့်ကျင်တိုက်ခိုက်ရေးမှာ ကျွန်တော်တို့ အင်အားကို စပြီးသုံးလာခဲ့ကြတယ်။ အခြေအနေလည်း မှတ်သားလောက်စရာ ပိုကောင်းလာခဲ့တယ်။

**ဘာတွေပြောင်းလဲခဲ့ပါသလဲ။**

နေရာတော်တော်များများမှာပါပဲ။ တရားမဝင်စစ်ဆေးရေးဂိတ်တွေ မရှိတော့ပါဘူး။ လယ်သမားတွေဟာလည်း သူတို့ရဲ့သီးနှံတွေကို နောက်တစ်ကြိမ် ပြန်စိုက်ပြီး အရင်က အကြမ်းဖက်အုပ်ချုပ်ရေးက ထိန်းချုပ်ထားတဲ့ ဧရိယာတွေထဲက ဈေးတွေထဲမှာ ပြန်ရောင်းချနေနိုင်ပါပြီ။



နယ်ဘက်အုပ်ချုပ်ရေးဟာလည်း လည်ပတ်မှုပုံမှန်ဖြစ်လာပြီး စာသင်ကျောင်းတွေလည်းနောက်တစ်ကြိမ်ပြန်ဖွင့်ခဲ့ပါတယ်။ ရဲအရာရှိ၄၀၀ကိုလည်းငှားရမ်းထားတယ်။ အခုတော့ ကိစ္စတွေအားလုံး ဒီနည်းအတိုင်း သေချာရှိနေအောင်လုပ်ဖို့ပဲ ကျွန်တော်တို့လိုပါတော့တယ်။

**ဒါဟာ အခြားနိုင်ငံတွေမှာလည်း တပ်စွဲထားတဲ့ ကုလသမဂ္ဂတပ်တွေအတွက် နမူနာပုံစံများ ဖြစ်လာမလား။**

လူတွေက ကွန်ဂိုရဲ့နမူနာကို အလွန်နီးကပ်စွာ စောင့်ကြည့်နေခဲ့ကြပါတယ်။ သူတို့ဟာကျွန်တော်တို့ ဒီမှာ ထိန်းသိမ်းရေးတပ်ချထားတာကို ဘယ်လိုဖြစ်သလဲ၊ ဘာအောင်မြင်မှုရသလဲဆိုပြီး အလွန်ကို နီးနီးကပ်ကပ် လေ့လာနေကြပါတယ်။

**ဒီတော့ ဆိုလိုတာက ကုလသမဂ္ဂတပ်တွေဟာ မာလီမှာ (သို့မဟုတ်) ဗဟိုအာဖရိကသမ္မတနိုင်ငံတွေမှာလည်း အလုံးအရင်းနဲ့ ဝင်ရောက်ကြားဝင်ဖို့ လိုအပ်ပါသလား။**

ကွန်ဂိုမှာ အောင်မြင်တဲ့ ဥပမာကို ဗဟိုအာဖရိကမှာ (သို့မဟုတ်) တောင်ဆူဒန်မှာ အသုံးချကြည့်တာမျိုးတော့ လုပ်လို့မရဘူးပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ကိုယ့်ပန်းတိုင်တွေကို ဘယ်လိုရောက်ရှိနိုင်သလဲဆိုတာကိုတော့ အလွန်တိတိကျကျ စဉ်းစားဖို့ လိုအပ်တာအမှန်ပါ။

ကွန်ဂိုကရတဲ့ သင်ခန်းစာတွေထဲက တစ်ခုက စစ်ရေးအရခိုင်မာအားကောင်းတဲ့တပ်နဲ့ ဝင်ထိန်းထားပြီး တပ်စွဲထားနိုင်တယ်ဆိုရင် အောင်မြင်မှုအလားအလာက ပိုကြီးမားမယ်ဆိုတာပါပဲ။ ဒါပေမဲ့ နောက်ထပ်အရေးကြီးတာကလည်း အရပ်ဘက်ပူးပေါင်းပါဝင်မှုနဲ့ အစိုးရအုပ်ချုပ်ရေးပိုင်းကို ပြန်တည်ဆောက်နိုင်ဖို့လည်း လိုတာပါပဲ။

**သမ္မတဂျိုအာချင်ဂေါ့ရဲ့ ထောက်ခံမှုနဲ့ ဂျာမန်အစိုးရဟာ နိုင်ငံကို ကမ္ဘာမှာ ပိုပြီးတက်ကြွတဲ့ အခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်နေစေချင်ပါတယ်။ ဒီပန်းတိုင်တွေထဲမှာ အာဖရိကမှာ ပိုကြီးမားတဲ့နေရာက ပါဝင်ဖို့လည်း ပါရှိပါတယ်။ လူကြီးမင်းအမြင်ကရော ဘယ်လိုရှိပါသလဲ။**

ဒီဆွေးနွေးမှုကို ကျွန်တော် အရမ်းဝမ်းသာမိပြီး တတ်နိုင်သမျှ အလုံးစုံ ထောက်ခံအားပေးသွားချင်ပါတယ်။ ကျွန်တော်တို့ဟာ မာလီနဲ့ ဗဟိုအာဖရိကမှာဆိုရင် တော်တော်လေးနောက်ကျနေပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ မျှော်လင့်ချက်ရှိတဲ့ ကွန်ဂိုလိုနေရာမျိုးကနေ စတင်သင့်ပါတယ်။

**ဒီတိုင်းပြည်က ပြီးခဲ့တဲ့ ၁၅ နှစ်အတွင်း လူသန်းပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရတဲ့ နေရာမဟုတ်လား။**

လူသားတွေရဲ့ ကပ်ဆိုးကျရောက်ခဲ့မှုတွေကတော့ စိတ်မကူးတတ်လောက်အောင် ဖြစ်ခဲ့တာပေါ့။ ဒါပေမဲ့ လူနည်းနည်းလောက်ကပဲ ဖြစ်ပျက်နေတာ သတိပြုမိခဲ့ကြတယ်။ ဒီအနေအထားမှာ ဂျာမန်နိုင်ငံရေးသမားတွေက ဒီကိစ္စကို စိတ်ဝင်စားမှု ပိုကြီးလာမယ်ဆိုရင် ကျွန်တော် အရမ်းဝမ်းသာမိမှာပါ။

**ကွန်ဂိုတပ်မတော်ကိုယ်တိုင်ဟာ သူပုန်တွေလိုပဲ နာမည်ကောင်းနဲ့ ကျော်ကြားမှုမရှိဘူးနော်။**

ပြီးခဲ့တဲ့ ၂ နှစ်အတွင်းမှာ စစ်တပ်ဟာ တိုးတက်လာပါပြီ။ လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် ကျွန်တော်တို့ စောင့်ကြည့်ခဲ့တဲ့ ကွန်ဂိုစစ်တပ်ရဲ့ တပ်ဖွဲ့တွေနဲ့ပဲ ကျွန်တော်တို့ နီးကပ်စွာပူးပေါင်းလုပ်ဆောင်နေပါတယ်။

**လူကြီးမင်းရဲ့ စွမ်းဆောင်မှုကို တောင်အာဖရိက၊ တန်ဇန်းနီးယားနဲ့ မာလာဝီတို့က လက်နက်ကောင်းကောင်းတပ်ဆင်ထားတဲ့ အင်အား ၃,၀၀၀ ရှိတဲ့ ကုလလုံခြုံရေးတပ်က ထောက်ပံ့ထားတာပါ။ သူပုန်တွေရဲ့ လေးစားမှုကိုတောင် လူကြီးမင်းရခဲ့ပြီးသားပါ။ ကျန်နေသေးတဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်တွေ (အများစုက အိန္ဒိယတပ်တွေ)ကိုရော ထပ်ပြီးဖြည့်ဆည်းသွားဦးမလား။**

ဒါက အဓိကအချက်ပဲ။ ကျွန်တော်တို့ တပ်တွေ အခုဆိုရင် ဒီမှာနေလာတာ ၁၅ နှစ်ရှိပြီ။ ဒါပေမဲ့ နည်းနည်းလေးပဲ ဖြေရှင်းနိုင်ပါတယ်။ ဒါကို ကိုယ့်ကိုယ်ကိုယ် ဝေဖန်သုံးသပ်မှုတော့ ရှိရပါမယ်။ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်တွေကို ဖြည့်ဆည်းပေးနေတဲ့ နိုင်ငံတွေဟာ ဒီကိစ္စကို ပိုပြီးခိုင်မာတဲ့နည်းလမ်းနဲ့ ချဉ်းကပ်နေကြပါပြီ။

**ကွန်ဂိုမှာ ကုလသမဂ္ဂတပ်တွေ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဖြစ်စဉ်ထဲမှာ ပါဝင်တာဟာ တစ်နှစ်ကို ယူရို ၁ ဒသမ ၄ ဘီလီယံကုန်ကျပြီး ဂျာမနီက သန်း ၁၀၀ ပဲ ထည့်ဝင်နိုင်ပါတယ်။ စစ်ရေးပိုင်းအရ ထိန်းချုပ်နိုင်တာချည်းမဟုတ်ဘဲ အရပ်ဘက်လူ့အဖွဲ့အစည်းပိုင်းကိုလည်း ပြန်လည်တည်ဆောက်ပေးရမယ်လို့ လူကြီးမင်းပြောထားပါတယ်။ ဒါကို ဘယ်လိုအဆိုပြုသွားဖို့ ရှိပါသလဲ။**

ကျွန်တော်တို့ဟာ မနက်ဖြန်အကြောင်း၊ နောက်ထပ်ခြေလှမ်းသစ်အကြောင်း အမြဲစဉ်းစားရပါမယ်။ အခုထက်ထိ ရရှိထားတဲ့ လုံခြုံရေးကို ထိန်းသိမ်းချင်တယ်ဆိုရင် ကျွန်တော်တို့မှာ ကွန်ဂိုတပ်မတော်၊ ရဲတပ်ဖွဲ့နဲ့ အစိုးရလိုအပ်ပါတယ်။ ကောင်းမွန်တဲ့အုပ်ချုပ်ရေးဆိုတာ အားလုံးနဲ့ဆိုင်တာပါပဲ။ လုံခြုံရေးနဲ့ တည်ငြိမ်မှုမရှိဘဲ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးမရှိနိုင်ပါဘူး။ ဒါကြောင့် စစ်ရေးသက်သက်ချည်း စဉ်းစားတာကနေ ဆွေးနွေးမှုတွေကို ကျွန်တော် လမ်းခွဲထွက်ချင်တာပါ။

**ကောင်းမွန်တဲ့ စီမံကိန်းပါပဲ။ ဒါပေမဲ့ ကုန်ကျစရိတ်ငွေတွေလည်း အများကြီးရှိလာမှာပါ။ ဘယ်သူတွေက အစိုးရအရာရှိတွေ၊ ရဲတွေ၊ တရားသူကြီးတွေအတွက် ထောက်ပံ့ပေးနိုင်မှာလဲ။**

အခြေခံအားဖြင့်တော့ ကင်ရှာဆာက အစိုးရပဲပေါ့။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်းကူညီနိုင်ပါတယ်။ ဒါပေမဲ့ ဒီမှာ နိုင်ငံရေးအရ စိတ်ဆန္ဒမရှိရင်တော့ အစားထိုးနေရာယူနိုင်မှာ မဟုတ်ဘူးပေါ့။

**ဒီစိတ်ဆန္ဒကလည်း ကွန်ဂိုမြို့တော် ကင်ရှာဆာမှာ အမြဲမရှိခဲ့တဲ့အရာပဲ မဟုတ်လား။**

နိုင်ငံရေးစိတ်ဆန္ဒလုံးဝကိုရှိကြပါတယ်။ ဥပမာ–တိုင်းပြည်ကို စုစည်းနိုင်ပြီး ဖွံ့ဖြိုးအောင် သဘာဝရင်းမြစ် သယံဇာတတွေကို သုံးမယ်ဆိုရင်ပေါ့။

**ဒါပေမဲ့ တိုင်းပြည်တစ်ခုကို တည်ဆောက်ဖို့နဲ့ အလုပ်လုပ်မယ့် အဆောက်အအုံတွေကို ဒါနဲ့ထောက်ပံ့ပေးဖို့ မလုံလောက်နိုင်ဘူး မဟုတ်လား။**

ကမ္ဘာကြီးက တစ်ညအတွင်း ပြောင်းလဲသွားတာမဟုတ်ပါဘူး။ ဒါပေမဲ့ကျွန်တော်တို့အပြုသဘောဆောင်တဲ့လမ်းကြောင်းကို မြင်နိုင်ပါတယ်။ တွန်းအားတစ်ရပ်ရှိနေတယ်။ ကျွန်တော်တို့ အဲဒါကို သုံးရမယ်။ အာမခံချက်တွေမရှိကြပေမယ့် အခွင့်အရေးကောင်းတွေရှိနေတာပဲလေ။

*—Ref: Interview with UN Congo Mission Leader Martin Kobler, Spiegel: 27th March.*

## Leader's Profile

# ကိုရီးယား Posco သံမဏိကုမ္ပဏီဥက္ကဋ္ဌ ချွန်ဂျွန်ယန်း

ရဲမင်း



မစ္စတာချွန်ဂျွန်ယန်းသည် တောင်ကိုရီးယား စီးပွားရေးသမားတစ်ဦးဖြစ်ပြီး တောင်ကိုရီးယားသံမဏိ ပေါ့စ်ကို၏ လက်ရှိဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည်။

ချွန်ဂျွန်ယန်းကို ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဘူဝမ်မြို့၌ မွေးဖွားခဲ့သည်။ ဆိုးလ်အမျိုးသားတက္ကသိုလ်တွင် အထက်တန်းတက်ရောက်ပြီး ယင်းတက္ကသိုလ်မှပင် နည်းပညာဘွဲ့ရရှိခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ဆွန်ချောင်အမျိုးသားတက္ကသိုလ်မှ သတ္တုအင်ဂျင်နီယာ မဟာဘွဲ့ရရှိခဲ့သည်။

ကျောင်းပြီးခဲ့သော ၁၉၇၅ ခုနှစ်မှာပင် ချွန်ဂျွန်ယန်းသည် ထိုစဉ်က ပိုဟန်သံနှင့် သံမဏိကုမ္ပဏီ (ပေါ့စ်ကို)တွင် ဝင်ရောက်ခဲ့သည်။ ၁၉၈၄ ခုနှစ်အထိ ပိုဟန်ဒေသ သံမဏိစက်ရုံ မန်နေဂျာအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ ယင်းနောက်တွင် ပေါ့စ်ကို၏ ဂွမ်ယန်းဒေသစက်ရုံ၌ ငါးနှစ်ကြာ သံမဏိထုတ်လုပ်ရေးဌာန အကြီးအကဲအဖြစ် တာဝန်ယူခဲ့သည်။ ထိုမှ ပိုဟန်စက်ရုံသို့ ပြန်လာပြီး သံမဏိထုတ်လုပ်ရေး နည်းပညာဌာန အကြီးအကဲအဖြစ် ခုနစ်နှစ်ကြာ တာဝန်ယူခဲ့သည်။ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ခဲ့ပြီး ပေါ့စ်ကို၏ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးတွင် ပါဝင်ကူညီခဲ့သည်။

ချွန်ဂျွန်ယန်းသည် ၁၉၉၉ မှ ၂၀၀၂ ခုနှစ်အထိ ဘယ်လ်ဂျီယမ်နိုင်ငံတွင် ပေါ့စ်ကို အီးယူဌာန အကြီးအကဲအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဂွမ်ယန်းစက်ရုံ၏ ဒါရိုက်တာဖြစ်လာခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ပေါ့စ်ကို၏ ကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာဌာနခွဲ ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည်။

၂၀၀၈ ခုနှစ်တွင် ပေါ့စ်ကို၏ အင်ဂျင်နီယာနှင့် ထုတ်လုပ်ရေး အမှုဆောင် အရာရှိချုပ်အဖြစ် ခန့်အပ်ခံရပြီး ၂၀၀၉ ဖေဖော်ဝါရီလတွင် ပေါ့စ်ကိုကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဖြစ်လာခဲ့သည်။

ပေါ့စ်ကိုကုမ္ပဏီမှာ ကမ္ဘာ့စတုတ္ထအကြီးဆုံး သံနှင့် သံမဏိ ထုတ်လုပ်ရေး ကုမ္ပဏီကြီးဖြစ်ပြီး ၂၀၁၂ ခုနှစ်က ကမ္ဘာပေါ်တွင် ၁၄၆ ခုမြောက် အကြီးဆုံးကော်ပိုရေးရှင်းအဖြစ် Fortune Glogal 500 အဖွဲ့က သတ်မှတ်ခဲ့သည်။

ချွန်ဂျွန်ယန်းသည် ပေါ့စ်ကို၏ အမှုဆောင်အရာရှိချုပ်အဖြစ်သာမက ကိုရီးယားသံနှင့်သံမဏိ အစည်းအရုံးဥက္ကဋ္ဌ၊ နိုင်ငံတကာ သံနှင့်သံမဏိအင်စတီကျု့ဒ် အမှုဆောင်ကော်မတီဝင်၊ ကိုရီးယားအမျိုးသားအင်ဂျင်နီယာ နည်းပညာအဖွဲ့ဥက္ကဋ္ဌ တာဝန်များကိုလည်း ရယူထားသည်။

ချွန်ဂျွန်ယန်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သမီးနှစ်ဦး ထွန်းကားထားသည်။

—Ref: Wikipedia

# ဂီနီနိုင်ငံမြို့တော်တွင် အီဘိုလာဗိုင်းရပ်စ်ပိုး ပြန့်ပွားနေပြီး ကျေးလက်များ၌ သေဆုံးသူ ၆၆ ဦးထိ ရှိလာ

**ကွန်နာကရီ၊ မတ်- ၂၉**

ဂီနီနိုင်ငံမြို့တော် ကွန်နာကရီ၌ အီဘိုလာဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသူများရှိသည်ဟု ဂီနီအစိုးရက ပထမအကြိမ် အတည်ပြုပြောကြားသည်။

မြို့တော်ကွန်နာကရီ၌ အီဘိုလာ ဗိုင်းရပ်စ်ကူးစက်ခံရခြင်းမရှိဟု မတ်လ ၂၅ ရက်တွင် အစိုးရက ထုတ်ပြန်ကြေညာခဲ့သော်လည်း လက်ရှိတွင် အီဘိုလာဗိုင်းရပ်စ် ကူးစက်ခံထားရသူများ တွေ့ရှိရသည်ဟု အစိုးရက ပြောသည်။

ကျေးလက်ဒေသများတွင် အီဘိုလာဗိုင်းရပ်စ်ဖြင့် သေဆုံးသူ ၆၆ ဦးအထိ ရှိခဲ့သည်။

ဂီနီနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော လိုက်ဘေးရီးယားနှင့် ဆီယာရာလီယွန်တို့တွင်လည်း အီဘိုလာဗိုင်းရပ်စ် ကူးစက်ခံရမှုများရှိသည်ဟု သံသယဖြစ်လျက်ရှိသည်။

အနီးကပ်ထိတွေ့ဆက်ဆံမှုဖြင့် ကူးစက်သော အီဘိုလာဗိုင်းရပ်စ်ကြောင့် ရောဂါဖြစ်ပွားသူ ၂၅ နှင့် ၉၀ ရာခိုင်နှုန်းကြား သေဆုံးလေ့ရှိသည်။


AFP

ရောဂါပိုးပျံ့နှံ့မှုကို ကြိုတင်ကာကွယ်သည့်အနေဖြင့် လင်းနို့များ ရောင်းချမှုနှင့် စားသုံးမှုများကို ဂီနီကျန်းမာရေးဝန်ကြီးဌာနက တားမြစ်ခဲ့သည်။

အရသာရှိသော သစ်သီးစား လင်းနို့များသည် ရောဂါပိုးသယ်ဆောင်လာသူများ ဖြစ်နိုင်ဖွယ်ရှိသည်ဟု အစိုးရက ယူဆထားသည်။

ဦးနှောက်သွေးယိုအပြင်းဖျား ရောဂါလက္ခဏာများဖြင့် သေဆုံးခဲ့သော အမျိုးသားတစ်ဦး၏ ညီအစ်ကိုများသည် ယင်းအမျိုးသား၏ အသုဘမှ ကွန်နာကရီမြို့သို့ အပြန်တွင် အလားတူ ရောဂါလက္ခဏာများပြခဲ့ပြီး အီဘိုလာဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသည်ဟု စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါညီအစ်ကိုလေးဦးကို သီးသန့်လူနာဆောင်တစ်ခုတွင် ထားရှိပြီး သေဆုံးသူအမျိုးသား၏ မိသားစုဝင်များကိုလည်း သီးခြားထား၍ စောင့်ကြည့်နေသည်ဟု ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

အီဘိုလာဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုကို ကုသရန် ဆေးဝါးများ မရှိသေးပေ။

ယင်းဗိုင်းရပ်စ်ပိုးကို တစ်ကိုယ်ရေသန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် အန္တရာယ်ရှိသော တောကောင်သားများစားသုံးမှုကို ရှောင်ရှားခြင်းတို့ဖြင့် ထိန်းချုပ်နိုင်လိမ့်မည်ဟု ကျန်းမာရေးအရာရှိများက ယုံကြည်ကြသည်။

—Ref: BBC



7DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

# ဘိုးရင်း ၇၄၇ ဂျမ်ဘိုဂျက်လေယာဉ်ကြီးများ အသုံးပြုမှု ဂျပန်လေကြောင်းလိုင်း ရပ်ဆိုင်း



AFP

**တိုကျို၊ မတ်-၂၉**

ဂျပန်လေကြောင်းလိုင်း (JAL) သည် ၁၉၇၀ ပြည့်နှစ်များမှစ၍ အသုံးပြုလာသော ဘိုးရင်း ၇၄၇ ဂျမ်ဘိုဂျက်လေယာဉ်ကြီးများ အသုံးပြုမှုကို ယခုလကုန်တွင် စတင်ရပ်ဆိုင်းတော့မည် ဖြစ်သည်။

အရှည် ၇၀ မီတာ (၂၂၉ ပေ) နှင့် အကျယ်အဝန်း ၆၀ မီတာရှိသော ထိုလေယာဉ်ကြီးများကို JAL လိုင်းတွင် ၁၉၇၀ ပြည့်နှစ်၌ ပထမဆုံးမိတ်ဆက်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပ သယ်ယူပို့ဆောင်ရေး ခရီးများ၌ တွင်ကျယ်စွာအသုံးပြုခဲ့ကြသည်။

ဂျပန်လေကြောင်းလိုင်းများအားလုံးသည် ထိုလေယာဉ်များကို သုံးစွဲခဲ့ရာ တစ်ချိန်တည်းတွင် စီးရေစုစုပေါင်း ၁၂၀ ကျော်သည်အထိ ဂျမ်ဘိုဂျက်လေယာဉ်များ ချည်း သုံးစွဲမှုမြင့်တက်ခဲ့သည်။

သို့သော် ၇၄၇ လေယာဉ်ကြီးများသည် နိုင်ငံ၏အကြီးမားဆုံး လေယာဉ်မတော်တဆမှုများတွင်လည်း ပါဝင်ပတ်သက်ခဲ့သည်။

၁၉၈၅ တွင် JAL လေကြောင်းလိုင်းမှ ဂျမ်ဘိုဂျက် ၇၄၇ လေယာဉ်တစ်စီးသည် ခရီးသည် ၅၂၄ ဦး တင်ဆောင်ပြီး တိုကျိုမှ အိုဆာကာသို့ ပျံသန်းရာတွင် တိုကျိုအနောက်မြောက်ဘက်၌ ပျက်ကျခဲ့ရာ လေးဦးသာ အသက်ရှင်ကျန်ရစ်သည်။

JAL လိုင်းသည် ဂျမ်ဘိုဂျက်များနေရာတွင် အလေးချိန်ပေါ့ပါးသော ဘိုးရင်းဒရင်းလိုင်နာ ၇၈၇ လေယာဉ်များဖြင့် အစားထိုးသုံးစွဲသွားမည်ဖြစ်သည်။

ဘိုးရင်း ၇၄၇ လေယာဉ်ကြီးများကို ဂျပန်နိုင်ငံတွင် အသုံးမပြုတော့သော်လည်း ကမ္ဘာတစ်ဝန်း အခြားနိုင်ငံများတွင် အသုံးပြုနေကြဆဲဖြစ်သည်။

—*Ref: AFP*





GETTY IMAGES

# တရားမဝင်မီဒီယာများနှင့် ဂျာနယ်လစ်အတုများကို တရုတ်အစိုးရ စတင်နှိမ်နင်း

**ဘေဂျင်း၊ မတ်-၂၉**

တရုတ်အစိုးရသည် တရားမဝင်မီဒီယာများနှင့် ဂျာနယ်လစ်အတုများကို ဖြိုခွဲနှိမ်နင်းမှုများ စတင်လုပ်ဆောင်ခဲ့သည်။

လာမည့်စက်တင်ဘာအထိ လုပ်ဆောင်သွားမည့် ထိုလှုပ်ရှားမှုတွင် တရားမဝင်အွန်လိုင်းမီဒီယာများနှင့် ဂျာနယ်လစ်အယောင်ဆောင်၍ ငွေလိမ်သော၊ ငွေကြေးအလွဲသုံးစားလုပ်သူများကိုအဓိကထားအရေးယူသွားမည်ဖြစ်သည်။

စစ်ဆင်ရေးအသွင်ဖြင့် ထိုသို့ တရားမဝင်ပုဂ္ဂိုလ်များနှင့် မီဒီယာအတုများအား တိုက်ဖျက်ရေးကို အမျိုးသား ညစ်ညမ်းစာပေနှင့် တရားမဝင် စာပေတိုက်ဖျက်ရေးရုံးနှင့် နိုင်ငံတော်ပုံနှိပ်မီဒီယာ၊ ထုတ်ဝေရေး၊ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား အုပ်ချုပ်ရေးအဖွဲ့တို့က ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံတွင် ယမန်နှစ်ကလည်း ထိုသို့ အရေးယူဆောင်ရွက်မှုများကို ဒီဇင်ဘာလမှ ယခုနှစ် ဖေဖော်ဝါရီအထိ ပြုလုပ်ခဲ့သည်။

ထိုစဉ်က အာဏာပိုင်များသည် တရားမဝင် မဂ္ဂဇင်းနှင့် သတင်းစာစောင်ရေပေါင်း၁ဒသမ ၃၄သန်းကိုသိမ်းဆည်းနိုင်ခဲ့သည်။

စစ်ဆေးမှုများတွင် သံသယရှိသူများမှာ အစိုးရအဖွဲ့အစည်းများနှင့် ပတ်သက်၍ ဂျာနယ်လစ်ဟန်ဆောင်ကာ အဖျက်သဘောသတင်းများ ရေးသားသူများဖြစ်ပြီး ၎င်းတို့သည် သတင်းများ ဖွင့်ချမည်ဆိုကာ ခြိမ်းခြောက်ငွေညှစ်လေ့ရှိသူများဖြစ်သည်။

အချို့ဂျာနယ်လစ်အတုများမှာ ကောင်းသတင်းများ ရေးပေးမည်ဟုပြောကာ ငွေလိမ်တောင်းသူများဖြစ်ကြောင်း ဆိုသည်။

အာဏာပိုင်များ၏ နှိမ်နင်းမှုများတွင် ထိုသို့တရားမဝင်လုပ်ရပ်များတွင် ပါဝင်ပတ်သက်သည့် ဂျာနယ်လစ်အစစ်များကိုလည်း အရေးယူသွားမည်ဖြစ်ကြောင်းဆိုသည်။

—*Ref: Xinhua*

7DAY NEWS JOURNAL

# Entertainment

Vol.13, No.5 • APRIL 2 , 2014



ဓာတ်ပုံ–နှစ်က

## ရင်သွေးမယူချင်သေးတဲ့ ဝိုင်းစုခိုင်သိန်း

**ကြူကြူဟန်** **ရန်ကုန်၊ မတ် ၃၀**

အနုပညာအလုပ်များကို ပိုလုပ်ချင်သေးသောကြောင့် အိမ်ထောင်သက်တစ်လကျော်ရှိပြီ ဖြစ်သော်လည်း ရင်သွေးမယူချင်သေးကြောင်း ဝိုင်းစုခိုင်သိန်းကဆိုသည်။

"ရင်သွေးမယူသေးဘူး။ အလုပ်လုပ်ချင်သေးတယ်။ အာဘွားအတွက် အမ်တီဗီရိုက်စရာရှိတယ်။ စုံတွဲခွေထွက်စရာရှိတယ်။ နောက်ထပ်တစ်ခွေလည်း ထုတ်ချင်သေးတယ်"ဟု အဆိုတော်၊ သရုပ်ဆောင် ဝိုင်းဆုခိုင်သိန်းကပြောသည်။

ထွက်ရှိထားသော တတိယခွေ"အာဘွား"အတွက်အမ်တီဗီ ရိုက်ကူးရန် လတ်တလောတွင် ဒါရိုက်တာ အောင်မြတ်နှင့် ဝင်းလွင်ထက်တို့ထံ အပ်ထားပြီး ပါဝင်သရုပ်ဆောင်မည့် မော်ဒယ်များကို မရွေးချယ်ရသေးကြောင်း ဝိုင်းဆုခိုင်သိန်းကပြောသည်။

"ဧပြီလ ၅ ရက်မှာ "မင်းရဲ့ရွေးချယ်မှု"သီချင်းတစ်ပုဒ်ရိုက်ဖို့ ချိန်ထားတယ်။ Story Board ရပြီဆိုတော့ မင်းသား၊ မင်းသမီးရွေးမယ်။ အစ်မလည်း ပါမယ်။ အစ်မရိုက်ချင်တဲ့ ဟာလေးတွေ ဒါရိုက်တာကို ပြောပြတယ်"ဟု ၎င်းကပြောသည်။

မက်လောက်စရာ၊ မျက်လှည့်အခွေများထက်ရိုက်ကူးမှုပုံစံ ဆန်းဆန်းပြားပြားဖြစ်အောင်ရိုက်ကူးရမည့် သီချင်းများက အာဘွားအခွေတွင် မပါသည့်အတွက် ပုံမှန်ထက်အနည်းငယ် ထူးခြားအောင်သာ ရိုက်ကူးမည်ဟု ဝိုင်းစု ခိုင်သိန်းကပြောသည်။

ဝိုင်းစုခိုင်သိန်း၏ ထွက်ရှိထားသော တစ်ကိုယ်တော်ခွေများမှာ ပရိသတ်များ၏ အစဉ်အမြဲအားပေးမှုကို ရနေပြီး ဂီတဆုများစွာကို သိမ်းပိုက်နိုင်ခဲ့သူဖြစ်သည်။

# "ဝင်ကြေးနဲ့ဖျော်ဖြေတာထက်စာရင် အခမဲ့ဖျော်ဖြေတာက လူတွေပိုပြီးကြည့်ရတာ အဆင်ပြေမယ်"

**စိုးသူနှင့် အင်တာဗျူး**




ဓာတ်ပုံ–ကျော်ဇင်သိန်း

**ဖွဲ့ညဏ်**

တစ်ချိန်က ဂီတနှင့် ရုပ်ရှင်နယ်ပယ်နှစ်ခုစလုံးတွင် ပရိသတ်အားပေးမှုရရှိခဲ့ပြီး ပညာရေးဘက်တွင်လည်းထူးချွန်သူအဆိုတော်၊သရုပ်ဆောင်၊ ဒေါက်တာစိုးသူကို ပရိသတ်များ ယခုအချိန်အထိ မေ့နိုင်ဦးမည်မဟုတ်ချေ။ ပရိသတ်ရှေ့မှ ဆယ်နှစ်ကျော် ပျောက်ကွယ်သွားခဲ့သော်လည်း ပရိသတ်များ၏ ရင်ထဲတွင် နေရာယူထားဆဲဖြစ်ကြောင်းကို ပြီးခဲ့သည့်နှစ် မတ်လ ၃၀ရက်ကမိုင်ဒါကွင်း၌ပြုလုပ်ခဲ့သောတစ်ကိုယ်တော်ဖျော်ဖြေပွဲကသက်သေပြနိုင်ခဲ့သည်။ အသက်အရွယ်နှင့်မလိုက်အောင် နုပျိုသူဟု ပရိသတ်များ သတ်မှတ်ထားသော စိုးသူကို မကြာမီတွင် မန္တလေးမြို့၌ပြုလုပ်မည့် ဖျော်ဖြေပွဲနှင့် လက်ရှိအနုပညာလှုပ်ရှားမှုများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မန္တလေးမှာလုပ်မယ့် တစ်ကိုယ်တော်ဖျော်ဖြေပွဲအကြောင်း အရင်ဆုံးပြောပြပေးပါလား။ ဒီဖျော်ဖြေပွဲဖြစ်လာဖို့ ဘယ်လောက်အချိန်ပေးခဲ့ရလဲ။**

ဒီပွဲက ရန်ကုန်ပွဲမလုပ်ခင်ကတည်းက စေတနာတူ၊ ဝါသနာတူတဲ့ လူတွေစုစည်းပြီးအဆင်ပြေဆုံးဟာလေးလုပ်ကြမယ်ဆိုပြီး စိတ်ကူးတာ။ အဲဒီကတည်းက ချက်ချင်းတော့ မလုပ်ဘူးလေ။ ငါးလခြောက်လလောက်အချိန်ယူမယ်ဆိုပြီး တကယ့်တကယ်အစ်ကိုပြန်လာတာနဲ့ အသံခွေလေးသွင်းတာနဲ့ဆိုတော့ ၂၀၁၃ ဒီဇင်ဘာလောက်ဆိုပြီး စိတ်ကူးဖြစ်တယ်။ အဲဒီကနေ ဇန်နဝါရီကို ရွှေ့ကြတယ်။ ဒါပေမဲ့ အစ်ကို ပြန်စဉ်းစားကြည့်တော့ ပရိသတ်တွေအတွက် အချိန်နည်းနည်းပိုယူရင်ကောင်းမယ်ဆိုပြီး မနှစ်က မတ်လ ၃၀မှာ လုပ်တဲ့အတိုင်း နှစ်ပတ်လည်အနေနဲ့ လုပ်မယ်ဆိုပြီး စဉ်းစားဖြစ်တယ်။ စနေလို ရက်မျိုးကအဆင်အပြေဆုံးဖြစ်နိုင်တယ်ဆိုပြီး မတ် ၂၉ရက်ကိုရွေးဖြစ်တယ်။ အဲဒီမှာလည်း ပွဲကျင်းပမယ့်နေရာကို အစ်ကိုက လူတွေများနိုင်သလောက်အများကြီးလာကြည့်နိုင်တဲ့ နေရာဖြစ်စေချင်တယ်ဆိုတော့ ရွေးကြတာ အဆင်မပြေဘူးဖြစ်တယ်။ အဆင်ပြေမယ်ထင်တဲ့နေရာတွေကလည်း အကြောင်းကြောင်းကြောင့် အဆင်မပြေဘူး။ နေရာတွေ့တဲ့အချိန်မှာ ဒီရက်လုပ်တာထက်ပိုပြီးအဆင်ပြေပြေလေးဖြစ်အောင် ရက်နည်းနည်း ရွှေ့ပါလားလို့ တောင်းဆိုကြတယ်။ အစ်ကို မရွှေ့ချင်ဘူး။ နောက်ဆုံးတော့ ဒါကအဆင်ပြေဆုံးဖြစ်မယ်ဆိုပြီး ရက်အားဖြင့်လည်း ကျောင်းသားတွေ စာမေးပွဲဖြေပြီးတဲ့အချိန်၊ သံဃာ့စာမေးပွဲတွေ၊ သန်းခေါင်စာရင်းအစီအစဉ်တွေ လွတ်တဲ့ရက်ကိုစဉ်းစားလိုက်တော့ သင်္ကြန်မတိုင်ခင်လေး ဧပြီ ၁၁ရက်မှာ ကျင်းပမယ်ဆိုပြီးလုပ်ဖြစ်တာ။ နေရာကတော့ အဆင်အပြေဆုံးအနေအထားရွေးထားတဲ့ အောင်ပင်လယ်ကွင်းမှာ လုပ်ဖြစ်မယ်။

**မနှစ်က ရန်ကုန်မှာလုပ်တဲ့ဖျော်ဖြေပွဲက အောင်မြင်ခဲ့တာဆိုတော့ မန္တလေးပွဲအတွက်ရော ဘာတွေမျှော်လင့်ထားလဲ။**

စာမျက်နှာ ၄၁ ››






7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014



# မိုင်လေဆိုင်းရပ်စ်၏ လူမှုဗေဒအကြောင်း ကောလိပ်တွင် သင်ကြားမည်

**လော့စ်အန်ဂျလိစ်၊ မတ်- ၂၉**

အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်ရှိ ကောလိပ်ကျောင်းတစ်ကျောင်းတွင် အဆိုတော် မိုင်လေဆိုင်းရပ်စ်၏ လူမှုဗေဒအကြောင်း သင်ကြားပေးမည့်အတန်းတစ်တန်း ဖွင့်လှစ်မည်ဖြစ်သည်။

ဆာရာတိုဂါစပရင်းမြို့ရှိ ပုဂ္ဂလိကလစ်ဘရယ်အနုပညာ ကောလိပ်ကျောင်း Skidmore က မိုင်လေဆိုင်းရပ်စ်၏ လူမှုဗေဒသင်တန်းကို နွေရာသီတွင် သင်ကြားမည်ဖြစ်ကြောင်း အမေရိကန် The Saratogian သတင်းစာက ဖော်ပြသည်။

ယင်းကောလိပ်၏ လက်ထောက်ပါမောက္ခ ကာရိုလင်းချားနော့ဖ်က ၎င်းသည် အသက် (၂၁) နှစ်အရွယ် အဆိုတော် မိုင်လေဆိုင်းရပ်စ်၏ ထင်ရှားသော ပြယုဂ်များအားလုံးကို အာရုံစိုက်ဖော်ပြသွားမည်ဟု ပြောကြားသည်။

၎င်းသည် လူမျိုး၊ အဆင့်အတန်း၊ လိင်အမျိုးအစားနှင့် မီဒီယာခေါင်းစဉ်များအောက်တွင် မိုင်လေဆိုင်းရပ်စ်လူမှုဗေဒ ဘာသာရပ်အကြောင်း သင်ကြားသွားမည်ဟု မစ္စစ်ချားနော့ဖ်က ပြောကြားသည်။

ပါမောက္ခ ချားနော့ဖ်သည် ၂၀၁၃ MTV တေးဂီတဗီဒီယို ဆုပေးပွဲ၌ တင်သားများလှုပ်၍ ကပြခဲ့သော မိုင်လေဆိုင်းရပ်စ်ဗီဒီယိုကို လေ့လာခဲ့သည့် လူငယ်ယဉ်ကျေးမှုသင်တန်းတစ်ခုသင်ကြားပြီးနောက်တွင် မိုင်လေဆိုင်းရပ်စ် လူမှုဗေဒအကြောင်း သင်ကြားရန် စိတ်ကူးရခဲ့ခြင်းဖြစ်သည်။

*—Ref: AAP*

# ဂျပန်နိုင်ငံမှာ တေးဂီတဖျော်ဖြေပွဲ ပြုလုပ်မယ့် JYJ ဂျွန်ဆု

**ဆိုးလ်၊ မတ်- ၂၉**

တောင်ကိုရီးယားနာမည်ကျော် အဆိုရှင်များအဖွဲ့ JYJ အဖွဲ့ဝင် ဂျွန်ဆုသည် လာမည့်မေလတွင် ဂျပန်နိုင်ငံ၌ တေးဂီတဖျော်ဖြေပွဲ ပြုလုပ်သွားမည်ဖြစ်သည်။



ဂျွန်ဆု၏ တေးဂီတဖျော်ဖြေပွဲများသည် အောင်မြင်မှုများ ရရှိခဲ့သောကြောင့် ယခုနှစ် တေးဂီတဖျော်ဖြေပွဲကို ဂျပန်မူဟန်ဖြင့် ဖန်တီးရန် ဆုံးဖြတ်ခဲ့သည်ဟု ဂျွန်ဆု၏ အေဂျင်စီ C– Jes က ပြောကြားသည်။

လာမည့် မေလ ဖျော်ဖြေပွဲတွင်အဆိုတော်ဂျွန်ဆုသည်၎င်း၏ ပုံမှန်အချစ်သီချင်းများနှင့် ဒရာမာဇာတ်လမ်းများ၊ သီချင်းများအပြင် ၎င်းကြိုက်နှစ်သက်သော ဂျပန်အချစ်သီချင်းများကိုလည်း သီဆိုဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း ၎င်း၏ အေဂျင်စီက ပြောကြားသည်။

ကေပေါ့ပ်စတား ဂျွန်ဆုသည် တိုကျိုမြို့၌ မေလ ၁၃ ရက်မှ ၁၅ ရက်အထိ ဖျော်ဖြေပွဲပြုလုပ်မည်ဖြစ်ပြီး အိုဆာကာမြို့၌ မေလ ၂၂ရက်မှ ၂၄ ရက်အထိ ဖျော်ဖြေပွဲ ပြုလုပ်မည်ဖြစ်သည်။ ဖျော်ဖြေပွဲတစ်ပွဲစီအတွက် ပရိသတ် ၃၆,၀၀၀ ခန့် ခန့်မှန်းထားသောကြောင့် ဂျွန်ဆု၏ ဂျပန်နိုင်ငံ တေးဂီတဖျော်ဖြေပွဲတွင် ပရိသတ် ၇၀,၀၀၀ ခန့် ရှိလိမ့်မည်ဟု ၎င်း၏ အေဂျင်စီက မျှော်လင့်ထားသည်။

*—Ref: KpopStarz*




MYANMAR DEITTA

ကဏ္ဍစုံမီဒီယာပြပွဲ အခမ်းအနား | Witness Yangon Documentary Arts Space
မတ်လ ၁၅ရက် - ဧပြီလ ၂၅ရက် ၂၀၁၄ခုနှစ် | နေ့စဉ် နေ့လည် ၁၂ - ၅နာရီ | တနင်္ဂနွေနေ့များနှင့် အစိုးရရုံးပိတ်ရက်များ ပိတ်သည်။
၄ အေ၊ တတိယထပ်၊ ပျံလွှားအဆောက်အအုံ၊ ပါရမီလမ်း၊ မရမ်းကုန်း။

စာ(၃၉)မှ

# စိုးသူနှင့် အင်တာဗျူး

ရန်ကုန်ပွဲမှာ မိဘပြည်သူပရိသတ်ကြီးက ချစ်ခင်တယ်၊ အားပေးတယ်၊ နွေးနွေးထွေးထွေးကြိုဆိုတယ်ဆိုတော့ အင်မတန်ဝမ်းသာပါတယ်။ ပရိသတ်က အမြဲတမ်းချစ်ချစ်ခင်ခင်နဲ့ အားပေးတယ်ဆိုတာကိုလည်း သိတယ်။ မန္တလေးပွဲလည်းဘယ်လိုပဲဖြစ်ဖြစ်ကျေနပ်ပါတယ်။ အစ်ကိုကတော့ ဘာမှမျှော်လင့်မထားပါဘူး။

**ရန်ကုန်မှာ တင်ဆက်ခဲ့တဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကိုပရိသတ်တွေကြိုက်ခဲ့ကြတာဆိုတော့ မန္တလေးမှာ ဘယ်လိုပုံစံတွေဖျော်ဖြေဖို့ပြင်ဆင်ထားလဲ။**

ပရိသတ်အတွက် ကြည့်လို့အဆင်ပြေစေနိုင်မယ့် အစီအစဉ်လေးတွေစဉ်းစားထားပါတယ်။အများစုကြည့်ရတာ ကျေနပ်ပျော်ရွှင်စေမယ့်အစီအစဉ်မျိုးတွေ၊ ရာသီဥတုကလည်း ပူလာပြီဆိုတော့ အဲဒါကိုလည်း ထည့်စဉ်းစားရမှာပေါ့။ အဆင်ပြေမယ့်အတိုင်း အစွမ်းဆောင်နိုင်ဆုံးဖြစ်အောင်စီစဉ်မှာပါ။ အဲဒါကြောင့်လည်း အချိန်တွေ ရွှေ့ရင်းတစ်နှစ်လောက်ဖြစ်သွားတာပေ့ါ။ သီချင်းက ရန်ကုန်ပွဲလောက်ကတော့ ဆိုရမှာပဲ။ အဲဒီထက်များချင်များမယ်။ ဆိုလည်းဆိုပြချင်တယ်။ ပရိသတ်တွေဆီက တောင်းဆိုထားတဲ့ သီချင်းတွေလည်းရှိတယ်။ အရင်ပွဲက မဆိုဖြစ်တဲ့ သီချင်းတွေလည်းရှိတယ်ဆိုတော့ အများစုအဆင်ပြေမယ့်သီချင်းတွေရွေးထားတယ်။

**ဝင်ကြေးနဲ့ ဖျော်ဖြေပွဲလုပ်ရင်လည်းအားပေးမယ့် ပရိသတ်တွေရှိပေမယ့် အခမဲ့ဖျော်ဖြေပွဲတွေပဲလုပ်ဖြစ်တာက ဘာကြောင့်ပါလဲ။**

ခုနပြောခဲ့သလိုပါပဲ။ အစ်ကိုအနုပညာလောကထဲကို (၁၈)နှစ်မပြည့်ခင်က ဝင်လာတယ်။ အနုပညာနယ်ထဲမှာ (၁၈)နှစ် (၁၉)နှစ်လောက် အနုပညာတာဝန်ထမ်းဆောင်တယ်။အကြောင်းကြောင်းကြောင့် အဝေးကြီးမှာ သွားနေဖြစ်တယ်။ ၁၁နှစ်၊ ၁၂နှစ်လောက်ကြာသွားပြီးပြန်ရောက်လာတယ်။ ပြန်ရောက်လာပြီး အကြောင်းတိုက်ဆိုင်တော့ ဖျော်ဖြေပွဲစီစဉ်ပြီးဆောင်ရွက်ဖြစ်တယ်။ အဲဒီအပေါ်မှာလည်း အစ်ကိုဆောင်ရွက်နိုင်တာလေးတွေကို လူအများစုအတွက် ဆောင်ရွက်ပေးချင်တာကြောင့် စီစဉ်ဖြစ်တယ်။ ဝင်ကြေးနဲ့ဖျော်ဖြေတာထက်စာရင် အခမဲ့ဖျော်ဖြေတာက လူတွေပိုပြီးကြည့်ရတာအဆင်ပြေမယ်။ အခမဲ့ဖျော်ဖြေတာတောင်မှ သူတို့မှာသွားစရိတ်၊ လာစရိတ်ရှိဦးမယ်။ ပြင်ဆင်ရတဲ့ အချိန်တွေကုန်မယ်။ ပိုက်ဆံလည်းကုန်မယ်ဆိုတော့လူအများစုအဆင်ပြေနိုင်မယ့် စေတနာသန့်သန့်ပါပဲ။ အဲဒါကြောင့် ဒီလိုပွဲမျိုးကို ဦးစားပေးစီစဉ်ဖြစ်တာ။

**တစ်ကိုယ်တော်ခွေတစ်ခွေလည်း စီစဉ်နေတယ်ဆိုတော့ အဲဒီအခွေအကြောင်းလေး ပြောပြပေးပါလား။**

ပြည်ပကိုမသွားခင်ကစီစဉ်ခဲ့တဲ့ကိုယ့်ရဲ့တစ်ကိုယ်တော် ၁၁ခွေမြောက်စီးရီးထဲက 'ကိုယ့်နေ့သစ်များ' သီချင်းမှာတီးပေးထားတဲ့ Majesta က ညီအစ်ကိုတွေကို ပြန်အကူအညီတောင်းပြီးတစ်ခွေလုပ်ဖြစ်တယ်။ လုပ်ဖြစ်တဲ့အခါ ကျော်င်းနေ ဖက် သူ ငယ် ချင်း ဒေါက်တာစန်းယု၊ ကိုပီးပေါ်၊ Royal Zarmani က ဝင်းသူရလှိုင် ၊ ကိုကျော်ဝင်းတို့။ နောက် Majesta က ညီအစ်ကိုတွေနဲ့အားလုံးတိုင်ပင်ပြီး လုပ်ဖြစ်တာပါ။ သီချင်းအားလုံးကတော့ ကိုယ်ပိုင်သံစဉ်တွေပါ။

**အစ်ကို့ရဲ့ တစ်ကိုယ်တော်ခွေကို ပရိသတ်လက်ထဲ ဘယ်တော့လောက်ပို့ပေးဖို့ ရည်မှန်းထားလဲ။**

အဆင်ပြေဆုံးဖြစ်စေချင်တဲ့စေတနာနဲ့လုပ်တယ်။ဒါပေမဲ့သိပ်ပြီးလည်းအကြာကြီးမဖြစ်ချင်ဘူး။ အဆင်ပြေဆုံးဖြစ်အောင်တော့ ဆောင်ရွက်တော့အချိန်ကုန်တယ်ကြာတယ်လေ။ တချို့ပရိသတ်တွေဆို အစ်ကိုတို့ဆိုခဲ့တုန်းကသီချင်းတွေက ကက်ဆက်ခွေတွေများတော့ အဟောင်းတွေပြန်ဆိုစေချင်တယ်။အဟောင်းတွေပြန်စုပေးပါ။ ခွေတွေရှိတယ်။ မနည်းလိုက်ရှာရတယ်။ ဝယ်လို့တောင်မရတော့ Collectionလေးတွေပြန်စုပေးပါ။ အဟောင်းတွေကိုသူတို့ဝယ်လို့ရအောင် နားထောင်လို့ရအောင် ပြန်ပြီးစီစဉ်ပေးချင်ပါတယ်။ဒါပေမယ့်အဟောင်းတွေကိုတော့ပြန်မဆိုချင်ဘူး။အထူးသဖြင့် ကိုယ်ပိုင်သံစဉ်တွေပဲဆိုချင်တယ်။ ကိုယ်ပိုင်သံစဉ်ဖြစ်ရင်တောင်ဆိုပြီးသားအဟောင်းတွေကိုပြန်မဆိုချင်ဘူး။ ဘာကြောင့်မှတော့ မဟုတ်ပါဘူး။ အစ်ကို ကိုယ်တိုင်က အသစ်အသစ်ပဲတင်ဆက်ချင်တဲ့စိတ်က ပိုများတယ်လေ။

**ဂီ တ ဘ က် မှာ တ င် မ ဟု တ် ဘဲ အောင်မြင်တဲ့ သရုပ်ဆောင်အနေနဲ့ ပရိသတ်အားပေးမှုရှိနေဆဲပဲဆိုတော့ ဇာတ်ကားတွေလက်ခံရိုက်ကူးဖို့ကော အစီအစဉ်ရှိလား။**

သရုပ်ဆောင်တာတွေလည်း ကြည့်ချင်ပါတယ်လို့ပြောကြတယ်။ သရုပ်ဆောင်ဘက်မှာလည်း ရွေးချယ်တာနဲ့ စိတ်တိုင်းကျအောင် ဆောင်ရွက်ချင်တာနဲ့ဆိုတော့ အချိန်ပေးရမှာ။ လာပြီးကမ်းလှမ်းကြတဲ့လူတွေကလည်း ပြောတော့ ကိုယ့်စိတ်ထဲမှာ ပရိသတ်တွေအတွက် မတူတဲ့တစ်မျိုးမျိုးလေးတစ်ခုခုလေးတင်ဆက်နိုင်တာမျိုးပေးဆပ်နိုင်တာမျိုးဆိုရင် ကောင်းမယ်ဆိုတဲ့ စိတ်ကူးနဲ့စဉ်းစားရင်းဘယ်သူ့ကိုမှ လက်ခံမယ်လို့မပြောဖြစ်ဘဲ ကြာနေတာ။ အမှန်တော့ ကြည့်ချင်မြင်ချင်ကြတဲ့ မိဘပြည်သူတွေအတွက်နည်းနည်းပါးပါးလေးတော့ဆောင်ရွက်ပေးဖို့ စိတ်ကူးထားတယ်။

**Soe Thu Fan Page မှာ အစ်ကို့ရဲ့ လှုပ်ရှားမှုတွေကို တင်ပေးနေတာဆိုတော့ ကိုယ်တိုင်အချိန်ပေးသုံးဖြစ်လား။**

အဲဒီ Fan Page ကိုတော့ မကြာမကြာကြည့်ဖြစ်ပါတယ်။ အဲဒါကို စေတနာထားပြီးလုပ်ပေးနေတဲ့ Admin တွေရှိပါတယ်။ အဲဒီမှာ တစ်ခုခုတင်မယ်ဆိုရင်လည်း ကိုယ့်ကို အသိပေးပြီးမှ ဆောင်ရွက်ကြတယ်။ တစ်ခါတလေကျရင်လည်း သူတို့နဲ့တိုင်ပင်ပြီး Updateလုပ်ဖြစ်တယ်။ ဒါပေမဲ့ ကိုယ့်နာမည်နဲ့ရော ကျောင်းနာမည်နဲ့ရော အကောင့်တွေအများကြီးရှိနေတာ တွေ့ရတယ်လို့ပြောကြတယ်။ တချို့အကောင့်တွေ လုပ်ထားတာကြာပြီနေမှာပေါ့။အဲဒီမှာ Comment တွေတောင် များများစားစားတွေ့ရတယ်လို့ပြောတယ်။ မျိုးစုံပါပဲ။ အဲဒီအတွက်အစ်ကို့အနေနဲ့ ဘာမှ အထွေအထူးမရှိပါဘူး။ အဲဒီအပေါ်မှာသာ လမ်းချော်သွားမှာမျိုးစိတ်ပူတာပေါ့။ တစ်လောကတော့Adminကလေးတွေပြောတာ အစ်ကို့ရဲ့ နာမည်နဲ့သုံးထားတဲ့ အကောင့်မှာ မိန်းကလေးတွေကို အနုပညာသမားအချင်းချင်းအားပေးပါဆိုပြီးတော့ ကြော်ငြာတာမျိုးလေးတွေတွေ့တယ်တဲ့ ။ တော်ကြာ အစ်ကို့ကို ထိခိုက်မှာစိုးလို့။ အဲဒါအကောင့်အစစ်မဟုတ်ဘူးဆိုတာပြောလိုက်မယ်ဆိုပြီး ပြောလိုက်တာတော့ ရှိတယ်။

**အခုနောက်ပိုင်း မြန်မာပြည်မှာနေဖြစ်တာများလာတယ်ဆိုတော့ မြန်မာနိုင်ငံမှာပဲ ပြန်ပြီးအခြေချဖို့ အစီအစဉ်ရှိလား။**

အဲဒါကတော့ ဟိုးအရင်ကတည်းကပါ။ မြန်မာပြည်မှာမွေး၊ မြန်မာပြည်မှာကြီး၊ မြန်မာပြည်မှာပဲနေထိုင်ကြီးပြင်းခဲ့တဲ့လူတစ်ယောက်က အကြောင်းကြောင်းကြောင့် လေ့လာတယ်၊ ဆည်းပူးတယ်၊ တာဝန်ထမ်းဆောင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ချိန်မဟုတ်တစ်ချိန်တော့ကိုယ့်ကိုမွေးတဲ့နိုင်ငံမှာပဲ ခေါင်းချချင်တဲ့စိတ်ဆိုတာ အမြဲတမ်းရှိနေခဲ့တာပါ။ ကိုယ်က ခေါင်းချချင်ပေမယ့် ရှေ့ဆိုတာ ဘာမှပြောလို့မရဘူးဆိုတော့လေ။

**သင်္ကြန်ကို ဘယ်လိုဖြတ်သန်းဖို့ စီစဉ်ထားလဲ။ ဖျော်ဖြေရေးအနေနဲ့ လက်ခံထားတာမျိုးရှိလား။**

သင်္ကြန်ကိုဖျော်ဖြေဖြစ်မယ်။ မနှစ်ကတော့ ကမ်းလှမ်းထားတာတွေရှိပေမယ့် မဖျော်ဖြေဖြစ်ဘူး။ ဒီနှစ်ကတော့ ဖျော်ဖြေမှုတစ်ခုအနေနဲ့ ဆောင်ရွက်မယ်ဆိုပြီး လာပြောထားတဲ့အထဲက တစ်ခုကိုလက်ခံထားတယ်။

**နှစ် ဆ န်း တ စ် ရ က် နေ့ ကိုကော ဘယ်လိုပုံစံနဲ့ ဖြတ်သန်းဖို့ စီစဉ်ထားလဲ။**

နှစ်ဆန်းတစ်ရက်နေ့က များသောအားဖြင့် အိမ်မှာဖေဖေနဲ့အတူ ဘာသာရေးကိစ္စလုပ်ဖြစ်မယ်။ ဖေဖေဥပုသ်စောင့်ရင်လည်းလိုက်စောင့်မယ်လို့ရည်မှန်းထားတယ်။ နှစ်ဆန်းတစ်ရက်နေ့မတိုင်ခင် ၁၆ ရက်နေ့က အစ်ကို့အမေကွယ်လွန်သွားတာ တစ်နှစ်နဲ့ သုံးလပြည့်မှာဆိုတော့ အဆင်သင့်ရင် နှစ်ဆန်းတစ်ရက်နေ့မှာဖြစ်ဖြစ် အဲဒီရက်နောက်ပိုင်းပဲဖြစ်ဖြစ် မေမေ့ရဲ့အုတ်ဂူမှာသွားကန်တော့မယ်လို့ စိတ်ကူးထားတယ်။

**အစ်ကို့ကို အားပေးနေတဲ့ ပရိသတ်ကြီးအတွက် လက်ဆောင်စကားလေးပြောပေးပါဦး။**

ချစ်ချစ်ခင်ခင်နဲ့ အားပေးနေတဲ့ ပရိသတ်ကြီးကို တကယ်လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ပါတယ်။ အားပေးရကျိုးနပ်အောင် ဆောင်ရွက်နိုင်တာလေးတွေဆောင်ရွက်ပါမယ်။

**ကျေးဇူးတင်ပါတယ်။**


## Vacancy Announcement

Japan International Cooperation Agency (JICA) has started a project for the integrated regional development plan to support ethnic minorities in the south-east Myanmar in the Republic of the Union of Myanmar. We will work with Kayin and Mon state government and Ministry of Border Affairs. RECS International Inc.(RECS), Japanese company to implement the project under supervision of JICA, is seeking applicants for four positions of project coordinator and translator to work in our project office in Hpa Ann Township, Kayin State.

| | |
|---|---|
| Job Title | Secretary/Coordinator/Translator |
| Location | Hpa Ann Township, Kayin State; |
| Vacancy | 3 positions |
| Duration | About 1 year (This period is determined by consultation with employer) |

Job Requirements (All posts):
- Excellent oral and written communication skills in English and Myanmar
- Computer skills in Microsoft office package (word, excel, power point )
- Strong teamwork skills
- Field survey experience
- Willingness to travel to remote area.(Frequent travel in Kayin and Mon State)
- Ability to speak Kayin language is preferred
- Those who are fromor used to live in Kayinstate are especially encouraged to apply

1. Coordinator/Translator in Infrastructure/Transportation
- University degree in engineering such as transportation planning, port development and urban planning
- Working experience as an engineer in infrastructure, transportation and port development
- Planning and cost estimate experience

2. Project Coordinator/Translator in Agriculture/Industry
- University degree in Agriculture, Economics, or other fields in Social Science
- Experience in an agriculture development project and/or industrial development project
- Excellent knowledge of agriculture and/or industry development

3. Secretary/administrator
- University degree in Business or Management
- Working experience as a secretary

Application Procedure:
- Candidates who meet these requirements should send CV with a photo: myanmar.irdp2014@gmail.com
- Deadline for submission of application is on 15 April 2014
- Only short-listed applicant will be contacted
- Interview will be conducted in April/May.






# Sports

7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014



*လက်ရွေးစင်အမျိုးသမီးဘော်လီဘောကစားသမားများ လေ့ကျင့်နေစဉ်* ဓာတ်ပုံ – ဗိုလ်ဗိုလ်ဝင်း

# အရှေ့တောင်အာရှလူငယ်ဘော်လီဘောပြိုင်ပွဲ နေပြည်တော်တွင် လက်ခံကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်-၃၁**

(၁၈) ကြိမ်မြောက် အရှေ့တောင်အာရှလူငယ်အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို လာမည့် ဩဂုတ်ပထမပတ်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး အရှေ့တောင်အာရှ လူငယ်ဘော်လီဘောအသင်းများအား ဖိတ်ကြားထားကြောင်းမြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ သတင်းရရှိသည်။

"အိမ်ရှင်ပြုလုပ်မယ့် ပြိုင်ပွဲအတွက် အရှေ့တောင်အာရှလူငယ်ဘော်လီဘောအသင်းတွေအားလုံးကို ဖိတ်ကြားသွားဖို့ စီစဉ်ထားပါတယ်။ အမျိုးသားပြိုင်ပွဲမှာတော့ မြန်မာလူငယ် (က) နဲ့ (ခ) နှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ဖို့ စီစဉ်ထားပြီး အမျိုးသမီးပြိုင်ပွဲမှာတော့ အိမ်ရှင်မြန်မာက ပြိုင်ပွဲဝင်တစ်သင်းပဲ ဝင်ရောက်ယှဉ်ပြိုင်မှာပါ"ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

အရှေ့တောင်အာရှလူငယ်ဘော်လီဘောပြိုင်ပွဲကို ၂ နှစ်တစ်ကြိမ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများကို အသက် (၂၀) နှစ်အောက်သတ်မှတ်ထားသည်။ ၂၀၁၂ ခုနှစ်အရှေ့တောင်အာရှလူငယ်အမျိုးသားဘော်လီဘောပြိုင်ပွဲအား ရန်ကုန်မြို့တွင် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာလူငယ်အသင်းက ဗိုလ်စွဲခဲ့သည်။

မြန်မာလူငယ်ဘော်လီဘောအသင်းသည် အရှေ့တောင်အာရှလူငယ်ဘော်လီဘောပြိုင်ပွဲတွင် ပြီးခဲ့သည့် (၁၉၉၂၊ ၁၉၉၄၊ ၁၉၉၆) ခုနှစ်များက သုံးကြိမ်ဆက်ဗိုလ်စွဲခဲ့ဖူးပြီး ၂၀၁၂ ခုနှစ်အပါအဝင် ပြိုင်ပွဲတစ်လျှောက်ချန်ပီယံလေးကြိမ်ရယူထားသည့် အသင်းဖြစ်သည်။ မြန်မာအမျိုးသမီးလူငယ်ဘော်လီဘောအသင်းမှာမူ ၎င်းပြိုင်ပွဲတစ်လျှောက် အမြင့်ဆုံးအောင်မြင်မှုအဖြစ် ငွေတံဆိပ်သာ ရရှိခဲ့ဖူးကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူကပြောသည်။

"ဒီပြိုင်ပွဲမှာ မြန်မာလူငယ်အမျိုးသားနဲ့ အမျိုးသမီးနှစ်သင်းစလုံး ဗိုလ်လုပွဲတက်ရောက်ဖို့ အကောင်းဆုံးကြိုးစားသွားမှာပါ။ အဓိကပြိုင်ဘက်အသင်းတွေကတော့ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်အသင်းတွေဖြစ်ပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူကဆိုသည်။

နေပြည်တော်တွင် လက်ခံကျင်းပမည့် အရှေ့တောင်အာရှလူငယ် ဘော်လီဘောပြိုင်ပွဲအတွက် မြန်မာလူငယ်အမျိုးသားအသင်းအား ပဏာမလက်ရွေးစင် ၂၅ ဦးဖြင့်လည်းကောင်း၊ အမျိုးသမီးလူငယ်အသင်းအား ပဏာမလက်ရွေးစင် ၂၀ ဦးဖြင့် လည်းကောင်း ရန်ကုန်မြို့၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

# အူရီးဒူးဖလားရှုံးထွက်ပွဲစဉ်များ မဲခွဲ

**ချစ်ဝိုင်း**

**ရန်ကုန်၊ မတ်-၃၁**

၂၀၁၄ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အူရီးဒူးဖလားရှုံးထွက် ပြိုင်ပွဲကိုအဆင့်သုံးဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်နှင့် နေပြည်တော်အသင်းနှစ်သင်းမှာ ကွာတားဖိုင်နယ်အဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အူရီးဒူးရှုံးထွက်ဖလားပြိုင်ပွဲအတွက်အသင်းများမဲခွဲပွဲအခမ်းအနားကို မတ်လ ၃၁ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

ပြိုင်ပွဲပထမအဆင့်တွင် လိဂ်–၂ မှအသင်းခြောက်သင်း စတင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆင့်နှစ်တွင်ပထမအဆင့်မှအနိုင်ရရှိသော သုံးသင်းနှင့် လိဂ် –၂ ထိပ်ဆုံးသုံးသင်း၊ မြန်မာလိဂ်အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေသည့်သုံးသင်း စုစုပေါင်းပြိုင်ပွဲ ၁၀ သင်းတို့ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ တတိယအဆင့်တွင် အဆင့်နှစ်မှအနိုင်ရရှိသောအသင်းငါးသင်းနှင့် မြန်မာနေရှယ်လိဂ်အသင်းကြီးများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မဲခွဲပွဲကို တစ်ဆင့်ပြီး တစ်ဆင့်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရန်ကုန်နှင့် နေပြည်တော်အသင်းများမှာ ကွာတားဖိုင်နယ်မှသာ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပထမအဆင့် ပြိုင်ပွဲကို ပဒုမ္မာကွင်းနှင့် စလင်းကွင်းများ၌ ဧပြီလ ၅ ရက်နှင့် ၆ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဧပြီ ၅ ရက်တွင် ငွေကြယ်ပွင့်လေးများနှင့် Horizon အသင်းတို့ ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒဂုံအသင်းနှင့် တက္ကသိုလ်အသင်းတို့သည် စလင်းကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဧပြီ ၆ ရက်တွင် Best United အသင်းနှင့် မောရဝတီအသင်းတို့သည် စလင်းကွင်းတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီးအနိုင်ရရှိသည့် သုံးသင်းသည်နောက်တစ်ဆင့်တက်ရောက်နိုင်မည်ဖြစ်သည်။



*အူရီးဒူးဖလားပြိုင်ပွဲဝင်အသင်းများကို မဲခွဲနေစဉ်* ဓာတ်ပုံ – MFF

အူရီးဒူးရှုံးထွက်ဖလား ပြိုင်ပွဲကို ဧပြီ ၅ ရက်နှင့် ၆ ရက်တွင် ပကျော့၊ မေလ ၇၊ ၈ နှင့် ၉ ရက်တွင် ဒုတိယအကျော့၊ ဇူလိုင် ၅ နှင့် ၆ ရက်တွင် တတိယအကျော့၊ ဇွန်လ ၁၉ နှင့် ၂၀ ရက်တွင် ကွာတားဖိုင်နယ်၊ ဩဂုတ် ၆ ရက်တွင်ဆီးမီးဖိုင်နယ်နှင့်စက်တင်ဘာ ၁၄ ရက်တွင် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ထုတ်ပြန်ထားသည်။

အဆိုပါပြိုင်ပွဲတွင် ချန်ပီယံအသင်းအား ကျပ်သိန်း ၃၀၀၊ ဒုတိယဆုရရှိသည့် အသင်းအား ကျပ်သိန်း ၁၅၀၊ ဆီးမီးဖိုင်နယ်အဆင့်သို့ တက်ရောက်သည့် အသင်းလေးသင်းအား ကျပ်သိန်း ၁၀၀ စီချီးမြှင့်သွားမည်ဖြစ်သည်။ ချန်ပီယံအသင်းအနေဖြင့် လာမည့် မဲခေါင်ဒေသကလပ်အသင်းများ ချန်ပီယံရှစ်ပြိုင်ပွဲသို့လည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။


Apache
TVS
အိန္ဒိယ ဆိုင်ကယ်များ
အမြန်ဆုံးထက်ပိုတဲ့
အမြန်နှုန်း
RTR 160 cc အင်ဂျင်
၀ - ၆၀ ကီလိုမီတာသို့ ၄.၈ စက္ကန့်တွင် ရောက်နိုင်သည်။
ဒီဂျစ်တယ်မြန်နှုန်းပြ ခိုင်ခွက်
လင်းအားကောင်းသော LED ရှေ့မီးခွက်များ
SHOEI
TVS အိန္ဒိယဆိုင်ကယ် Promotion မှ
ရင်ခုန်ဖွယ်ရာ ဆုမဲများ ရယူပါ။
TVS ဆိုင်ကယ်ဝယ်ယူသူတိုင်း ချက်ချင်းပေါက်ဆုမဲတစ်ခုနဲ့
ကံစမ်းမဲကတ်တစ်ခုကို TVS မှ ရယူနိုင်ပါပြီ။ ဒါ့အပြင် TVS ကံစမ်းမဲကို
ပါဝင်ဆင်နွှဲပြီး Smart Phone များ၊ LCD TV များ၊ မီးစက်များ အပြင်
အထူးဆုအနေနဲ့ မိမိဝယ်ယူသော TVS ဆိုင်ကယ်တန်ဖိုးနှင့် တူညီသည့်
ဆုငွေကို ပြန်လည်ရရှိခြင်း စသည့် အခွင့်အရေးများ ရယူနိုင်ပါပြီ။
TVS ရဲ့ အရောင်းမြှင့်တင်ပွဲ အသေးစိတ်ကို အနီးအနားမှာရှိတဲ့
TVS showroom တွေမှာ သွားရောက်လေ့လာနိုင်ပါပြီ။
ပရိုမိုးရှင်းကာလ - 2014 ခုနှစ် ဧပြီ 1 ရက်နေ့ မှ 30 ရက်နေ့ အထိသာ
2 YEAR WARRANTY
GENUINE PARTS
Like us on facebook
tvsmyanmar
MYANS TVS
Main Dealer - Mandalay
No. 125, 34th St., Bet. 77th & 78th St.,
Chan Aye Thar San Tsp.
02-65384 | 09-425299029
NOBLE TUN TVS
Dealer - Mandalay
No. 185, 85th St., Bet. 35th & 36th St., Mandalay
09-2006364 | 09-402626855 | 09-91016384
02-73050 | 02-63205
SHIVA TVS
Main Dealer - Myitkyina
No. 43, Min Yat Quarter
074-29494 | 23621 | 28474
09 43116969 | 09 2400494
SUPER TVS
Main Dealer - Monywa
No. 13/22, Chanmyatharsi Ward,
Kyauka Road
071-21692
For dealership inquiries, please contact Moon Princess Co., Ltd. Mr. Satish Kumar 09-5133857 or Mr. Thar Gyi 09-254211958
email: tvsmyanmar@gmail.com

7DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

# မန်စီးတီး-ဆောက်သမ်တန်၊ ပါးမား-နာပိုလီ၊ ဘာစီလိုနာ-ရီးရဲလ်ဘက်တစ် အကြိတ်အနယ်ကစားရမယ့် ဒီတစ်ပတ် ဥရောပလိဂ်ပြိုင်ပွဲများ


REUTERS

**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်တွေထဲမှာ ပရီးမီးယားလိဂ်နဲ့ လာလီဂါတို့က ဆက်လက်ပြီး ပြိုင်ဆိုင်မှုတွေ ပြင်းထန်ဖို့ရှိကာ စီးရီးအေပွဲတွေထဲမှာ ရိုးမား၊ နာပိုလီတို့ရဲ့ အဝေးကွင်းပွဲတွေ ကြည့်ရပါမယ်။ လာလီဂါမှာတော့ ဘာကာ၊ အက်သလက်တီကိုတို့ရဲ့ အိမ်ကွင်းပွဲတွေ ကြည့်ရမှာဖြစ်ပါတယ်။

**ပရီးမီးယားလိဂ်**

**၅၊ ဧပြီ၊ စနေ**

**မန်စီးတီး-ဆောက်သမ်တန်**

**ပကျော့ရလဒ် ၁-၁**

မန်စီးတီးတို့ အိမ်ကွင်းမှာ အနိုင်ကစားသွားမယ့်ပွဲ ဖြစ်ပါတယ်။ ဆောက်သမ်တန်တို့ သရေပွဲရဖို့ အလားအလာမရှိဘဲ ဂိုးအနည်းနဲ့ ရှုံးရင်ပဲ ကျေနပ်ရမှာပါ။

**နယူးကာဆယ်-မန်ယူ**

**ပကျော့ရလဒ် ၁-၀**

နယူးကာဆယ်အိမ်ကွင်းမှာ ဖိကစားနိုင်ပြီး မန်ယူတို့ ခြေပြန်တက်လာပေမယ့် အပြန်အလှန်ကစားရမယ့်ပွဲ ဖြစ်လာနိုင်ပါတယ်။ အိမ်ရှင်နယူးကာဆယ် သရေရနိုင်ခြေရှိပြီး မန်ယူနိုင်ရင်လည်း ကပ်နိုင်မှာပါ။ ဂိုးနည်းမယ့်ပွဲဖြစ်လာမယ်။

**ချယ်လ်ဆီး-စတုတ်စီးတီး**

**ပကျော့ရလဒ် ၂-၃**

စတုတ်တို့နိုင်ပွဲတွေရှိလာပြီး ကစားရခက်တဲ့ အသင်းဖြစ်လာနေတယ်။ ဒါပေမဲ့ ချန်ပီယံဆုဖိအားအတွက် ချယ်လ်ဆီးအိမ်ကွင်းမှာ ဖိကစားပြီး နှစ်ဂိုးလောက်ရသွားနိုင်တယ်။ စတုတ်သရေရဖို့လည်း မရှိပါ။

**၆၊ ဧပြီ၊ တနင်္ဂနွေ**

**ဝက်စ်ဟမ်း-လီဗာပူး**

**ပကျော့ရလဒ် ၁-၄**

ဝက်စ်ဟမ်းနိုင်ပွဲတချို့ ရှိလာပေမယ့် ခြေမှန်နေတဲ့ ညေ့သည်လီဗာပူးကို ရွေးရမှာပါ။ လီဗာပူးတိုက်စစ်ကောင်းတာကြောင့် နှစ်ဂိုးလောက် ရနိုင်တယ်။

**စီးရီးအေ**

**၆၊ ဧပြီ၊ တနင်္ဂနွေ**

**အင်တာ-ဘိုလော့ဂ်နာ**

**ပကျော့ရလဒ် ၁-၁**

အင်တာတို့ ဒီနောက်ပိုင်းပွဲတွေမှာ မထင်မှတ်ဘဲ သရေကျတာတွေရှိနေတယ်။ ဒါပေမဲ့ ဘိုလော့ဂ်နာကိုအင်တာအိမ်ကွင်းမှာ အနိုင်သုံးမှတ်ရအောင်ကစားသွားမှာပါ။ အင်တာကိုပဲ ကြိုက်ပါတယ်။နှစ်သင်းပေါင်းသွင်းဂိုးနည်းနိုင်ပါတယ်။

**ကက်ဂလီယာရီ-ရိုးမား**

**ပကျော့ရလဒ် ၀-၀**

ရိုးမား အဝေးကွင်းနိုင်ပွဲရမယ့်ပွဲ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်ကို ဆက်လက်ထိန်းသိမ်းဖို့ ရိုးမားတို့ အနိုင်ကစားသွားနိုင်တယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ရိုးမားကပ်နိုင်မယ် မှန်းပါတယ်။

**ပါးမား-နာပိုလီ**

**ပကျော့ရလဒ် ၁-၀**

ပါးမား ခြေစွမ်းကောင်းနေပေမယ့် နာပိုလီကလည်း ထိန်းကစားနိုင်တဲ့ပွဲပါ။ သရေဖြစ်နိုင်သလို အနိုင်ဆိုရင်လည်း နာပိုလီပဲ အပြန်အလှန် သွင်းဂိုးတွေနဲ့ ကပ်နိုင်မယ့်ပွဲပါ။

**လာလီဂါ**

**၅၊ ဧပြီ၊ စနေ**

**အက်သလက်တီကို-ဗီလာရီးရဲလ်**

**ပကျော့ရလဒ် ၁-၁**

ဗီလာရီးရဲလ် ခြေမငြိမ်ပေမယ့် အက်သလက်တီကို ဇယားထိပ်မှာ ဆက်ရပ်တည်ဖို့ ထိန်းကစားနိုင်တယ်။ အိမ်ရှင်တို့ လာလီဂါမှာ အိမ်ကွင်းရှုံးပွဲ လုံးဝမရှိသေးတဲ့ အသင်းဖြစ်ပါတယ်။ အက်သလက်တီကို ဂိုးအနည်းနဲ့ နိုင်ခြေရှိတယ်။

**ဘာစီလိုနာ-ရီးရဲလ်ဘက်တစ်**

**ပကျော့ရလဒ် ၄-၁**

ဘာကာတို့ အိမ်ကွင်းမှာ နိုင်ပွဲရဦးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ပထမအကျော့လောက် ဂိုးမများနိုင်ဘဲ နှစ်ဂိုးအသာလောက်နဲ့ ပြီးသွားနိုင်တယ်။

**၆၊ ဧပြီ၊ တနင်္ဂနွေ**

**ဆိုစီဒက်-ရီးရဲလ်မက်ဒရစ်**

**ပကျော့ရလဒ် ၁-၅**

ရီးရဲလ်တိုက်စစ်ပိုင်း ပိုသာတဲ့ပွဲဖြစ်ပါတယ်။ ဆိုစီဒက်နိုင်ပွဲတချို့ရှိထားပေမယ့် ရီးရဲလ်တို့ ဂိုးအနည်းနဲ့ အနိုင်ရသွားမှာပါ။ သရေဖြစ်ဖို့ မရှိပါ။




## ဂွါဒီယိုလာလက်အောက်တွင် ဘိုင်ယန်မြူးနစ်ပိုကောင်းလာဟု ရော်ဘင်ပြော


REUTERS

**မြူးနစ်၊ မတ်-၃၀**

ဘိုင်ယန်မြူးနစ်တောင်ပံကစားသမား အာဂျန်ရော်ဘင်က ဘိုင်ယန်အသင်းသည် ဂွါဒီယိုလာလက်အောက်၌ ဥရောပ၏ အလွှမ်းမိုးနိုင်ဆုံး အသင်းတစ်သင်းဖြစ်လာပြီး မန်ယူနှင့် ချန်ပီယံလိဂ်ကွာတားတွေ့ဆုံမှုတွင်အနိုင်ကစား၍ထိုအချက်ကို သက်သေပြမည်ဟု ပြောကြားလိုက်သည်။

ဘိုင်ယန်သည် ဘွန်ဒက်စ်လီဂါမပြီးသေးသော်လည်းအမှတ်ကွာဟချက်ဖြင့် ပြီးခဲ့သည့်အပတ်ကပင် လိဂ်ချန်ပီယံဖြစ်ခဲ့သည်။

ထို့ကြောင့် ရော်ဘင်က ချန်ပီယံလိဂ်တွင် အောင်မြင်မှု ဆက်လက်ရယူလိုနေခြင်းဖြစ်သည်။

"ဂွါဒီယိုလာက ကျွန်တော်တို့အသင်းကို ဥရောပမှာ လွှမ်းမိုးမှုအရှိဆုံးဖြစ်လာအောင် အသွင်ပြောင်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ဒီရာသီမှာ နောက်ထပ်ခြေလှမ်းကြီးတစ်ရပ် လှမ်းနိုင်ခဲ့ပါပြီ။ အရင်ကထက်ပိုပြီး ကျွန်တော်တို့ လွှမ်းမိုးနိုင်စွမ်းရှိလာခဲ့ပါတယ်" ဟု ရော်ဘင်က သတင်းထောက်များအား ပြောသည်။

ဘိုင်ယန်သည် ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုကို (၂၄)ကြိမ်မြောက် ရရှိခဲ့ခြင်းဖြစ်သည်။

၎င်းတို့သည် မန်ယူနှင့် ယနေ့ နံနက်တွင် ကစားပြီးနောက် ဧပြီ ၉ ရက်တွင် အိမ်ကွင်း၌ ထပ်မံကစားရမည်ဖြစ်သည်။ *—Ref: Goal*

7DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

## ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် လီယိုပိုဒေါလိုပက်ဇ်အတွက်အာမခံ ပယ်ချခံရ

**ကာရာကတ်စ်၊ မတ်-၂၉**

လွန်ခဲ့သည့် တစ်လကျော်က ဖမ်းဆီးခံခဲ့ရသော အတိုက်အခံခေါင်းဆောင်များအနက် တစ်ဦးဖြစ်သည့် လီယိုပိုဒေါလိုပက်ဇ်၏ အာမခံလျှောက်ထားချက်ကို ဗင်နီဇွဲလား တရားရုံးတစ်ရုံးက ပယ်ချလိုက်သည်။

၎င်းမှာ မြို့တော်ကာရာကတ်စ်အပြင်ဘက်ရှိ စစ်အကျဉ်းထောင်တွင် ဖမ်းဆီးခံထားရသည်။

ဖေဖော်ဝါရီလဆန်းမှစ၍ လူ ၃၇ဦးသေဆုံးခဲ့သည့်အကြမ်းဖက်ဆန္ဒပြပွဲများကို လိုပက်ဇ်က မီးထိုးပေးသည်ဟု အစိုးရက စွပ်စွဲခဲ့သည်။

ယင်းစွဲချက်များကို လိုပက်ဇ်က ငြင်းပယ်ထားသည်။

စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း ၎င်းလွတ်မြောက်နေသင့်သည်ဟု လိုပက်ဇ်၏ ရှေ့နေများက ပြောသည်။

အစိုးရကို ပွင့်ပွင့်လင်းလင်း ဝေဖန်လေ့ရှိသည့် လိုပက်ဇ်မှာ အကြမ်းဖက်မှုဖြစ်ပွားစေရန် လှုံ့ဆော်ခြင်းနှင့် အများပိုင်ပစ္စည်း ဖျက်ဆီးခြင်း စွဲချက်များဖြင့် စွဲချက်တင်ခံထားရသည်။

၎င်းသည် ဖေဖော်ဝါရီ ၁၂ ရက်က ကာရာကတ်စ်မြို့၌ ဆန္ဒပြပွဲများ ပထမဆုံးဖြစ်ပွားပြီးနောက် အချိန်တိုအတွင်း ဖမ်းဆီးမိန့်ထုတ်ပြန်ခံခဲ့ရသည်။

အပြိုင်အဆိုင် ဆန္ဒပြမှုများအတွင်း လူသုံးဦး ပစ်သတ်ခံခဲ့ရသည်။

ထိုသုံးဦးထဲတွင် နှစ်ဦးမှာ အစိုးရဆန့်ကျင်ဆန္ဒပြသူများဖြစ်ပြီး တစ်ဦးမှာ အစိုးရထောက်ခံသူဖြစ်သည်။

လိုပက်ဇ်မှာ သီတင်းတစ်ပတ်နီးပါး တိမ်းရှောင်နေခဲ့သော်လည်း ဖေဖော်ဝါရီ ၁၈ ရက် ကာရာကတ်စ်မြို့လမ်းမများအနှံ့ အတိုက်အခံ ချီတက်မှုတစ်ခုအတွင်း ကိုယ်တိုင်အဖမ်းခံခဲ့သည်။

ငြိမ်းချမ်းမှုနှင့်ဒီမိုကရက်တစ် ပြောင်းလဲရေး လိုလားသော ဗင်နီဇွဲလား နိုင်ငံသားများကို အာဏာပိုင်များက ဖမ်းဆီးထောင်ချလိုသည်ဟု လိုပက်ဇ်ကပြောသည်။

ယခုအခါ ကာရာကတ်စ်မြို့ရှိ အယူခံတရားရုံးက ၎င်း၏ အာမခံ လျှောက်လဲချက်ကို ပယ်ချလိုက်ပြီး စွဲချက်သစ်များဖြင့် တရားစွဲထားသည်။

—Ref: AFP

## Blackberry ကုမ္ပဏီ တစ်နှစ်အတွင်း ကန်ဒေါ်လာ ၅ ဒသမ ၉ ဘီလီယံ အရှုံးပေါ်

**မွန်ထရီရယ်၊ မတ်-၂၉**

နောက်ဆုံးဘဏ္ဍာရေးနှစ်အတွက် ကန်ဒေါ်လာ ၅ ဒသမ ၉ ဘီလီယံ အသားတင် အရှုံးပေါ်ခဲ့ကြောင်း ပြဿနာကြုံနေသည့် စမတ်ဖုန်းကုမ္ပဏီ Blackberry ကုမ္ပဏီက ကြေညာသည်။

သို့သော် မတ်လ ၁ ရက်အထိ သုံးလတာကာလအတွင်း မျှော်လင့်ထားသော အရှုံးထက်ပိုနည်းပြီး ကန်ဒေါ်လာ ၄၂၃ သန်းသာ ရှုံးခဲ့ကာ ယင်းမတိုင်မီ သုံးလပတ်ကာလက ကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံ အရှုံးပေါ်ခဲ့သည်။

မိမိတို့၏ ဘဏ္ဍာရေးနှစ် စတုတ္ထမြောက် သုံးလပတ်ကာလ စွမ်းဆောင်ချက်ကြောင့် ဝမ်းသာမိသည်ဟု ကုမ္ပဏီက ပြောကြားပြီး အမြတ်ရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသို့ ပြန်သွားမည့်လမ်းကြောင်း ပေါ်တွင်ရှိနေသည်ဟု ပြောသည်။

အဆင့်မြင့်စမတ်ဖုန်းဈေးကွက်အတွင်း ဂူးဂဲလ်ကုမ္ပဏီ၏ Andriod Operating System သုံး ထားသော ဖုန်းများနှင့် Apple ကုမ္ပဏီ၏ iPhone များကြောင့် Blackberry ကုမ္ပဏီ၏ ထုတ်ကုန်ပစ္စည်းများမှာ လတ်တလော အခြေမလှဖြစ်နေသည်။

ယင်းဘဏ္ဍာရေးနှစ်အတွင်း Blackberry ကုမ္ပဏီ၏ အရှုံးများတွင် Z10 စမတ်ဖုန်းများ ရောင်းမထွက်၍ ကန်ဒေါ်လာ ၉၃၄ သန်း ဆုံးရှုံးမှုလည်း ပါဝင်ပြီး ကုမ္ပဏီဖွဲ့စည်းပုံ ပြန်လည်တည်ဆောက်မှု ကုန်ကျစရိတ် ကန်ဒေါ်လာ ၅၁၂ သန်း ပါဝင်သည်။

စတုတ္ထမြောက် သုံးလပတ်ကာလ ဝင်ငွေမှာ ကန်ဒေါ်လာ ၉၇၆ သန်း လျော့ကျခဲ့ပြီး လေ့လာသူများ မျှော်လင့်ထားသော ကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံထက် လျော့နည်းခဲ့သည်။

တစ်ကျော့ပြန် အစီအစဉ်အရ Blackberry ကုမ္ပဏီက ဝန်ဆောင်မှု အားသာချက်အပေါ် အာရုံစိုက်နေပြီး Keyboard ပါဝင်သော ၎င်းတို့၏ ထုတ်ကုန်များကို အလေးထား ဆန်းစစ်ရန်လည်း ကြိုးပမ်းနေသည်။

—Ref: BBC

## နော်ဝေးဝန်ကြီးချုပ်ဟောင်း နေတိုးအဖွဲ့ အကြီးအကဲသစ်ဖြစ်လာ

**ဘရပ်ဆဲလ်၊ မတ်-၂၉**

နော်ဝေးဝန်ကြီးချုပ်ဟောင်း ဂျန်စ် စတိုတင်ဘာ့ဂ်သည် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့ (NATO)၏ အတွင်းရေးမှူးချုပ်သစ်အဖြစ် ခန့်အပ်ခံရပြီး ဒိန်းမတ်နိုင်ငံမှ အန်ဒါးစ်ဖော့ဂ်ရက်မက်ဆန် နေရာတွင် အစားထိုးမည်ဖြစ်သည်။


REUTERS

လာမည့်အောက်တိုဘာတွင် ဝေလနိုင်ငံ၌ နေတိုးအဖွဲ့ ထိပ်သီးအစည်းအဝေးကျင်းပပြီးနောက် ရက်မက်ဆန် ရာထူးမှ ဆင်းချိန်တွင် စတိုတင်ဘာ့ဂ်က အတွင်းရေးမှူးချုပ် တာဝန်လွှဲပြောင်းရယူမည်ဖြစ်သည်။ ရက်မက်ဆန်သည် နေတိုးအဖွဲ့ကို ဦးဆောင်ခဲ့သူဖြစ်သည်။

စတိုတင်ဘာ့ဂ်သည်နော်ဝေးဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၀–၀၁ ခုနှစ်က (၁၈)လကြာ တာဝန်ယူခဲ့ကာ ၂၀၀၅ မှ ၂၀၁၃ ခုနှစ်အတွင်း တစ်ကြိမ်ထပ်မံတာဝန်ယူခဲ့သည်။

စတိုတင်ဘာ့ဂ်သည် နေတိုးအဖွဲ့၏ အင်အားတောင့်တင်းမှုနှင့် အောင်မြင်မှု အစဉ်အလာကို ဆက်လက်တည်ဆောက်နိုင်ရန် မှန်ကန်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု ရက်မက်ဆန်က တွစ်တာမှတစ်ဆင့် ပြောကြားသည်။ ထို့အပြင် နေတိုးအဖွဲ့အနေဖြင့် ခိုင်မာ၍ ပြတ်သားသော ခေါင်းဆောင်မှုပြသရေး လိုအပ်ပုံကို ယူကရိန်းပြဿနာက သရုပ်ပြနေသည်ဟု ရက်မက်ဆန်က ထပ်လောင်းပြောကြားသည်။

—Ref: BBC



# International

7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

## ဗဟိုအာဖရိကနိုင်ငံတွင် ချဒ်တပ်သားများ ပစ်ခတ်မှုကြောင့် လူရှစ်ဦးသေဆုံး

**ဘန်ဂူး၊ မတ်-၃၁**

ချဒ်နိုင်ငံမှ တပ်သားများသည် ဗဟိုအာဖရိကနိုင်ငံ မြို့တော်ဘန်ဂူးတွင် လူရှစ်ဦးကို ပစ်သတ်ခဲ့ကြောင်းနှင့် သေဆုံးသူများမှာ ခရစ်ယာန်ရပ်ကွက်များမှ ဒေသခံပြည်သူများဖြစ်ကြောင်းအာဖရိကသမဂ္ဂတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ချဒ်တပ်သားများကို ဗဟိုအာဖရိကရှိ ခရစ်ယာန်ပြည်သူ့စစ်တပ်ဖွဲ့ တစ်ဖွဲ့က တိုက်ခိုက်ခဲ့သည်ဟု ပြည်တွင်းသတင်းထောက်တစ်ဦးက ဘီဘီစီသတင်းဌာနအား ပြောကြားသည်။

ဆီလီကာ သူပုန်များသည် ၂၀၁၃ မတ်လတွင် ဗဟိုအာဖရိကသမ္မတအား ရာထူးမှ ဖြုတ်ချခဲ့ပြီးနောက် ပြည်တွင်းမငြိမ်သက်မှုများ ဖြစ်ပွားလာခဲ့သည်။

ဗဟိုအာဖရိကနိုင်ငံ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင်များအဖြစ် ရောက်ရှိလာသော ချဒ်နိုင်ငံမှ တပ်သားများသည် မွတ်စလင်သူပုန်များကို အကူအညီပေးနေသည်ဟု စွပ်စွဲခံထားရသည်။

ဗဟိုအာဖရိက နိုင်ငံတွင် အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင် ၆,၀၀၀ နှင့် ပြင်သစ်တပ်ဖွဲ့ဝင် ၂,၀၀၀ တပ်ဖြန့်နေရာချထားသော်လည်း အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေသည်။

မတ်လ ၂၈ ရက်တွင် ဘန်ဂူးမြို့ရှိ အသုဘအခမ်းအနားတစ်ခု၌ ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူ ၁၁ ဦး သေဆုံးခဲ့သည်။

ယင်းနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များနှင့် မွတ်စလင်ဘာသာဝင်များအကြား ဖြစ်ပွားသော အကြမ်းဖက်မှုများကြောင့် နိုင်ငံ့လူဦးရေ၏ လေးပုံတစ်ပုံခန့်မှာအိုးအိမ်များကိုစွန့်ခွာထွက်ပြေးခဲ့ကြသည်။ မတ်လအစောပိုင်းတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကြောက်မက်ဖွယ် တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိသော ဗဟိုအာဖရိကနိုင်ငံ၌ ငြိမ်းချမ်းမှု ထိန်းသိမ်းတပ်ဖွဲ့ဝင် ၁၂,၀၀၀ ထားရှိပေးရန် ကုလသမဂ္ဂ အာဏာပိုင်များထံ အဆိုပြုခဲ့သည်။ *—Ref: BBC*

## ငြိမ်းချမ်းရေးဆွေးနွေးပွဲ သက်တမ်းတိုးရန် အဆိုပြုချက် အစ္စရေးက ပါလက်စတိုင်းတို့အား ပေးအပ်

**ဂျေရုဆလင်၊ မတ်-၃၁**

ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကယ်တင်ရန် ကြိုးပမ်းမှုများ ပြင်းထန်လာစဉ်ယင်းဆွေးနွေးပွဲများကိုဧပြီ ၂၉ ရက် နောက်ဆုံးသတ်မှတ်ချက်ထက် ဆက်လက်ကျင်းပနိုင်ရေး အစ္စရေးနိုင်ငံက ပါလက်စတိုင်းတို့ထံ အဆိုပြုချက်တစ်ရပ် ပေးအပ်လိုက်သည်။

အမေရိကန် ကြားဝင်ညှိနှိုင်းပေးသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ကံကြမ္မာကို ရက်ပိုင်းအတွင်း ဆုံးဖြတ်သွားနိုင်သည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ညာဟုက အစောပိုင်းတွင် သတိပေးထားသည်။

ယင်းကိစ္စကို မဖြေရှင်းနိုင်ပါက ပေါက်ကွဲခြင်းဖြစ်နိုင်သည်ဟုလည်း ၎င်းကပြောသည်။

အမေရိကန်နိုင်ငံကလည်း ပါလက်စတိုင်းအကျဉ်းသားများကိစ္စ အငြင်းပွားမှုကြောင့် ဆွေးနွေးပွဲများ မပျက်စီးစေရန် မရပ်မနား ကြိုးပမ်းလျက်ရှိသည်။

ပါလက်စတိုင်းအရာရှိတစ်ဦးကလည်း အစ္စရေးတို့က ပါလက်စတိုင်း သမ္မတမာမွတ်အဘတ်စ်ထံ ဆွေးနွေးမှုများ ပြန်လည်စတင်ရေး သဘောတူညီချက် မူကြမ်းတစ်ရပ် ပေးအပ်ခဲ့သည်ဟု အတည်ပြုပြောကြားသည်။



BAZ RATNER/AFP

*မတ်လ ၃၀ ရက်က ဂျေရုဆလင်မြို့ ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ဝန်ကြီးချုပ်နေတန်ညာဟုကို ဝန်ကြီးအဖွဲ့ အတွင်းရေးမှူး (ယာ)နှင့် ထောက်လှမ်းရေးဝန်ကြီးတို့နှင့်အတူ တွေ့ရစဉ်*

ဆွေးနွေးပွဲများ ဆက်လက်ကျင်းပရေး ပါလက်စတိုင်းတို့၏ သန္နိဋ္ဌာန်စကားမကြားရပါက ယခုတစ်ပတ်တွင် လွှတ်ပေးရမည့် နှစ်ကြီးအကျဉ်းသား ၂၆ ဦးအား လွှတ်ပေးမည်မဟုတ်ဟု အစ္စရေးတို့က ပြောကြားသည်။

ပါလက်စတိုင်းတို့ကမူ အကျဉ်းသားများ မလွှတ်ပေးလျှင် ဆွေးနွေးပွဲများ ရှေ့ဆက်ကျင်းပရေး စဉ်းစားမည်မဟုတ်ဟု ပြောသည်။ *—Ref: AFP*

## အီဂျစ်သမ္မတရွေးကောက်ပွဲ မေလ ၂၆ ရက်တွင် ကျင်းပမည်

**ကိုင်ရို၊ မတ်-၃၁**

အစ္စလာမ်မစ်သမ္မတ မိုဟာမက်မော်စီကို စစ်တပ်က ရာထူးမှ ဖြုတ်ချလိုက်ပြီးနောက် ဆယ်လအကြာ မေလ ၂၆ မှ ၂၇ ရက်အတွင်း အီဂျစ်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲ ကျင်းပသွားမည်ဟု ရွေးကောက်ပွဲကော်မရှင်က မတ်လ ၃၀ ရက်တွင် ကြေညာသည်။

မော်စီကို ရာထူးမှ ဖြုတ်ချခဲ့သည့် စစ်ဘက်ဆိုင်ရာ အကြီးအကဲဟောင်း အယ်လ်စီစီမှာ ယင်းရွေးကောက်ပွဲတွင် အနိုင်ရရန် အများက မျှော်လင့်ထားသည်။

အကယ်၍ ပြတ်ပြတ်သားသား အနိုင်ရသူမရှိပါက ယင်းရွေးကောက်ပွဲ ဒုတိယအကျော့ကို ဇွန်လ ၁၆ နှင့် ၁၇ ရက်တွင် ထပ်မံကျင်းပမည်ဖြစ်သည်။

သမ္မတ ရွေးကောက်ပွဲတွင် အယ်လ်စီစီအပြင် အခြားတစ်ဦးတည်းသော အဓိကသမ္မတလောင်းမှာ မော်စီအနိုင်ရခဲ့သော ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲတွင် တတိယမဲအများဆုံးရရှိခဲ့သည့် လက်ယာယိမ်းနိုင်ငံရေးသမားဟမ်ဒိန်းဆာဘာဟီ ဖြစ်သည်။

မတ်လ ၃၁ ရက်မှစ၍ ဧပြီ ၂၀ ရက်အထိ သမ္မတလောင်းများ မှတ်ပုံတင်နိုင်သည်ဟု ရွေးကောက်ပွဲကော်မရှင်က ပြောကြားပြီး မေလ ၃ ရက်မှ ၂၃ ရက်အထိ မဲဆွယ်ကာလအဖြစ် သတ်မှတ်ထားသည်။

အကြမ်းဖက်တိုက်ခိုက်မှုများကို အပြတ်ရှင်းပစ်မည်ဟု ကတိပေးကာ ရွေးကောက်ပွဲဝင်ပြိုင်ရန် ပြင်ဆင်ရင်း ကာကွယ်ရေးဝန်ကြီးနှင့် ကာကွယ်ရေးဦးစီးချုပ်ရာထူးများမှ ပြီးခဲ့သည့်သီတင်းပတ်အတွင်း အယ်လ်စီစီ နုတ်ထွက်လိုက်ပြီးနောက် သမ္မတရွေးကောက်ပွဲ ကျင်းပမည့် ရက်များကို ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့ခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံတွင်အကြမ်းဖက်ဆန္ဒပြမှုများ မကြာခဏ ဖြစ်ပွားပြီး စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်များ၊ စစ်သားများ ပါဝင်သည့် လူ ၅၀၀ နီးပါး သေဆုံးခဲ့ရသည်။

အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ခံထားရသည့် မော်စီ၏ မွတ်စလင်ဘရားသားဟုဒ်အဖွဲ့က အယ်လ်စီစီ သမ္မတအဖြစ် အုပ်ချုပ်မှုအောက်တွင် အီဂျစ်နိုင်ငံ တည်ငြိမ်အေးချမ်းမှု မရှိနိုင်ဟု ပြောကြားထားသည်။

*—Ref: AFP*

နောက်ကျောဖုံး မှ

## တိဗက်သီလရှင်တစ်ပါး တရုတ်အစိုးရကို ကန့်ကွက်ပြီး မီးရှို့သတ်သေ

မီးရှို့သတ်သေပြီးနောက် တတိယမြောက် သေဆုံးမှုလည်းဖြစ်သည်။

မတ်လသည် တိဗက်တွင် နိုင်ငံရေးအရ အထိအခိုက်မခံသည့်လဖြစ်ပြီး ၁၉၅၉ တိဗက်အုံကြွမှု မအောင်မြင်ခဲ့ပြီးနောက် ဒလိုင်းလားမား အိန္ဒိယနိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့ရသည့်လလည်းဖြစ်သည်။

ထို့အပြင် ၂၀၀၈ ခုနှစ် မတ်လတွင်လည်း တိဗက်မြို့တော်လာဆာနှင့် အခြားနေရာများတွင် တရုတ်အစိုးရအား ဆန့်ကျင်အုံကြွမှုများဖြစ်ပွားခဲ့ပြီး လူအသေအပျောက်များ ရှိခဲ့သည်။

*—Ref: AFP*




Oramin-G
အဆင့်မြင့်ဂျင်ဆင်းအားဆေး
ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အခါသမယ၌
မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းသာစွာ နွဲပျော်နိုင်ကြပါစေကြောင်း
အော်ရာမင် – ဂျီ မှ ဆုမွန်ကောင်း ပို့သအပ်ပါသည်။
Oramin-G
Soft Cap.
(with Ginseng)
30 Soft Caps.
Manufactured by
DAEWON PHARM. CO., LTD.
Seoul Korea
ခန္ဓာသန်စွမ်း စိတ်ရွှင်လန်းဖို့ 'အော်ရာမင်–ဂျီ' တိုသောက်ကြပါစို့ ...
MARKETED BY:
AA MEDICAL PRODUCTS LTD.
TEL : (01) 249590, 2-3/ 391644-50


GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS
လက်လွှတ်မခံသင့်သော အခွင့်အရေးကောင်း
GOLDEN CITY အားပိုင်ဆိုင်ခွင့်
GOLDEN CITY ကစတင်ခရီးဆက်တော့မည်...
သင့်ရဲ့ ရွေးချယ်မှုကို ချင်းချက်မရှိ ပြီးပြည့်စုံအောင် ဖြည့်စွက်ပေးနိုင်တဲ့ အခွင့်ကောင်း
ဝယ်လိုအားအဆက်မပြတ် မြင့်မားနေပြီး Discount ခံစားခွင့်နှုန်းကို တဖြည်းဖြည်းလျှော့ချနေတာကြောင့် လက်လွှတ်မခံသင့်တဲ့ အခွင့်အရေးဖြစ်ပါတယ်။
NATIONAL LANDMARK • EXCLUSIVELY YOURS
•Bringing Global Knowledge Together •Modern Classical Fusion •Comfortable Luxury Living Space
•Royal Treatment At Our Hotel •International Office Building •Premium Luxury Shopping •Elite Community
•Platinum Privilege Club •French Inspired Garden •The World's Most Advanced Security Systems
G O L D E N C I T Y
Hotline:+95(0)1-8605111 +95(0)1-8605222
Golden Land Real Estate Development Co.,Ltd.
Address:Yankin Road,CMA Old Building,Yankin Township,Yangon Myanmar Http://www.glredcl.com

7 DAY NEWS JOURNAL
International
Vol.13, No.5 • APRIL 2 , 2014

# နိုင်ဂျီးရီးယားမြို့တော်တွင် ထောင်ဖောက်ပြေးရန် ကြိုးပမ်းမှု လူ ၂၁ ဦး သေဆုံး

**အဘူဂျာ၊ မတ်-၃၁**

နိုင်ဂျီးရီးယားနိုင်ငံ မြို့တော်အဘူဂျာရှိ ရဲထောက်လှမ်းရေးဌာနချုပ်အကျဉ်းထောင်မှ အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းမှုတွင် လူ ၂၁ ဦး သေဆုံးခဲ့သည်ဟု နိုင်ဂျီးရီးယားရဲအရာရှိများက ပြောကြားသည်။

အကျဉ်းသား တစ်ဦးသည် အစောင့်တစ်ဦးအား လက်ထိတ်ဖြင့်ရိုက်၍ ထွက်ပြေးရန် ကြိုးပမ်းစဉ် ထောင်တွင်းအကြမ်းဖက်မှု စတင်ခဲ့သည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။

အကျဉ်းသားအများစုသည် ဘိုကိုဟာရမ်အစ္စလာမ်မစ် သူပုန်အဖွဲ့ဝင်များဟု သံသယရှိကြောင်း နိုင်ဂျီးရီးယားသတင်းများက ဖော်ပြသည်။

မတ်လ ၃၀ ရက်က ဖြစ်ပွားသော ယင်းဆူပူမှုတွင် သေဆုံးသူအားလုံးသည် အကျဉ်းသားများ ဖြစ်၊ မဖြစ် မရှင်းလင်းသေးပေ။

ယင်းဆူပူမှုအတွင်း ရဲဝန်ထမ်းနှစ်ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့ ထောက်လှမ်းရေးဌာနချုပ်က ပြောသည်။

နိုင်ဂျီးရီးယားသမ္မတ အိမ်တော်အနီးတွင်ရှိသော အဆိုပါ ရဲဌာနချုပ်၌ စစ်သားများ နေရာချထားပြီး ဖြစ်သည်ဟု ရဲဌာနချုပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ရဲထောက်လှမ်းရေးဌာနချုပ်၌ ဖြစ်ပွားသော အကြမ်းဖက်မှုကို ထောင်ဖောက်ပြေးရန် ကြိုးပမ်းမှုဟု နိုင်ဂျီးရီးယားသမ္မတ ပြောရေးဆိုခွင့်ရှိသူက တွစ်တာစာမျက်နှာတွင် ပြောကြားသည်။

ထောင်တွင်း အခြေအနေ ထိန်းသိမ်းထားနိုင်ပြီဖြစ်ကြောင်းနှင့် သမ္မတဂွတ်လပ်ဂျွန်နသန်လည်း ဘေးအန္တရာယ်ကင်းရှင်းကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဘိုကိုဟာရမ် သူပုန်များ တိုက်ခိုက်မှုသည် ၂၀၁၄ ပထမ သုံးလပတ်အတွင်း ပိုမို၍ များပြားလာခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် အစ္စလာမ်မစ်များ ထောင်ဖောက်ပြေးမှုမှာ ဖြစ်လေ့ဖြစ်ထရှိပြီး ၂၀၁၂ နိုဝင်ဘာကလည်း နိုင်ဂျီးရီးယား အကျဉ်းသား ဒါဇင်ပေါင်းများစွာ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

—*Ref: BBC*

# ဘရာဇီးရဲတပ်ဖွဲ့နှင့် စစ်သားများ ဘရာဇီးမြို့တော်လေဆိပ်အနီးရှိ ဆင်းရဲသားရပ်ကွက်ကို သိမ်းပိုက်

**ရီယိုဒီဂျနေးရိုး၊ မတ်-၃၁**

မူးယစ်ဆေးဝါး ရောင်းဝယ်မှုများ ကာလကြာ ထိန်းချုပ်ထားသည့် အကြမ်းဖက်မှု အများဆုံးဖြစ်ပွားရာ ရီယိုဒီဂျနေးရိုးမြို့၏ ရပ်ကွက်များအနက် တစ်ခုဖြစ်သည့် နိုင်ငံတကာ လေဆိပ်အနီးရှိ ဆင်းရဲသားရပ်ကွက်ကြီးကို ဘရာဇီးရဲတပ်ဖွဲ့က စစ်သားများ အကူအညီဖြင့် မတ်လ ၃၀ ရက်တွင် သေနတ်တစ်ချက်မပစ်ဖောက်ဘဲသိမ်းပိုက်လိုက်သည်။

ယင်းရပ်ကွက်ကို ဇွန်လအတွင်း ကျင်းပသည့် ကမ္ဘာ့ဖလားပွဲသို့ လာရောက်ကြမည့် နိုင်ငံခြားသား ထောင်ပေါင်းများစွာ ရောက်လာမည်ဖြစ်သော ဂါလီယာအိုလေဆိပ်သို့သွားရာ အမြန်လမ်းများ ဝန်းရံထားသောကြောင့် ဘရာဇီးအာဏာပိုင်များက လုံခြုံရေး ဦးစားပေးကာ မူးယစ်ဂိုဏ်းများထံမှ ပြန်လည်သိမ်းပိုက်လိုက်ခြင်း ဖြစ် သည်။

ရီယိုဒီဂျနေးရိုး မြို့တော်မြောက်ဘက်တွင် လူပေါင်း ၁၃၀,၀၀၀ ဆင်းဆင်းရဲရဲဖြင့် နေထိုင်ရာ မာရေးဆင်းရဲသားရပ်ကွက်ကို ရဲတပ်ဖွဲ့က ပြန်လည်ထိန်းချုပ်မှု စတင်နိုင်ရန် မိနစ် ၂၀ သာကြာသော ယင်းစစ်ဆင်ရေးကို စစ်သားများက သံချပ်ကာကားများဖြင့် အားဖြည့်ပေးခဲ့ကြသည်။




*မတ်လ ၃၀ ရက်က ရီယိုဒီဂျနေးရိုးမြို့ Mare ဆင်းရဲသားရပ်ကွက်၌ ရဲတပ်ဖွဲ့ လူတင်သံချပ်ကာယာဉ်ရှေ့မှ ဒေသခံများ ဖြတ်လျှောက်နေစဉ်* MARCELO SAYAO/EPA

သေနတ်များနှင့် အလေးချိန် ၄၅၀ ကီလိုဂရမ်ရှိ ဆေးခြောက်များနှင့် မူးယစ်ဆေးဝါးရောင်းဝယ်သူဟု သံသယရှိသူနှစ်ဦးကို ဖမ်းဆီးရမိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

မတ်လ ၂၈ ရက်က ကြေညာလိုက်သည့် ယင်းသိမ်းပိုက်မှုမတိုင်မီ မူးယစ်ဆေးရောင်းဝယ်သူအများစုမှာ ရပ်ကွက်တွင်းမှ ထွက်ပြေးတိမ်းရှောင်သွားသည်ဟု ရပ်ကွက်နေသူများက ပြောသည်။

ကမ္ဘာ့ဖလားနှင့် ၂၀၁၆ အိုလံပစ်ပွဲတော်မတိုင်မီ မြို့တော်ပိုမိုလုံခြုံစေရန် ၂၀၀၈ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော တည်ငြိမ်အေးချမ်းရေး အစီအစဉ်အရ သိမ်းပိုက်ထားသော ဆင်းရဲသားရပ်ကွက်များရှိ ရဲကင်းများကို တိုက်ခိုက်မှု အများအပြား ဖြစ်ပွားခဲ့သည်။

—*Ref: Reuters*

# တိဗက်သီလရှင်တစ်ပါး တရုတ်အစိုးရကို ကန့်ကွက်ပြီး မီးရှို့သတ်သေ

**ဘေဂျင်း၊ မတ်-၃၁**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်တွင် ပြီးခဲ့သည့် စနေနေ့က တိဗက် သီလရှင်တစ်ပါးသည် တရုတ်က တိဗက်ဒေသအား ထိန်းချုပ်ထားခြင်းကို ကန့်ကွက်သည့်အနေဖြင့် ကိုယ့်ကိုယ်ကိုယ် မီးတင်ရှို့ကာ ဆန္ဒပြခဲ့သည်။

ဘွဲ့အမည်နှင့် အသက်ကို မသိရသေးသော ထိုသီလရှင်သည် စီချွမ်ပြည်နယ်မှ တိဗက်ဒေသ ကတ်ဇီကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တောင်ပေါ်ဒေသတွင် ဆန္ဒပြမီးရှို့ခဲ့ခြင်းဖြစ်ကြောင်း ဗြိတိန်အခြေစိုက် ဖရီးတိဗက်အဖွဲ့နှင့် အမေရိကန်အစိုးရ၏ ရေဒီယိုဖရီးအေးရှား အစီအစဉ်တို့က ပြောသည်။

အိန္ဒိယနိုင်ငံရှိ တိဗက်ပြည်ပြေးအစိုးရမှ အမတ်တစ်ဦးဖြစ်သူ ကယ်လ်ဆန်ဂယယ်ဆင်က သီလရှင် အမျိုးသမီးသည် ဘုန်းတော်ကြီးကျောင်းတွင် ရိုးရာဆုတောင်းမှုပုံစံအတိုင်း ပြုလုပ်ပြီးနောက် ကိုယ့်ကိုယ်ကိုယ် မီးရှို့သတ်သေခဲ့သည်ဟု ဆိုသည်။

ဖရီးတိဗက်အဖွဲ့က ယင်းသီလရှင် သေဆုံးရာ ဘန်တန်ခရိုင်သို့ ဆက်သွယ်ရန် ကြိုးပမ်းသော်လည်း ဖုန်းလိုင်းများ ဖြတ်တောက်ခံထားရကြောင်း၊ လုံခြုံရေးများလည်း တင်းကျပ်ထားကြောင်း ပြောသည်။

ဖရီးတိဗက်နှင့် ရေဒီယိုဖရီးအေးရှားတို့အဆိုအရ တရုတ်နိုင်ငံတွင် ၂၀၀၉ ခုနှစ်မှစ၍ ကိုယ့်ကိုယ်ကိုယ် မီးတင်ရှို့သတ်သေသည့် ဆန္ဒပြသူဦးရေမှာ အနည်းဆုံး ၁၂၅ ဦးရှိပြီဖြစ်ကြောင်း ဆိုသည်။

ယခုဖြစ်ပေါ်ခဲ့သည့် သီလရှင်သတ်သေမှုမှာ စီချွမ်ပြည်နယ်တွင် မတ်လ ၁၆ ရက်က တိဗက်လူမျိုးနှစ်ဦး **စာမျက်နှာ ၄၆ ››**




DAIKIN
ဂျပန်ပြည်မှ
အေးမြသောလေညှင်းများကို
ကြိုဆိုပါသည်။
ဂျပန်နိုင်ငံ နံပါတ် (၁)
အထူးလေအေးပေးစက်ပညာရှင်မှ
မြန်မာနိုင်ငံအားအေးမြသွားအောင်
ဆောင်ရွက်ပေးနေပါသည်။
ဂျပန်နိုင်ငံမှ အထူးလေအေးပေးစက်ပညာရှင်ဖြစ်သောဒိုင်ကင်း(Daikin)
သည် မြန်မာနိုင်ငံတွင် ဓိတ်ဆွေတို့၏ စီးပွားရေးသုံး၊ အိမ်သုံးလိုအပ်ချက်
အားလုံးကို ဆန်းသစ်တီထွင်မှု၊ အေးမြမှု၊ သက်တောင့်သက်သာရှိမှုတို့ဖြင့်
ဖြည့်ဆည်းပေးနေပါသည်။
AUTHORISED SERVICE AGENT AND PARTS CENTER:
Poh Meng Myanmar Co, Ltd
AUTHORISED DEALERS:
Air-Condition Related Products Trading Co. Ltd
Ywar Taw International Trading Co. Ltd
Zeya & Associates
နေရာတိုင်းမှာသင်နှင့်အတူ


SAMSUNG
ကြိုတင်ရောင်းချခြင်း အထူးအစီအစဉ်
Samsung Brand Shop များတွင်
ဧပြီလ (၁) ရက်နေ့ မှ (၉) ရက်နေ့ အထိ ကြိုတင်စာရင်းပေး မှာကြားနိုင်ပါပြီ။
ဧပြီလ(၂၁)ရက်မှ စတင်၍ ကြိုတင်စာရင်းပေးထားသူများအား ပေးအပ်ရောင်းချသွားပါမည်
SAMSUNG
Samsung GALAXY S5
*IP67 dust and water resistant.
ကြိုတင်စာရင်းပေး မှာကြားသူများအတွက် -
အထူးဈေးနှုန်း - 645,000 Ks.
• Samsung S View Cover (၁)ခု လက်ဆောင်
• Galaxy S5 Music Festival လက်မှတ်(၂)စောင်
• အသစ်ထွက်ရှိမည့် Galaxy Gear 2 (သို့) Gear Fit ဝယ်ယူရန် Discount Coupon
( အထက်ပါ ပရိုမိုးရှင်းလက်ဆောင်များကို အရေအတွက် ကန့်သတ်ထားပါသည် )
Galaxy S5 Music Festival - ဧပြီလ(၁၁)ရက် ညနေတွင် နိုင်ငံကျော်တေးသံရှင်များဖြင့် သကြၤန်အကြို ကျင်းပပြုလုပ်ပါမည်။
samsungmyanmar
Customer Contact Center 01-2399 888
SAMSUNG Mobile Brand Shops : ရန်ကုန် - ကျောက်တံတား ၊ ပန်းဆိုးတန်းလမ်း ၀၁ -၂၄၂၅၄၂ ၊ ၃၇၉၇၂၆ / ပန်းဆိုးတန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့် - ၀၉ ၃၁၁ ၄၇၉၁၈ /
ဆူးလေဘုရားလမ်း - ၀၁ -၂၅၂၅၁၄ / ပန်းဘဲတန်း - ၀၉ ၄၃၀ ၅၈၇၁၆ / တော်ဝင် စင်တာ - ၀၉ - ၄၃၀၅၃၁၉၀ / ယုဇနပလာဇာ - ၀၉ ၅၅၀ ၁၀၅၅ ၊ ၀၉ ၄၂၀ ၁၇၈၂၀၂ / မင်္ဂလာတောင်ညွန့် - ၀၁ -၃၉၄၉၁၁/
လသာ ၊ လသာလမ်း (ထက်) - ၀၁ -၂၄၆၃၁၁ ၊ ၂၄၆၄၄၈ / (အောက်) - ၀၉ - ၄၂၀၁ ၆၄၆၄၄ ၊ ၀၁ - ၃၇၁၄၁၅ လိုင်းခွဲ - (၁၀၅) / Junction Square (ရှေ့) - ၀၁ - ၅၃၄၈၄၆ ၊ ၅၀၂၀၁၆ ၊ ၅၀၂၀၁၇ ၊ ၅၀၂၀၁၈
Junction Square - ၀၁-၅၂၇၂၄၂ လိုင်းခွဲ(၂၀၂၀)/ ကမာရွတ် - ၀၉-၇၃၁၅၄၁၂၇ ၊ တာမွေ - ၀၁-၂၀၁၃၀၇ / တာမွေအပိုင်း - ၀၁ - ၃၄၂၀၂၀ ၊ ၅၅၃၈၉၈ လိုင်းခွဲ - (၁၀၈) / ရန်ကင်း - ၀၉-၃၆၂၃၁၇၇၄ /
ဗိုလ်တထောင် - ၀၉-၄၂၀၂၇၇၀၁၉ / သဃ်ဃန်းကျွန်း - ၀၁-၈၅၅၁၄၄၇ / စမ်းချောင်း - ၀၉ - ၄၂၁၀၆၈၁၁၁ / မြောက်ဥက္ကလာပ (တောင်) - ၀၉-၇၃၁၇၃၂၆၉ / ဗဟန်း - ၀၉-၂၁၀၅၈၁ /
မန္တလေး - ၇၈လမ်း (၂၇ x ၂၈ကြား) - ၀၂-၇၁၇၁၈ / ၇၈လမ်း (၃၃ x ၃၄ကြား) - ၀၉-၄၀၂၆၀၆၆၁၊ ၄၀၂၆၀၆၆၂ / ၂၆လမ်း၊ မန္တလေးနန်းရှေ့ - ၀၂ - ၂၄၂၂၅ ၊ ၂၄၁၅၁ ၊ ၂၄၁၆၄ /
တောင်ကြီး - လမ်းမတော် - ၀၈၁ -၂၁၂၅၅၂၂ / နေပြည်တော် - Capital Hyper Mart - ၀၆၇ - ၄၂၂၀၆၁~၆၉ လိုင်းခွဲ(၁၂၅) / မုံရွာ - ဗိုလ်ချုပ်လမ်း - ၀၇၁ -၂၃၁၁၀ /
လားရှိုး - သိန်းနီလမ်း ၊ (၂)ရပ်ကွက် - ၀၈၂ -၂၂၇၉၀ ၊ ၀၉-၄၀၁၃၇ ၂၅၈၉၅ / မကွေး - မကွေး Shopping Mall - ၀၆၃-၂၈၅၉၄ / ပြည်- လမ်းမတော်လမ်း - ၀၅၃-၂၇၉၃၀ ၊ ၀၉ - ၂၅၀၁၀ ၂၇၁၈ /
ပဲခူး - ရှင်စောပုရပ် -၀၉-၄၉၅၉၂၈၅၀ / မြိတ် - မြစ်ငယ်ရပ် - ၀၉-၃၁၁၉၈၁၈၅
သတိပြုရန် - Samsung Brand Shop များတွင် ကြိုတင်စာရင်းပေးသွင်းခြင်းများသာ ယခုအစီအစဉ်တွင် အကျုံးဝင်ပါသည်။

# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဝင်ထိန်းခဲ့ရသည့် လှိုင်သာယာလယ်မြေ ရုန်းရင်းဆန်ခတ်မှု အပြန်အလှန်အမှုဖွင့်

လှိုင်သာယာမြို့နယ်အတွင်းရှိ အပြင်ပဒံရပ်ကွက်မှ ဧက ၃၀ ရှိသည့် လယ်မြေပေါ်တွင် ကုမ္ပဏီလုပ်သားနှစ်ရာကျော်နှင့် လယ်သမားများ ရိုက်နှက်မှုဖြစ်ပွားခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့က တားဆီးခြင်းမရှိ၍ အဆိုပါနေရာတွင် ရုံးစိုက်ထားသည့် ကေအင်န်ယူ၊ ကေအင်န် အယ်လ်အေငြိမ်းချမ်းရေးကောင်စီမှ တာဝန်ရှိသူများ ဝင်ရောက်ထိန်းသိမ်းခဲ့ရသည်။ ရုန်းရင်းဆန်ခတ်မှုတွင် ကုမ္ပဏီအလုပ်သမားများက လေးခွတွင် သံလုံးများထည့်၍ ပစ်ခြင်း၊ တုတ်များဖြင့် ရိုက်ခြင်း၊ အုန်းသီးများဖြင့် ပစ်ပေါက်ခဲ့ခြင်းကြောင့် လယ်သမားများနှင့် လမ်းသွားလမ်းလာ ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ကုမ္ပဏီအလုပ်သမားနှင့် လယ်သမားတို့ နှစ်ဦးနှစ်ဖက်အပြန်အလှန် တရားစွဲဆိုထားသည်။

## အပူချိန်များ ဆက်တိုက်မြင့်တက်နေ

မြန်မာနိုင်ငံ ဒေသအသီးသီး၌ မတ်လနှောင်းပိုင်းမှစ၍ အပူချိန်မြင့်တက်နေပြီး မကွေး၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ရောဝတီ၊ တနင်္သာရီတိုင်းဒေသကြီးများနှင့် ရှမ်း၊ ကချင်နှင့် ကယားပြည်နယ်တို့တွင် ပုံမှန်အပူချိန်ထက် ၃ မှ ၄ ဒီဂရီခန့် မြင့်တက်ခဲ့သည်။ မတ်လ ၂၉ ရက်တွင် မကွေးတိုင်းဒေသကြီး၌ အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ပြီး ၂၀၁၄ ခုနှစ်အတွင်း အမြင့်ဆုံးအပူချိန်ဖြစ်ခဲ့သည်။ ခရမ်းလွန်ရောင်ခြည် ကျရောက်မှုမှာလည်း ဆက်လက်မြင့်တက်နေပြီး ကော့သောင်းတွင် ခရမ်းလွန်ရောင်ခြည် ညွှန်းကိန်း ၁၃ ဒသမ ၄ အဆင့်ဖြင့် အမြင့်ဆုံးဖြစ်နေသည်။

## ရိုဟင်ဂျာအသုံးအနှုန်း အစိုးရလက်မခံဟု တရားဝင်စာထုတ်ပြန်

မြန်မာနိုင်ငံတွင် နှစ်ပေါင်း သုံးဆယ်အတွင်း ပထမဆုံးအကြိမ် သန်းခေါင်စာရင်းကောက်ယူခြင်းကို မတ်လ ၃၀ ရက်က စတင်ခဲ့သည်။ သန်းခေါင်စာရင်းကောက်ယူရန် နာရီပိုင်းသာ လိုတော့ချိန်တွင် ရိုဟင်ဂျာအမည်ထည့်သွင်းခြင်းနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုးများ သပိတ်မှောက်ခဲ့ကြသည်။ အစိုးရက သန်းခေါင်စာရင်းတွင် ရိုဟင်ဂျာဟူသောအသုံးအနှုန်းကို လက်မခံနိုင်ကြောင်း မတ်လ ၃၀ ရက်က တရားဝင်စာထုတ်ပြန်ပြီးနောက် ရခိုင်လူမျိုးများကသန်းခေါင်စာရင်း ကောက်ယူမှု သပိတ်မှောက်ခြင်းကို ရုပ်သိမ်းခဲ့သည်။

## မတ္တာပ်ပါမစ်လက်လွှဲရောင်းဈေး ကျပ်သိန်းသုံးရာဝန်းကျင် ပေါက်ဈေးရှိ

နှစ်စဉ်ရန်ကုန်သင်္ကြန်တွင် မဏ္ဍာပ်ပါမစ်မဲပေါက်သူများက မဏ္ဍာပ်တည်ဆောက်လိုသူများထံ ပါမစ်များ လွှဲပြောင်းရောင်းချလေ့ရှိရာ ယခုနှစ်တွင် ကမ္ဘာအေးဘုရားလမ်းရှိ သင်္ကြန်ရေကစား မဏ္ဍာပ် ပါမစ်ပေါက်ဈေးမှာ ကျပ်သိန်းသုံးရာဝန်းကျင်အထိ ဖြစ်ပေါ်နေသည်။ သင်္ကြန်မဏ္ဍာပ်နေရာချထားပေးရေးကော်မတီက ပါမစ်များကို မဲနှိုက်ရွေးချယ်သည်ဟု ကြေညာသော်လည်း ယခုနှစ် ပါမစ်မဲပေါက်သူများတွင် အမှန်တကယ် မဏ္ဍာပ်ပြန်ဆောက်မည့်သူ လေးငါးဦးခန့်သာ ပါဝင်သည်ဟု ဆိုသည်။ မဏ္ဍာပ်ပါမစ်လက်လွှဲရောင်းချသူများကို ကျပ်သိန်းငါးဆယ် ဒဏ်ကြေးရိုက်မည်ဟု စည်ပင်က ကြေညာထားသော်လည်း ပါမစ်ပေါက်ဈေးမှာ တိုက်ခန်းတစ်ခန်းတန်ဖိုး ဖြစ်နေ၍ ဒဏ်ကြေးမှာ မမှုလောက်သည့် ပမာဏဖြစ်နေသည်။

## ဗမာစရိယစာမေးပွဲ မေးခွန်းပေါက်၍ မေးခွန်းပြောင်းလဲခဲ့ရ

မန္တလေးတိုင်းဒေသကြီးအတွင်း ကျင်းပနေသည့် သံဃာတော်များ၏ ဓမ္မာစရိယစာမေးပွဲ မေးခွန်းများ ကြိုတင်ပေါက်ကြားသဖြင့် မတ်လ ၃၀ ရက်တွင် ပြုလုပ်သော စာမေးပွဲတတိယနေ့မှ စတင်ကာ မေးခွန်းပြောင်းလဲမှုများ ပြုလုပ်ခဲ့ရသည်။ မတ်လ ၂၈ ရက်တွင် စတင်ဖြေဆိုရသည့် ပါရာဇိကဏ် (ပထမနေ့) မေးခွန်းနှင့် မတ်လ ၂၉ ရက်တွင် ဖြေဆိုရသည့် ပါရာဇိကဏ် (ဒုတိယနေ့) မေးခွန်းများမှာ စာမေးပွဲမဖြေဆိုမီ ရက်ပိုင်းအလိုကပင် ပေါက်ကြားမှုများဖြစ်ပေါ်ခဲ့ပြီး ဆက်လက်ဖြေဆိုရမည့် ဘာသာများ၏ မေးခွန်းများသည်လည်း ပေါက်ကြားမှုများ ဖြစ်ပေါ်နေကြောင်း မန္တလေးမြို့မှ စာမေးပွဲကြီးကြပ်သံဃာတော် ဆရာတော်အချို့က မိန့်ကြားသည်။



*သေနတ်မှန်သေဆုံးခဲ့သည့် ကလေးငယ်၏ ရုပ်အလောင်း* ဓာတ်ပုံ – လင်းဘိုဘို/အီးပီအေ

## ရုန်းရင်းဆန်ခတ် ဖြစ်ပွားမှုထိန်းသိမ်းစဉ် မိုးပေါ်ထောင်ပစ်သည့် ကျည်ဆန်ထိမှန်ပြီး လူသေဆုံး

အိုင်အင်န်ဂျီအိုတစ်ခုမှ နိုင်ငံခြားသူဝန်ထမ်းတစ်ဦးက သာသနာ့အလံကို မဖွယ်မရာပြုလုပ်သည်ဟု သတင်းထွက်ပေါ်ရာမှ တစ်ဆင့် မတ်လ ၂၆ ရက် ညနေတွင် စစ်တွေမြို့ပေါ်၌ ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ သေနတ်ဖြင့် အကြိမ်ကြိမ် မိုးပေါ်ထောင်ပစ်ပြီး ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုကို ထိန်းသိမ်းခဲ့ရာမှ ရေချိုးနေသော အသက် (၁၁) နှစ်အရွယ် ကလေးငယ်တစ်ဦး ကျည်ဆန်ထိမှန်ပြီး အသက်ဆုံးရှုံးခဲ့သည်။ ထိုရုန်းရင်းဆန်ခတ်မှုကြောင့် အိုင်အင်န်ဂျီအိုအဖွဲ့အစည်းများ၏ နေအိမ်၊ရုံးအဆောက်အအုံ ၃၀ ခန့် ပျက်စီးခဲ့သည်။

## နိုင်ငံရေးလှုပ်ရှားမှုကြောင့် အိမ်ရာဖယ်ရှားခံရသူများအား နေရာပြန်ပေးမည်

စစ်အစိုးရလက်ထက်တွင် နိုင်ငံရေး လှုပ်ရှားမှုများကြောင့် ပြည်သူ့အိမ်ရာများမှ ဖယ်ရှားခံခဲ့ရသူများအားပြန်လည်နေရာချထားပေးမည်ဖြစ်ရာ နေအိမ်ခန်းများမှ မတရားသောနည်းဖြင့် ဖယ်ရှားခံရသည်ဆိုပါက အိုးအိမ်ဌာနသို့ လာရောက်ဆက်သွယ်နိုင်မည်ဖြစ်သည်။ အစိုးရသစ်လက်ထက်တွင် ရန်ကုန်၌ အိမ်ရာ ၁၃ ခုကို အသစ်ပြန်လည်တည်ဆောက်မည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများပြီးစီးပါက နေထိုင်ခွင့် ပိတ်သိမ်းခံခဲ့ရသည့် နိုင်ငံရေးလှုပ်ရှားသူများအား စိစစ်ပြီး ပြန်လည်နေရာချထားပေးမည်ဟု မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးယုခိုင်က ပြောသည်။

## တရားမဝင်သစ်တင်ပို့မှုကြောင့် ကန်ဒေါ်လာ သန်းထောင်ချီဆုံးရှုံးကြောင်း ဗြိတိန်အင်န်ဂျီအို ထုတ်ပြန်

မြန်မာနိုင်ငံတွင် ၁၃ နှစ်ကာလအတွင်း တရားမဝင်သစ်လုံးတင်ပို့မှုကြောင့် အမေရိကန် ဒေါ်လာသန်းခြောက်ထောင်နီးပါး ဆုံးရှုံးနေသည်ဟု ဗြိတိန်အခြေစိုက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ (EIA) က မတ်လ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါကာလအတွင်း ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နေသည့် သစ်လုံးတန်ချိန် ကိုးသန်းအနက် ၇၂ ရာခိုင်နှုန်းသည် တရားမဝင်လမ်းကြောင်းဖြင့် သွားသောသစ်များဖြစ်သည်ဟု EIA အဖွဲ့က ထုတ်ပြန်ထားသည်။ ပြည်ပ သို့ သစ်အလုံးလိုက်တင်ပို့မှု ရပ်ဆိုင်းခြင်း မတိုင်မီ ငါးရက်ခန့် အလိုတွင် EIA အဖွဲ့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

## ရေဒါဖြင့် မမြင်နိုင်သည့် ဖရီးဂိတ်စစ်ရေယာဉ် ရေချ

ရေဒါဖြင့် ဖမ်းယူကြည့်ရှုမရနိုင်အောင် မြန်မာ့တပ်မတော်(ရေ)မှ ကိုယ်တိုင်တည်ဆောက်ခဲ့သော တတိယမြောက် Frigate (ဖရီးဂိတ်) စစ်ရေယာဉ် ရေချပွဲကို မတ်လ ၃၀ ရက်က သီလဝါဆိပ်ကမ်းရှိ ရေတပ်သင်္ဘောကျင်း၌ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြား ရေပိုင်နက်အငြင်းပွားခဲ့သည့် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံခြားမှ ဖရီးဂိတ်သင်္ဘောနှစ်စီး စတင်ဝယ်ယူခဲ့သဖြင့် မြန်မာနိုင်ငံတွင် ဖရီးဂိတ်သင်္ဘောငါးစီးထိ ရှိနေပြီး နောက်ထပ်သုံးစီးတည်ဆောက်ရန် ပြင်ဆင်နေသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောသည်။

## မြန်မာအပါအဝင် နိုင်ငံ ၁၁ နိုင်ငံ၌ ပိုလီယိုကင်းစင်ကြောင်း WHO ကြေညာ

မြန်မာအပါအဝင် အာရှဒေသတွင်း နိုင်ငံပေါင်း ၁၁ နိုင်ငံကို ပိုလီယိုကင်းစင်သော ဒေသအဖြစ် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး WHO က မတ်လ ၂၇ ရက်တွင် ကြေညာခဲ့သည်။ အိန္ဒိယနိုင်ငံ၌ ပိုလီယိုအရိုင်းပိုး ကင်းစင်သွားသောကြောင့် ယခုကဲ့သို့ ဒေသတွင်းနိုင်ငံများကို စုပေါင်း၍ ပိုလီယိုကင်းစင်ဒေသအဖြစ် WHO က သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ်တွင် ပိုလီယိုအရိုင်းပိုးတွေ့ရှိခဲ့ပြီး ရောဂါကာကွယ်ရေးနှင့် တိုးချဲ့ကာကွယ်ဆေးတိုက်ကျွေးခြင်းများ ပြုလုပ်ခဲ့ရသည်။ နိုင်ငံအသီးသီးမှ နှစ်စဉ် ပိုလီယိုရောဂါသံသယဖြစ်ဖွယ် လူနာရှာဖွေနိုင်သည့် အခြေအနေ၊ ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် အခြေခံအဆောက်အအုံ၊ ကာကွယ်ဆေးလှောင်ခြံနိုင်မှု၊ ကာကွယ်နိုင်သည့် အခြားကူးစက်ရောဂါများ ဖြစ်ပွားမှုအခြေအနေများကို စစ်ဆေးပြီး ပညာရှင်များက အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

# ကိန်းဂဏန်းများနှင့်

▪ ခိုင်ထွန်း၊ ပြည်သိမ်း၊ မင်းဟိန်းကျော်

သူ၏ အစိုးရသည် ကောင်းမွန်သော အစိုးရ၊ သန့်ရှင်းသောအစိုးရ ဖြစ်ရမည်ဟု သမ္မတဦးသိန်းစိန် ကြွေးကြော်ခဲ့သည်မှာ ယခုလဆိုလျှင် သုံးနှစ်ပြည့်ပြီဖြစ်သည်။

အစိုးရသစ်ကသူကြွေးကြော်ထားသည့် ကတိကဝတ်များအတိုင်း သုံးနှစ်တာကာလအတွင်း မည်မျှလုပ်ဆောင်နိုင်ခဲ့ပါသလဲ။


ဦးသိန်းစိန်အရပ်ဝတ်လဲပြီး သမ္မတအဖြစ် တာဝန်ယူခဲ့သည့် သုံးနှစ်တာကာလအတွင်းတွင်တော့ တိုးတက်မှုက အနည်းငယ်ရှိခဲ့သည်။ ၂၀၁၁ က ကမ္ဘာပေါ်တွင် အဂတိလိုက်စားမှုတတိယအများဆုံးနိုင်ငံအဖြစ် ဆက်လက်သတ်မှတ်ခံခဲ့ရသော်လည်း ဒုတိယနှစ်ဖြစ်သည့် ၂၀၁၂ ခုနှစ်တွင် ညွှန်းကိန်းများက အဆင့်ငါးနေရာသို့ တက်လာခဲ့ပြီး တတိယနှစ်ဖြစ်သည့် ၂၀၁၃ ခုနှစ်တွင် အဆင့် ၂၀ သို့ ထိုးတက်လာခဲ့သည်။

အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအပါအဝင် ပြုပြင် ပြောင်းလဲရေးလုပ်ငန်းများလုပ်ဆောင်နေသော်လည်း ဒေသတွင်းနိုင်ငံများထဲတွင် အဂတိလိုက်စားမှု အများဆုံးနိုင်ငံတစ်ခုအဖြစ် မှတ်တမ်းဝင်နေဆဲပင်ဖြစ်သည်။ သမ္မတဦးသိန်းစိန်၏ အစိုးရသက်တမ်းသုံးနှစ်တာကာလအတွင်း ပြည်တွင်းငြိမ်းချမ်းရေး၊ အဂတိလိုက်စားမှုများ၊ တရားဥပဒေစိုးမိုးရေး၊ လယ်ယာမြေပြဿနာများ၊ နိုင်ငံအတွင်းပြဿနာအရပ်ရပ်ဖြေရှင်းရာတွင် ယခင်အစိုးရနှင့် ကွာခြားမှုမှာ မျက်နှာပန်းလှသည့် ကိန်းဂဏန်းများအစိုးရလက်ဝယ်ရရှိလာခြင်းပင်ဖြစ်သည်။

အစိုးရသည်ကောင်းမွန်သော အစိုးရ၊ သန့်ရှင်းသော အစိုးရဟု ကြွေးကြော်ခဲ့သော်လည်း လက်တွေ့တွင် ကြွေးကြော်သံ အတိုင်း အကျင့်ပျက်ခြစားမှုများကို အောင်မြင်အောင် မတိုက်ဖျက်နိုင်ခဲ့ကြောင်း သီပေါမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက သုံးနှစ်သား အစိုးရပေါ် သူ၏အမြင်ကို ပြောသည်။

"အဲဒီလိုဘာကြောင့်ဖြစ်သလဲဆိုတော့ အောက်မှာ ဘာတွေဖြစ်နေသလဲဆိုတာကို မသိဘူး။ နောက်ပြီး ဗဟိုအစိုးရကိုယ်တိုင် စံပြအနေနဲ့ မရပ်တည်ခဲ့ဘူး။ ဒါတွေဟာ အပြောင်းအလဲတွေမထိရောက်တာနဲ့ ဆက်စပ်နေတယ်" ဟု ဦးရဲထွန်းကပြောသည်။

ဦးသိန်းစိန်အရပ်ဝတ်မလဲမီ သုံးနှစ်အလို ၂၀၀၈၊ ၂၀၀၉ နှင့် ၂၀၁၀ နှစ်များတွင် မြန်မာသည် ကမ္ဘာပေါ်တွင် အကျင့်ပျက်ခြစားမှု အဆိုးဆုံးသော သုံးနိုင်ငံ စာရင်းဝင်ခဲ့သည်။ ကမ္ဘာ့အကျင့်ပျက်ခြစားမှုအများဆုံးနိုင်ငံများအဖြစ် ပင်လယ်ဓားပြများစံပျော်ရာ ဆိုမာလီယာ၊ တာလီဘန်များ၏ အရိပ်အောက်မှ လွတ်မြောက်ရန် ကြိုးပမ်းနေရသည့် အာဖဂန်နစ္စတန်တို့နှင့်အတူ မြန်မာနိုင်ငံတို့က ရပ်တည်နေခဲ့သည်။




*သတင်းမီဒီယာလွတ်လပ်ခွင့်ညွှန်းကိန်း (ရည်ညွှန်းကိန်းနည်းလေလေ မီဒီယာလွတ်လပ်ခွင့်ပိုများလေလေဟုသတ်မှတ်သည်)*

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟု ကြွေးကြော်သံများကြားမှ သမ္မတက ကျပ်ငွေသုံးသိန်းအထိ လက်ဆောင်ပစ္စည်းရယူခွင့်ကို ဝန်ကြီးဌာနများကို ခွင့်ပြုခဲ့သည်။

အဆိုပါပမာဏသည် အစိုးရဝန်ထမ်းလက်ထောက်ညွှန်ကြားရေးမှူးတစ်ဦးတစ်လရရှိသည့် လစာ၏ နှစ်ဆခန့်ဖြစ်ပြီး အစိုးရဌာနတစ်ခု၏ဒုတိယညွှန်ကြားရေးမှူးရရှိသည့် တစ်လတာ လစာနှစ်သိန်းထက်လည်းများသည့် ပမာဏဖြစ်သည်။

"ရန်ကုန်မှာတော့ ဘယ်လိုလဲတော့ မသိဘူး။ နယ်တွေမှာ ငွေမပါရင် မပြီးဘူး။ နည်းနည်း ကုန်တာနဲ့ များများကုန်တာပဲကွာတယ်"ဟု ရှမ်းပြည်နယ်တန့်ယန်းမြို့နယ်အတွင်းမှ ရပ်မိရပ်ဖတစ်ဦးကပြောသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်းက ဆက်သွယ်ရေးဝန်ကြီးနှင့် အရာရှိ ၂၀ ကျော်၊ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်း ၁၆ ဦးတို့အား အရေးယူခဲ့ခြင်းသည် သမ္မတဦးသိန်းစိန်လက်ထက်တွင် အစိုးရဌာနများအတွင်း လာဘ်ပေး၊ လာဘ်ယူတိုက်ဖျက်ရေးအတွက် အထင်ရှားဆုံး တပ်လှန့်မှုတစ်ခုဖြစ်ခဲ့သည်။

သို့သော်လည်း ၎င်းတို့အား ဌာနပြောင်းရွှေ့ခြင်း၊ ရာထူးလျှော့ချခြင်းနှင့် မယူမနေရအငြိမ်းစားပေးအရေးယူခြင်းတို့သာ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဝေဖန်မှုများလည်း ရင်ဆိုင်ခဲ့ရသည်။

"လာဘ်စားခဲ့တဲ့ ပစ္စည်းတွေကို နိုင်ငံပိုင်သိမ်းတဲ့အထိ လုပ်ပစ်ဖို့ လိုတယ်။ အဲဒါမှ ရာထူးကပြုတ်လည်း ဘာဖြစ်လဲဘဝဖူလုံသွားရင်ပြီးရောဆိုတဲ့ စိတ်ဓာတ်မျိုးမရှိမှ လာဘ်ပေး၊ လာဘ်ယူပပျောက်မှာ"ဟု အစိုးရ၏အဂတိတိုက်ဖျက်ရေးမူဝါဒအပေါ် ရခိုင်အမျိုးသား ပါတီ၏ ခေါင်းဆောင် ဦးအေးသာအောင်ကပြောသည်။




*ကချင်ပြည်နယ်အတွင်းရှိ စစ်ဘေးဒုက္ခသည်စခန်းတစ်ခုမှ ဒုက္ခသည်မိသားစု*

နှစ်ပေါင်း ၆၀ ကျော်ကမ္ဘာ့အရှည်ကြာဆုံးပြည်တွင်းစစ်မီးကို အဆုံးသတ်ရန် အစိုးရသစ်က ကြိုးပမ်းနေသော်လည်း အောင်မြင်မှုမရသေးဘဲ အချို့နေရာများတွင် လက်နက်ကိုင်တိုက်ပွဲများပင် ပြန်လည်ဖြစ်ပွားနေခဲ့သည်။

အင်အားကြီးတိုင်းရင်းသားလက်နက်ကိုင် ၁၇ ဖွဲ့ရှိသည့်အနက် ၁၄ ဖွဲ့ဖြင့် ငြိမ်းချမ်းရေး သဘောတူညီမှုရခဲ့သော်လည်း နှစ်ရက်လျှင် တစ်ကြိမ်နီးပါးတိုင်း ပြည်၏ တစ်နေရာမဟုတ်တစ်နေရာတွင် လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားနေခဲ့သည်။

အဆိုးရွားဆုံးမှာ ဆယ်စုနှစ်နှစ်ခုနီးပါးကြာအောင် ထိန်းထားနိုင်ခဲ့သည့် မြန်မာပြည်မြောက်ပိုင်းမှကချင်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် (KIO/KIA) တို့နှင့် ဖြစ်ပွားသည့် တိုက်ပွဲများဖြစ်သည်။ အဆိုပါ တိုက်ပွဲများအတွင်း မြန်မာ့တပ်မတော်တစ်ခုတည်းမှ တပ်သားအင်အား ၅၀၀၀ နီးပါးကျဆုံးခဲ့ကြောင်း စစ်ရေးသတင်းများအကြောင်းအထူးပြုရေးသားသည့်အင်္ဂလန်အခြေစိုက် Jame's Defence Weekly ကခန့်မှန်းခဲ့သည်။




**ကုန်သွယ်မှုပမာဏပြဂရပ်**

အစိုးရ၏ ဖုန်းကတ်ချထားပေးရေးစီမံချက်တွင်ကျေးရွာ အုပ်ချုပ်ရေးမှူးက ကိုယ်ကျိုးအတွက် ရောင်းချသည်ဟု တိုင်ကြားခြင်း၊ သတင်းမီဒီယာများကို ထုတ်ဖော်ပြောဆိုခဲ့သူများကိုပင် အစိုးရအရာရှိများက တရားစွဲဆိုခဲ့သည်။

နှစ်ပေါင်းများစွာ အကျင့်ပျက်ခြစားမှု နာမည်ဆိုးနှင့် ကျော်ကြားခဲ့သည့် တရားစီရင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲမှုများ ထိထိရောက်ရောက်မလုပ်နိုင်ခဲ့ကြောင်း ဝေဖန်မှုများလည်းရှိသည်။

"နဂိုကတည်းကလည်း ဒီလိုဖြစ်ရင် ဒီလိုပဲ ခံခဲ့ရတာလေ။ အခု နည်းနည်းပိုတာက ဒီလိုပြဿနာမျိုးလေးတွေရှိတယ်ဆိုတာကို မီဒီယာတွေမှာ နည်းနည်းရေးလို့ရတယ်။ သိသွားတယ်။ ဒီအဆင့်ပဲရှိတာပါ။ ဒီထက်ပိုတာမရှိပါဘူး" ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ဦးရဲအောင်ကပြောသည်။

7 DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014


# သုံးနှစ်သား အစိုးရ



သမ္မတဦးသိန်းစိန်က သူ၏ လက်ထက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နဲ့ လွတ်ငြိမ်းချမ်းသာခွင့် (၄၉)ကြိမ်ပေးခဲ့ပြီး အကျဉ်းသား ၆၈,၀၀၀ ကျော်ကို လွှတ်ပေးခဲ့သည်ဟု သုံးနှစ်ပြည့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ထိုအထဲတွင် ၈၈ မျိုးဆက်ကျောင်းသားများနှင့် ဦးခွန်ထွန်းဦးကဲ့သို့သော လူသိများသည့် နိုင်ငံရေးအကျဉ်းသားများလည်း ပါဝင်ခဲ့သည်။

သမ္မတက ၂၀၁၃ အကုန်တွင် နိုင်ငံရေးအကျဉ်းသားလုံးဝမရှိစေမည့် Zero Level အစီအစဉ်ကို မြန်မာအစိုးရက ကြေညာခဲ့သော်လည်း လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်စပ်သည်ဟု စွပ်စွဲခံရသူများစစ်ကြောရေးစခန်းများ၊ အကျဉ်းထောင်များဆီသို့ပို့ဆောင်ခံနေရဆဲဖြစ်ကြောင်းလည်း ဦးရဲအောင်ကပြောသည်။

အစိုးရသစ်လက်ထက်တွင် စစ်အစိုးရလက်ထက်ကဲ့သို့ စစ်ကြောရေးစခန်းများ၊ အကျဉ်းထောင်များဆီသို့ ပို့ဆောင်ခံရသူများမှာ လက်နက်ကိုင်တပ်ဖွဲ့နှင့် ဆက်သွယ်သည်ဟု သံသယရှိသူများတင်မဟုတ်။ လယ်ယာမြေဆုံးရှုံးမှုအတွက် တောင်းဆိုနေကြသူများလည်း အပါအဝင်ဖြစ်သည်။


လမ်းမများပေါ်ထွက်ကာ ဆန္ဒပြခဲ့ကြသည့် ထောင်သောင်းချီသည့်နိုင်ငံအနှံ့မှတောင်သူလယ်သမားများ၏ လယ်မြေများ သိမ်းယူခံရသည့်ပြဿနာကို အစိုးရသစ်က သူ၏ သက်တမ်းအတွင်း ပြေလည်အောင်ဖြေရှင်းပေးနိုင်မှု မရှိသေး။

"ယခင်အစိုးရခေတ်ကာလများမှာ အခြေအနေ၊ အချိန်အခါအရ ဆောင်ရွက်ခဲ့တဲ့ကိစ္စတွေဖြစ်ပေမယ့်လည်း ခေတ်ပြောင်း စနစ်ပြောင်းအခြေအနေတွေ ပြောင်းလဲခဲ့ပြီဖြစ်တဲ့ ကျွန်တော်တို့ လက်ထက်မှာ တရားမျှတမှုအတွက် အသင့်လျော်ဆုံးနည်းလမ်းတွေကိုရှာဖွေဖြေရှင်းပေးလျက်ရှိပါတယ်" ဟု သူ၏ ရာထူးလက်ခံသည့် သုံးနှစ်ပြည့်မိန့်ခွန်းတွင် သမ္မတက ပြောကြားခဲ့သည်။

သမ္မတညွှန်းဆိုသည့် "တရားမျှတမှုအတွက် အသင့်လျော်ဆုံးနည်းလမ်း"တွင် လယ်ယာမြေသိမ်းယူသည်ဟု စွပ်စွဲခံရသည့် အစိုးရနှင့် နီးစပ်သူ၊ အစိုးရအရာရှိဟောင်း၊ တစ်ဦးတစ်ယောက်မျှ အရေးယူမခံခဲ့ရဘဲ လယ်သိမ်းခံ တောင်သူလယ်သမားများကိုသာ အကျဉ်းထောင်အတွင်းသို့ ပို့ဆောင်ခဲ့သည်။

"မျှော်လင့်ချက်ကတော့ အကြွေးလက်ခုပ်တစ်ဖောင်ကြားကလည်ပင်းရှည်နေပြီး ထမင်းတစ်နပ်လျှော့စားပြီးတော့စောင့်နေတာပဲ။ အခုထိတော့ ဘာမှ မပြောင်းလဲသေးဘူး"ဟု ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၊ နံ့ကျိုးကျေးရွာမှ လယ်သမားကြီး ဦးသိန်းအောင်၏ ကြေကွဲမှုစကားသံဖြစ်သည်။

စီးပွားရေးဆိုင်ရာ မူဝါဒနှင့် ပြုပြင်ပြောင်းလဲမှုများစွာကို သမ္မတဦးသိန်းစိန်အစိုးရက ပြုလုပ်ခဲ့သည်။ သို့သော်အခြေခံလူတန်းစားအများစုမှာ စားရေး၊ နေရေး ငတ်မွတ်မှုအတွက် ညည်းတွားနေရဆဲ ဖြစ်သည်။ ထို့အတူ အလယ်လတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ငွေကြေးလှည့်လည်စီးဆင်းမှုမှာလည်း ကျပ်တည်းသထက် ကျပ် တည်းလာနေသည်။ ကိန်းဂဏန်းတိုးတက်မှုများသာပြသနိုင်ခဲ့သည်။ အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလမ်းစဉ်ကို သုံးသပ်ပြုပြင်ရန် အချိန်တစ်နှစ်သာလိုတော့သည်။




**အကျင့်ပျက်ခြစားမှုညွှန်းကိန်းပြဂရပ်**

"ဝင်ငွေကနည်းပြီး အသုံးစရိတ်က တက်တက်လာတော့ စီးပွားရေးက ရုန်းကန်ရတယ့်အခြေအနေပါပဲ"ဟု ဖားမားဖိုးရာဇာအထွေထွေဝန်ဆောင်မှုကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဒေါက်တာစိုးထွန်းကပြောကြားသည်။

အစိုးရသက်တမ်းသုံးနှစ်အတွင်း တိုင်းပြည်၏ နှစ်စဉ်ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၆ရာခိုင်နှုန်းကြားရှိနေသော်လည်း ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်မှုမရှိပေ။ မြန်မာနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းတွင် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေ ၃၀ရာခိုင်နှုန်းပါဝင်သည်။

"အလိုချင်ဆုံးကတော့ နောင်ရွေးကောက်ပွဲမှာ သူတို့တွေ ဝင်မပြိုင်ကြရင် အကောင်းဆုံးပါပဲ။ လွတ်လပ်တဲ့ ရွေးကောက်ပွဲလုပ်ပေးပြီး နောက်ဆုတ်ပေးလိုက်ကြပါတော့ဗျာ"ဟု ကုန်သည်ဦးစိုးလွင်က ပြောသည်။

ဦးသိန်းစိန်အစိုးရသစ် ၂၀၁၁ ခုနှစ်တွင် စတင်တာဝန်ယူပြီးနောက် စီးပွားရေးနှင့်ပတ်သက်၍ မူဝါဒအပြောင်းအလဲနှင့်ဖြေလျှော့မှုများစွာပြုလုပ်ပြီး ပြိုလဲနေသောစီးပွားရေးကို နှိုးဆွမှုအစီအစဉ်များစွာပြုလုပ်ခဲ့သည်။ သမ္မတဦးသိန်းစိန်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများအပေါ် စီးပွားရေးလုပ်ငန်းရှင်များ မျှော်လင့်ချက်ကြီးမားခဲ့ကြသည်။

သို့သော် မျှော်လင့်ချက်များစွာသည် ၂နှစ်နီးပါးအချိန်ကြာလာချိန်တွင် "များများမျှော်လင့်ချက်ထားသူများများရှုံးတာပဲ"ဟုစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာကမြန်မာနိုင်ငံအား အခွင့်အလမ်း၊ အရင်းအမြစ်များစွာနှင့် နဂိုမူလအတိုင်းရှိနေပြီး အလားအလာအလွန်ကောင်းသောအပျိုစင်နိုင်ငံဟု တင်စားနေချိန်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးမှာ နာလန်မထူနိုင်ဘဲ ဆက်လက်ကျဆင်းနေသည်။

စီးပွားရေးတိုးတက်မှုအတွက် အရေးကြီးသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရန်ခိုင်မာတိကျသည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေတို့ကိုပြဋ္ဌာန်းခဲ့သော်လည်း မျှော်မှန်းသလောက် ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာခြင်းမရှိပေ။

ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ "Look(ကြည့်)၊ Listen (နားထောင်)၊ Learn(သင်ကြား)၊ Leave(ပြန်ထွက်သွား)တဲ့ အနေအထားမျိုး"ဟု ကုန်သည်စက်မှုအသင်းချုပ်မှ ဒေါက်တာမောင်မောင်လေးကပြောကြားဖူးသည်။

"သမ္မတကြီးကပြုပြင်ပြောင်းလဲမှုတွေကို သူ့ဆန္ဒအရဆိုရင် အောင်မြင်တယ်။ ဘေးအမြင်နဲ့ကြည့်ရင်တော့အပေါ်ပိုင်းလှုပ်ရှားမှုဟာအောက်ပိုင်းကိုသက်ရောက်မှုမရှိဘူး"ဟု စီးပွားရေးပညာရှင်ဦးလှမောင်ကပြောကြားသည်။

သမ္မတဦးသိန်းစိန်အစိုးရလက်ထက်ဥပဒေများစွာပြဋ္ဌာန်းပြီး ပြုပြင်ပြောင်းလဲမှုများစွာပြုလုပ်ခဲ့သော်လည်း အောက်ခြေအဆင့်ဆင့်တွင် လက်တွေ့အကောင်အထည်ဖော်မှုအပိုင်းတွင် များစွာအားနည်းနေကြောင်း အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။


အစိုးရသစ်လက်ထက်ပြုပြင်ပြောင်းလဲမှုများကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မှုမှာ တိုးမြင့်လာသော်လည်း အားရကျေနပ်စရာ မကောင်းသေးကြောင်း စီးပွားရေးပညာရှင်အချို့က ပြောကြားသည်။ ပြည်တွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ ၂၀၁၁–၁၂ဘဏ္ဍာနှစ်တွင် ၁ဒသမ ၄ ဘီလီယံ၊ ၂၀၁၃–၁၄ ဘဏ္ဍာနှစ်တွင် ၃ဒသမ ၅ဘီလီယံထိသာ တိုးမြင့်လာသည်။ တိုင်းပြည်တစ်ခုအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမှာ အထက်ပါပမာဏခန့် တိုးတက်မှုသည် အားရစရာမရှိသေးကြောင်း စီးပွားရေးပညာရှင်ဦးလှမောင်ကပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပုံစံမှာလည်း ယခင်က သယံဇာတထုတ်လုပ်ရေးနယ်ပယ်မှာသာရှိခဲ့ပြီး ယခုအစိုးရသစ်လက်ထက်တွင် ဝန်ဆောင်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းစသည်တို့တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တက်လာသည်။ ထို့အပြင် သစ်လုပ်ငန်း၊ အခွန်ကောက်စနစ်၊ အနိမ့်ဆုံးလုပ်ခသတ်မှတ်မည့်အခြေအနေ၊ အခြေခံအဆောက်အအုံများစသည့်ယုံကြည်စိတ်ချရသည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ဖြစ်ရန် ဖော်ဆောင်နေကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားသော (၃)နှစ်ပြည့်မိန့်ခွန်း၌ ထည့်သွင်းပြောကြားသွားသည်။

"ဦးသိန်းစိန်အစိုးရလက်ထက်မှာ အတိုးတက်ဆုံးကကုန်သွယ်ရေးပဲ"ဟုလှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးမြတ်သင်းအောင်က ပြောကြားသည်။

သို့သော်လည်း ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာ လုပ်သားအခြေပြုလုပ်ငန်းများသော်လည်း လျှပ်စစ်မီးအခက်အခဲ၊ မြေဈေးကြီးမြင့်မှု၊ ရေ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် မျှော်လင့်သလောက်ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုမရှိသေးကြောင်း စီးပွားရေးသမားများကပြောကြားသည်။

"နောက်ကျန်တဲ့ နှစ်ကာလအတွင်းကတော့ ဒီလိုပဲ ဆက်သွားရင် ဘာမှ မျှော်လင့်လို့မရနိုင်ဘူး။ နိုင်ငံကောင်းကျိုးအတွက် ပြည်သူလူထုကောင်းကျိုးအတွက်ပြည်သူလူထုစားဝတ်နေရေးကို အဆင်ပြေအောင်လုပ်ပေးနိုင်ပါစေလို့ မျှော်လင့်ပါတယ်"ဟု အငှားယဉ်မောင်းဦးသောင်းစိုးကပြောသည်။




**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြဂရပ်**

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.5 • APRIL 2 , 2014

စာမျက်နှာ(၂၃)မှ

## သည်ရာသီနှင့် သည်ပြဿနာ လာပြန်ချေပေါ့

မြန်မာနိုင်ငံတော်ကြီး တစ်ခုလုံးကိုပင် မွတ်စလင်တွေက လွှမ်းမိုးသွားတော့မယောင် တိုင်းနယ်ပြည်နယ်အနှံ့မှာ အရေးတကြီးတွေလုပ်ကာ လှုံ့ဆော်ဆောင်ရွက်နေကြသည်များနှင့် ထိုသို့ဆောင်ရွက်နေကြသည်များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို အချိန်မရွေး ဖျက်ဆီးပစ်နိုင်သည့်ဘာသာရေး ပဋိပက္ခများကို ဖြစ်ပေါ်လာနိုင်ကြောင်း အသိသာကြီးဖြစ်နေပါလျက်အဘယ်ကြောင့်အစိုးရနှင့် တာဝန်ရှိသူများက မသိယောင်ဆောင်ပြီး ခွင့်ပြုနေကြသည်ကိုလည်းမေးခွန်းထုတ်ကြည့်စရာဖြစ်လာသည်။

တစ်ဆက်တည်းလည်း မြန်မာနိုင်ငံထဲတွင် ရှေးနှစ်ပေါင်းများစွာကတည်းက သားစဉ်မြေးဆက်နိုင်ငံသားဖြစ်အောင် မှီတင်းနေထိုင်ခဲ့ကြသည့် အစ္စလာမ်ဘာသာကိုးကွယ်သူ မွတ်စလင်များကတော့ မြန်မာနိုင်ငံကြီးကို အစ္စလာမ်နိုင်ငံကြီးဖြစ်အောင် ဘာသာရေးအရ စည်းရုံးဆောင်ရွက်နေမှုများ၊ ကြိုးပမ်းအားထုတ်နေကြသည်များ အမှန်တကယ် ရှိနေပါသလားဆိုသည့် မေးခွန်းမျိုးကိုလည်း ထုတ်ကြည့်ရန်ဖြစ်သည်။

နယ်နေပြည်ထိုင်မြန်မာနိုင်ငံသား မွတ်စလင်တွေက မြန်မာနိုင်ငံကြီးကို လူလိုင်းဖြန့်ဝါးမျိုရေးစီမံကိန်းချကာ မယားများကို စည်းမဲ့ကမ်းမဲ့ သောက်သောက်လဲယူကြလျက် မျိုးဆက်လူဦးရေ ထုထောင်ရေးတွေ လုပ်နေကြသည်လားဆိုသည့်မေးခွန်းကလည်း မေးကြည့်ရမည့် မေးခွန်းဖြစ်လာသည်။

မိမိတို့ဗုဒ္ဓဘာသာဝင်များကကော အဲသည်အခြားဘာသာများ၏ လွှမ်းမိုးခြင်းဩဇာကို လွယ်လင့်တကူ ခံရလောက်သည်အထိ ဗုဒ္ဓ၏အဆုံးအမ၊ ဘာသာရေးဗဟုသုတ ကိုယ်ခံအားတွေ ညံ့ဖျင်းအားနည်းကုန်ကြပြီလား။ အဲသည်လောက်ထိ ညံ့ဖျင်းကုန်ကြပြီဆိုလျှင်လည်း ကိုယ့်ဘာသာကိုယ်မြင့်အောင် မမြှင့်နိုင်ကြဘူးလား။ ကိုယ့်ဘာသာကို ကိုယ်ကမြှင့်ဖို့မကြိုးစားဘဲ သူများဘာသာကို ဖိနှိပ်ချိုးဖဲ့ဖို့ ကြိုးစားနေခြင်းကရော မှန်ကန်သောအဖြေ ဟုတ်ပါသလားဆိုသည်တွေကလည်း မေးစရာမေးခွန်းတွေဖြစ်လာသည်။

နောက်ဆုံးအချက်အနေဖြင့် ခေါင်းထဲရောက်လာသည့် မေးခွန်းကမူ မည်မျှလောက်သောမြန်မာအမျိုးသမီးထုကြီးက အမျိုးဘာသာသာသနာကို ထိခိုက်ပွန်းပဲ့သွားနိုင်လောက်အောင်အထိ စည်းမဲ့ကမ်းမဲ့ လင်ယူပက်စက်နေကြပါသလဲဆိုသည့် မေးခွန်းဖြစ်သည်။

သည်မေးခွန်းတွေကို အရင်ဆုံးဖြေကြည့်ကြဖို့ လိုမည်ထင်သည်။ သို့မဟုတ်ဘဲ ကျားကျားမီးယပ်လုပ်ကာ မည်းမည်းမြင်ရာ ရန်ထောင်လျက် တစ်နိုင်ငံလုံးကို လောင်မီးတိုက်နေကြလျှင်မူ ပြည်ပျက်တာသာ အဖတ်တင်ကြလိမ့်မည်ဖြစ်သည်။

တကယ်တော့ မြန်မာနိုင်ငံကြီးကို အစ္စလာမ်ဘာသာ လွှမ်းမိုးသွားတော့မယောင် တောခြောက်သံတွေ မြိုင်လာခဲ့သည်က မကြာသေးသောတစ်နှစ်၊ နှစ်နှစ်ကာလလေးအတွင်းကမှ စတင်လာခဲ့ခြင်းဖြစ်ကြောင်း သိသာမြင်သာလွန်းသည်။

သည်ကိစ္စအဘယ်ကြောင့်အရှိန်အဟုန်ကောင်းလာရသည်လဲ။ ဆက်တွေးတော့ အမြင်ကပိုကြည်လာသည်။

နိုင်ငံရေးကစားရာတွင် ထိလွယ်ရှလွယ်ဖြစ်သည့် ဘာသာရေးကို ကိုင်ကစားခြင်းက အလွန်လွယ်ကူသည့် အောက်လမ်း နိုင်ငံရေးမျိုးဖြစ်ကြောင်း ကိုယ်ကျိုးကြည့် နိုင်ငံရေးလူလည်မှန်သမျှက သိကြသည်ချည်းဖြစ်သည်။

သည်ကစားနည်းမျိုးကို တစ်ခေတ်တစ်ခါက ဘဘကြီးသခင်နုလည်း စိတ်ပုတီးကြီးတကားကားဖြင့် ကစားဖူးခဲ့သည်။ စစ်အစိုးရထဲမှ တာဝန်ရှိသူဗိုလ်ချုပ်ကြီးတွေလည်း ပခုံးပေါ်မှ အပွင့်တွေ အခက်တွေပေါ်အောင်ချန်ပြီး စစ်ယူနီဖောင်းပေါ်ကပတ်သည့် လောဘက်(တဘက်စလွယ်)ကြီးတွေ ဖိုးရိုးဖားရားဖြင့် ဘုရားကု ကုကာကစားခဲ့ကြဖူးသည်။

ယခုလည်း သည်အောက်လမ်းနည်းဖြင့် တစ်ဦးဦးတစ်ဖွဲ့ဖွဲ့က တပည့်သားမြေး လက်ပါးစေတွေကို မွေးမြူလျက် နိုင်ငံရေးကစားဖို့ ပြင်နေခြင်း ဟုတ်၊ မဟုတ် မည်သူက တာဝန်ခံနိုင်ပါသနည်း။ ကစားကွက်ကြီးကတော့ဖြင့် အသိသာအမြင်သာကြီးဟုသာ ပြောရန်ရှိနေသည်။

ထို့ကြောင့် ရခိုင်ပြည်နယ်မှ ရခိုင်တိုင်းရင်းသား ပြည်သူအများခံစားနေကြရခြင်း၏ အဓိကအကြောင်းရင်းမှာ ကိုးကွယ်သည့်ဘာသာ ပြဿနာဆိုသည်ထက် ရခိုင်ပြည်နယ်ကြီးထဲသို့ ဘင်္ဂလားဒေ့ရှ် နိုင်ငံထဲမှ ခိုးဝင်လာနေသည့် ဘင်္ဂါလီလူမျိုးများ ပြဿနာနှင့်အတူ အစိုးရအဆက်ဆက်က တာဝန်ယူရှင်းလင်းပေးရန် ရှိနေသည့် ရိုဟင်ဂျာပြဿနာသာ ဖြစ်သည်ဟု မြင်သည်။

ထိုပြဿနာကို တိတိကျကျရှင်းရှင်းလင်းလင်းဖြစ်အောင် တာဝန်ရှိသည့် အစိုးရက မရှင်းလင်းဘဲ မှိုလိုလို မျှစ်လိုလို လုပ်ကာဘာသာရေးကိစ္စ ယောင်ယောင်ရောသုတ်လုပ်နေလျှင် သည်မီးကတစ်တိုင်းပြည်လုံးသို့ ကူးလျက် ပြာသာဒ်ပြာကျသည်ထိ တိုင်းပြည်တစ်ခုလုံး ဒုက္ခရောက်သွားနိုင်သည်ဟုသာ မြင်သည်။

တစ်ဆက်တည်းလည်း ထိုအနောက်တံခါးနည်းတူ ကျိုးပေါက်ပျက်စီးလျက်ရှိသော အရှေ့တံခါးမှ အင်နှင့်အားနှင့် ဝင်ရောက်လာလျက် မြန်မာတို့၏ယဉ်ကျေးမှုမြို့တော် ရတနာပုံမန္တလေး လေးပုံသုံးပုံကို မျိုထားပြီးဖြစ်နေသည့် ဆွေမျိုးပေါက်ဖော်ဟုပြောပြောပြီးမြန်မာတွေအကျိုးထက် သူ့အကျိုးကိုသာ ရာနှုန်းပြည့်လုပ်ရှားနေကြသော တရုတ်လူမျိုးတွေကိစ္စကလည်း မသိကျိုးကျွန်ပြုနေလို့ရသည် မဟုတ်ကြောင်း သိကြဖို့လိုမည်ထင်သည်။

အဲသည့် တရုတ်လူမျိုးတွေကိုလည်း ဘယ်သူတွေက တရားမဝင် တံခါးဖွင့်ခေါ်သွင်းလာခဲ့သည်လဲ။ လက်ညှိုးက သိပ်ဝေးဝေးထိုးရန်မလို။ လက်သည် စစ်စစ်က တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေကြဆဲ ပုဂ္ဂိုလ်တွေပဲဖြစ်ပါ၏ဟု ဆိုရမည်ဖြစ်၏။

အဲသည်ကျိုးပေါက်နေသည့် တံခါးပေါက် နှစ်ပေါက်ကိစ္စကို အခိုင်အမာဖြစ်အောင် ပိတ်ဆို့ရမည့်အစား ယခုအတိုင်းသာ ဘာသာရေးမှိုင်းဖြင့် လူလူချင်း တိုက်ခိုက်ရက်စက်ခိုင်းထားပြီး (သို့မဟုတ်) ထိုသို့ဖြစ်အောင် မီးမွှေးဆောင်ရွက်နေသူများကို မသိယောင်ဆောင်ပြီး တာဝန်ရှိအစိုးရက ယောင်ဝါးဝါးလုပ်နေသမျှ တည်ငြိမ်အေးချမ်းတိုးတက်သော နိုင်ငံကို တည်ဆောက်နိုင်မည်မဟုတ်သည့်အပြင် ကမ္ဘာပေါ်တွင်လည်း မျက်နှာပန်းလှနိုင်လိမ့်မည် မဟုတ်ကြောင်းပါခင်ဗျ။

စာမျက်နှာ(၂၄)မှ

## တိမ်ဖုံးနေသော ဒီမိုကရေစီကောင်းကင်ထက် မှိန်ပျပျငွေကြယ်ပွင့်လေးများ

အလုပ်ကြမ်းလုပ်ကိုင်ကြသည့်အသိုင်းအဝိုင်းဖြစ်သည့်အတွက် ညမိုးချုပ်ပြီဆိုလျှင် အရက်မူး၍ သီချင်းအော်ဆိုသံများ၊ အပျော်တမ်းဖဲဝိုင်းများ၊ လင်မယားရန်ဖြစ်သံများနှင့် ကျွက်ကျွက်ညံနေသော အခြေအနေတစ်ခုတွင် မှုန်ပျပျဖယောင်းတိုင်မီးအောက် စာကျက်ရန်ဆိုသည်မှာ လွန်စွာခက်ခဲလှပေသည်။ သို့အတွက် ကျူးကျော်များ၏ သားသမီးအများစုမှာ ဆယ်တန်းအောင်၊ ဘွဲ့ရ မရှိသလောက်ရှားသည်။ အများစုမှာ ရှစ်တန်း၊ ကိုးတန်းဖြင့် ကျောင်းထွက်ကာ လုပ်ငန်းခွင်ထဲဝင်၊ အိမ်ထောင်ကျပြီး ဆင်းရဲမွဲတေမှုသံသရာတွင်လည်ပတ်နေသူများဖြစ်ကြသည်မှာလည်း ဆန်းလှသည့်အချက်တော့မဟုတ်ပါ။

ငွေကြယ်ပွင့်လေးများ စာသင်ဝိုင်းသည်အခြားသောပရဟိတစာသင်ဝိုင်းများကဲ့သို့မနက်နှင့် ညနေခင်းတွင်မဖွင့်ပါ။ ယင်းအချိန်များတွင် ဖွင့်လျှင်လည်း ကျောင်းသားတစ်ဦးမျှရှိမည်မဟုတ်ပေ။ အားလုံးလိုလိုမှာ ကျောင်းတက်ရင်း အလုပ်လုပ်နေကြရသည့် ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည်။ ထို့အတွက် ညဦးပိုင်း ၇ နာရီမှ ၁၀ နာရီအထိ ဖွင့်လှစ်ပေးပါသည်။ စာသင်ဝိုင်းထူထောင်သူလူငယ်များကိုယ်တိုင် အလှည့်ကျစနစ်ဖြင့် စာသင်စာကျက်လုပ်ပေးကြရသည်။ ကြိုးစားမှုအောင်မြင်ပါသည်။ စတင်ဖွင့်စဉ်က ကျောင်းသားခုနစ်ဆယ်သာရှိသော်လည်း တစ်လအကြာတွင် ကျောင်းသားဦးရေ နှစ်ဆတိုးလာသကဲ့သို့ စေတနာဖြင့် လုပ်အားပေးသည့်လူငယ်ဆရာ၊ ဆရာမများလည်း ပေါ်ပေါက်လာသည်။ ကလေးငယ်များ၏ ပညာရေးအတွက် တတ်အားသမျှလှူဒါန်းကြသည့် အလှူရှင်များလည်း တဖွဲဖွဲပေါ်ပေါက်လာသည်က သက်သေပြနေပါသည်။

“အိမ်မှာ မီးမရှိတော့ ဖယောင်းတိုင်ထွန်း စာကျက်ရင်လည်း ပိုက်ဆံကုန်တယ်ဆိုပြီး အဖေက မကြိုက်ဘူး။ ဒီမှာတော့ မီးရောင်ထိန်ထိန်အောက်မှာ သူငယ်ချင်းတွေနဲ့ စာကျက်ရတော့ စာပိုရတယ်။ အိမ်ကနေ ဒီအထိ လှေနဲ့နာရီဝက်လောက် လှော်လာရပေမယ့် ပင်ပန်းတယ်လို့ မထင်ပါဘူး”ဟု မန္တလေးမြို့ မြောက်ဘက် ရောဝတီမြစ်ကမ်းဘေးရှိ သရက်တပင်ကျေးရွာမှ ခုနစ်တန်းကျောင်းသားတစ်ဦး၏ စကားသံများက စာသင်ဝိုင်းဦးစီး လုပ်ကိုင်သူများကို အမောပြေစေပါသည်။

ကျူးပြဿနာဟူသည်မှာ အမှန်စင်စစ် မြန်မာနိုင်ငံတစ်ခုတည်းတွင်သာကြုံတွေ့နေရသည် မဟုတ်။ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ကြုံတွေ့နေရဆဲပြဿနာတစ်ခုဖြစ်သည်။ မြို့ကြီးပြကြီးများသို့ ပြောင်းရွှေ့လာသည့် ကျူးကျော်များကြောင့် မှုခင်းများပေါများလာကာ နဂိုရှိရင်းစွဲမြို့ခံများကိုအန္တရာယ်ဖြစ်စေသည့်သာဓကများလည်း အများအပြားရှိပါသည်။ အဆိုပါပြဿနာများကို အစိုးရကတာဝန်ယူကာ ကျူးကျော်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ ငယ်ရွယ်သူများကို ငွေရလွယ်စေသော ဒုစရိုက်မှုများနှင့် ကင်းဝေးစေရန် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများဖြင့် လက်တွဲခေါ်ဆောင်စေခြင်း၊ အားကစားကွင်းများသို့ ဆွဲဆောင်ခေါ်ယူကာ လူငယ်များစိတ်ကြိုက်အပန်းဖြေနိုင်မည့် အပန်းဖြေနေရာများတည်ဆောက်ပေးခြင်း၊ နဂိုရှိရင်းစွဲမြို့ခံများ၏ ထုံးတမ်းစဉ်လာများ၊ လူမှုအသိုင်းအဝိုင်းများနှင့် ရင်းနှီးမှုရစေရန်၊ ပတ်ဝန်းကျင်အသစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရန် ဒေသအာဏာပိုင်များ၊ အစိုးရဌာနများချိတ်ဆက်ကာ မဟာဗျူဟာမြောက်စီမံကိန်းများရေးဆွဲကာ နှစ်ရှည်စီမံကိန်းချပြီးလုပ်ဆောင်ရမည်ဖြစ်သည်။

သို့သော် ဤနိုင်ငံသည် မြန်မာနိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံသည် မြန်မာနိုင်ငံသာဖြစ်ပါသည်။ အစည်းအဝေးအများဆုံးလုပ်ကာ အသက်မဝင်သေးသည့် စီမံချက်များ ဒုနှင့်ဒေးရှိသည့် နိုင်ငံတွင် နေထိုင်နေသူများဖြစ်သည့်အတွက် တခြားနိုင်ငံများ၏ လုပ်ဆောင်ချက်များကိုကြည့်ကာ ငါတို့ဆီမှာလည်း အစိုးရက ဦးဆောင်လုပ်ပေးမှာပဲဟု နွေလယ်စိတ်ကူးအိပ်မက်ကြီးလည်း မမက်စေချင်ပါ။ လက်တွေ့ကျကျဖြင့် ငါကိုယ်တိုင် ဒီလိုပြဿနာတွေအတွက် မည်သည့်နေရာက မည်ကဲ့သို့လုပ်ဆောင်ပေးလျှင်ကောင်းမည်လဲဟုမိမိကိုယ်မိမိသာ ပြန်မေးစေချင်ပါသည်။ သေချာစဉ်းစားကြည့်ပါ။ ကျွန်တော်တို့ပြည်သူတွေ မိမိနိုင်ငံဝန်ထုပ်ကြီးအတွက် ကိုယ့်လက်ကိုယ့်ခြေကိုယ်စွမ်းကိုယ်စဖြင့် လုပ်နိုင်သောအရာတွေ လက်တစ်ကမ်းတွင်ရှိပါသည်။

တကယ်တော့ မြန်မာပြည်အနှံ့တွင် ငွေကြယ်ပွင့်လေးများကဲ့သို့ ပရဟိတစာသင်ဝိုင်းများ အများအပြားရှိပါသည်။ တချို့ကတော့ လုပ်စားကောင်းရုံဟန်ပြမျှသာ ဖွင့်ကြသည်။ တချို့ကတော့ ပါတီစည်းရုံးရေးသဘော အဓိကဦးတည်သည်။ တချို့သင်တန်းများကျတော့ ငွေကြေးပြဿနာဖြင့်တည်ထောင်ပြီး တစ်နှစ်၊ နှစ်နှစ်အကြာတွင် ဦးစီးလုပ်ဆောင်သူများကြား ကွဲကြပြဲကြသည်။ တချို့ကျတော့လည်း နိုင်ငံတကာ NGO များထံမှ အလှူခံကောင်းရုံမျှသာ။ တချို့ကတော့ တကယ်စစ်စစ်မှန်မှန်လုပ်ကိုင်ကြသော်လည်း ကာလကြာရှည်လာသည့်အခါတွင် စိတ်မပါကြတော့။ ကောက်ရိုးမီးကဲ့သို့ ဝုန်းခနဲထထောက်ကာ ဟုတ်ခနဲငြိမ်းသွားသူများဖြစ်ကြသည်။ အမှန်တကယ်အသက်ဝင်သည့် သင်တန်းရှားလှပါသည်။ တချို့ကျတော့လည်း ထူထောင်လိုကြသည်။ သို့သော်လည်း လုပ်ငန်းစဉ်ရှုပ်ထွေးသည်ဟု အထင်မှားကာ လက်တွေ့မလုပ်ချင်ကြပေ။ တကယ်တော့ စိတ်ဓာတ်သာ အဓိကဖြစ်ပါသည်။ တခြားဘာမှ ထွေထွေထူးထူးမလိုအပ်လှပါ။ လုပ်သင့်သည့်အရာကို အချိန်မနှောင်းခင်လုပ်ချင်သည့် စိတ်ဓာတ်တစ်ခုသာ လိုအပ်ပါသည်။

ကျူးမျိုးဆက်တွေ ပြုတ်ပါစေ။ မှိန်ပျပျငွေကြယ်ပွင့်လေးများ တိမ်ဖုံးနေသော ဒီမိုကရေစီကောင်းကင်တော်ကြီးအောက်တွင် ထွန်းလင်းခွင့်ရပါစေ။ ပြိုင်တူတွန်းလျှင် ရွေ့ပါသည်။ မရွေ့လည်း တွန်းရမည်မှာ ကျွန်တော်တို့တာဝန်သာဖြစ်ပါချေတော့သည်။



Coca-Cola
MYANMAR SUMMER FESTIVAL 2014
FOREVER GROUP
တစ်နှစ်ထက်တစ်နှစ်မတူညီတဲ့
စိတ်လှုပ်ရှားဖွယ်ပျော်ရွှင်မှုတွေကို သယ်ဆောင်လာပေးမယ့်
သင်္ကြန်အချိန်ကို ပြန်လည်ရောက်ရှိလို့လာပါပြီ။
ထူးခြားဆန်းပြားတဲ့ ရေကစားမဏ္ဍပ်
ရေမြှုပ် ကစားကွင်း
အလန်းဆုံး ခေတ်မှီကစားကွင်း
ပျော်ရွှင်ဖွယ်ရာ သင်္ကြန်ပွဲဈေးတန်း
Myanmar Event Park (ရှင်စောပုလမ်း)
13th -16th April 2014 9 AM - 7 PM
Introduced by

DEVELOPED BY:
UNITED GP
Development by
ရွှေနန်းတော်




၁၅-၃-၂၀၁၄နှင့် ၁၆-၃-၂၀၁၄ရက်နေ့တွင်
PARK ROYAL ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သော
UNITED GP DEVELOPMENT BY
ရွှေနန်းတော်စိန်ရွှေရတနာလုပ်ငန်းစု၏

# 68 RESIDENCE

မိတ်ဆက်ပွဲအခမ်းအနားသို့ တစ်ခဲနက် ကြွရောက်ချီးမြှင့်အားပေးခဲ့ကြသည့်
ဧည့်သည်တော်များအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

- ကမ္ဘာ့ခေအေးဘုရားလမ်းနှင့်ဆရာစံလမ်းထောင့် (ရန်ကုန်မြို့၏အထင်ကရနေရာ)
- တမူထူးခြားဆန်းပြားသော ဗိသုကာဒီဇိုင်း
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SWIMMING POOL AT ROOFTOP & SKY GARDEN
- မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် DUAL KEY SYSTEM UNIT များ
- အပူဓာတ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် LOW E-GLASS SYSTEM
- တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် DUPLEX SYSTEM
- အဆင့်မြင့် MAIN DOORနှင့် လုံခြုံရေး FINGER PRINT ACCESS SYSTEM
- အဆင့်မြင့်မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက်မီးငြိမ်းသတ်စနစ်
- အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၆၉)ခန်းနှင့် FULLY FINISHED FACILITIES
- ကမ္ဘာ့အဆင့် CONDOMINIUM နှင့် SERVICED RESIDENCE စီမံခန့်ခွဲမှု
- 24/7 အဆင့်မြင့်လုံခြုံရေးစနစ်များ
- အခန်းတိုင်းအတွက် လုံလောက်သော CAR PARKING များ
- INTERNATIONAL စားသောက်ဆိုင်များ
- LED SCREEN သုံးစွဲပါရှိခြင်း
- MAGIC GLASS များ ထားရှိပေးခြင်း
- BBQ AREA
- FUNCTION ROOMS
- ENVIRONMENTALLY SUSTAINABLE LANDSCAPING
- အကောင်းတကာ့ အကောင်းဆုံးဝန်ဆောင်မှုများ
- သင့်တင့်မျှတသောဈေးနှုန်း

## FULLY FINISHED FACILITIES

- ❖ MARBLE/GRANITE FLOOR
- ❖ INTERNATIONAL STANDARD PARQUET
- ❖ LOW E-GLASS
- ❖ BUILT IN KITCHEN WITH CABINET AND OVEN
- ❖ FULLY FITTED BATH ROOM
- ❖ DOWNLIGHT LIGHTING FOR WHOLE UNIT
- ❖ SPLIT TYPE AIRCON
- ❖ FULLY PAINTED WITH INTERNATIONAL QUALITY PAINT
- ❖ WARDROBE IN ALL BEDROOMS
- ❖ HOT & COLD WATER SYSTEM



| ROOM TYPES | SQFT |
|---|---|
| 1 BEDROOM + STUDY | 1000 Sqft |
| 2 BEDROOMS + STUDY | 1253 Sqft |
| 2 BEDROOMS | 1000 - 1300 Sqft |
| 3 BEDROOMS | 1575 - 1650 Sqft |
| DUPLEX (3 BEDROOMS) | 2000 Sqft |
| DUAL KEY (2 BEDROOMS + STUDIO) | 2177 Sqft |
| PENTHOUSE | 4350 - 5400 Sqft |

အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးပါမည်။

ပထမဦးဆုံး RESERVATION FEES အနေဖြင့် သိန်း(၅၀) ပေးသွင်းပြီး
မိမိကြိုက်နှစ်သက်သည့်အခန်း ရွေးချယ်နိုင်ပါသည်။

1st MAY တွင် 5%, 7th JUNE တွင် 10%, JULY တွင် 10%

ပေးသွင်းပြီး ကျန် 70% ကို ၃၆လအတွင်း အညီအမျှခွဲ၍ ပေးသွင်းရပါမည်။
နောက်ဆုံးကျန်ငွေ 5%ကို လူနေထိုင်ခွင့်ကျသည့် သော့အပ်စဉ်၌ ပေးသွင်းရပါမည်။

KBZ BANK HIRE PURCHASE AVAILABLE !

SHOWROOM (COMING IN JUNE): 44A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
PH: 09 4202 88025, 09 4253 10993, 09 730 40513